ဗုဒ္ဓဟူး၊ ဧပြီ (၁)
**ယုဒ ၁**
၁ တိ ၆း၁၂

*". . . ဘုရားသခင်သန့်ရှင်းစေတော်မူ၍. . .*
*ခေါ်ထားစောင့်မတော်မူသောသူ. . . "*

# စစ်ဝတ်တန်ဆာဆင်ခြင်း၄ါ နိုးဆော်ခြင်း(၁)

ယုဒဩဝါဒစာသည် ဓမ္မသစ်ကျမ်းတွင် အတိုဆုံးကျမ်းထဲမှ တစ်ကျမ်းဖြစ်သော်လည်း ယနေ့ကျွန်တော်တို့အတွက် အလွန်အရေးကြီးပြီးအသုံးဝင်သောကျမ်းဖြစ်ပါသည်။ ဤဩဝါဒစာ၏ အဓိကအကြောင်းမှာ လမ်းလွဲခြင်းဖြစ်ပါသည်။ မှားယွင်းမှုနှင့်ရောနှောခြင်းကို ဆန့်ကျင်လျက် ယုံကြည်ခြင်းတရားကိုကွယ်ကာခြင်း၄ါ ခရစ်ယာန်အပေါင်းတို့အား စစ်ဝတ်တန်ဆာဆင်ခြင်း၄ါ နိုးဆော်တိုက်တွန်းခြင်းလည်းဖြစ်ပါသည်။ ထို့ကြောင့် စကားချီးကို ကျွန်တော်တို့သေချာလေ့လာဖို့လိုပါသည်။ ဤဩဝါဒစာလက်ခံဖတ်ရှုမည့်သူတို့အား လိပ်မူဖော်ပြသောအခါ မည်သို့သောစကားလုံး အသုံးပြုရမည်ကို သန့်ရှင်းသောဝိညာဉ်တော်က ယုဒအားလမ်းပြစောင့်ရှောက်ခဲ့ပါသည်။ ယုဒသည် "သန့်ရှင်းစေခြင်းခံရသောသူ. . . စောင့်မတော်မူခြင်းခံရသောသူ . . . ခေါ်ခြင်းခံရသောသူ" (ယုဒ ၁) ထံရေးသားခြင်းဖြစ်ပါသည်။

"ခမည်းတော်ဘုရားသခင်သန့်ရှင်းစေတော်မူသောသူ" (ယုဒ ၁) တို့သည် ခရစ်တော်၏ အသွေးတော်အားဖြင့် ဆေးကြောခြင်းခံရသောသူ၊ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အပြစ်မှဆေးကြောသန့်စင်ခြင်းခံရသောသူဖြစ်ကြပါသည်။ ဤသန့်ရှင်းစေတော်မူခြင်းသည် (ယခုလက်ရှိသန့်ရှင်းစေခြင်းခံရသောယုံကြည်သူများကို မဆိုလိုပါ) ကယ်တင်ခြင်းခံရပြီးမှ ဆက်လက်ဖြစ်ပွားလျက်ရှိနေသော ယုံကြည်သူသန့်ရှင်းစေခြင်းမဟုတ်ဘဲ၊ ငရဲကျမည့်အပြစ်သားကို အံ့ဖွယ်ပြောင်းလဲခြင်းခံစေပြီး၊ ကောင်းကင်ဘုံဝင်စားမည့်သူတော်စင်ဖြစ်စေခြင်းအဖြစ်၊ ကယ်တင်ခြင်းပြောင်းလဲခြင်းကို ဆိုလို၏။ "ယေရှုခရစ်တော်" ၌ စောင့်ရှောက်ခြင်းခံရသောသူတို့သည် "ယေရှု၏ရင်ခွင်တော်၌ လုံခြုံစိတ်ချမှု" ဟူသောချီးမွမ်းသီချင်းကဲ့သို့၊ ဘုရားသခင်၏တန်ခိုးတော်ဖြင့် ကွယ်ကာစောင့်ရှောက်ခြင်းခံရသောသူများဖြစ်ပါသည်(နှိုင်း၊ ယောဟန် ၁၀း၂၈)။ "ခေါ်ခြင်းခံရသောသူ" ဆိုသည်မှာ ဘုရားသခင်က မိမိ၏ဝိညာဉ်တော်အမှုပြုခြင်းအားဖြင့် အံ့ဘွယ်စိတ်နှလုံးထဲမှ တို့ထိခေါ်ခြင်းဖြစ်သော၊ ဆီးတား၍မရသောခေါ်ခြင်းခံရသောသူဖြစ်ပါသည် (နှိုင်း၊ ယောဟန် ၆း၄၄)။ ဤအခေါ်အဝေါ်တို့သည် တခုနှင့်တခု ခြားနားသည်ဟုထင်ရသော်လည်း၊ အဓိပ္ပာယ်ထပ်တူဆက်နွယ်လျက်ရှိကြပါသည်။ အကြောင်းမှာ ခေါ်ခြင်းခံရသောသူအပေါင်းတို့သည် မဖြစ်မနေသန့်ရှင်းစေခြင်းခံရကြပြီး၊ သန့်ရှင်းစေခြင်းခံရသောသူအပေါင်းတို့သည် ကွယ်ကာစောင့်ရှောက်ခြင်းခံရကြ၏။ သို့သော်လည်း ဤအခေါ်အဝေါ်တို့ကို အသုံးပြုခြင်း၌ အကြောင်းရင်းရှိပါသည်။

ဤအခေါ်အဝေါ်၏ကျယ်ပြန့်မှုကို သတိပြုကြပါစို့။ ယုဒသည်ရင့်ကျက်သောခရစ်ယာန်အုပ်စုတို့ကိုသာ ဤစာပေးပို့ခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ကယ်တင်ခြင်းအမှန်ခံစားရသောသူအပေါင်းထံ ရေးသားပေးပို့ခြင်းဖြစ်ပါသည်။ လမ်းလွဲခြင်းသည် ကျမ်းတတ်ပုဂ္ဂိုလ်တို့သာလျှင်မဟုတ်ဘဲ၊ ခရစ်ယာန်တိုင်း၏ပြဿနာဖြစ်ပါသည်။ အဘယ်ခရစ်ယာန်ကမျှ မိမိ၏ကိုယ်စားယုံကြည်ခြင်းတရားကိုသူတစ်ပါးကွယ်ကာပေးပါလိမ့်မည်ဟု မျှော်လင့်လျက် ပျင်းရိစွာထိုင်မနေသင့်ပါ။

ထို့ကြောင့်၊ ချစ်သောစာဖတ်သူ၊ ဤဩဝါဒစာသည် သင့်အဖို့ပေးလိုက်သော ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း သတိရပါလော့။ ကျွန်ုပ်တို့၏စစ်ဗိုလ်ချုပ်က တံပိုးမှုတ်ပြီဖြစ်သောကြောင့်၊ စစ်ပွဲပြင်းထန်လျက်ရှိစဉ် သင်သည်စခန်းထဲ၌ နေရစ်ပါမည်လော။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းတရားကွယ်ကာစောင့်ရှောက်ခြင်းအမှုသည် သူတစ်ပါးပြုရမည့်အမှုမဟုတ်ဘဲ၊ အကျွန်ုပ်၏တာဝန်ဝတ္တရားပင်ဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အား ဝတ္တရားမကျေပွန်သော၊ ပျင်းရိသောသူမဖြစ်မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဧပြီ (၂)

**ယုဒ ၁-၂**

ဖိလိ ၂း၁၂-၁၃

*"... ကိုယ်ကို ကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့"*

## စစ်ဝတ်တန်ဆာဆင်ခြင်းငှါ နှိုးဆော်ခြင်း(၂)

ဒုတိယအနေဖြင့် သတိပြုရမည့်မှာ အခေါ် အဝေါ်နှင့်ဆက်နွှယ်သော အဓိကပုဂ္ဂိုလ်ဖြစ်ပါသည်။ သန့်ရှင်းစေခြင်း၊ စောင့်ရှောက်ခြင်း၊ ခေါ်ခြင်းစသည့်အမှုအလုံးစုံသည် ဘုရားသခင်ပြုတော်မူသောအမှုဖြစ်ကြပါသည်။ လမ်းလွဲခြင်း၊ ရှုတ်ထွေးခြင်းအမှုနှင့်ဝန်းရံရင်ဆိုင်နေရသော အချိန်၌ သန့်ရှင်းစေခြင်း၊ ကွယ်ကာစောင့်ရှောက်ခြင်း၊ ခေါ်ခြင်းအမှုနှင့်ဆိုင်သောဘုရားသခင်၏ မမှားနိုင်သောအမှုပြုတော်မူခြင်းကို သတိရခြင်းသည် ခွန်အားကိုဖြစ်စေပါသည်။ သို့သော်လည်း၊ ထိုသို့ဘုရားသခင်ပြုတော်မူသောအမှု၌ ကျွန်ုပ်တို့၏ ဝတ္တရားကိုလည်း နားလည်ဖို့လိုပါသည်။ တမန်တော်ပေါလုက "... ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့် ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။ အကြောင်းမူကား၊ ... သင်တို့အထဲ၌စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း" (ဖိလိ ၂း၁၂-၁၃) ဟု ဆိုခဲ့သည်အတိုင်း၊ ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်ပြုတော်မူသောအမှုကို၊ လက်တွေ့ကျင့်သုံးဖော်ပြခြင်းငှါ ကျွန်တော်တို့၌ ဝတ္တရားရှိပါသည်။

ထိုနည်းတူ၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို မိမိအဖို့သန့်ရှင်းစေပြီး၊ အမြဲစိမ့်ဆေးကြောသန့်စင်တော်မူခဲ့သောကြောင့်၊ ယခုကျွန်တော်တို့သည် သန့်ရှင်းသောအသက်တာဖြင့် နေထိုင်ကျင့်ကြံခြင်းငှါ ဝတ္တရားရှိပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကိုကွယ်ကာခြင်းငှါ ဂတိထားတော်မူပြီ၊ ထို့ကြောင့် ယခုကျွန်တော်တို့သည် မိမိကိုယ်ကိုကွယ်ကာလျက်၊ ဆုတောင်းခြင်းဖြင့် သတိပြုလျက်၊ မာရ်နတ်နှင့် သွေးဆောင်ခြင်းကိုခုခံဖို့တာဝန်ရှိပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို ကယ်တင်ခြင်းနှင့် အမှုတော်အဖို့ခေါ် တော်မူခဲ့ပြီ၊ ထို့ကြောင့် ထိုတာဝန်ဝတ္တရားကို ကျေပွန်စွာထမ်းရွက်ခြင်းငှါ ကျွန်တော်တို့ယခု သစ္စာရှိဖို့လိုပါသည်။ ကျွန်ုပ်တို့၌ ဘုရားသခင်ပြုတော်မူသောအမှုကို သတိရမည်သာမက၊ ကျွန်ုပ်တို့၏ ဆက်လက်တာဝန်ဝတ္တရားကို အစဉ်သတိရခြင်းငှါ အစမှသတိပေးခြင်းဖြစ်ပါသည်။ သတင်းကောင်းတရားအားဖြင့် ကယ်တင်ခြင်းခံရသောသူတိုင်းသည် ထိုသတင်းကောင်းကိုကွယ်ကာခြင်းငှါ မိမိကိုယ်ကိုပြင်ဆင်ရပါမည်။

ယုဒက မိမိ၏နိဒါန်း၊ နှုတ်ဆက်ခြင်း၌ဤသြဝါဒစာလက်ခံမည့်သူတို့အား "သင်တို့၌ ဂရုဏာရှိပါစေသော။ ငြိမ်သက်ခြင်းနှင့်ချစ်ခြင်းများပြားပါစေသော်" (ယုဒ ၂) ဟု ဆုတောင်းပေးခဲ့ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ဂရုဏာတော်ကို အလွန်လိုအပ်လျက်ရှိပါသည်။ "ထာဝရဘုရား ထာဝရဘုရားသည် သနားတော်မူ၍ ကရုဏာတော်သည် မကုန်သောကြောင့် ငါတို့. သည်ဆုံးရှုံးခြင်းသို့. မရောက်ဘဲနေကြ၏။" (မြည် ၃း၂၂)။ ကိုယ်တော်ထံမှ ငြိမ်သက်ခြင်း ကျွန်တော်တို့လိုအပ်လျက် ရှိ၏။ "... ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့်သင်တို့၏စိတ်နှလုံးတို့ကိုစောင့်မလိမ့်မည်။ (ဖိလိ ၄း၇)။ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာကို ကျွန်တော်တို့လိုအပ်လျက်ရှိပါသည်။ အကြောင်းမှာ ဤနောက်ဆုံးသောကာလ တွင် "မတရားသောအမှုတို့သည်များပြားသဖြင့် အများသောသူတို့. ၏ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်။" (မသဲ ၂၄း၁၂)။

ချစ်သောစာဖတ်သူ၊ ယုဒ၏စစ်ဝတ်ဆန်ဆာဆင်ခြင်းငှါ နှိုးဆော်ခြင်းသည် ခရစ်ယာန်တိုင်းပြုရမည့်ဝတ္တရားဖြစ်ကြောင်း ကျွန်ုပ်တို့အားအသိပေးလျက်ရှိပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်နှင့်တန်ခိုးတော်အားဖြင့် သန့်ရှင်းစေခြင်း၊ ကွယ်ကာစောင့်ရှောက်ခြင်း၊ ခေါ်ခြင်းခံရသောသူဖြစ်ကြပါသည်။ ထို့ကြောင့် ဘုရားသခင်ထံမှဂရုဏာတော်၊ ငြိမ်သက်ခြင်းနှင့် ချစ်ခြင်းမေတ္တာခံစားရကြမည်မှာ အလွန်သေချာလှပါသည်။ စစ်မြေပြင်နှင့်အလှမ်းဝေးသောအရပ်၌ ရပ်လျက်နေသောသူ၊ မည်သို့သော နှိုးဆော်ခြင်း(သို့) တိုက်တွန်းခွန်အားပေးခြင်းမျိုး လိုသေးပါသနည်း။

**ဆင်ခြင်ရန်** - ယောဟန် ၄း၃၄ ကိုဖတ်ပါ။ သင့်အတွက် ဘုရားသခင်ပေးတော်မူသော တာဝန်ကားအဘယ်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အလိုတော်အထဲ၌ ကျင်လည်မည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဧပြီ (၃)

**ယုဒ ၃**

၂ ကော ၁၀း၃-၅

*“. . . ငါတို့သည် လူဇာတိ၌ ကျင်လည်သော်လည်း၊ ဇာတိပကတိအလိုသို့လိုက်၍ စစ်တိုက်ကြသည်မဟုတ်. . . ”*

# စစ်မြေပြင်(၁)

ခရစ်ယာန်တို့အား တိုက်ခြင်းငှါ နိုးတော်သောစစ်ပွဲသည်မည်သို့သော တိုက်ပွဲဖြစ်သည်ကို အငယ် ၃ ထဲတွင်ဤသို့ဖော်ပြခဲ့ပါသည် - “. . . ယုံကြည်ခြင်းတရားဘက်မှာ သင်တို့သည် ကြိုးစား၍ တိုက်လှန်စေခြင်းငှါ. . . ”။ ယုဒသည် စစ်မှန်သော ချစ်ခြင်းမေတ္တာအားဖြင့် ညီအစ်ကို (“ချစ်သူတို့”) တို့ထံ သူတို့အတွက် အကျိုးရှိမည့်ဩဝါဒစာရေးခြင်းငှါ ကြိုးစားအားထုတ်စဉ် အသင်းတော်၌မရှိ မဖြစ်လိုအပ်သော ဤအကြောင်းအရာကို တွေ့ရှိခဲ့ပါသည်။ ထိုအရာကား သူတို့ခံခဲ့ပြီးသော ကယ်တင်ခြင်းအကြောင်းတရားပြန်လည်သတိရစေခြင်းမဟုတ်ဘဲ၊ စစ်မှန်သော သွန်သင်ခြင်းတရား တို့ကို မှားယွင်းသောတရားမှ ကွယ်ကာစောင့်ရှောက်ခြင်းငှါ နိုးဆော်ခြင်းပင်ဖြစ်ပါသည်။

ထို့ကြောင့် တိုက်ရမည့်စစ်သည်ခန္ဓာကိုယ်နှင့် ဆိုင်သောစစ်ပွဲမဟုတ်ပါ။ ခရစ်ယာန်သည် ခရစ်တော်နာမတော်အားဖြင့် ထိုသို့သော စစ်ပွဲ၌ပါဝင်ခြင်းမပြုရန် ဘုရားသခင်တားမြစ်ခြင်းခံရကြ ၏။ ယေရှုကိုယ်တိုင်ကလည်း တားမြစ်တော်မူခဲ့ပါသည်၊ ဥပမာအားဖြင့် ယောဟန် ၁၈း၃၆ ကိုကြည့် ပါ။ ခရစ်တော်နှင့်သမ္မာတရားကို ခန္ဓာကိုယ်အားဖြင့် တိုက်သောစစ်ပွဲဖြင့်ကာကွယ်ရမည်မဟုတ်ဘဲ၊ ဝိညာဉ်နှင့်ဆိုင်သော တိုက်ပွဲဖြစ်၍၊ အမှန်နှင့် အမှားကြား၌ဖြစ်သောတိုက်လှန်ခြင်းပင် ဖြစ်ပါသည်။ ဤအကြောင်းကို တမန်တော်ပေါလုက ၂ ကော ၁၀း၃-၅ ထဲတွင်ဖော်ပြခဲ့ပါသည်။ ကျွန်တော်တို့ သည် “လူ့အကြံအစည်”၊ မှားယွင်းလျက် ထောင်လွှားမောက်မာသော “အသိပညာ” တို့ကို ဆန့်ကျင် လျက်၊ “စိတ်ဝိညာဉ်” နှင့် ဆိုင်သောတိုက်ပွဲကို ဆင်နွှဲကြရပါမည်။

အမှန်တရားတိုက်ခိုက်ခြင်းခံရသောခေတ်၌ ကျွန်တော်တို့နေထိုင်လျက် ရှိပါသည်။ ခေတ် လွန်အယူဝါဒသည် အမှန်တရားကိုသိမ်းပိုက်လျက်ရှိပါ၏။ ယနေ့ခေတ် အင်တာနက်နှင့် ဆိုရှယ် မီဒီယာတို့အားဖြင့် မှားယွင်းသောအရာတို့သည် လျင်မြန်စွာပျံ့နှံ့လျက်ရှိပါသည်။ ထို့ကြောင့် ခရစ်ယာန်တို့သည် အရင်ကထက်ပို၍ သတိထားလျက်၊ သမ္မာတရားကိုစွဲကိုင်ဖို့လိုပါသည်။ ယနေ့ ခေတ်စားနေသော အယူဝါဒ၊ လှည့်စားမှုတို့၏လွှမ်းမိုးခြင်းမခံရအောင် အထူးသတိပြုကြရပါမည်။ ယနေ့ခေတ်လူတို့၏ မှားယွင်းသောအမှန်တရားအနက် ဖွင့်ဆိုချက်တို့ကို တိုက်လှန်ငြင်းပယ်ကြရပါ မည်။ ဘယ်အရာမျှ ယုံကြည်ကိုးစား၍မရဟူသော ခေတ်လွန်အဆိုးမြင်ဝါဒကိုလည်း ငြင်းပယ်ကြရ ပါမည်။

ခရစ်ယာန်တို့သည် ယုံကြည်ခြင်းတရား(ဤအရာသည် ယုံကြည်သောအရာကို ဆိုလို၏) ဖြစ်သော၊ ဘုရားသခင်ဖော်ပြတော်မူခြင်းဖြင့် ကျွန်ုပ်တို့ထံ ရေးသားရောက်ရှိလာသော၊ မမှားနိုင်သော၊ အမှားအမှန်ခွဲခြားသောစံနှုန်း၊ အမှန်တရား၏ အချုပ်အခြာဖြစ်သော သမ္မာကျမ်းစာကျွန်ုပ်တို့၌ ရှိကြောင်း လက်ခံယုံကြည်ကြရပါမည်။ ထိုသမ္မာတရားကို ဦးနှောက်အသိဖြင့်သိရုံမဟုတ်ဘဲ၊ မိမိ၏ အသက်တာကို အုပ်စိုးသောတရား၊ လက်တွေ့ကျင့်သုံးရမည့်တရားအဖြစ် လက်ခံပြီး၊ ဟောပြောခြင်း ငှါ ကျွန်ုပ်တို့ကိုနိုးဆော်ခြင်းဖြစ်ပါသည် (နှိုင်း၊ မသဲ ၂၈း၂၀)။ ဤသမ္မာတရားဖြင့် ကျွန်တော်တို့ကြား သိသောအရာမှန်သမျှကို တိုင်းတာကြရပါမည် (နှိုင်း၊ တမန် ၁၇း၁၁)။ ဤသမ္မာတရားဘက်၌ “ကြိုးစား၍ တိုက်လှန်ခြင်းငှါ” ကျွန်တော်တို့သည် နိုးဆော်တိုက်တွန်းခြင်းခံရကြ၏ (ယုဒ ၃)။

**ဆင်ခြင်ရန်** - “. . . ထိုတရားသည် သင်တို့ကိုလွှတ်လိမ့်မည်” (ယောဟန် ၈း၃၂)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ သမ္မာတရားကိုနှစ်သက်သောသူ၊ ကွယ်ကာစောင့် ရှောက်သောသူဖြစ်မည်အကြောင်း မစတော်မူပါ။

*“. . . သန့်ရှင်းသူတို့၌ အထက်ကအပ်ပေးခဲ့ပြီးသော ယုံကြည်ခြင်းတရား. . . ”*

# စစ်မြေပြင်(၂)

ကျွန်တော်တို့ကွယ်ကာစောင့်ရှောက်ရမည့် ယုံကြည်ခြင်းတရားကို မည်သို့ဖော်ပြထားကြောင်းကိုလည်း ဆင်ခြင်ဖို့လိုအပ်ပါသည်။ “သန့်ရှင်းသူတို့၌ အထက်ကအပ်ပေးခဲ့ပြီးသော ယုံကြည်ခြင်းတရား” (ယုဒ ၃) ဟုဖော်ပြခဲ့ပါသည်။

**ထိုယုံကြည်ခြင်းတရား၏ တာရှည်ခံရမှု။** ထိုယုံကြည်ခြင်းတရားသည် သန့်ရှင်းသူတို့ထံ “အထက်က” အပ်ပေးခဲ့သော တရားဖြစ်ပါသည်။ ဆီးတားပြုပြင်ပြောင်းလဲ၍မရပါ။ လူ့အလိုအတိုင်းသော်၎င်း၊ ယဉ်ကျေးမှုသည် လွှမ်းမိုးပြောင်းလဲခြင်းကြောင့်လည်း ပြောင်းလဲ၍မရပါ။ ထိုတရားကို ကွယ်ကာခြင်းငှါ ကျွန်တော်တို့နိုးဆော်ခြင်းခံရကြ၏။ လူလုပ်သောအရာတို့သည် အားနည်းချက်တွေ့ရှိသောအခါ ပြုပြင်ပြောင်းလဲခြင်းခံရကြ၏။ ကျွန်တော်တို့အသုံးပြုနေသော ကွန်ပျူတာ၌ထင်ရှားစွာမြင်တွေ့ရပါသည်။ ထို့ကြောင့် အသစ်သောပြဿနာကို ရင်ဆိုင်နိုင်ခြင်းငှါ အချိန်တိုင်းအသစ်ပြုပြင်ပြောင်းလဲဖို့လိုပါသည်။ သို့သော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထိုသို့မဟုတ်ပါ။ ဘယ်တော့မှ ပြောင်းလဲခြင်းမရှိ၊ ဘုရားသခင်သည်လည်း ဘယ်တော့မှမပြောင်းလဲနိုင်ပါ (နှိုင်း၊ မာလ ၃း၆)။ အသစ်ပြုပြင်စရာမလိုအပ်ပါ။ ခေတ်နှင့် ကိုက်ညီအောင် အသစ်ပြုပြင်မွမ်းမံခြင်းအားဖြင့်မဟုတ်ဘဲ၊ ထိုမပြောင်းလဲသောသမ္မာတရားကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ထိုတရားကို ကျွန်တော်တို့ ကွယ်ကာစောင့်ရှောက်ကြရပါမည်။

<u>ဘုရားသခင်၌အခြေခံသော ထိုယုံကြည်ခြင်းတရား။</u> ဤယုံကြည်ခြင်းသည် သန့်ရှင်းသူတို့ထံ အထက်က“ အပ်ပေးခဲ့သောတရား” ဖြစ်ပါသည် (ယုဒ ၃)။ အဓိပ္ပါယ်ကား ထိုတရားသည် လူ၌တည်သော၊ အစပြုသောတရားမဟုတ်ဘဲ၊ ဘုရားသခင်၌တည်သောတရားဖြစ်ကြောင်း၊ ရည်ရွယ်ချက်ရှိရှိဘုရားသခင်က ကျွန်ုပ်တို့ထံအပ်ပေးခြင်းဖြစ်ကြောင်း နားလည်ဖို့လိုပါသည်။ ကျွန်ုပ်တို့ထံ အပ်ပေးသောယုံကြည်ခြင်းတရားသည် ကျွန်တော်တို့တီထွင်သောအရာမဟုတ်ဘဲ၊ ကျွန်ုပ်တို့၌ အပ်ထားခြင်းသာလျှင်ဖြစ်ပါသည်။

ဤယုံကြည်ခြင်းတရားနှင့်ဆက်နွယ်သောတာဝန်ဝတ္တရား။ “သန့်ရှင်းသူတို့၌” အထက်ကအပ်ထားသော ဤယုံကြည်ခြင်းတရားသည် (ယုဒ ၃) သန့်ရှင်းသူတို့အား လုပ်ဆောင်ရန်တာဝန်ဝတ္တရားကို ယူဆောင်ပေးပါသည်။ ကျွန်ုပ်တို့၏အကျိုး၊ ကြီးထွားခြင်းအတွက်သာ အပ်ပေးသည်မဟုတ်ဘဲ၊ အဖိုးကြီးလှသော ဘဏ္ဍာကဲ့သို့ ကျွန်တော်တို့ကွယ်ကာစောင့်ရှောက်ရန် ပေးအပ်ခြင်းဖြစ်ပါသည်။ ဤတရားကို ဘုရားသခင်ကကောင်းကင်တမန်တို့ထံမဟုတ်ဘဲ၊ ကျွန်ုပ်တို့ထံကွယ်ကာစောင့်ရှောက်ဟောပြောခြင်းငှါ အပ်ပေးတော်မူခဲ့၏။ သန့်ရှင်းသူတို့ထံ မိမိ၏နှုတ်ကပတ်တရားတော်ကို ဘုရားသခင်အပ်ထားတော်မူ၏။ သင့်ထံအပ်ပေးတော်မူ၏။ ချစ်သောစာဖတ်သူ၊ ဤအလွန်မြတ်သော တာဝန်ကို သင်သတိပြုမိပါသလား။ ကောင်းကင်တမန်တို့ပင် မပြုနိုင်သော၊ ဘုရားသခင်ထံမှဤတာဝန်ကို သင်ထမ်းဆောင်ရန် တာဝန်ရှိပါသည်။

**ဆင်ခြင်ရန်** - “မဟာခိုင်းချက်” သည် အကျွန်ုပ်၏တာဝန်ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၌ အပ်ပေးထားသောတာဝန်ကို သိမြင်မည်အကြောင်း အကျွန်ုပ်မျက်စိကို ဖွင့်ပေးတော်မူပါ။

**ယုဒ ၄**
၁ ယော ၂း၁၈-၁၉

*“. . . အချို့တို့သည် ပရိယာယ်နှင့် အမှတ်တမဲ့ဝင်ကြပြီ”*

## အတွင်းရန်သူ

အငယ် ၄ ထဲတွင်၊ ယုဒက “ယုံကြည်ခြင်းတရားဘက်မှာ ကြိုးစား၍တိုက်လှန်ခြင်း” ပြုရမည့် အကြောင်းရင်းကို ဖော်ပြခဲ့ပါသည်။ သမ္မာတရားကိုတိုက်လှန်သောရန်သူများရှိ၍၊ သူတို့သည် “ပရိယာယ်နှင့်အမှတ်တမဲ့ဝင်ကြပြီ” (ယုဒ ၄)ဖြစ်ပါသည်။ သူတို့သည် အသင်းတော်၏ယုံကြည်ခြင်းနှင့်အကျင့်တို့ကို တိုက်ခိုက်ရုံသာမက၊ အသင်းတော်ထဲ၌လည်း ရှိနေခဲ့ကြ၏။

ထိုသူတို့ကို မည်သို့ဖော်ပြထားပါသနည်း။ သူတို့သည် “အဓမ္မလူ” (ယုဒ ၄) ဖြစ်ကြ၍၊ ဘုရားသခင်ကို အမှန်မသိကြဘဲ၊ ဘုရားသခင်နှင့်စစ်မှန်သောဆက်နွယ်မှုမရှိသောသူဖြစ်ကြ၏။ ဘုရားသခင်ကို ရိုသေကြောက်ရွံ့ချင်ယောင်ဆောင်ကြပြီး၊ ဘုရားတရား၌ ကိုင်းရှိုင်းချင်ယောင်ဆောင်ကြ၏။ နောက်ဆုံးသောနေ့၌ သခင်ဘုရားကထိုသူတို့အား “သင်တို့ကိုငါအလျှင်းမသိ။ အဓမ္မအမှုကိုပြုသောသူတို့၊ ငါ့ထံမှ ဖယ်ကြ” (မသဲ ၇း၂၃) ဟုဆိုလိမ့်မည်။

သို့သော်လည်း၊ ဤလူတို့သည် ဘုရားတရားကို လုံးဝမသိသောသူမဟုတ်ကြပါ။ သတင်းကောင်းတရား၌တွေ့ရသောဘုရားသခင်၏ကျေးဇူးတော်ကို မှောက်လှန်ခဲ့ကြ၏။ “ဘုရားသခင်၏ကျေးဇူးတော်ကို ကိလေသာ၏ညစ်ညူးခြင်းအလိုငှါ မှောက်လှန်လျက်” (ယုဒ ၄)၊ အပြစ်ကျူးလွန်ခြင်းအတွက် ကျေးဇူးတော်ကိုအလွဲသုံးစားပြုကြ၏။ ဤသို့ပေါလုရှုတ်ချသောသူများဖြစ်ကြပါသည် - “ကျေးဇူးတော်ပွားများစေခြင်းငှါ အပြစ်တရားကို ကျင့်၍နေရမည်လော။ ထိုသို့မနေရ ” (ရောမ ၆း၁-၂)။ သူတို့သည် ဘုရားသခင်ထံ ဆက်ကပ်ခြင်းမပြုကြ။ အဆုံးစွန်အာဏာရှိတော်မူသောဘုရားသခင်ကိုငြင်းပယ်၍ မိမိကိုယ်ကို ချီးမြှောက်ကြ၏။ “ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်” (ယုဒ ၄) ကိုငြင်းပယ်ကြသောကြောင့်၊ သူတို့သည် ကျွန်တော်တို့နှင့် ပတ်သတ်မှုမရှိပါ။ ကောင်းကင်ဘုံ၌ သူတို့အတွက် အဘယ်ဝေစုမျှမရှိပါ - သခင်ယေရှုက “အကြင်သူသည်လူတို့ရှေ့မှာငါ့ကိုငြင်းပယ်အံ့ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာထိုသူကိုငါငြင်းပယ်မည်” (မသဲ ၁၀း၃၃) ဟုမိန့်တော်မူ၏။

သူတို့၏ အခြေအနေသည် အလွန်ဆိုးရွားလှပါသည်။ ဤလူတို့သည် အဓမ္မအမှုကိုပြုသောသူဖြစ်၍၊ မြင့်နိုင်သောအသင်းတော်အား အတွင်းမှတိုက်ခိုက်သော၊ နူနာကဲ့သို့ ဖျက်ဆီးတတ်သောသူဖြစ်ကြ၏။ ထိုသို့သော လမ်းလွဲသော၊ မှားယွင်းသောဆရာတို့သည် အပြစ်စီရင်ခြင်းကို အမှန်ခံရကြမည် - အပြစ်ခံစေခြင်းငှါ “ရှေးကစီရင်မှတ်သား” ခြင်းခံသောသူဖြစ်ကြ၏ (ယုဒ ၄)။ သို့သော်လည်း၊ ဘုရားသခင်၏ချမှတ်ထားသော ဥပဒေသက ကျွန်ုပ်တို့၏တာဝန်ဝတ္တရားကို မပယ်ချကြောင်း ကျွန်တော်တို့သိမှတ်ရပါမည်။ ဤလူတို့ခံရမည့်စီရင်ချက်ကို စောင့်ကြည့်နေလျက်၊ ဘာမှမလုပ်ဘဲ ကျွန်တော်တို့မနေရပါ။ ထိုယုံကြည်ခြင်းတရားကို ကျွန်တော်တို့ကွယ်ကာစောင့်ရှောက်ကြရပါမည်။ ချစ်သောစာဖတ်သူ၊ ထိုသို့သော အဓမ္မလူတို့ကို သတိထားပါ။ သူတို့၏ မှားယွင်းသောလမ်းကို မလျှောက်မိအောင်သတိပြုပါ။ သူတစ်ပါးကို ဖျက်ဆီးခြင်းထဲသို့ သူတို့ခေါ် ဆောင်နေစဉ်၊ ဘာမှမလုပ်ဘဲ ထိုင်မနေပါနှင့်။

**ဆင်ခြင်ရန်** - အတွင်းရန်သူသည် အပြင်ရန်သူထက်ပို၍ အန္တရာယ်ပြုနိုင်ကြ၏။

**ဆုတောင်းချက်** - အိုး ထာဝရဘုရား၊ ကိုယ်တော်၏လူတို့သည် အန္တရာယ်ကြုံလျက် ရှိပါ၏။ သိုးစုတို့ကို ကွယ်ကာတော်မူပါ။

## လမ်းလွှဲခြင်းအပြစ်စံရမည့်စီရင်ခြင်း(၁)

ဤသြဝါဒစာ၏ရည်ရွယ်ချက်နှင့် နိုးဆော်ခြင်းလိုအပ်ချက်တို့ကို ဖော်ပြပြီးမှယုဒသည် လမ်းလွှဲခြင်းအပြစ်ခံရမည့်စီရင်ချက်တို့ကို ဥပမာများစွာဖြင့် ဖော်ပြခဲ့ပါသည်။ ဤဥပမာတို့သည် သမ္မာကျမ်းစာထဲ၌ တွေ့ရသောသမိုင်းကြောင်းများ ဖြစ်ပါသည်။

ပထမဆုံးသာဓကမှာ အဲဂုတ္တုပြည်မှထွက်လာခဲ့သော ဣသရေလလူတို့ပင်ဖြစ်ပါသည်။ ဘေးဒဏ်အမှု၌ ဘုရားသခင်၏တန်ခိုးတော်မြင်တွေ့ခဲ့ကြပြီး၊ ကျွန်ဘဝမှ လွတ်မြောက်စေခြင်းငှါ ဘုရားသခင်အလိုတော်ကို လက်တွေ့သိရှိကြသော်လည်း၊ လမ်းခရီး၌ လိုအပ်သောအရာများ (အပူ၊ အရိပ်၊ အစားအစာ၊ ရေ) ကို ဘုရားသခင်ကအဆုံဖွယ်ပေးတော်မူကြောင်း ခံစားသိရှိကြပြီး၊ ဘုရားသခင်၏လက်တော်မှစုံလင်သောပညတ်တရား လက်ခံရရှိကြပြီး အတူပါရှိတော်မူခြင်း ခံစားခဲ့ကြသော်လည်း ထိုလူတို့အထဲတွင် "မယုံကြည်သောသူ" (ယုဒ ၅)များ ရှိနေဆဲဖြစ်ပါသည်။

ဝမ်းနည်းစရာဤအကြောင်းကို တောလည်ရာကျမ်း ၁၃-၁၄ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည်။ ဂတိတော်ပြည်ကို သွားရောက်လေ့လာခြင်းငှါ သူလျှိုဆယ်နှစ်ဦးစေလွှတ်ခြင်းခံရ၏။ ဆယ်ဦးတို့သည် ထိုပြည်နှင့်ပတ်သတ်၍ မကောင်းသတင်းဖြစ်သော မိမိတို့မနိုင်နိုင်ကြောင်း မြို့ရိုးနှင့်ကာရံထားပြီး လူထွားကြီးများက စောင့်ရှောက်ထားကြောင်း ပြောကြသောအခါ ဣသရေလလူအပေါင်းတို့သည် ထိုသတင်းဆိုးကို ယုံကြည်ခဲ့ကြ၏။ ပင်လယ်နီ၌ အဲဂုတ္တုစစ်တပ်ဖျက်ဆီးခံရခြင်းကို မြင်တွေ့၍ ဝမ်းမြောက်ခဲ့ကြသော၊ ဤလူတို့သည် ထိုအဲဂုတ္တုပြည်သို့ ပြန်သွားခြင်းငှါ ခေါင်းဆောင်ခံရဖို့ရန် ဆုံးဖြတ်ခဲ့ကြ၏။ တော၌သေစေခြင်းငှါ ခေါ်ထုတ်သည်ဟုပင် ဘုရားသခင်ကို စွပ်စွဲခဲ့ကြ၏ (တော ၁၄း၃)။ အလွန်ဆိုးယုတ်သည်တကား။ ထိုသို့ ဆန့်ကျင်ကြသောကြောင့် အသက်နှစ်ဆယ်နှင့်အထက် လူအပေါင်းတို့သည် ဂတိတော်ပြည်သို့မဝင်ရဘဲ တောထဲ၌သေခဲ့ကြရပါမည် (တော ၁၄း၂၉-၃၀)။

ဘုရားသခင်၏အောင်လံအောက်၌ အဲဂုတ္တုပြည်မှထွက်လာခဲ့ကြသော လူအပေါင်း ၆၀၃၅၅၀ ထဲတွင် (တော ၁း၄၅-၄၆)၊ လူနှစ်ဦး (ယောရှုနှင့်ကာလက်)ကသာ ဘုရားသခင်ကို ယုံကြည်ခဲ့ကြ၏။ ကျန်လူအပေါင်းတို့သည် ဖျက်ဆီးခြင်းခံရသော "မယုံကြည်သော" သူဖြစ်ကြ၏ (ယုဒ ၅)။ ဘုရားသခင်၏လူတို့နှင့်အတူ ရေတွက်ဝင်ခြင်းခံရကြသော်လည်း များစွာသောသူတို့သည် အမှန်တကယ်ယုံကြည်ခြင်းမရှိကြပါ။ သူတို့၏ မယုံကြည်ခြင်းသည်ထင်ရှား၍ ထိုလမ်းလွှဲမှုကြောင့် စီရင်ခြင်းခံရကြ၏။ ယနေ့၌လည်း ထိုသို့ဖြစ်သည်မဟုတ်လော။ နှုတ်ဖြင့် ဝန်ခံရုံနှင့် ကယ်တင်ခြင်း မခံရပါ။ ထိုနေ့တွင် များစွာသောလူတို့သည် ဘုရားသခင်၏ငြင်းပယ်ခြင်းကို ခံရကြလိမ့်မည် (ရှုင်း၊ မဿဲ ၇း၂၂-၂၃)။

**ဆင်ခြင်ရန်** - ဘုရားသခင်ကိုကျွန်တော်အမှန်သိပါသလား။ အမှန်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - ထိုနေ့၌ ကိုယ်တော်၏လူတို့နှင့်အတူ ရေတွက်ဝင်ခြင်းခံရခြင်းငှါ မစသနားတော်မူပါ။

**ယုဒ ၆**

ဟောရှာ ၁၄း၁၂-၁၅

*“သင်ကလည်း . . . အမြင့်ဆုံးသောဘုရားကဲ့သို့ ငါနေမည်ဟု စိတ်အကြံရှိလေသည်”*

## လမ်းလွဲခြင်းအပြစ်စံရမည့်စီရင်ခြင်း(၂)

ယုဒဖော်ပြသောဒုတိယသာဓကမှာ ဘုရားသခင်ကိုဆန့်ကျင်ခဲ့သောကောင်းကင်တမန်များ ဖြစ်ပါသည်။ ဤတုန်လှုပ်စရာကောင်းသော အကြောင်းကိုအသေးစိတ်ဖော်ပြမထားပါ။ သို့သော်လည်း ကျွန်တော်တို့သိရသည်မှာ အလွန်လှပ၍ ဥာဏ်အစွမ်းရှိသောကောင်းကင်တမန်တစ်ပါးကို ဘုရားသခင်က ဖန်ဆင်းတော်မူခဲ့ပြီး ထိုသူ၌အပြစ်ဒုစရိုက်ရှိခဲ့၏ (ယေဇ ၂၈း၁၅)။ မာရ်နတ်၏ထောင်လွှားသောအပြစ်ကို သမ္မာကျမ်းစာ၌ ဤသို့ဖော်ပြခဲ့ပါသည် “သင်ကလည်း ကောင်းကင်ပေါ်သို့ငါတက်မည်။ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကိုငါချီးမြှောက်မည်။မြောက်မျက်နှာဘက် ဗျာဒိတ်တော် တောင်ပေါ်မှာငါထိုင်မည်၊မိုဃ်းတိမ်ထိပ်ပေါ်သို့ငါတက်မည်။အမြင့်ဆုံးသောဘုရားကဲ့သို့ငါနေမည်ဟုစိတ်အကြံရှိလေပြီ။” (ဟောရှာ ၁၄း၁၃-၁၄)။

အလွန်တုန်လှုပ်စရာမှားယွင်းမှုကြီးပါတကား။ အမြင့်ဆုံးသောထာဝရဘုရားသည် ပလ္လင်တော်၌ထိုင်တော်မူသည်ကို မြင်ခဲ့သော မိမိသည်ဖန်ဆင်းခံသာလျှင်ဖြစ်ကြောင်း သိခဲ့သော ကောင်းကင်တမန်တစ်ပါးသည် အပြစ်ပြု၍လမ်းလွဲလျက် ဆန့်ကျင်ခြင်းပြုပြီး ကျဆုံးခဲ့ပါသည်။ ထို့အပြင် ထိုမာရ်နတ်သည် ဘုရားသခင်ကိုဆန့်ကျင်ခဲ့သော များစွာသောကောင်းကင်တမန်တို့၏ ခေါင်းဆောင်ဖြစ်ပါသည်။ “မိမိတို့အခွင့်အရာကိုမစောင့်၊ မိမိတို့နေရာအရပ်ကို စွန့်ပစ်သော” (ယုဒ ၆) ကောင်းကင်တမန်များစွာရှိခဲ့ပါသည်။ သူတို့သည် စီရင်ခြင်းကိုခံရခြင်းငှါ “ထာဝရချည်နှောင်ခြင်းအားဖြင့် မှောင်မိုက်ထဲမှာ ချုပ်ထားခြင်း” (ယုဒ ၆) ခံရကြ၏။

အဲဂုတ္တုပြည်မှထွက်လာခဲ့ကြသော ဣသရေလလူတို့ သာဓက၌တွေ့ရသည်အတိုင်း ယုဒဖော်ပြလိုသောအဓိကအချက်မှုကား ဘုရားသခင်နှင့်ဆိုင်သည်ဟု ထင်ရသောသူတိုင်းသည် ဘုရားသခင်၏လူဖြစ်သည်ဟု မှားယွင်းစွာမသတ်မှတ်ကြရန်ဖြစ်ပါသည်။ လမ်းလွဲခြင်းသည် ဣသရေလလူတို့၏ စိတ်နှလုံးထဲ၌ ပါဝင်တွယ်ကပ်ခဲ့ပါသည်။ သူတို့သည် အခြားသူများနှင့် တစ်အုပ်စုထဲထွက်လာခဲ့ကြသော်လည်း နောက်ပိုင်းတွင် သူတို့၏ဇာတိအမှန်ပေါ်လာ၍ ဘုရားသခင်ကိုဆန့်ကျင်ခဲ့ကြ၏။ အတွင်းရန်သူများဖြစ်ကြပါသည်။ ကောင်းကင်တမန်တို့သည်လည်း ထိုသို့ဖြစ်ကြပါသည်။ ဤသို့မြတ်သောအသရေရှိလျက် ဖန်ဆင်းခြင်းခံရသော်လည်း လမ်းလွဲခြင်းဖြင့် ပျက်စီးခြင်းသို့ရောက်ခဲ့၏။ ထိုသို့မာရ်နတ်သည် ဘုရားသခင်ကိုဆန့်ကျင်သောအခါ အခြားကောင်းကင်တမန်တို့သည်လည်း ဆန့်ကျင်ခြင်းမျိုးစေ့ စိတ်နှလုံးထဲ၌ကြဲချခြင်းခံရ၍ အတူတကွကျဆုံးခဲ့ကြ၏။

ဤသာဓကတို့သည် ယခုကျွန်ုပ်တို့အလယ်၌ရှိသော လမ်းလွဲခြင်းအမှု၏အန္တရာယ်ကို သတိပြုခြင်းငှါ ရည်ရွယ်လျှက်ရှိပါသည်။ ခရစ်ယာန်စာဖတ်သူ သတိပြုပါလော့။

**ဆင်ခြင်ရန်** - လမ်းလွဲခြင်းသည် အမှန်တကယ်ရှိ၍ကြောက်စရာကောင်းလှပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဆန့်ကျင်ခြင်းမျိုးစေ့ အကျွန်ုပ်စိတ်နှလုံး၌မရှိမည်အကြောင်း စစ်ကြောမစတော်မူပါ။

*"သောဒုံမြို့နှင့် ဂေါမောရမြို့မှစ၍ . . .
ပုံသက်သေထင်ရှားလျက်ရှိကြ၏"*

## လမ်းလွဲခြင်းအပြစ်စံရမည့်စီရင်ခြင်း(၃)

ယုဒဖော်ပြသော တတိယမြောက်သာဓကဟူမှုကား သောဒုံမြို့နှင့်ဂေါမောရမြို့အကြောင်း ဖော်ပြခဲ့ပါသည်။ ဤရှေးမြို့တို့သည် ပင်လယ်သေအနီး၌ တည်ရှိခဲ့ကြပြီး၊ ဤဒေသသည် "သောဒုံမြို့နှင့် ဂေါမောရမြို့ကို ထာဝရဘုရားဖျက်ဆီးတော်မမူမီ . . . ပတ်ဝန်းကျင်အရပ်ရပ်၌ ရေများ၍၊ ထာဝရဘုရား၏ဥယျာဉ်တော်ကဲ့သို့၎င်း၊ အဲဂုတ္တုပြည်ကဲ့သို့၎င်း" (ကမ္ဘာ ၁၃း၁၀) ဖြစ်ပါသည်။

ထိုအရပ်ဒေသသည် မြေဆီကောင်း၍အသီးအနှံဖြစ်ထွန်းသောမြေဖြစ်သော်လည်း၊ ထိုအရပ်၌ နေထိုင်သောသူတို့၏ ဝိညာဉ်ရေးရာသည် လုံးဝယိုယွင်းခဲ့ကြ၏။ "သောဒုံမြို့ သားတို့သည်ဆိုးသောသူ၊ထာဝရဘုရားရှေ့၌၊အလွန်အပြစ်များသောသူဖြစ်ကြသတည်း။" (ကမ္ဘာ ၁၃း၁၃)။ သူတို့သည် "မတရားသောမေထုန်ကို အလွန်ပြု၍၊ ကိုယ်ခင်ပွန်း မဟုတ်သောသူနှင့်မှားယွင်းခြင်းအမှု၌ ကျင်လည်ကြပြီး" (ယုဒ ၇)၊ ဒုစရိုက်အမှုမျိုးစုံလွန်ကျူးခဲ့ကြ၏။ ကမ္ဘာဦးကျမ်း ၁၉ ထဲတွင် ဤမြို့တို့၏ဆိုးသွမ်းမှုကို အချို့ဖော်ပြထားပါသည်။

သောဒုံမြို့နှင့်ဂေါမောရမြို့သည် သူတို့၏ဆိုးသွမ်းမှုကြောင့် ဘုရားသခင်၏စီရင်ခြင်းကို ခံခဲ့ကြရ၏-"ထိုအခါ ထာဝရဘုရားသည် ကောင်းကင်ထက်၊အထံတော်မှ သောဒုံမြို့နှင့်ဂေါမောရမြို့အပေါ် သို့ကန့်နှင့်မီးမိုယ်းကိုရွာစေတော်မူ၏။ထိုမြို့တို့ကို လည်းကောင်း၊ချိုင့်အရပ်တရှောက်လုံးကိုလည်းကောင်း မြို့သားအပေါင်းတို့ကိုလည်းကောင်း မြေ၌ပေါက်သမျှကိုလည်းကောင်း မှောက်လဲတော်မူ၏။" (ကမ္ဘာ ၁၉း၂၄-၂၅)။ ဤဖျက်ဆီးခြင်းသည် အလုံးစုံဖျက်ဆီး ခြင်းဖြစ်၍ ယနေ့တိုင်ထိုသို့ရှိနေဆဲဖြစ်၏။ ရေများသောထိုအရပ်ဒေသသည် ယခုကန္တာရဖြစ်၍ အသက်မဲ့နေပြီး၊ သဲနှင့်ပြည့်လျက်ရှိပါ၏။ ဤစီရင်ခြင်းသည် ကျွန်ုပ်တို့အတွက် "ပုံသက်သေ" အဖြစ် ဘုရားသခင်ရည်ရွယ်ကြောင်း ယုဒဖော်ပြ၍၊ သောဒုံမြို့ပေါ်သို့ကျရောက်သော မိုယ်းမီးသည်လည်း နောင်တမရသောအပြစ်သားများအတွက် တရားဟောစီရင်ခြင်းဖြစ်သော ဘုရားသခင်ထံမှ "ထာဝရငရဲမီး" ပုံသက်သေပင်ဖြစ်ပါသည်။

သို့သော်လည်း၊ ယနေ့လူတို့သည် ဘုရားသခင်၏သတိပေးခြင်းနှင့် ဤပုံသက်သေတို့ကို လျစ်လျူရှုကြသည်မှာ ဝမ်းနည်းစရာကောင်းလှပါသည်။ ပင်လယ်သေသည် ယနေ့၌ဤကမ္ဘာမြေကြီး၏ အမာရွတ်သဖွယ်ထင်ကျန်လျက်ရှိ၍ ဘုရားသခင်၏အမျက်တော်နှင့်စီရင်ခြင်းကို ပြသောသက်သေဖြစ်ပါသည်။ သို့သော်လည်း သန်းပေါင်းများစွာသောခရီးသွားတို့သည် စိတ်ဝင်စားစွာသွားရောက်ခဲ့ကြပြီး မိမိ၏အပြစ်တို့ကို သတိမထားဘဲ ဘုရားသခင်၏စီရင်ခြင်းကို မမှတ်ကြဘဲ ပျော်ရွှင်စွာ ပင်လယ်သေ၊ ဆားရေ၌ ပေါလောပေါ် ပျော်ပါးကြ၏။ သောဒုံမြို့၏အပြစ်ဟုခေါ်သော အပြစ်သည် ယနေ့ခေတ်လူတို့အကြား၌ အလွန်ကျယ်ပြန့်စွာတွေ့ရကြပါသည်။ သို့သော်လည်း ပုံသက်သေသည် ထင်ရှားလျက်ရှိသည်ဖြစ်၍ သတိမထားကြသော်လည်း၊ ဘုရားသခင်သည် ထိုအပြစ်ကိုအလေးမထားဘဲမနေ၊ ဘုရားသခင်၏ကျေးဇူးတော်ကို ကိလေသာအမှုညစ်ညူးခြင်းအတွက် မှောက်လှန်သောသူတို့ကိုလည်း "ထာဝရမီးနှင့် ကျွမ်းလောင်ခြင်းဒဏ်" (ယုဒ ၇)ကို ခံရကြလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့အားအပြစ်ပြုခြင်းသို့မဟုတ်ဘဲ နောင်တရခြင်းသို့ပို့ဆောင်ပေးတော်မူ၏ (နှိုင်း၊ ရောမ ၂း၄)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ တရားသဖြင့်ပြုတော်မူ၍သန့်ရှင်းတော်မူသောသူ၊ အပြစ်ကို အလေးမထားဘဲ မနေမည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဧပြီ (၉)
**ယုဒ ၅-၇**
၁ ကော ၁၀း၁၁

*“ထိုအကြောင်းအရာရှိသမျှတို့သည်
ပုံသက်သေဖြစ်အံ့သောငှါ . . . ငါတို့ကို
ဆုံးမစရာဖို့ ကျမ်းစာ၌ရေးထားလျက်ရှိသတည်း”*

## လမ်းလွှဲခြင်းအပြစ်စံရမည့်စီရင်ခြင်း (၄)

အပိုဒ်ငယ် ၅ မှ ၇ ထဲတွင်ယုဒဖော်ပြသော သာဓကတို့မှရရှိသော သင်ခန်းစာတို့ကို ကျွန်တော်တို့ကောင်းကောင်းလေ့လာသင်ယူရပါမည်။ ယုဒသည် ဓမ္မသစ်ခေတ်၌ရှိသော ခရစ်ယာန်တို့ထံ ဤဩဝါဒစာကို ရေးသားခြင်းဖြစ်ပါသည်။ သူသည် ဓမ္မသစ်ခေတ်အသင်းတော်၌ရှိသော လမ်းလွဲခြင်း၏အန္တရာယ်ကို အထူးဖော်ပြခြင်းဖြစ်ပါသည်။ အသင်းတော်ထဲသို့ အချို့သောသူတို့သည် တိတ်တခိုးဝင်ရောက်ခဲ့ကြပြီဖြစ်ကြောင်း စာဖတ်သူတို့အား သတိပေးခဲ့ပါသည်။ ထိုသို့ သတိပေးရေးသားသောအခါ ဓမ္မဟောင်းမှအကြောင်းအရာကို အသုံးပြုခဲ့ခြင်းဖြစ်၏။

ယုဒသည် ဣသရေလလူတို့ကို သာဓကထား၍ဂတိတော်ပြည်သို့ ဝင်ရောက်ဆဲဆဲအချိန်၌ ဆန့်ကျင်ခြင်းပြုကြခြင်းကိုဇင်း၊ ကောင်းကင်တမန်ထဲ၌လည်း လမ်းလွဲသောသူရှိခဲ့ကြောင်းကိုဇင်း ပုံသက်သေပြလျက် ယနေ့အသင်းတော်သည်လည်း ထိုသို့သောလမ်းလွဲသူတို့၏ အန္တရာယ်ကြုံရနိုင်ကြောင်း “ပရိယာယ်နှင့်အမှတ်တမဲ့ဝင်” (ယုဒ ၄) လာနိုင်ကြောင်း ဖော်ပြခဲ့ပါသည်။ ထို့ပြင် ဇာတိပကတိအလိုကိုလိုက်ခြင်း၊ မတရားသောမေထုန်လွန်ကျူးခြင်းအပြစ်ကို ဘုရားသခင်မုန်းတီးကြောင်း ဘုရားသခင်၏ကျေးဇူးတော်ကို ကိလေသာအမှုလွန်ကျူးခြင်းအတွက် အလွဲသုံးစားပြုသောသူတို့သည် ဘုရားကိုမသိသောသူ၊ လူဆိုးများဖြစ်ကြောင်းကို သက်သေပြခြင်းငှါ သောဒုံမြို့နှင့်ဂေါမောရမြို့ကို သာဓကအဖြစ် ဖော်ပြခဲ့ပါသည်။

တခါတရံ ခရစ်ယာန်တို့က ဓမ္မဟောင်းသည် ယနေ့ကျွန်ုပ်တို့အတွက် အကျိုးမဝင်၊ အသုံးမဝင်ဟုထင်တတ်ကြ၏။ ဣသရေလသမိုင်းသည်လည်း ကျွန်ုပ်တို့အတွက် အသုံးမဝင်၊ ကျွန်ုပ်တို့နှင့် မဆိုင်ဟု ဖယ်ရှားတတ်ကြ၏။ သို့သော်လည်း ကျွန်တော်တို့သိထားရမည်မှာ ဤအကြောင်းသည် ဘုရားသခင်မှုတ်သွင်းတော်မူသော နှုတ်ကပတ်တရားဖြစ်ကြပြီး “ကာလအစဉ်အမြဲတည်၏” (ဟေရှာ ၄၀း၈)။ “ထိုအကြောင်းအရာရှိသမျှတို့သည် ပုံသက်သေဖြစ်အံ့သောငှါထိုသူတို့၌ရောက်ကြ၏။ ကပ်ကာလဆုံးတွင် ဖြစ်သောငါတို့ကို ဆုံးမစရာဘို့ကျမ်းစာ၌ရေးထားလျက်ရှိသတည်း။” (၁ ကော ၁၀း၁၁)။

ယုဒ၏ ဓမ္မဟောင်းကျမ်းအသုံးပြုလျက် ထိုအရာတို့ကိုသတိပြုစေလိုခြင်းအချက်က ဘုရားသခင်၏နှုတ်ကပတ်တော်အလုံးစုံသည် ကျွန်ုပ်တို့အတွက် အသုံးဝင်၍ကျွန်ုပ်တို့နှင့်ဆိုင်ကြောင်းကို ပြသလျက်ရှိ၏။ အချို့ကိုဂရုမစိုက်ဘဲနေခြင်း၊ အလေးမထားဘဲနေခြင်းမပြုရ။ အကုန်လုံး သေသေချာချာလေ့လာ၍ ကြိုးစားလိုက်လျှောက်ရပါမည်။ ဤသမ္မာကျမ်းစာထဲ၌တွေ့ရသော သင်ခန်းစာတို့ကို မလေ့လာဘဲနေလျှင် လျစ်လျူရှုခြင်းက အသင်းတော်၌လမ်းလွဲခြင်းခရီးကို စတင်စေပြီး အမြစ်ကိုတွယ်စေတတ်၏။

**ဆင်ခြင်ရန်** - “ထိုကျမ်းစာရှိသမျှတို့သည် . . . ကျေးဇူးပြုတတ်၏” (၂ တိ ၃း၁၆)။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ဖြင့် အကျွန်ုပ်ကိုဆုံးမတော်မူပါ။

သောကြာ၊ ဧပြီ (၁၀)

**ယုဒ ၈-၁၉**

၂ ကော ၁၁း၁၂-၁၅

*“စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ် ယောင်ဆောင်တတ်၏”*

## လမ်းလွှဲခြင်းလက္ခဏာ (၁)

စာဖတ်သူတို့အား လမ်းလွဲခြင်းအန္တရာယ်အကြောင်းနှင့် ဘုရားသခင်၏စီရင်ခြင်းအကြောင်း သတိပေးပြီးမှ လမ်းလွဲခြင်းလက္ခဏာကို ယုဒက ယခုဖော်ပြခဲ့ပါသည်။ ဤအချက်က ဤ ဩဝါဒစာတစ်ဝက်လောက်နေရာယူခဲ့ပြီး အရေးကြီးသောအကြောင်းအရာဖြစ်ပါသည်။

တိုက်ပွဲ၌ရန်သူ၏အခြေအနေသိခြင်းသည် အောင်မြင်ခြင်းအတွက်အကျိုးရှိ၏ ဟူ၍ ဆိုရိုးစကားရှိခဲ့ပါသည်။ ဝိညာဉ်တိုက်ပွဲ၌ ဤအချက်သည် ပို၍အရေးကြီးလှပါသည်။ ကျွန်ုပ်တို့၏ ရန်သူသည် “ရှေးဦးစွာမှစ၍လူ့အသက်ကိုသတ်သောသူ. . . မုသာ၏အဘလည်းဖြစ်၏” (ယောဟန် ၈း၄၄)။ “ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏” (၁ ပေ ၅း၈)။ သူသည် မိမိရည်ရွယ်ချက်ဖြစ်သောလူ့အသက်ကို ဖျက်ဆီးခြင်းအမှုအတွက် လှည့်စားလိမ်လည်၍ မုသာပြောခြင်းငှါ တွန့်ဆုတ်ခြင်းမရှိပါ။ “စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ် ယောင်ဆောင်တတ်၏၊ သူ၏ဆရာတို့သည်လည်း ဖြောင့်မတ်ခြင်းတရားကို ဟောသောဆရာဖြစ်ယောင်ဆောင်” ကြ၏ (၂ ကော ၁၁း၁၄-၁၅)။

ယုဒသတိပေးထားသော အငယ် ၄ ၌ဖော်ပြထားသော “လူအချို့” တို့သည် အသင်းတော်ထဲသို့ “ပရိယာယ်နှင့်အမှတ်တမဲ့ဝင်ကြ” ခြင်းသည် မတော်တဆမဟုတ်ဘဲ သိုးတို့ကို ဖျက်ဆီးခြင်းငှါ တမင်တကာကြံစည်၍ ဝင်ရောက်ကြခြင်းဖြစ်ပါသည်။ သူတို့သည်ငြိမ်သက်စွာနေကြသည် မဟုတ်၊ အပြောအဆိုများသောသူဖြစ်ကြ၏။ ထိုသို့စကားများရုံသက်သက်မဟုတ်ကြဘဲ၊ “တပည့်တော်များကို သွေးဆောင်ခြင်းငှါ” (တမန် ၂၀း၃၀) ပြောဆိုကြ၏။ သမ္မာတရားဟောသကဲ့သို့ အယောင်ဆောင်လျက် မိမိကိုယ်ကျိုးအတွက် မုသာပြောကြပြီး၊ လူများတို့ကို ပျက်ဆီးခြင်းသို့ ခေါ်ဆောင်ကြပါသည်။ ထို့ကြောင့် ဤလမ်းလွဲသောသူတို့၏ သရုပ်အမှန်ကို လူတို့သိနိုင်ခြင်းငှါ ဖော်ထုတ်ဖို့လိုပါသည်။ ထို့ကြောင့် ယုဒက အပိုဒ်ငယ် ၈ မှ ၁၉ အထိ သူတို့၏သရုပ်အမှန်ဖော်ထုတ်ခြင်းငှါ သူတို့၏လက္ခဏာတို့ကို ဖော်ပြလျက် ခရစ်ယာန်တို့အားအေးဆေးမနေဘဲ အမှားအမှန် ခွဲခြားနိုင်သောဉာဏ်အလင်းရှိကြခြင်းငှါ အထူးလိုအပ်ကြောင်း နှိုးဆော်လျက်ရှိပါသည်။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်က နှုတ်ကပတ်တော်ထဲတွင် “နောင်ကာလသည် ခဲယဉ်းသောကာလဖြစ်မည်အကြောင်း” (၂ တိ ၃း၁)၊ “နောင်ကာလ၌ . . . လှည့်ဖျားတတ်သောစိတ်ဝိညာဉ်. . . နတ်ဘုရားတို့နှင့် စပ်ဆိုင်သောဩဝါဒ” များပြားမည်ကို သတိပေးတော်မူခဲ့၏ (၁ တိ ၄း၂)။ ဤသတိပေးစကားတို့ကို အလေးမထားဘဲမနေသင့်ပါ။ ခရစ်ယာန်လောကထဲ၌ ဘုရားသခင်နှင့်မစပ်ဆိုင်သော မာရ်နတ်၏လူဖြစ်သော အမည်ခံခရစ်ယာန်များစွာ အမှန်ရှိကြပါသည်။ အမှားအမှန်ခွဲခြားနိုင်သော အသိဉာဏ်၊ အလင်းအမှန် လိုအပ်လျက်ရှိ၏။ ထို့ကြောင့် ဤကျမ်းပိုဒ်၌ ဖော်ပြထားသော လမ်းလွဲသောသူတို့၏လက္ခဏာကို သေချာလေ့လာကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်တော်သည် နောက်ဆုံးကာလ၌ နေထိုင်လျက်ရှိပါသည်။

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ရန်သူအပေါ် အစဉ်သတိကြီးသောသူ၊ အစဉ်နိုးကြားသောသူဖြစ်မည်အကြောင်း မစတော်မူပါ။

စနေ၊ ဧပြီ (၁၁)
**ယုဒ ၈**
ဆာလံ ၃၁း၅-၆

*“မုသာအနတ္တကို ဆည်းကပ်သောသူတို့ကို အကျွန်ုပ်သည် မုန်း၍. . . ”*

# လမ်းလွှဲခြင်းလက္ခဏာ(၂)

ထိုလမ်းလွဲခြင်းလက္ခဏာများဖော်ပြရာတွင် လမ်းလွဲသောသူတို့အား “ယောင်ယမ်းသောအမေ့လူတို့” (ယုဒ ၈)ဟု စတင်ဖော်ပြခဲ့ပါသည်။ သူတို့သည် ယောင်ယမ်းပြောဆိုသောသူဖြစ်၍ သူတို့၌ သမ္မာတရားမရှိပါ။ စိတ်ကူးယဉ်ခြင်း၌ ပျော်မွေ့သောသူဖြစ်ကြပြီး၊ ထိုစိတ်ကူးယဉ်အတွေးနှင့် အမှန်တရားသည် ကွာခြားလှပါသည်။ မိမိကိုယ်ကို ပုံသန်းနိုင်သည်ဟု စိတ်ကူးယဉ်သောသူက ထိုအရာကို အမှန်ထင်မိလျှင်၊ အလွန်အန္တရာယ်ကြီးလှပါသည်။

ဤမှားယွင်းသော ဆရာတို့သည် ထိုစိတ်ကူးယဉ်အတွေးကို အလေးထားကြပြီး၊ အလွန်အန္တရာယ်ရှိသောအရာဖြစ်ပါသည်။ ထို့ပြင် သူတို့သည် လူတို့၏အကြိုက်ပုံပြင်တို့ကို ဖန်ဆီးပြောဆိုတတ်ကြ၏။ ထို့ကြောင့် ထိုအရာတို့ကိုယုံကြည်၍ လိုက်လျှောက်သောသူတို့သည် ပျက်စီးခြင်းသို့ ရောက်တတ်ကြ၏။ ဘုရားသခင်၏ကျေးဇူးတော်ကို ဇာတိအလိုကိုလေသာအမှုပြုခြင်းအတွက် အခွင့်သဖွယ်စိတ်ကူးဖြစ်၍၊ ဘုရားသခင်၏ဇာတိသဘောကို အမှန်ဖော်ပြခြင်းမဟုတ်ပါ။ ကျေးဇူးတော်ကို မှားယွင်းစွာ၊ ဘုရားသခင်၏သန့်ရှင်းခြင်းနှင့် တရားမျှတမှုကိုဘေးဖယ်လျက်၊ ဖော်ပြခြင်းဖြစ်၏။ ဘုရားသခင်၏ အဆုံးစွန်အာဏာတော်ကိုလွဲမှားစွာဖော်ပြ၍၊ လူ့အလိုနှင့် အခွင့်အာဏာကို ချီးမြှောက်ခြင်းဖြစ်၏။

အမှန်မှာ ဘုရားသခင်သည် သမ္မာတရားနှင့်ဆိုင်သောဘုရားဖြစ်၍ (တရား ၃၂း၄)၊ ဘုရားသခင်၏လူတို့သည် ထိုသမ္မာတရားကိုနှစ်သက်၍ ကြိုးစားရှာဖွေကြရပါမည်။ မုသာကို သေးငယ်သော အပြစ်ဟုမမှတ်ယူရပါ။ အကြောင်းမှာ ဘုရားသခင်၏ဇာတိသဘောနှင့် ဆန့်ကျင်သောအရာဖြစ်ပါသည်။ ထို့ကြောင့် ယုဒကဘုရားသခင်၏သမ္မာတရားကို ကွယ်ကာလိုက်လျှောက်ခြင်းငှါ ခရစ်ယာန်တို့အား နိုးဆော်ခြင်းဖြစ်ပါသည်။ အမည်ခံအသင်းတော်တို့တွင် ခေါင်းဆောင်များမဟုတ်ဘဲ ယောင်ယမ်းပြောဆိုသော စိတ်ကူးယဉ်သမားများရှိကြပြီး ကျွေးမွေးပြုစုသောသူမဟုတ်ဘဲ မုသာဆရာများရှိကြ၏။

ချစ်သောစာဖတ်သူ၊ ကျွန်တော်တို့အားနည်းနေစဉ် ထိုသို့သောစိတ်ကူးယဉ်အတွေးတို့၏ ခေါ်ဆောင်ခြင်းကို ခံရနိုင်ပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာ၏တိုက်တွန်းနိုးဆော်ခြင်းကို သတိပြုလျက် ကျွန်ုပ်တို့စိတ်နှလုံးကို စောင့်ရှောက်ကြရပါမည်။ “သမ္မာတရားနှင့်ဆိုင်သောအကျင့် . . . နှလုံးသွင်းကြလော့” (ဖိလိ ၄း၈)။ ထို့ပြင် လမ်းမှားသို့ခေါ်ဆောင်ခြင်းခံရသော သူတပါးတို့အား သန့်ရှင်းသူတို့ထံအထက်က အပ်ပေးထားသော ယုံကြည်ခြင်းတရားဘက်၌ ကြိုးစားတိုက်လှန်ခြင်းဖြင့် ကူညီမစကြပါစို့။

**ဆင်ခြင်ရန်** - စိတ်ကူးယဉ်အတွေးနှင့်မုသာကို မယုံကြည်မည်အကြောင်း ကျွန်တော်သတိပြုရပါမည်။

**ဆုတောင်းချက်** - အိုကြီးမြတ်တော်မူသောသိုးထိန်းကြီး၊ သမ္မာတရားကို ကွယ်ကာခြင်း၌ အကျွန်ုပ်အား အသုံးပြုတော်မူပါ။

တနင်္ဂနွေ၊ ဧပြီ (၁၂)

**ယုဒ ၈**

၂ ပေ ၂း၁၈-၂၂ *"ခွေးသည် မိမိအန်ဖက်ကို ပြန်၍စား၏"*

# လမ်းလွဲခြင်းလက္ခဏာ(၃)

ထိုသို့သူတို့၏ စိတ်ကူးယဉ်အတွေးနောက်သို့လိုက်၍ ဟောပြောကြခြင်းဖြင့် ဤလမ်းလွဲသော သူတို့သည် "မိမိကိုယ်ကိုညစ်ညူးစေ၍ အာဏာစက်ကိုပယ်လျက်" (ယုဒ ၈) နေကြ၏။ ဤအချက်သည် အငယ် ၄ ၌ဖော်ပြထားသောအချက်နှင့်ဆက်စပ်မှုရှိ၏။ "ငါတို့ဘုရားသခင်၏ကျေးဇူးတော်ကို ကိလေသာ၏ညစ်ညူးခြင်းအလို့မှာ မှောက်လှန်လျက်၊ တပါးတည်းအစိုးရတော်မူသော အရှင်၊ ငါတို့သခင်ယေရှုခရစ်ကို ငြင်းပယ်" ကြ၏။

"ဘုရားသခင်သည် သင့်ကိုချစ်တော်မူပြီး၊ သင်ဖြစ်သည်အတိုင်း လက်ခံတော်မူ၏" ဟူသော စကားသည်တွင်ကျယ်လာခဲ့၏။ ကျော်ကြားသောသင်းအုပ်ဆရာတစ်ပါးက "သင့်အပြစ်အတွက် သင်ပူပန်စရာမလိုပါ။ အကြောင်းမှာ သင့်ကိုခွင့်လွှတ်တော်မူသောသူကို သင်ကိုးကွယ်၏။ သင်၏အနာရောဂါကို သင်ပူပန်စရာမလိုပါ။ အကြောင်းမှာ သင့်ကိုကျန်းမာစေတော်မူသောသူကို သင်ကိုးကွယ်၏" ဟု ရေးသားခဲ့ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကို မှားယွင်းစွာသဘောပေါက်ကြပြီး အလွဲသုံးစားပြုကြ၏။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် အပြစ်သည်ပြဿနာမဟုတ်တော့ပါဟူသော သွန်သင်ချက်၏ ကြောက်စရာကောင်းသောအချက်သည် ယုံကြည်သူနေ့စဉ်ကြုံတွေ့ရသော အပြစ်ကိုတွန်းလှန်တိုက်ခိုက်ရသော အခြေအနေကိုပစ်ပယ်၍ (နှိုင်း၊ ရောမ ၇း၁၄-၂၅)၊ "ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့် ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့" (ဖိလိ ၂း၁၂) ဟူသောတရားနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဆေးဝါးရှိခြင်းက ကျွန်ုပ်တို့ကျန်းမာရေးဂရုစိုက်စရာမလိုအောင် မပြုနိုင်သကဲ့သို့ ခရစ်တော်၌တည်သော ခွင့်လွှတ်ခြင်းတရားကလည်း ကျွန်ုပ်တို့၏ဇာတိပကတိ အလိုသတ်ဖြတ်၍မလိုက်ခြင်းငှါ ကြိုးစားအားထုတ်ခြင်းတာဝန်ကို မဖယ်ရှားပါ (ကောလော ၃း၄-၅)။

ထို့ပြင် ဘာသာတရားကို လူတို့ချမှတ်ထားသော စည်းမျဉ်းဥပဒေသအဖြစ်မျှသာ လက်ခံလာကြ၏။ ထိုသို့ လက်ခံသောသူတို့တွင် မိမိကိုယ်ကိုစစ်မှန်သောဘာသာတရား၏ တရားဟောဆရာဖြစ်သည်ဟုဆိုသော သူတို့ပါဝင်ကြ၏။ သူတို့သည် "အာဏာစက်" ကိုငြင်းပယ်ကြပြီး၊ မိမိနောက်လိုက်တို့အား ဘုရားသခင်၏ပညတ်တရားမှ လွတ်မြောက်ကြပြီးဖြစ်၍ ဝမ်းမြောက်ကြခြင်းငှါ သင်ပေးကြ၏။ ဤတရားနှင့်ပတ်သတ်၍ ပေတရုကဤသို့ရှင်းလင်းခဲ့ပါသည် "လွတ်ခြင်းအခွင့်ရှိသည်ဟု ဝန်ခံလျက်ပင် ကိုယ်တိုင်ပုပ်ပျက်ခြင်း၏ ကျွန်ဖြစ်ကြ၏။ အဘယ်သို့နည်းဟူမူကား လူကိုနိုင်သောအရာသည် လူ၏သခင်ဖြစ်၏" (၂ ပေ ၂း၁၉)။

ချစ်သောစာဖတ်သူ၊ ကျွန်တော်တို့အား "ခရစ်တော်သည်ငါတို့ကို လွှတ်တော်မူသော လွှတ်ခြင်းအမှု၌တည်နေ" ခြင်းငှါ တိုက်တွန်းခြင်းခံရသောအခါ (ဂလာတိ ၅း၁)၊ "လွှတ်ခြင်းအခွင့်ကို . . . ဇာတိပကတိအား အခွင့်ကိုပေး၍၊ ထိုလွှတ်ခြင်းကို မသုံးကြနှင့်" (ဂလာတိ ၅း၁၃) ဟူသော သတိပေးချက်ပါဝင်၏။ စစ်မှန်သောလွှတ်မြောက်ခြင်းသည် ဘုရားသခင်ကိုနာခံခြင်းငှါလွှတ်မြောက်စေခြင်းဖြစ်၍၊ ဘုရားသခင်၏ပညတ်တရားကို လျစ်လျူရှုရန်မဟုတ်ပါ။

**ဆင်ခြင်ရန်** - ပြုလိုသောအရာပြုခြင်းငှါ လွတ်မြောက်ခြင်းသည် လွတ်မြောက်ခြင်းမဟုတ်ဘဲ တရားမဲ့ခြင်းဖြစ်၏။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်၏ပညတ်တရားအလင်းအားဖြင့် အကျွန်ုပ်ကို စစ်ကြောတော်မူပါ။

တနင်္လာ၊ ဧပြီ (၁၃)

**ယုဒ ၈-၁၀**

၂ ပေ ၂း၉-၁၂

*“. . . ထိုသူတို့သည် ဘုန်းတန်ခိုးကြီးသော သူတို့ကို ကဲ့ရဲ့ဝံ့ကြ၏”*

## လမ်းလွှဲခြင်းလက္ခဏာ(၄)

ဤလမ်းလွဲသော၊ မှားယွင်းသောဆရာတို့သည် အသက်တာ၌ရင်း၊ သွန်သင်ခြင်း၌ရင်း၊ “မိမိတို့ကိုယ်ကို ညစ်ညူးစေ၍၊ အာဏာစက်ကိုပယ်” ကြသည်သာမက၊ ဝိညာဉ်နှင့်ဆိုင်သော “ဘုန်းတန်ခိုးကြီးသောသူတို့ကို ကဲ့ရဲ့” (ယုဒ ၈) တတ်ကြ၏။ ဤကျမ်းပိုဒ်၌ တွေ့ရသော စကားလုံးသည် ဝိညာဉ်နှင့်ဆိုင်သောအာဏာစက်၊ “အထွဋ်အမြတ်”၊ “အာဏာစက်” နှင့် “လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်း” (ဧဖက် ၆း၁၂) တို့ကို ရည်ညွှန်းခြင်းဖြစ်၏။ ခရစ်ယာန်တို့သည် ဤဝိညာဉ်များနှင့် ရင်ဆိုင်တိုက်လှန်နေရကြ၏။ ယုဒသတိပေးသော ဤလမ်းမှားသောဆရာတို့သည် မှောင်မိုက်၌ကျင်လည်သော နတ်ဆိုးတို့နှင့် ရင်ဆိုင်ရကြောင်း မြင်တွေ့ရပါသည်။

အမည်ခံခရစ်ယာန်တရားဟောဆရာတို့က မာရ်နတ်ကိုကဲ့ရဲ့လျက်၊ “နတ်ဆိုး” ဟု ခေါ်ပြီး၊ သူတို့အပေါ် အာဏာတန်ခိုးရှိသကဲ့သို့ မောင်းထုတ်တတ်ကြ၏။ ဤအမှုသည် ယုံကြည်ခြင်း၌ မရင့်ကျက်သောသူတို့အဖို့ အထင်ကြီးလေးစားစရာကောင်းနိုင်ပါသည်။ သို့သော်လည်း ယုဒဖော်ပြလိုသည်မှာ ထိုသို့ပြုမူသောသူသည် စစ်မှန်သော “အာဏာစက်”၊ ဘုရားသခင်၏ဘုန်းတန်ခိုးတော်ကို ကဲ့ရဲ့ရာရောက်ကြောင်းဖြစ်ပါသည်။ အကြောင်းမှာ ဘုရားသခင်၏နာမတော်ကို အခွင့်မရှိဘဲ မိမိတို့စိတ်ကြိုက်အသုံးပြုကြသောကြောင့် ဖြစ်ပါသည်။

ဤအမှုကို “ကောင်းကင်တမန်မင်းမိက္ခေလ” (ယုဒ ၉) ကပင် မပြုသောအမှုဖြစ်၏။ မိက္ခေလသည် အလွန်ရာထူးကြီးသော်လည်း “ကဲ့ရဲ့စွာသောပြစ်တင်ခြင်းကို မပြုဝံ့သောအခါ၊ ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူစေသတည်း” ဟုဆို၏။ မာရ်နတ်ကို ကြောက်သောကြောင့်မဟုတ်ဘဲ၊ ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့် ဖြစ်ပါသည်။ ကောင်းကင်တမန်မင်းက မိမိနာမအားဖြင့် မာရ်နတ်ကိုမဆုံးမဝံ့ခဲ့ပါ။ ထိုသို့ပြုခဲ့လျှင် ဘုရားသခင်၏နာမတော်ကို ကဲ့ရဲ့ရာရောက်ပါလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်ထံအခွင့်တောင်းခြင်းဖြင့် ဘုရားသခင်၏တန်ခိုးအာဏာကို တောင်းလျှောက်ခဲ့ပါသည်။ မှားယွင်းသောဆရာတို့၏ အယောင်ဆောင်မှုကို ဤအချက်၌ပေါ်လွင်ထင်ရှား၏။ “မိမိတို့ နားမလည်သောအရာများကို ကဲ့ရဲ့တတ်ကြ၏”။ ဇာတိပကတိအလိုလိုက်ခြင်း၌ မွေ့လျော်ခြင်းအားဖြင့်၊ သူတို့သည် အပြစ်၏ကျေးကျွန်ဖစ်ြနေသေးကြကြောင်း ထင်ရှားပါသည်။ မာရ်နတ်ကို ကဲ့ရဲ့ကြပြီး၊ “တိရစ္ဆာန်ကဲ့သို့” မိမိပျက်စီးခြင်းအမှုကို ပြုကြ၏။

ဤသို့သော လမ်းလွဲသောသူများပြားလာခြင်းက ဤနောက်ဆုံးသောကာလ၌ ကျွန်တော်တို့အလွန်သတိရှိပြီး၊ ဝိညာဉ်အသိဉာဏ်အလင်းရှိရန် အလွန်လိုအပ်ကြောင်းကို အမှတ်ရစေပါသည်။ စိတ်ဝင်စားဖွယ်ဝိညာဉ်အမှုတို့၏ လှည့်စားခြင်းမခံရလေအောင်၊ သမ္မာကျမ်းစာအားဖြင့် အစဉ်စစ်ကြောခြင်းပြုပါ။

**ဆင်ခြင်ရန်** - စစ်မှန်သော ဝိညာဉ်သဘောသည် ဘုရားသခင်၏နှုတ်ကပတ်တော် နာခံလိုက်လျှောက်ခြင်းဖြင့် သက်သေထူ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အမှုတော်ကို နှိမ့်ချသောစိတ်သဘောဖြင့် ဆောင်ရွက်ခြင်းငှါ စောင့်ရှောက်မစတော်မူပါ။

*"အကျွန်ုပ်သည် ညီကိုစောင့်ရသော သူဖြစ်ပါသလော. . . "*

# လမ်းလွဲခြင်းလက္ခဏာ(၅)

ယုဒသည် လမ်းလွဲခြင်းလက္ခဏာသာဓကအဖြစ် ဓမ္မဟောင်းကျမ်းကို တဖန်အသုံးပြုပြန်၏။ ဤမှားယွင်းသောဆရာတို့သည် အသင်းတော်ကိုယခုအန္တရာယ်ပေးလျက်ရှိပြီး၊ ယုဒက သမ္မာကျမ်းစာထဲ၌ ဖော်ပြထားသော ပထမဆုံးလူသတ်သမား၏ ခြေရာကိုလိုက်ကြ၏ဟု "ကာဣနနောက်သို့လိုက်ကြ၏" (ယုဒ၁၁) ဟူ၍ဆိုထားလျက်ရှိ၏။

ကာဣန၏အကျင့်ကို ကမ္ဘာ ၄း၁-၁၂ ထဲတွင် အသေးစိတ်ဖော်ပြထားပါသည်။ မာနထောင်လွှားခြင်းအကျင့်ဖြစ်၏။ အစကတည်းမှ ကာဣနသည် ဘုရားသခင်အပေါ်၌ တာဝန်ဝတ္တရားမရှိဟု မိမိကိုယ်ကို ထင်မှတ်ထားပါသည်။ အာဗေလသည် သိုးစုတွင် အဦးဘွားသောသားအချို့နှင့်ဆီဥကို ပူဇော်ခဲ့စဉ် ကာဣနသည် ထာဝရဘုရားထံ ပူဇော်သက္ကာဘို့ မြေအသီးကို ဆောင်ခဲ့၏ (ကမ္ဘာ ၄း၃-၄)။ ယုံကြည်ခြင်းအားဖြင့် အာဗေလသည် ဘုရားသခင်ကိုနာခံခဲ့ပြီး၊ ဘုရားသခင်လက်ခံတော်မူသော ပူဇော်သက္ကာကိုဆောင်ခဲ့၏။ ကာဣနမူကား ထောင်လွှားမောက်မာစွာ မိမိပူဇော်သောအရာတိုင်းကို ဘုရားသခင်လက်ခံရမည်ဟု မှတ်ယူခဲ့၏။ သူတို့သည် ဘုရားသခင်တောင်းလျှောက်သောအချက်ကို သိခဲ့ကြပါသည်။ ဘုရားသခင်က ကာဣနအား "သင်သည်ကောင်းမွန်စွာပြုလျှင် အခွင့်မရလော" (ကမ္ဘာ ၄း၇) ဟုမိန့်တော်မူသော်လည်း ကာဣနကနာမခံခဲ့ပါ။

ထို့ပြင် ကာဣန၏အကျင့်သည် သူတပါးအပေါ် တာဝန်ဝတ္တရားကင်းမဲ့မှုကို ပြသလျက်ရှိ၏။ ဘုရားသခင်နှင့်မိမိညီအပေါ် အမျက်ဒေါသထွက်၍ ကာဣနသည် အာဗေလကိုတော၌သတ်ခဲ့ပါသည်။ ဘုရားသခင်က သင့်ညီဘယ်မှာလဲဟု မေးသောအခါ "အကျွန်ုပ်မသိပါ၊ အကျွန်ုပ်သည် ညီကိုစောင့်ရသောသူဖြစ်ပါသလော" (ကမ္ဘာ ၄း၉) ဟုလျှောက်ခဲ့ပါသည်။ ကာဣနသည် မိမိညီ၏ အမှု၌မိမိတာဝန်မရှိကြောင်းဖော်ပြခြင်းဖြစ်၏။ ဆိုလိုသည်မှာ ကာဣနက ဘုရားသခင်အား "အကျွန်ုပ်ညီဘယ်မှာရှိသည်ကို အဘယ်ကြောင့်မေးသနည်း။ သူဘယ်မှာရှိရှိ ကျွန်ုပ်နှင့်မဆိုင်ပါ။ သူဘာဖြစ်ဖြစ် ကျွန်ုပ်၌တာဝန်မရှိပါ" ဟုဆိုသကဲ့သို့ဖြစ်၏။

ယုဒဖော်ပြသော လမ်းလွဲသောသူတို့သည် ကာဣနကဲ့သို့ဖြစ်ကြ၏။ ဘုရားသခင်ကို ဂရုမစိုက်ဘဲ မာနထောင်လွှားခြင်းရှိကြ၏။ မုသာပြောဆိုကြပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း သွန်သင်ခြင်းမပြုကြပါ။ ထို့ပြင်သူတပါးကိုလည်း ဂရုမစိုက်ကြပါ။ မိမိတို့ကိုယ်ကျိုးအတွက် သူတပါးကိုအသုံးပြုကြ၏။ သနားကြင်နာခြင်းမရှိကြ။ ချစ်သောစာဖတ်သူ၊ ကျွန်တော်တို့သည် ဘုရားသခင်ဖန်ဆင်းတော်မူသောသူဖြစ်ကြသောကြောင့် ဘုရားသခင်အပေါ် ကျွန်ုပ်တို့တာဝန်ကို သိမှတ်လျက် နာခံခြင်းရှိကြရပါမည်။ မိမိသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းတော်မူသော သူတပါးလူတို့အပေါ်၌လည်း အချင်းချင်းချစ်ကြပါဟူသော ဘုရားသခင်၏ ပညတ်တော်အတိုင်း ချစ်ခြင်းမေတ္တာထား၍ တာဝန်ကျေဖို့လိုပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဘုရားသခင်ဖန်ဆင်းတော်မူသောသူဖြစ်၍ အကျွန်ုပ်ညီအစ်ကိုကို စောင့်ရှောက်သောသူဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်နှင့်သူတပါးအပေါ် အကျွန်ုပ်၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်လိုပါ၏။

ဇူဒ္ဓဟူး၊ ဧပြီ (၁၅)
**ယုဒ ၁၁**
တော ၂၂း၁-၃၅

*"သူတို့သည်. . . အခကိုရခြင်းငှါ၊ ဗာလမ်မှားယွင်းသကဲ့သို့ အလွန်မှားယွင်းခြင်းရှိကြ၏"*

# လမ်းလွဲခြင်းလက္ခဏာ (၆)

ယုဒဖော်ပြသော ဒုတိယပုဂ္ဂိုလ်ကား ဗာလမ်ဖြစ်ပါသည်။ ဗာလမ်၏အကြောင်းကို တောလည် ၂၂-၂၄ ထဲတွင်ဖင်း၊ သူ၏သေဆုံးခြင်းကို တောလည် ၃၁ ထဲတွင် ဖော်ပြထားပါသည်။ ဗာလမ်သည် စစ်ပွဲ၌ ဣသရေလလူတို့ရှုံးနိမ့်ခြင်းငှါ ကျိန်စာတိုက်ရန် မောဘရှင်ဘုရင်ဗာလက်က ငှါးရမ်းထားသော မှားယွင်းသော ပရောဖက်ဖြစ်ပါသည်။

"ဗာလမ်၏မှားယွင်းခြင်း" (ယုဒ၁၁) သည် ထိန်းချုပ်၍မရသောတပ်မက်ခြင်း လောဘပင်ဖြစ်၏။ ဗာလက်၏လူတို့က ဗာလမ်ကိုချဉ်းကပ်လာသောအချိန်၌ ဘုရားသခင်က ဗာလမ်အား "ထိုလူမျိုးကို မကျိန်ဆဲရ။ ကောင်းကြီးမင်္ဂလာကို ခံရသောလူမျိုးဖြစ်သည်" (တော ၂၂း၁၂) ဟုအသေအချာ မိန့်တော်မူခဲ့၏။ သို့သော်လည်း "ဗာလက်မင်းသည် အရင်ထက် အရေအတွက်အားဖြင့် များ၍အရာအားဖြင့် ဘုန်းကြီးသောမှူးမတ်တို့ကို စေလွှတ်ပြန်၍" ဗာလမ်အား "ငါသည် ကိုယ်တော်ကိုအလွန်ချီးမြှောက်မည်။ ကိုယ်တော်တောင်းသမျှကို ပေးမည်" (တော ၂၂း၁၅၊ ၁၇) ဟုကတိပေးကြ၏။ ထိုအခါ ဗာလမ်၏တုန့်ပြန်မှု၌ ဆိုးယုတ်သော တပ်မက်သောစိတ်နှလုံးရှိကြောင်း ပေါ်လွင်ခဲ့ပါသည်။ ဗာလမ်က "ဗာလက်မင်းသည် ရွှေငွေနှင့်ပြည့်သော မိမိနန်းတော်ကိုပင် ပေးသော်လည်း ငါကိုးကွယ်သောဘုရားသခင်ထာဝရဘုရား၏ စကားတော်ကိုလွန်ကျူး၍ အမှုအကြီးအငယ် တစ်စုံတစ်ခုကိုမျှ ငါမပြုနိုင်၊သို့ရာတွင် ထာဝရဘုရားသည် အဘယ်သို့ထပ်၍မိန့်တော်မူမည်ကို ငါသိမည်အကြောင်း ယနေ့ညမှာ ဤအရပ်၌ နေကြပါဦးဟု ဗာလက်မင်းကျွန်တို့အား ပြန်ပြော၏" (တောလည် ၂၂း၁၈-၁၉)။

ဗာလမ်က "သင်တို့နှင့်အတူ သွားခြင်းငှါ ဘုရားသခင်က အကျွန်ုပ်အား အခွင့်ပေးတော်မမူ" ဟု ရိုးရိုးသားသားမဆိုခဲ့ပါ။ အိမ်အပြည့်ရှိသော ဗာလက်၏ရွှေငွေတို့အကြောင်းကို ပြောခဲ့၏။ ထိုအရာကို မိမိတပ်မက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုအခါ ဗာလက်၏လူတို့အား ထာဝရဘုရားက အဘယ်သို့ထပ်၍ မိန့်တော်မူမည်ကို မျှော်လင့်လျက် ထိုအရပ်၌ထပ်၍ တည်းခိုခြင်းငှါ ဗာလမ်ဆိုခဲ့၏။ ဆိုလိုသည်မှာ ဘုရားသခင်သည် စိတ်ပြောင်းလဲ၍မိမိလူတို့ကို ကျိန်ဆဲခြင်းငှါ ဗာလမ်အား အခွင့်ပြန်၍ပေးမည်ကို ဗာလမ်မျှော်လင့်ခဲ့၏။ ထိုအခါ သူသည်ကြွယ်ဝချမ်းသာခြင်းရှိမည်ဖြစ်၏။

ယုဒက ယနေ့အသင်းတော်ကို ဖျက်ဆီးနေသောမှားယွင်းသောဆရာတို့၏ တပ်မက်ခြင်းစိတ်နှလုံးကို ကျွန်ုပ်တို့အား သတိပေးလျက်ရှိပါ၏။ ငွေရခြင်းငှါ ဘာမဆိုလုပ်တတ်ကြ၏။ ဘုရားသခင်၏လူတို့ကိုပင် ကျိန်ဆဲတတ်ကြ၏။ သူတို့သည် အဖိုးအခကိုသာကြည့်သော၊ သူငှါးသိုးထိန်းကဲ့သို့ဖြစ်ကြ၏။ သို့သော်လည်း ချစ်သောစာဖတ်သူ ဤတပ်မက်ခြင်းနှင့်ဆိုင်သော ဘုရားသခင်၏ သတိပေးချက်ကို သတိပြုကြပါစို့။ "ငွေရတတ်ခြင်းငှါ အလိုရှိသောသူတို့သည် အပြစ်သွေးဆောင်ခြင်း၊ ဖမ်းမိခြင်း၊ မိုက်မဲဖျက်ဆီးတတ်သော တပ်မက်ခြင်းများထဲသို့ ကျရောက်တတ်ကြ၏။ ထိုသို့သောအားဖြင့် လူတို့သည် အကျိုးနည်းခြင်း၊ ပျက်စီးခြင်း၌နစ်မွန်းတတ်ကြ၏" (၁ တိ ၆း၉-၁၀)။

**ဆင်ခြင်ရန်** - "တပ်မက်လိုချင်သောစိတ်မရှိစေနှင့်" (ထွက် ၂၀း၁၇)။
**ဆုတောင်းချက်** - အို ထာဝရဘုရား၊ တပ်မက်သောစိတ်မရှိမည်အကြောင်း မစတော်မူပါ။

## လမ်းလွဲခြင်းလက္ခဏာ (၇)

ယုဒဖော်ပြသော တတိယပုဂ္ဂိုလ်မှာ ကောရဖြစ်ပါသည်။ "ငြင်းခုံခြင်း" ဆိုသည်မှာ ဆန့်ကျင်ခြင်းသဘောကို ဆောင်ပြီး၊ ဤကျမ်းပိုဒ်တွင် ကောရနှင့်အခြားလူတို့က မောရှေနှင့်အာရုန်၏ ခေါင်းဆောင်မှုအာဏာဆန့်ကျင်ကြခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ဤအကြောင်းကို တောလည်ရာကျမ်း ၁၆ ထဲတွင်ဖော်ပြထားပါသည်။

ကောရ၊ ဒါသန်နှင့်အဘိရံတို့သည် "အစည်းအဝေး၌ မင်းပြုသောသူ" နှစ်ရာငါးဆယ်နှင့်တကွ မောရှေနှင့် အာရုန်တဘက်၌စုဝေး၍ "သင်တို့သည် ထာဝရဘုရား၏ပရိသတ်အပေါ် ကိုယ်ကိုကိုယ်ချီးမြှောက်" ပြီး အာဏာပြလွန်သည်ဟု ပုန်ကန်ဆန့်ကျင်ခဲ့ကြ၏ (တော ၁၆း၁-၃)။ မောရှေအား မိမိကိုယ်ကို "မင်း" အရာ၌ ခန့်ထားသည်ဟု စွပ်စွဲခဲ့ကြ၏ (တော ၁၆း၁၃)။ အမှန်မှာ သူတို့သည် ကျော်စောခြင်းနှင့်အာဏာကို ရယူလိုကြ၏။ သူတို့သည် "အာဏာစက်ကိုပယ်" သော လမ်းလွဲသောသူ၊ ဓမ္မဟောင်းထဲမှပုံသက်သေဖြစ်ကြ၏။

ဘုရားသခင်ခန့်အပ်တော်မူသောသူ (သို့) အာဏာစက်ကို ဆန့်ကျင်ငြင်းပယ်ခြင်းအဖြစ်သည် ဘုရားသခင်ရှေ့၌ ကြီးမားလှပါသည်။ ဣသရေလတို့ထံ "သင်၏မိဘကို ရိုသေစွာပြုလော့" (ထွက် ၂၀း၁၂) ဟုပညတ်ထားခဲ့ပါသည်။ ဤပညတ်သည် မိသားစုသာမက၊ အဖွဲ့အစည်း၌လည်း အကျုံးဝင်၏။ မောရှေသည် ဘုရားသခင်ခန့်အပ်တော်မူသော ခေါင်းဆောင်ဖြစ်၍၊ အာရုန်သည်လည်း ဘုရားသခင်ခန့်အပ်တော်မူသော ခေါင်းဆောင်ဖြစ်၍၊ အာရုန်သည်လည်း ဘုရားသခင်ခန့်အပ်တော်မူသော ယဇ်ပုရောဟိတ်ဖြစ်ပါသည်။ ထို့ကြောင့် သူတို့ကိုဆန့်ကျင်ခြင်းသည် ဘုရားသခင်အားဆန့်ကျင်ရာရောက်၏။ ခေတ်အဆက်ဆက် ပုံသက်သေအဖြစ်၊ သောဒုံသည် ကောင်းကင်မှမီးဖြင့် ဖျက်ဆီးခြင်းခံရသကဲ့သို့၊ ကောရသည်လည်း ဘုရားသခင်က ပုံသက်သေဖြစ်စေခဲ့ပါသည်။ ". . . သူတို့နင်းရာမြေကြီးသည် ကွဲ၍မိမိခံတွင်းကိုဖွင့်သဖြင့် သူတို့နှင့်သူတို့အိမ်များကိုင်၊ ကောရနှင့်ဆိုင်သမျှသောသူတို့နှင့် သူတို့ဥစ္စာရှိသမျှကိုင်း မျိုလေ၏" (တော၁၆း၃၁-၃၂)။

အသင်းတော်သို့ ပရိယာယ်နှင့်ဝင်ရောက်၍ ညစ်ညူးစေသောမှားယွင်းသော ဆရာတို့သည် ကောရနည်းတူ သူတို့၏ဆန့်ကျင်ခြင်းအပြစ်ကြောင့် ပျက်စီးခြင်းသို့ ရောက်ကြပါလိမ့်မည်ဟု ယုဒသတိပေးလျက်ရှိ၏။ ချစ်သောစာဖတ်သူ၊ အသင်းတော်၌ငြင်းခုံခြင်းကို ဖြစ်စေသောသူကိုင်း၊ အသင်းတော်ခေါင်းဆောင်များအပေါ် မကျေနပ်ခြင်းမျိုးစေ့ကြဲသောသူတို့ကိုင်း သတိပြုကြပါလော့။ ဘုရားကိုကြောက်ရွံ့သော သင်းအုပ်ဆရာနှင့်သင်းအုပ်လူကြီးလူတို့ပင်လျှင် မှားနိုင်ကြပါသည် - သို့သော်လည်း ထိုအမှားကို ထောက်ပြပြင်ဆင်သောအခါ သမ္မာကျမ်းစာအတိုင်း၊ ဘုရားသခင်နှစ်သက်သောနည်းလမ်းဖြင့် ပြုကြရပါမည်။ ဤလမ်းလွဲသောသူတို့အား "သူတို့သည် အမင်္ဂလာရှိကြ၏" (ယုဒ ၁၁) ဟုယုဒ၏ဖော်ပြချက်ကို သတိပြုကြပါစို့။ သူတို့၏နောက်လိုက်အပေါင်းတို့သည်လည်း အမင်္ဂလာရှိကြပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်ကို စောင့်ရှောက်ခြင်းငှါ ဘုရားသခင်တာဝန်ပေးထားသော သူတို့ကို ကျွန်တော်ရိုသေရပါမည်။
**ဆုတောင်းချက်** - အိုထာဝရဘုရား၊ မိဘကို ရိုသေစွာပြုခြင်းငှါ မစတော်မူပါ။

သောကြာ၊ ဧပြီ (၁၇)
**ယုဒ ၁၂**
၁ ကော ၁၁း၁၇-၃၄

*“မေတ္တာပွဲ၌ အစွန်းအကွက်ဖြစ်ကြ၏”*

# လမ်းလွဲခြင်းလက္ခဏာ (၈)

ထိုသို့ လမ်းလွဲသောသူများကို ဓမ္မဟောင်းထဲမှ ပုဂ္ဂိုလ်များဖြင့် ဖော်ပြပြီးမှ ယုဒသည် အငယ် ၁၂ မှ ၁၃ ထဲတွင် ပုံဥပမာအားဖြင့် ဆက်လက်ဖော်ပြခဲ့ပါသည်။ ပုံဥပမာ ၅ ခုဖြစ်သော၊ အစွန်းအကွက်၊ မိုးတိမ်၊ သစ်ပင်၊ လှိုင်းတံပိုးနှင့် ကြယ်ပျံစသည်တို့ကို အသုံးပြုခဲ့ပါသည်။

အစွန်းအကွက်။ ဤနေရာသည် “အစွန်းအကွက်” ဟူသောစကားလုံးသည် အညစ်အကြေးကိုမဆိုလိုဘဲ၊ မမြင်ရသော အန္တရာယ်ကိုဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် လှိုင်းတံပိုးအောက်၌ မမြင်ရဘဲရှိနေသော ကျောက်ဆောင်သည် သင်္ဘောတို့အတွက် အလွန်အန္တရာယ်ကြီးလှပါသည်။ အသင်းတော်ထဲသို့ ပရိယာယ်နှင့်ဝင်ရောက်လာသော ဤလူတို့သည် အသင်းတော်၏ဝိညာဉ်ရေးရာအတွက် အမှန်အန္တရာယ်ရှိသော သူများဖြစ်ကြကြောင်း ယုဒဆိုလိုခြင်းဖြစ်၏။

ဤအန္တရာယ်ကို အသင်းတော် “မေတ္တာပွဲ” နှင့်ယှဉ်၍ ဖော်ပြထားပါသည် (ယုဒ ၁၂)။ ကနဦးအသင်းတော်၌ ပွဲတော်မသုံးဆောင်မီ အတူတကွ မိတ်ဆုံစားပွဲပြုလုပ်ကြသည်ဟု ထင်ရပါသည်။ ထိုပွဲကို ဆင်းရဲသားတို့နှင့်အတူ စားသုံးခြင်းငှါ ကြွယ်ဝသောသူတို့သည် ပို၍များပြားစွာ အစားအစာယူဆောင်လာကြသည်ဖြစ်သောကြောင့် “မေတ္တာပွဲ” ဟုခေါ်ကြခြင်းဖြစ်နိုင်ပါသည်။ တမန်တော်ပေါလုက ဤပွဲကို ကောရိန္သုအသင်းတော်က မှားယွင်းစွာအသုံးပြုခဲ့သောကြောင့် ဆုံးမခဲ့ပါသည်။ ကောရိန္သုလူတို့သည် သင်းကွဲကြပြီး၊ ဆင်းရဲသားတို့ကို မစဉ်းစားဘဲ မိမိတို့သာ ဝလင်စွာစားကြသောကြောင့်၊ ပေါလုက “တစ်ချို့ကား ဆာမွတ်လျက်၊ တချို့ကား စားသောက်ကြူးလျက်ရှိကြ၏” (၁ ကော ၁၁း၂၀-၂၁)ဟု ဆိုခဲ့ပါသည်။ သူတို့သည် မြတ်သောပွဲတော်ကို မထီမဲ့မြင်ပြုခဲ့ကြ၏။

ဤအချက်ကို အခြေခံခြင်းအားဖြင့်။ ယုဒက အသင်းတော်“မေတ္တာပွဲ” ၌ “အစွန်းအကွက်” အကြောင်း ဖော်ပြခြင်းကို ကျွန်တော်တို့နားလည်သဘောပေါက်နိုင်ပါသည်။ ထိုကာလ၌ အသင်းတော်၏စည်းလုံးမှုနှင့် အချင်းချင်းချစ်ခြင်းကို ပြသဖို့လိုသည်ဖြစ်သော်လည်း၊ “သင်တို့နှင့်အတူ” စားသောက်သောလမ်းလွဲသောသူရှိကြသည်ဖြစ်သောကြောင့်၊ အသင်းတော်၏ လုံခြုံမှုအတွက် အန္တရာယ်ရှိကြောင်း ယုဒဖော်ပြခြင်းဖြစ်ပါသည်။ ထို့ပြင် ဤပွဲသည် မေတ္တာပွဲဖြစ်သော်လည်း “အားမနာဘဲ” မိမိကိုယ်ကိုသာ ဝစွာစားသောလမ်းမှားသော သူရှိခဲ့ကြကြောင်း ယုဒသတိပေးခြင်းဖြစ်ပါသည်။ သူတို့သည် ကြောက်ရွံ့ထိတ်လန့်ခြင်းရှိသင့်ကြပါသည် - “အကြောင်းမူကား မထိုက်မတန်ဘဲစားသောက်သောသူသည် သခင်ဘုရား၏ကိုယ်တော်ကို ပိုင်းခြား၍မသိသောကြောင့် မိမိအပေါ်သို့အပြစ်ရောက်စေခြင်းငှါ စားသောက်သောသူဖြစ်၏” (၁ ကော ၁၁း၂၉)။ မိမိကိုယ်ကို မှားယွင်းစွာဝိညာဉ်အသက်ရှိသည်ဟု ထင်မှတ်၍ အသင်း တော်၏ဝိညာဉ်အမှုတို့၌ ပါဝင်သောသူတို့သည် ဘုရားသခင်၏မြတ်သောအမှုမင်္ဂလာတို့ကို ညစ်ညူးစွာအသုံးပြုခြင်းအပြစ် ကျူးလွန်ခြင်းအန္တရာယ်နှင့် ကြုံတွေ့ကြရမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ခရစ်တော်၏ကိုယ်၌အမှန်ပါဝင်သောသူဖြစ်ပါသည်။
**ဆုတောင်းချက်** - အို ဘုရားသခင်၊ ဝိညာဉ်နှင့်ဆိုင်သောအပြစ်မကျူးလွန်ခြင်းငှါ အမှားအမှန်ခွဲခြားနိုင်သော ဉာဏ်အလင်းပေးသနားတော်မူပါ။

စနေ၊ ဧပြီ (၁၈)
**ယုဒ ၁၂**
ယောဟန် ၄း၆-၁၄

*“ငါပေးသောရေကို သောက်သောသူမူကား၊ ရေငတ်ခြင်းနှင့် အခန်းမပြတ်ကင်းလွတ်လိမ့်မည်”*

# လမ်းလွဲခြင်းလက္ခဏာ(၉)

မိုဃ်းတိမ်။ ကန္တာရလွင်ပြင်၌ ရေငတ်လျက် ပင်ပန်းနွမ်းလျစွာ ခရီးသွားနေသောသူကို မြင်ယောင်မိကြပါစို့။ ထိုသို့ နေပူထဲ၌ခရီးဆက်နေသောကြောင့် မောပန်း၍သေလုနီးပါးဖြစ်လာ၏။ နောက်ဆုံးတွင် အပေါ်ကိုမော့ကြည့်သောအခါ မိုးတိမ်ကိုမြင်တွေ့ခဲ့ပါသည်။ ထိုအခါ သူအလွန်လိုအပ်နေသော၊ ရှာဖွေနေသောရေကို ရရှိတော့မည်ဟူသော မျှော်လင့်ချက်အပြည့်ရှိလာ၏။ သို့သော်လည်း၊ ထိုမိုဃ်းတမ်သည် “ရေမရှိ” (ယုဒ ၁၂) သော တိမ်ဖြစ်သောအခါ၊ သူသည် အလွန်စိတ်ပျက်ခြင်းရှိပါလိမ့်မည်။

ဤသည်ကား ယုဒဖော်ပြသော လမ်းလွဲသောသူတို့ကို ပုံဆောင်သောဥပမာဖြစ်ပါသည်။ ဤလောက၌မရေတွက်နိုင်သော များစွာသောလူတို့သည် ဝိညာဉ်အသက်မရှိကြဘဲ၊ အပြစ်မှလွတ်မြောက်ငြိမ်းချမ်းခြင်း၊ ထာဝရအသက်အတွက် စိတ်ချမှုကိုရှာနေကြပါသည်။ ထိုမိုဃ်းတိမ်ကဲ့သို့ မှားယွင်းသောဆရာတို့သည် ပေါ်လာ၍ငတ်မွတ်နေသော လူသန်းပေါင်းများစွာတို့ကို မျှော်လင့်ချက်ပေးသော်လည်း၊ ကျေနပ်ခြင်းမပေးနိုင်ကြပါ။ အသက်စမ်းရေကို မပေးနိုင်ကြ၊ လူတို့လိုအပ်သော ဝိညာဉ်ရေးရာငတ်မွတ်မှုကို ဖြေသိမ့်ခြင်းငှါ ဘာမျှမပေးနိုင်ကြပါ။ ယေရှုက “ငါပေးသောရေကို သောက်သောသူမူကား၊ ရေငတ်ခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်လိမ့်မည်” (ယော ၄း၁၄)ဟုမိန့်တော်မူ၏။ ယုဒဖော်ပြသောဤလူတို့သည် ထိုသို့သောရေကို မပေးနိုင်ကြပါ။ သူတို့ကိုယ်တိုင်သည် “လေတိုက်၍လွင့်သော မိုဃ်းတိမ်” ကဲ့သို့ဖြစ်၍ ပျောက်သောသူများဖြစ်ကြပြီး၊ သူတို့နောက်ကို လိုက်သောသူတို့သည်လည်း လွင့်သောမိုဃ်းတိမ်ကဲ့သို့ ဖြစ်ကြပါလိမ့်မည်။

သစ်ပင်။ အဘယ့်ကြောင့် လမ်းလွဲသောသူတို့သည် သူတပါးအား ဝိညာဉ်အစားအစာနှင့် ခွန်အားကိုမပေးနိုင်ပြသနည်း။ အမှန်မှာ သူတို့ကိုယ်တိုင်သည် ဝိညာဉ်အသက်ရှင်ခြင်းကို လိုအပ်သောသူများဖြစ်ကြသောကြောင့်တည်း။ သူတို့သည် “ညိုးနွမ်း၍အသီးမတင်”သော၊ အသီးနှင့် အရွက်မရှိသောအပင်ကဲ့သို့ ဖြစ်၏။ သူတို့သည် “နှစ်ကြိမ်သေ” သော၊ လုံးဝအသက်မရှိသော၊ အမြစ်မှ နှုတ်ခြင်းခံရသောသစ်ပင်ကဲ့သို့ ဖြစ်ကြပါသည်။

ချစ်သောစာဖတ်သူ၊သတိပြုပါလော့။ မိမိကိုယ်တိုင် အသက်မရှိဘဲလျက်၊ လူတို့အား အသက်ရှင်ခြင်းလမ်းပြသည်ဟု မိမိကိုယ်ကိုဆိုသောလူများစွာ ယနေ့ရှိပါသည်။ ထိုနည်းတူ သန်းပေါင်းများစွာသောလူတို့သည် ထာဝရအသက်ကို လိုအပ်လျက်ရှိ၍ ရှာဖွေနေကြပါသည်။ ဤပျက်စီးနေသောလူတို့သည် ဤလမ်းလွဲသော၊ မှားယွင်းသောဆရာများအားဖြင့် “လမ်းခရီး၊ သမ္မာတရားနှင့် အသက်ရှင်ခြင်း” (ယော ၁၄း၆) ကိုမတွေ့မြင်ခဲ့ကြပါလျှင်၊ သင့်အားဖြင့်ကော သခင်ယေရှုကို သူတို့ တွေ့နိုင်ကြမည်လော။

**ဆင်ခြင်ရန်** - ဘာသာတရားကိုင်းရှိုင်းချင်ယောင်ဆောင်ခြင်းအမှုသည် အဘယ့်ကြောင့် ဘုရားသခင်အလွန်ရွံ့ရှာမုန်းတီးတော်မူသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ဝိညာဉ်သဘော၌ကျင်လည်သောသူဖြစ်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဧပြီ (၁၉)
**ယုဒ ၁၃**
မသဲ ၇း၂၁-၂၇

*"သခင်၊ သခင်ဟု ငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည်မဟုတ်"*

# လမ်းလွဲခြင်းလက္ခဏာ(၁၀)

လှိုင်းတံပိုး။ လေထန်သောနေ့၌ ကမ်းခြေတွင်ရပ်သောသူသည် လှိုင်းတံပိုးကကမ်းခြေကို ရိုက်ခတ်လာကြောင်း မြင်တွေ့ရပါလိမ့်မည်။ ပင်လယ်သည် အစဉ်လှုပ်ရှားလျက်ရှိပြီး၊ လှိုင်းတံပိုးတို့သည် အစဉ်ရွေ့လျားခြင်းရှိကြ၏။ ဤပုံဥပမာ၌ တွေ့ရသောလှိုင်းတံပိုးသည် ကြမ်းတမ်းသော "လှိုင်းတံပိုးရိုင်း" (ယုဒ ၁၃)ဖြစ်ပါသည်။ ဤသည်ကား မှားယွင်းသောဆရာတို့၏ တနေ့တာပြုသောအမှုကို ထင်ရှားပေါ်လွင်စွာဖော်ပြခြင်းဖြစ်ပါသည်။ ဤအချက်က ပရိသတထောင်သောင်းရှေ့၌ ရောင်စုံမီးရောင်အောက်တွင် ဈေးကြီးသောအဝတ်အစားကို ဝတ်လျက်ဟိုသွားဒီလာလုပ်ရင်းတရားဟောနေသော ယနေ့ခေတ်တရားဟောဆရာများကို မြင်ယောင်မိစေပါသည်။

ဤလှိုင်းတံပိုးရိုင်းတို့သည် အမှန်ရိုက်ခတ်ပွတ်လောရိုက်ကြပြီး၊ သူတို့၏ ပြောဆိုဟောသားချက်တို့သည် အဆုံး၌မိမိတို့ကို အရှက်ရစေလိမ့်မည်။ ထိုသူတို့အကြောင်း ယေရှုမိန့်တော်မူချက်ကို ကြားနာကြပါစို့ - "ထိုနေ့၌ကား သခင်၊ သခင် အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမဩဝါဒပေးပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့်နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့် များစွာသောတန်ခိုးတို့ကို ပြုပါပြီမဟုတ်လောဟု အများသောသူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါ သင်တို့ကိုငါအလျှင်းမသိ၊ အဓမ္မအမှုကို ပြုသော သူတို့ ငါ့ထံမှဖယ်ကြဟု ထိုသူတို့အား အတည့်အလင်းငါပြောမည်" (မသဲ ၇း၂၂-၂၃)။

ကြယ်ပျံ။ ရှေးအခါ၌ ကောင်းကင်မှကြယ်တို့သည် တောက်ပလှပရုံသာမက သူတို့၏ရွေ့လျားမှုသည် လမ်းညွှန်စနစ်အတွက် အလွန်အသုံးဝင်ကြပါသည်။ သို့သော်လည်း ယုဒဖော်ပြသော ဤ"ကြယ်ပျံ" (ယုဒ ၁၃) တို့ကို ဆိုလိုခြင်းမဟုတ်ပါ။ သူတို့သည် လင်းလက်စွာထင်ရှားတတ်ကြသော်လည်း၊ သူတို့နောက်သို့လိုက်လျှင် အန္တရာယ်ရှိပါသည်။ သူတို့၌လမ်းကြောင်းမှန်မရှိဘဲ၊ နေရာတကာ ထာဝရလျှောက်ပတ်တတ်ကြ၏။ သူတို့သည် အမှောင်ထဲ၌တဝဲလည်လည်ဖြစ်ကြ၏။ သူတို့အတွက် "ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ၊ ပြင်အရပ်မှောင်မိုက်" (မသဲ ၈း၁၂) ကြိုတင်ပြင်ဆင်ထားပါသည်။

ဤပုံပမာ ၅ ခုတွင် လမ်းလွဲခြင်း၊ လမ်းလွဲသောသူနှင့် သူတို့နောက်လိုက်တို့၏ အန္တရာယ်ကိုတွေ့မြင်ရပါသည်။ သူတို့သည် အသင်းတော်၌ပါဝင်ကြသော်လည်း၊ ဘုရားသခင်၏လူမဖြစ်ကြပါ။ သူတို့သည်ထင်ရှားကျော်ကြားခြင်းရှိ၍ အသံကျယ်လောင်ကြသော်လည်း၊ သူတို့၏ သင်ကြားဟောပြောချက်၌ ဝိညာဉ်အစာ၊ အသက်မပါဘဲ၊ အသက်ရှင်ခြင်းအရင်းအမြစ်ဖြစ်သော ယေရှုခရစ်ကို ငြင်းပယ်၍ လူတို့ကိုသေခြင်းသို့ခေါ်ဆောင်ကြသည်ဖြစ်၍၊ နောက်ဆုံးတွင် အရှက်ရခြင်းနှင့် မှောင်မိုက်ဖုံးခြင်းခံရကြလိမ့်မည်။ သူတို့၏ မုသာတရားမှ ကျွန်ုပ်တို့ကို လွတ်မြောက်စေနိုင်သောအရာကား "သန့်ရှင်းသူတို့ထံ အထက်ကအပ်ပေးခဲ့သော ယုံကြည်ခြင်းတရား" (ယုဒ ၃) သာလျှင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ပျင်းရိခြင်း၊ တာဝန်ဝတ္တရားမကျေပွန်ခြင်းသည် လမ်းလွဲခြင်းနည်းတူ ကြောက်စရာကောင်းလှပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ စုံလင်သောကိုယ်တော်၏နှုတ်ကပတ်တော်ကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။ ထိုနှုတ်ကပတ်တော် သင်ယူခြင်းငှါ အကျွန်ုပ်ကို မစတော်မူပါ။

*"ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့ကို တရားစီရင်တော်မူခြင်းငှါ . . . ကြွလာတော်မူလိမ့်မည်"*

## လမ်းလွဲခြင်းလက္ခဏာ(၁၁)

လမ်းလွဲသောသူတို့အား ဓမ္မဟောင်းထဲမှ ပုဂ္ဂိုလ်များဖြစ်သော၊ ကာဣန၊ ဗာလမ်၊ ကောရတို့နှင့် ခိုင်းနှိုင်း၍ သူတို့ကိုပုံဥပမာအားဖြင့် ရှင်းလင်းစွာဖော်ပြပြီးမှ၊ ယုဒသည် ဧနောက်၏စကားကို ကိုးကား၍ သူတို့ခံရမည့်ပျက်စီးခြင်းအကြောင်းကို ထပ်၍ဖော်ပြခဲ့ပါသည်။

ယုဒက သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ခြင်းမရှိသော၊ ဧနောက်၏ပရောဖက်ပြုချက်ကို ရွေးချယ်အသုံးပြုခြင်းသည် စိတ်ဝင်စားစရာကောင်းလှပါသည်။ ထို့ပြင်၊ ယုဒက ဧနောက်အား "အာဒံမှဆင်းသက်၍ ခုနစ်ဆက်မြောက်သောသူ" (ယုဒ ၁၄)ဟု သေချာဖော်ပြထားပါသည်။ "အပြစ်ခံစေခြင်းငှါ ရှေးကစီရင်မှတ်သားနှင့်သော အဓမ္မမလူများ" (ယုဒ ၄)ဟု လမ်းလွဲသောသူတို့ကို ဖော်ပြခဲ့ပြီးသည်နှင့်အညီ ယုဒက ဧနောက်၏ပရောဖက်ပြုချက်ကို ရွေးချယ်ခြင်းဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ၊ ဤလူတို့ခံရမည့်စီရင်ခြင်းသည် အစကတည်းမှသေချာလှပါသည်။ ဧနောက်ပရောဖက်ပြုသောအချိန်၌ အာဒံသည်အသက်ရှင်လျက် ရှိနေခဲ့ပါလိမ့်မည်။ (ကမ္ဘာဦးကျမ်း ၅ ထဲတွင် ဖော်ပြသောဧနောက်ချီဆောင်ခြင်းမခံရမှီ ၅၇ နှစ်သာစော၍ အာဒံကွယ်လွန်ခဲ့သောကြောင့် ထိုသို့ထင်မှတ်ခြင်းဖြစ်ပါသည်။

ဧနောက်၏ပရောဖက်ပြုချက်သည် နောက်ဆုံးစီရင်ခြင်းကို ဆိုလိုပါ၏။ တရားမျှတ၍ သန့်ရှင်းတော်မူသောဘုရားသခင်သည် အပြစ်ကိုမစီရင်ဘဲ နေမည်မဟုတ်။ ထို့ကြောင့် အစကတည်းမှ စီရင်ခြင်းနေ့ရက်ကို မှတ်ထားတော်မူ၏။ "အဓမ္မအမှုရှိသမျှတို့၏အပြစ်ကိုဌင်း၊ . . . ကြမ်းတမ်းသော စကားရှိသမျှတို့၏ အပြစ်ကိုဌင်း ဘော်ပြခြင်းငှါ" (ယုဒ ၁၅)၊အတိုင်းမသိများပြားသော မိမိသန့်ရှင်းသူတို့နှင့်တကွ ဘုရားသခင်ကြွလာတော်မူမည့်နေ့ပင်ဖြစ်ပါသည်။ ခပ်သိမ်းသောသူတို့ကို တရားစီရင်တော်မူသော်လည်း၊ လူအပေါင်းတို့သည် အဓမ္မလူ၊ အပြစ်ရှိသောသူမဟုတ်ကြကြောင်း မှတ်သားကြပါစို့။ ခရစ်တော်၏ကိုယ်စား အသေခံတော်မူခြင်းကို ငြင်းပယ်သော၊ အဓမ္မအမှုကိုပြုသော၊ ကြမ်းတမ်းသောစကားကို ဆိုသောသူတို့သာလျှင် အပြစ်ရှိကြောင်း စီရင်ချက်ချခြင်းခံရကြပါလိမ့်မည်။

ဘုရားသခင်က လူအပေါင်းတို့အတွက် ကယ်တင်ခြင်းလမ်းခင်းပေးတော်မူ၏။ ခရစ်တော်၏အသွေးတော်သည် ဤလမ်းလွဲသောသူတို့အပါအဝင်၊ ဤလောကလူသားအားလုံး၏အပြစ်ကြွေးဖုံးအုပ်ဆေးကြောဆပ်ပေးခြင်းငှါ လုံလောက်ခြင်းရှိပါ၏။ သို့သော်လည်း၊ သိုးစုတို့ကို ချောင်းမြောင်းခြင်းငှါ၊ မိမိကိုယ်ကို တရားဟောဆရာယောင်ဆောင်လျက်၊ သင်းအုပ်ယောင်ဆောင်လျက်၊ ပရိယာယ်ဖြင့် အသင်းတော်ထဲသို့ ဤလူအချို့သည်ဝင်လာခဲ့ကြပြီး၊ ကယ်တင်ခြင်းတရားကို မောက်မာစွာ အဆုံးတိုင်ငြင်းပယ်ခဲ့ကြ၏။ ဤလူတို့သည် "အလင်းသို့တခါရောက်" (ပေဟြ ၆း၄) ခဲ့ကြသော်လည်း၊ သူတို့သည်အမှန်ယုံကြည်ခြင်းမရှိကြသောကြောင့်၊ ရွေ့လျော့ဖောက်ပြန်၍ လမ်းလွဲကြသောကြောင့်၊ "မိမိတို့တွင် ဘုရားသခင်၏သားတော်ကို လက်ဝါးကပ်တိုင်မှာ ကွပ်မျက်၍အသရေတော်ကို ရှုတ်ချသောသူဖြစ်" (ပေဟြ ၆း၆) ကြပါသည်။ ထို့ကြောင့် ထိုစီရင်ခြင်းနေ့တွင် သူတို့သည် အပြစ်ရှိကြောင်း တွေ့ရှိကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - စီရင်ခြင်းခံရခြင်းငှါ ဘုရားသခင်ရှေ့တော်၌ တနေ့ကျွန်တော်ရပ်ရပါလိမ့်မည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ခရစ်တော်၌ပေးသနားတော်မူသော ဖြောင့်မတ်ခြင်းဆုကျေးဇူးတော်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

အင်္ဂါ၊ ဧပြီ (၂၁)
**ယုဒ ၁၆**
၁ ကော ၁၀း၁-၁၈

*“. . . မကောင်းသောအရာတို့ကို . . .
ငါတို့သည် မတပ်မက်စေခြင်းငှါ. . . ”*

# လမ်းလွှဲခြင်းလက္ခဏာ (၁၂)

အငယ် ၁၆-၁၉ ထဲတွင်၊ ယုဒက လမ်းလွဲသောသူတို့၏လက္ခဏာကို သိသာထင်ရှားစွာ ဆက်လက်ဖော်ပြပါသည်။ ဤကြောက်စရာကောင်းသောလက္ခဏာတစ်ခုခု ကျွန်ုပ်တို့၌ရှိမရှိကို ကျွန်တော်တို့သေချာစမ်းစစ်ဖို့လိုပါသည်။

ပထမအနေဖြင့်၊ ညည်းတွားမြည်တမ်းခြင်းအပြစ်၏အန္တရာယ်ကြီးပုံကို ဖော်ပြခဲ့ပါသည်။ ဤအမှုသည် ကျွန်ုပ်တို့၏အားနည်းချက်လည်းဖြစ်ပါသည်။ သို့သော်ငြားလမ်းလွဲသောသူတို့၏ မြည်တမ်း၍အပြစ်တင်တတ်ခြင်းအပြစ်ကို မကျူးလွန်ခြင်းငှါ ကျွန်တော်တို့သည် တပ်မက်ခြင်းကိုသတ်ဖြတ်ကြရပါမည်။ ဘုရားသခင်၏ကျေးမွေးပြုစုမှု၊ ခန့်အပ်တော်မူခြင်းနှင့် အမိန့်တော်တို့၌ ကျွန်တော်တို့ရောင့်ရဲတင်းတိမ်ခြင်းမရှိဘဲ၊ မြည်တမ်းခြင်းပြုလျှင် ဘုရားသခင်၏အာဏာတော်ကို ဆန့်ကျင်ရာရောက်၏။ ကျွန်ုပ်တို့၏အဆုံးသတ်သည်လည်း ဣသရေလလူများ၊ ကျဆုံးသောကောင်းကင်တမန်များနှင့် အကျင့်ပျက်သောသောဒုံနှင့် ဂေါမောရတို့ကဲ့သို့ဖြစ်ပါလိမ့်မည် (နှိုင်း၊ ယုဒ ၅-၇)။ ဤအချက်သည် လမ်းလွဲခြင်း၏ပထမခြေလှမ်းဖြစ်ပါသည်။

ဒုတိယအချက်သည် ကိုယ်တပ်မက်ခြင်းအတိုင်း ကျင့်သောသူဟု ယုဒဖော်ပြထားပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်ထိန်းချုပ်မှုကို ငြင်းပယ်သော၊ တင်းတိမ်ရောင့်ရဲခြင်းမရှိသောသူသည် မိမိ၏ဇာတိပကတိအလိုတပ်မက်ခြင်းနောက်သို့ လိုက်တတ်၏။ တမန်တော်ပေါလုက ဤသို့သတိပေးခဲ့ပါသည် - “အကြောင်းမူကား ဇာတိပကတိနှင့်ဝိညာဉ်ပကတိသည် တပါးနှင့်တပါးဆန့်ကျင်သောအလိုရှိကြ၏။ တပါးနှင့်တပါး ဆန့်ကျင်ဘက်ဖြစ်၍ သင်တို့သည် ကျင့်ချင်သောအကျင့်ကို မကျင့်နိုင်ကြ” (ဂလာတိ ၅း၁၇)။ ရောင့်ရဲခြင်းမရှိဘဲ နေခဲ့ပါလျှင်ဇာတိပကတိအလိုသည် ချက်ချင်းပေါ်လာ၍ ဝိညာဉ်တော်ပြုသော အမှုကို ငြင်းပယ်လျက်နေပါလိမ့်မည်။ ထိုအခါ ဘုရားသခင်၏မေတ္တာဘောင်အတွင်းမှ ထွက်၍ မိမိဆန္ဒရှိရာလမ်းသို့ လိုက်ခြင်းငှါ အန္တရာယ်ရှိလာခဲ့ပါသည်။

တတိယနှင့်နောက်ဆုံးအချက်မှာ ဤလမ်းလွဲသောသူတို့သည် ထောင်လွှားမောက်မာစွာစကားပြောတတ်ပြီး၊ မိမိကိုယ်ကျိုးကိုရှာ၍ နောက်လိုက်များစုဆောင်းတတ်ကြ၏။ မိမိကိုယ်ကို ချီးမြှောက်၍ ဝါကြွားသောစကားကိုပြောတတ်ကြ၏။ ထို့ပြင် လူတို့၏မျက်နှာကို ထောက်၍စကားပြောကြ၏။ ဆိုလိုသည်မှာ သူတပါး၏လေးစားချီးကျူးခြင်းခံရခြင်းငှါ သူတပါးကိုမြှောက်ပြောတတ်ကြ၏။ သူတို့၏နာမည်ကျော်ကြားခြင်းအတွက် ဘယ်နည်းနှင့်မဆို အခွင့်ရှာတတ်ကြ၏။ ချစ်သောစာဖတ်သူ၊ ဤအလွန်လဲကျလွယ်သောအပြစ်ထဲသို့ မကျရောက်မည်အကြောင်း “ဆုတောင်း၍စောင့်နေကြ” (မသဲ ၂၆း၄၁)ရပါမည်။ သို့မှသာ ဤလှည့်စားခြင်းမှလွတ်မြောက်ကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဤလမ်းလွဲသောသူတို့၏လက္ခဏာကို ကျွန်ုပ်၌တွေ့ရပါသလား။
**ဆုတောင်းချက်** - မရောင့်ရဲမတင်းတိမ်ခြင်း၊ တပ်မက်ခြင်းနှင့်ထောင်လွှားခြင်းအပြစ်မှ အကျွန်ုပ်ကို ကွယ်ကာစောင့်ရှောက်တော်မူပါ။

ဗုဒ္ဓဟူး၊ ဧပြီ (၂၂)
**ယုဒ ၁၇-၁၈**
၂ ပေ ၃း၁-၁၃

*"... ထာဝရဘုရားသည် ဂတိတော်အရာမှာ နှေးတော်မမူ"*

## လမ်းလွဲခြင်းလက္ခဏာ (၁၃)

ယုဒသည် အသင်းတော်ကြုံတွေ့နေရသော ဤအန္တရာယ်တို့ကို ဖော်ပြနေစဉ်ထိုအထဲ၌ မျှော်လင့်ခြင်းရှိနေသေးကြောင်း အောက်မေ့ခြင်းငှါ ရေးသားခဲ့ပါသည်။ ဤအငယ် ၁၇ မှ "အောက်မေ့ခြင်း"သည် အသိပေးကြေငြာခြင်းဖြစ်၍ အငယ် ၅ မှ စကားလုံးသည် "သတိပေးခြင်း" ဖြစ်ပါသည်။

ဖော်ပြခဲ့သောလမ်းလွဲခြင်းပုံသာဓကေအားလုံး (သူတို့၏ကြောက်စရာကောင်းသော အကျင့်နှင့်ဆိုးသွမ်းမှုများ၊ အသင်းတော်အပေါ် ပြုနိုင်သောသူတို့၏ယုတ်မာကောက်ကျစ်မှု) ကိုလေ့လာပြီးသောအခါ၊ အသင်းတော်သည် မလွတ်မြောက်နိုင်ဟု ကျွန်တော်တို့ထင်ကောင်းထင်နိုင်ပါသည်။ သို့ဆိုလျှင် ဘုရားသခင်၏အစီအစဉ်သည် မထမြောက်ဘဲဖျက်ဆီးခြင်းခံမည်လော။ ဤလမ်းလွဲသောသူတို့သည် အသင်းတော်ကိုအမှန်ဖျက်ဆီးပစ်နိုင်ပါမည်လော။

ထို့ကြောင့် ဤသို့သော မေးခွန်းကိုအဖြေပေးသောအားဖြင့် ယုဒက အငယ် ၁၇ နှင့်၁၈ကို ရေးသားခြင်းဖြစ်၏။ "ချစ်သူတို့၊ နောက်ဆုံးသောကာလ၌ မိမိတို့မတရားသောတပ်မက်ခြင်းအတိုင်း ကျင့်နေ၍ပျက်ရယ်ပြုတတ်သောသူတို့သည် ပေါ်ကြလိမ့်မည်ဟု ငါတို့သခင်ယေရှုခရစ်၏ တမန်တော်တို့သည် ဟောပြောနှင့်သော စကားများကိုအောက်မေ့ကြလော့"။ ဆိုလိုသည်မှာ ဘုရားသခင်၏အကြံအစည်တော်ကို ဘယ်သူကမျှ မဖျက်ဆီးနိုင်၊ အရာခပ်သိမ်းတို့ သည် ဘုရားသခင်၏ထာဝရအကြံစည်တော်စုံလင်စေကြ၏။ ပေတရုအား "ငါ့အသင်းကို ငါတည် ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ" (မသဲ ၁၆း၁၈)ဟုမိန့်တော်မူသော ဘုရားသခင်သည် "နောက်ဆုံးသောကာလ၌ ပြက်ယယ်ပြုတတ်သောသူတို့သည် မိမိတို့တပ်မက်ခြင်းအတိုင်း ကျင့်နေ၍" (၂ ပေ ၃း၃)ဟုလည်း မိန့်တော်မူ၏ (နှိုင်း၊ ယုဒ ၁၈)။ ထိုနည်းတူ၊ တမန်တော်ပေါလုကလည်း ဤသို့ဟောခဲ့ပါသည် "ဝိညာဉ်တော်သည် အတည့်အလင်းဗျာဒိတ်ထားတော်မူသည်ကား နောင်ကာလ၌ သြတ္တပ္ပစိတ်တွင် သံပူနှင့်ခတ်ခြင်းကို ခံပြီးလျှင် မုသာစကားကိုပြောတတ်သောသူတို့၏လျှို့ဝှက်ခြင်းအားဖြင့် လူအချို့တို့သည် ယုံကြည်ခြင်းကိုစွန့်ပယ်၍ လှည့်ဖြားတတ်သော စိတ်ဝိညာဉ်တို့၌၎င်း၊ နတ်ဘုရားတို့နှင့်စပ်ဆိုင်သော ဩဝါဒတို့၌၎င်း မှီဝဲဆည်းကပ်ကြလိမ့်မည်" (၁ တိ ၄း၁-၂)။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏အစီအစဉ်ကို ဘယ်အရာကမျှ ခြိမ်းခြောက်ဖျက်ဆီး၍ မရပါ။ အသင်းတော်သည် ရှုပ်ထွေးနေနိုင်ပါသည်။ ခရစ်ယာန်လောကသည်လည်း ရှုပ်ထွေးနေနိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်က မိမိနှုတ်ကပတ်တော်ထဲ၌ နောက်ဆုံးသောကာလတွင် ယုံကြည်ခြင်းမှ လမ်းလွဲခြင်းရှိမည်ဟု (နှိုင်း၊ ၂ သက် ၂း၃) ကြိုတင်ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် စိတ်ပျက်အားလျော့ခြင်းမရှိဘဲ၊ ဘုရားသခင်အစိုးရတော်မူသည်ကို အောက်မေ့လျက်၊ ယုံကြည်ခြင်းတရားဘက်၌ ကြိုးစားတိုက်လှန်ကြပါစို့။

**ဆင်ခြင်ရန်** - "ဘုရားသခင်သည် ငါတို့ဘက်၌ရှိတော်မူလျှင် အဘယ်သူသည် ငါတို့တဘက်၌ နေနိုင်မည်နည်း" (ရောမ ၈း၃၁)။

**ဆုတောင်းချက်** - သမ္မာကျမ်းစာအားဖြင့် ကိုယ်တော်၏နှိမ့်သိမ့်အားပေးမှုကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

ကြာသပတေး၊ ဧပြီ (၂၃)

**ယုဒ ၁၉**

ဖိလိ ၂း၁-၂

*“. . . ဝိညာဉ်တော်နှင့် မိဿဟာယဖွဲ့ခြင်း. . . ”*

## လမ်းလွှဲခြင်းလက္ခဏာ (၁၄)

သူတို့အကြောင်း ယုဒသတိပေးလျက်ရှိသောလမ်းလွဲသောသူတို့သည် တမန်တော်များ ကြိုတင်ဟောပြောခဲ့သောသူများဖြစ်ကြပါသည်။ လမ်းလွှဲခြင်း၏နောက်ဆုံးလက္ခဏာဟူမူကား “သင်းခွဲခြင်း” ဖြစ်ပါသည်။ တမန်တော်ပေါလုက ကောရိန္တုလူတို့အား” သင်တို့တွင် ကောင်းမွန်သောသူတို့ကို ထင်ရှားစိမ့်သောငှါ သင်းခွဲခြင်းရှိရမည်” (၁ ကော ၁၁း၁၉)ဟု ဆိုခဲ့ပါသည်။ ကောင်းမွန်သောသူတို့သည် အမှန်ထင်ရှား ပေါ်လွင်ကြခြင်းငှါ စစ်ကြောသောအရာအဖြစ် ဘုရားသခင်ကလမ်းလွှဲခြင်းနှင့်မှားယွင်းသော သွန်သင်ခြင်းတို့ကို အသုံးပြုတော်မူ၏။

ခရစ်ယာန်တို့အား အမှန် “သင်းခွဲခြင်း” တသီးတခြားနေခြင်းငှါ တိုက်တွန်းထားပါသည်။ မယုံကြည်သူတို့ထံမှ တသီးတခြားနေခြင်းငှါ ဖြစ်ပါသည် - “မယုံကြည်သောသူတို့နှင့် တွဲဘက်၍ ဆန့်ကျင်ဘက်ဖြစ်သောထမ်းဘိုးကို မထမ်းကြနှင့်။ . . . သင်တို့သည် သူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့” (၂ ကော ၆း၁၄-၁၇၊ နှိုင်း ၁ ကော ၅း၉-၁၀)ဟု ဘုရားသခင်မိန့်တော်မူ၏။ ထို့ပြင် ကျွန်တော်တို့သည် မတရားစွာပြုသောယုံကြည်သူတို့ထံမှလည်း အသီးအခြားနေကြရပါမည်- “တစ်နည်းကား၊ ညီအစ်ကိုတို့ ငါတို့ထံ၌ခံသော နည်းဥပဒေသအတိုင်းမကျင့်ဘဲ မတရားစွာပြုသော ညီအစ်ကိုရှိသမျှတို့ကို ရှောင်ကြလော့ဟု ငါတို့သခင်ယေရှုခရစ်၏နာမတော်အားဖြင့် ငါတို့သည် ပညတ်ထားကြ၏” ( ၂ သက် ၃း၆)။

သို့သော်လည်း၊ ဤလမ်းလွဲသောသူတို့ပြုသောအမှုသည် ခြားနားလှပါသည်။ သူတို့သည် ခရစ်ယာန်တသီးတခြားနေခြင်းဖြစ်သော၊ မယုံကြည်ခြင်းမှ ခွဲထွက်သင်းခွဲခြင်းမဟုတ်ဘဲ၊ စစ်မှန်သောယုံကြည်ခြင်းမှ “သင်းခွဲခြင်း” အမှုကို ပြုကြ၏။ အသင်းတော်ထဲသို့ပရိယာယ်နှင့် အမှတ်တမဲ့ ဝင်လာကြပြီး၊ မှားယွင်းသောသွန်သင်ခြင်းကို သွန်သင်ဟောပြောခြင်းဖြင့် စည်းလုံးမှုကို ပျက်ပြားစေ၍ မိမိတို့နောက်သို့ လူတို့ကိုဆွဲခေါ်ခဲ့ကြပြီး (ယုဒ ၁၆)၊ စစ်မှန်သောထိုအသင်းတော်မှ ခွဲထွက်၍ သင်းခွဲခဲ့ကြ၏ (ယုဒ ၁၉)။ အဘယ့်ကြောင့် ထိုသို့ ပြုကြပါသနည်း။ သူတို့သည် တပ်မက်သောသူ၊ သန့်ရှင်းသောဝိညာဉ်တော်မပိုင်ဆိုင်သောသူဖြစ်ကြ၏။ သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်လမ်းပြမှုမပါဘဲ ဘုရားသခင်၏နှုတ်ကပတ်သမ္မာတရားကို သူတို့လက်မခံနိုင်ကြပါ (နှိုင်း ၁ ကော ၂း၁၄)။ “စိတ်မကွဲပြားဘဲ တလုံးတဝတည်းကြံစည်ခြင်းနှင့်တကွ၊ သဘောတညီတညွတ်တည်းရှိခြင်း” (ဖိလိ ၂း၂)သို့ ပို့ဆောင်ပေးသော “ဝိညာဉ်တော်နှင့်မိဿဟာယဖွဲ့ခြင်း” (ဖိလိ ၂း၁)၌ သူတို့သည် မပါဝင်ကြပါ။

ချစ်သောစာဖတ်သူ၊ ယနေ့နောက်ဆုံးကာလတွင် လိုအပ်သောအရာဟူမူကား စည်းလုံးခြင်းနှင့်သင်းခွဲခြင်း(တသီးတခြားနေခြင်း) ဖြစ်ပါသည်။ သမ္မာတရား၌စည်းလုံးခြင်းနှင့် မှားယွင်းသောအရာမှ တသီးတခြားခွဲထွက်ခြင်းပေတည်း။ ထို့ကြောင့် မတွဲသင့်သောသူတို့နှင့်စည်းလုံးခြင်းမရှိမည်အကြောင်း၊ တွဲသင့်သောသူနှင့်မခွဲခွာရလေအောင်၊ ကျွန်တော်တို့သည် သမ္မာကျမ်းစာကိုဆုတောင်းခြင်း၊ ဆင်ခြင်တွေးတောခြင်းနှင့်တကွ ကြိုးစားသင်ယူလေ့လာကြရပါမည်။

**ဆင်ခြင်ရန်** - စည်းလုံးသင့်သောနေရာရှိသကဲ့သို့၊ တသီးတခြားနေရမည့်နေရာလည်း ရှိ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အမှုတော်မြတ်ကို မှန်ကန်စွာဆောင်ရွက်နိုင်မည်အကြောင်း အဆိုးအကောင်းခွဲခြားနိုင်သောဉာဏ်အလင်းပေးသနားတော်မူပါ။

**ယုဒ ၂၀**
၂ တိ ၂း၁၅

*“. . . ဘုရားသခင့်ရှေ့၌ ကိုယ်ကိုကိုဆက်သခြင်းငှါ ကြိုးစားအားထုတ်လော့”*

## လမ်းလွဲခြင်းကို ဆန့်ကျင်တိုက်လှန်ခြင်း(၁)

လမ်းလွဲသောသူတို့၏ ဇာတိလက္ခဏာများကို အကျယ်တဝင့်ဖော်ပြပြီးမှ ယုဒသည် နောက်ဆုံး၌ ဤလမ်းလွဲခြင်းနှင့်စပ်လျှင်း၍ ယုံကြည်သူတို့၏တာဝန်ဝတ္တရားကို ယခုဖော်ပြခဲ့ပါသည်။ ကျွန်တော်တို့သည် “ယုံကြည်ခြင်းတရားဘက်မှ ကြိုးစားတိုက်လှန်ခြင်း” ပြုကြရမည်ဖြစ်၏။ သို့ဆိုလျှင် မည်သို့ထိုအမှုကို ပြုကြရပါမည်နည်း။ အပိုဒ်ငယ် ၄ ပိုဒ်ဖြစ်သော၊ ယုဒ ၂၀-၂၃ ထဲတွင်၊ မိမိကိုယ်ကိုအပေါ် ပြုရမည်ဝတ္တရား (၂၀-၂၁)နှင့် သူတပါးအပေါ် ပြုရမည့်ဝတ္တရား (၂၂-၂၃)ဟူ၍ ဖော်ပြခဲ့ပါသည်။

ယခု အကြောင်းအရာကို “ချစ်သူတို့၊ သင်တို့မူကား. . . ” (ယုဒ ၂၀) ဟူ၍ဆန့်ကျင်ဘက်သဘောဆောင်၍စတင်ခဲ့ပါသည်။ လမ်းလွဲသောသူတို့ပြုသောအမှုနှင့်ဆန့်ကျင်ဘက်ဖြစ်သော ခရစ်ယာန်တာဝန်ဝတ္တရားကို ဖော်ပြလိုသောကြောင့် ဖြစ်ပါသည်။ ဤအမှုကို သူတို့မပြုကြ၊ သို့သော်လည်း သင်တို့ပြုရပါမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ သူတို့ကဲ့သို့မပြုဘဲ၊ ဤသို့ပြုရမည်ဟု ဆိုလိုပါ၏။ သမ္မာတရားမှ မိမိကိုယ်ကို ခွဲထွက်ခြင်းမပြုဘဲ၊ “သင်တို့သည် မိမိတို့အလွန်သန့်ရှင်းသော ယုံကြည်ခြင်းအပေါ်မှာ မိမိတို့ကို တည်ဆောက်” (ယုဒ ၂၀) ကြရပါမည်။

“တည်ဆောက်” ဟူသောစကားလုံးသည် အစဉ်တိုးတက်ကြီးထွားမှုကို သဘောကိုဆောင်၏။ ခရစ်ယာန်သည် ကြီးထွားခြင်းမရှိဘဲမနေရ၊ အစဉ်ကြီးထွားခြင်းရှိရပါမည်။ ချစ်သော စာဖတ်သူ၊ ဘုရားသခင်က ကျွန်ုပ်တို့အား သမ္မာတရား၊ “အသန့်ရှင်းဆုံးသောယုံကြည်ခြင်းတရား”၊ အမှားကင်းစင်၍ သန့်ရှင်းသော၊ မမှားနိုင်သော၊ စုံလင်သောကျမ်းစာ၊ တန်ဖိုးအကြီးဆုံးသောဆုကို ပေးတော်မူခဲ့ပြီဖြစ်ပါသည်။ ထိုသမ္မာတရားကို ကျွန်ုပ်တို့ထံ ပေးအပ်ခဲ့ပြီးဖြစ်ပါသည် - “သန့်ရှင်းသူတို့ထံ အထက်ကအပ်ပေးခဲ့သောယုံကြည်ခြင်းတရား” (ယုဒ ၃)။ဤသန့်ရှင်းသူတို့တွင် သင်လည်းအပါအဝင်ဖြစ်၏။ သင့်လက်ထဲသို့အပ်ပေးတော်မူခဲ့ပါသည်။ ထိုမပြောင်းလဲနိုင်သောသမ္မာတရား၊ အသန့်ရှင်းဆုံးယုံကြည်ခြင်းတရားသည် သင့်လက်ထဲ၌ရှိ၏။ ထိုမရွေ့လျော့မတုန်လှုပ်နိုင်သောသမ္မာတရား အုတ်မြစ်သည် ချထားခြင်းခံရပြီဖြစ်၍၊ ထိုအပေါ်၌တည်ဆောက်ခြင်းသည် သင်၏တာဝန်ဝတ္တရားဖြစ်ပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ကြိုးစားသင်ယူလေ့လာပါသလား။ ဘုရားသခင်ဖော်ပြတော်မူသောနှုတ်ကပတ်တော်၊ သမ္မာကျမ်းစာသင့်လက်ထဲ၌ရှိခြင်းအခွင့်ထူးကို သင်နားလည်သဘောပေါက်ပါလျှင်၊ သင်ကြိုးစားလေ့လာရပါမည်။ ဤသမ္မာတရား၌ မိမိအသက်တာကို တည်ဆောက်လော့။ သင်ယူလေ့လာလော့၊ သဘောပေါက်လျက်၊ နာခံလိုက်လျှောက်ပါလော့။ ထိုသို့သေချာခိုင်မာသောအုတ်မြစ်ရှိပါလျက်နှင့် အဘယ်ကြောင့် အခြားအုတ်မြစ်ပေါ်၌ သင်တည်ဆောက်မည်နည်း။ အသင်းကြုံတွေ့နေရသော အန္တရာယ်၊ မိမိကိုယ်ကျိုးကိုရှာသောဝံပုလွေတို့၏ ဖျက်ဆီးခြင်းနှင့်လှည့်စားခြင်းကို သင်မြင်တွေ့နေရပါသည်။ ထို့ကြောင့် ယုံကြည်ခြင်းတရားဘက်၌ တိုက်လှန်ခြင်းပြုမည်ဆိုလျှင်၊ သင်၏ယုံကြည်ခြင်းခိုင်မာစေလျက်၊ ထိုတရားအပေါ်၌ ရှေးဦးစွာသင့်အသက်တာ တည်ဆောက်ရပါမည်။ ထိုသို့မဟုတ်လျှင် ဟန်ဆောင်ခြင်းသက်သက်ဖြစ်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - “ယုံကြည်ခြင်းတရား”သည် အမှန်အကျွန်ုပ်၏ “ယုံကြည်ခြင်း” တည်ရာဖြစ်ပါသလား။

**ဆုတောင်းချက်** - ဘုရားသခင်၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို သစ္စာရှိစွာသင်ယူလေ့လာသော၊ နာခံလိုက်လျှောက်သောသူဖြစ်မည်အကြောင်း မစတော်မူပါ။

စနေ၊ ဧပြီ (၂၅)

**ယုဒ ၂၀**

ဧဖက် ၆း၁၀-၁၉

*"ကာလအစဉ်စိတ်နှလုံးပါလျက် ဆုတောင်း ပဌနာပြုခြင်း"*

## လမ်းလွဲခြင်းကို ဆန့်ကျင်တိုက်လှန်ခြင်း(၂)

ကျွန်ုပ်တို့၏အသန့်ရှင်းဆုံးယုံကြည်ခြင်းအပေါ်၌ မိမိကိုယ်ကိုတည်ဆောက်ခြင်းအမှု (ယုဒ ၂၀)သည် ကျွန်ုတော်တို့ဘာသာပြုနိုင်သောအမှုမဟုတ်ပါ။ လူ၏အစွမ်းတစ်ခုတည်းဖြင့် ပြီးမြောက်နိုင်သောတည်ဆောက်ခြင်းမျိုးမဟုတ်ပါ။ လမ်းလွဲသောသူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှန်ကန်စွာနားမလည်သောကြောင့်၊ မှန်ကန်စွာအသုံးမပြုသောကြောင့်ကျဆုံးသည်သာ မဟုတ်ဘဲ၊ ဘုရားသခင်နှင့်စစ်မှန်သောမိဿဟာယဖွဲ့ခြင်းမရှိသောကြောင့်၊ ဝိညာဉ်တော်နှင့်မိဿဟာယဖွဲ့ခြင်းမရှိသောကြောင့် ကျဆုံးခဲ့ကြခြင်းဖြစ်ပါသည်။

တဖက်တွင်၊ ကျွန်ုတော်တို့ယုံကြည်သူတို့သည် "သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆုတောင်းပဌနာပြုလော့" (ယုဒ ၂၀)၊ သမ္မာတရားကို မှန်ကန်စွာခွဲခြားလေ့လာပြီး (၂ တိ ၂း၁၅)၊ နေ့စဉ်အသက်တာ၌မှန်ကန်စွာအသုံးပြုလိုက်လျှောက်ကြရပါမည်။ မမှားနိုင်သောသမ္မာကျမ်းစာကို ကျွန်ုပ်တို့လက်ထဲသို့ ပေးအပ်သည်သာမက၊ ထိုကျမ်းစာအနက်ဖွင့်ခြင်း၌မမှားနိုင်သောအနက်ဖွင့်သူ (သန့်ရှင်းသောဝိညာဉ်တော်)ကို ကျွန်ုပ်စိတ်နှလုံးထဲသို့ ပေးတော်မူခဲ့၏။ ရေးသားထားသော နှုတ်ကပတ်တော်ပေးသည်သာမက၊ ဘုရားသခင်သည်ကျွန်ုပ်တို့အား ကိုယ်တော်၏ဌာနတော်ထဲသို့ ဝင်ရောက်ရသောအခွင့်ကို ကျွန်ုပ်တို့၏အကြီးမြတ်ဆုံးသော ယဇ်ပုရောဟိတ်သခင်ယေရှုခရစ်တော်အားဖြင့် ပေးတော်မူ၏။ ဤကြီးမြတ်သောဆုကျေးဇူးတို့ကို ကျွန်ုတော်တို့အကျိုးရှိရှိအသုံးပြုကြရပါမည်။

စစ်သားသည် မိမိ၏စစ်ဝတ်တန်ဆာဖြစ်သော၊ ခါးပတ်၊ ရင်အုပ်တန်ဆာ၊ ခြေစွပ်၊ ဒိုင်း၊ ဦးထုပ်နှင့်ဓားများအပြင် လိုအပ်သောအရာရှိသေး၏။ ထိုအရာမှာ မိမိဗိုလ်ချုပ်နှင့် အပြန်အလှန်ဆက်သွယ်ခြင်းဖြစ်ပြီး၊ ထိုသို့သော ဆက်သွယ်မှုမရှိလျှင် အောင်မြင်မှုရနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် "ဘုရားသခင်၏စစ်ဝတ်တန်ဆာ" (ဧဖက် ၆း၁၁-၁၇) များကို ခရစ်ယာန်တို့ဝတ်ဆင်ခြင်းငှါ ဖော်ပြပြီးမှ တမန်တော်ပေါလုက "ကာလအစဉ်စိတ်နှလုံးပါလျက် ဆုတောင်းပဌနာပြုခြင်းအမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့" (ဧဖက် ၆း၁၈) ဟု တိုက်တွန်းထားပါသည်။ ကျွန်ုတော်တို့သည် "ယုံကြည်ခြင်းတရားဘက်မှကြိုးစားတိုက်လှန်ခြင်း" (ယုဒ ၃) ပြုလိုပါလျှင် ဘုရားသခင်နှင့်အစဉ် ဆက်သွယ်မှုရှိရပါမည်။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြိုးစားသင်ယူလေ့လာသည်နည်းတူ၊ ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်း၊ ဆုတောင်းခြင်းအမှုကို ကြိုးစားပြုပါလော့။ "ရဲရင့်သောစိတ်နှင့် ကျေးဇူးတော်ပလ္လင်တော်သို့ချဉ်းကပ်" (ဟေဗြဲ ၄း၁၆) ခြင်းကို ခရစ်ယာန်များလိုအပ်သောအမှုဖြစ်သော်လည်း၊ ဝမ်းနည်းစရာကောင်းစွာ အစဉ်လျစ်လျူရှုခဲ့ကြ၏။ မည်သို့ဆုတောင်းရမည်ကို မသိလျှင်လည်း မတောင်းဘဲနေ၍မရပါ - အကြောင်းမှာ "ငါတို့မတတ်နိုင်သောအရာမှာ . . . မစတော်မူ" မည့်ဝိညာဉ်တော်နှိမ့်သိမ့်သောသူကို ကျွန်ုပ်တို့အားပေး၍၊ "နှုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည်စောင့်မတော်မူ၏" (ရောမ ၈း၂၆)။ "သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏" (ယာကုပ် ၅း၁၆)။ သို့သော်လည်း၊ ဆုမတောင်းသောသူသည် တန်ခိုးမရှိပါ။

**ဆင်ခြင်ရန်** - ကျွန်တော် ဆုတောင်းသင့်သည်အတိုင်း ဆုတောင်းပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဆုတောင်းခြင်းငှါ သွန်သင်တော်မူပါ။

တနင်္ဂနွေ၊ ဧပြီ (၂၆)

**ယုဒ ၂၁**

၁ ယော ၃း၁-၃

*"... အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့"*

# လမ်းလွဲခြင်းကိုဆန့်ကျင်တိုက်လှန်ခြင်း(၃)

ဘုရားသခင်ပေးတော်မူသော ကျွန်ုပ်တို့အားမစတော်မူသောသူ နှစ်ပါးတို့မှာ "အသန့်ရှင်းဆုံးသောယုံကြည်ခြင်း" နှင့် "သန့်ရှင်းသောဝိညာဉ်တော်" (ယုဒ ၂၀)တို့ဖြစ်ပါသည်။ ဤကျေးဇူးတော်မစတော်မူခြင်းတို့အားဖြင့် ကျွန်တော်တို့သည်ကြိုးစားအားထုတ်၍၊ ဘုရားသခင်၏မေတ္တာတော်ထဲ၌ မိမိကိုယ်ကိုစောင့်ရှောက်ကြရပါမည် (ယုဒ ၂၁)။ "ကိုယ်ကိုကိုယ် စောင့်ရှောက်၍" ဟူ၍ ကျွန်ုပ်တို့၏ဝတ္တရားကို ဖော်ပြခဲ့ပါသည်။

"စောင့်ရှောက်" ဟူသောစကားလုံးသည် မပျက်စီးအောင်၊ တည်မြဲအောင်သတိဖြင့် ကွယ်ကာခြင်းကိုဆိုလို၏။ ကျွန်တော်တို့စောင့်ရှောက်ရမည့်အရာကား အဘယ်နည်း။ "ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ထဲ၌" မိမိကိုယ်ကို စောင့်ရှောက်ရမည်ဖြစ်ပါသည်။ ဤနေရာ၌ ကျွန်ုပ်တို့အပေါ် ထားရှိသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို စောင့်ရှောက်ရန်မဖြစ်နိုင်သောကြောင့် ဘုရားသခင်အပေါ် ထားရှိသော ကျွန်ုပ်တို့ချစ်ခြင်းကိုဆိုလိုခြင်းဖြစ်ပါသည်။ ထိုချစ်ခြင်းကို ကြိုးစားစောင့်ရှောက်ရပါမည်။ လမ်းလွဲခြင်းသည် ဘုရားသခင်ထံမှထွက်ခွာကျဆုံးခြင်းဖြစ်သောကြောင့်၊ လမ်းလွဲခြင်း၏ဆန့်ကျင်ဘက်အရာကား ဘုရားသခင်ထံချစ်ခြင်းဖြင့် တွယ်ကပ်တည်မြဲနေခြင်းဖြစ်၏။ ချစ်သောစာဖတ်သူ၊ ဤနောက်ဆုံးကာလတွင်၊ "မတရားသောအမှုတို့သည် များပြားသဖြင့် အများသောသူတို့၏ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်" (မသဲ ၂၄း၁၂)။ ထို့ကြောင့် သင်ထိုသို့မဖြစ်အောင်၊ "ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၌" ကိုယ်ကိုကိုယ်စောင့်ရှောက်ပြီး၊ ကိုယ်နှင့်စပ်ဆိုင်သောသူကိုလည်း ချစ်ပါလော့ (နှိုင်း မသဲ ၂၂း၃၆-၄၀)။

ထိုအမှုကို ကျွန်တော်တို့သည်ပြု၍၊ "ထာဝရအသက်အလိုငှါ၊ ငါတို့သခင်ယေရှုခရစ်၏ ဂရုဏာတော်ကိုမျှော်လင့်၍နေကြ" ရပါမည် (ယုဒ ၂၁)။ သခင်ဘုရားအချိန်မရွေးကြွလာတော်မူနိုင်ကြောင်းနှင့် ကျွန်ုပ်တို့ကိုအစဉ်ဆွဲဆောင်နေသော ဤလောကအရာများပျောက်ကွယ်မည့်အကြောင်း အစဉ်အမှတ်ရဆင်ခြင်ခြင်းသည် ကျွန်ုပ်တို့အတွက် အလွန်အမအစကောင်းဖြစ်ပါသည်။ ဤအမှုနှင့်စပ်လျဉ်း၍ တမန်တော်ယောဟန်က "ထိုသို့ မျှော်လင့်သောသူမည်သည်ကား ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏" (၁ ယော ၃း၃) ဟု ရေးသားထားပါသည်။

ထို့ကြောင့် ယုံကြည်ခြင်းတရားဘက်မှ ကြိုးစားတိုက်လှန်ခြင်းအမှု၌ ကျွန်တော်တို့ပြုရမည့်ဝတ္တရားတို့သည်ကား၊ သမ္မာကျမ်းစာကိုဆုတောင်းခြင်းဖြင့် ကြိုးစားသင်ယူလေ့လာခြင်း၊ ဘုရားသခင်နှင့်လူတို့ကို ပညတ်တရားနာခံခြင်းဖြင့် ချစ်ခြင်း၊ သခင်ဘုရားကြွလာတော်မူမည့်အချိန်ကို မျှော်လင့်စောင့်စားခြင်းတို့ဖြစ်ပါသည်။ ချစ်သောစာဖတ်သူ၊ သင့်အသက်တာသည် ထိုသို့သောအသက်တာဖြစ်ပါသလား။ ကျွန်ုပ်တို့၏ဝိညာဉ်စစ်ပွဲ၌ ကြားနေဟူ၍မရှိနိုင်ကြောင်း သတိပြုပါလော့။ "နွေးရုံ" ရှိခြင်းသည် ဘုရားသခင်နှင့်ကင်းကွာရန်သာဖြစ်၏(နှိုင်း၊ ဗျာ ၃း၁၆)။ သင်သည် ယုံကြည်ခြင်းတရားဘက်၌ ကြိုးစားတိုက်လှန်ခြင်းကိုမပြုပါက၊ လမ်းလွဲခြင်းပြုသောဖျက်ဆီးခြင်းအမှု၌ သင်ပါဝင်နေခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်မှလဲကျမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရပါသလား။

**ဆုတောင်းချက်** - "ထာဝရဘုရား၊ ကိုယ်တော့်အပေါ် ထားရှိသောအကျွန်ုပ်၏ချစ်ခြင်းဘယ်တော့မှ မကုန်ဆုံးစေပါနှင့်"။

တနင်္လာ၊ ဧပြီ (၂၇)

**ယုဒ ၂၂-၂၃**

၂ တိ ၂း၂၄-၂၆

*"ဘုရားသခင်၏ကျွန်သည် ရန်မတွေ့ရ. . . "*

# လမ်းလွဲခြင်းကိုဆန့်ကျင်တိုက်လှန်ခြင်း(၄)

ယုံကြည်ခြင်းတရားဘက်မှ ကြိုးစားတိုက်လှန်ခြင်းပြုခြင်း၌ သူတပါးအပေါ် ကျွန်တော်တို့ပြုရမည့်ဝတ္တရားသည် "ပိုင်းခြားခြင်း"(ယုဒ ၂၂) ဟူသောအမှုဖြင့် စတင်ပါသည်။ ဝေဖန်ပိုင်းခြားခြင်းကိုပြုရပါမည်။ သို့သော်လည်း အခြေအနေတိုင်း၌ တူညီသောစံနှုန်းဖြင့် တိုင်းတာပိုင်းခြား၍မရပါ။ အခြေအနေတိုင်းနှင့်သင့်တော်ကိုက်ညီစွာ ပိုင်းခြားဖို့လိုပါသည်။

အချို့ကို ကျွန်တော်တို့"သနားကြ" ရပါမည် (ယုဒ ၂၂)။ မှားယွင်းသောသွန်သင်ခြင်း၏ဖမ်းဆီးခြင်းခံရဆဲဆဲလူတို့ကို နူးညံ့သောစိတ်၊ သနားသောစိတ်ဖြင့် ကိုင်တွယ်ဖို့လိုပါသည်။ သူတို့ကိုကြိမ်းမောင်းဆဲဆူဖို့မလိုပါ။ သူတို့သည် လှည့်စားခြင်းခံရသောသူဖြစ်ကြ၏။ သူတို့သည် "နင်းနယ်လျက်ရှိသောကျူပင်" ဖြစ်၍ သခင်ယေရှုကသူတို့ကို မချိုးလျှင် (နိုင်း မဿဲ ၁၂း၂၀)၊ ကျွန်တော်တို့ချိုးရမည်လော။ အတိအလင်းငြင်းပယ်ခဲ့သောပေတရုပင်လျှင် ဂါလိလဲအိုင်နား၌ ပြန်လည်ပြုပြင်ခြင်းသနားကြင်နာခြင်းကို ခံရခဲ့၏။ သခင်ဘုရားက ပေတရု၏စိတ်နှလုံးကိုသိတော်မူ၏။ ပေတရုသည် လမ်းလွဲသောသူမဟုတ်၊ အမှားကျူးလွန်နိုင်သော၊ ရုန်းကန်နေရသောသန့်ရှင်းသူဖြစ်ပါသည်။ ထိုသို့သော သူတို့လိုအပ်သောအရာကား နူးညံ့သောလက်၊ စိတ်ရှည်ခြင်း၊ သမ္မာတရားအားဖြင့် ဆုံးမပြုပြင်ခြင်းတို့ဖြစ်ပါသည်။ ". . . သမ္မာတရားကိုဝန်ခံခြင်းအလို့ငှါ နောင်တကိုဘုရားသခင်ပေးကောင်းပေးတော်မူ၍ မာရ်နတ်၏အလိုအတိုင်း ဖမ်းမိသောထိုသူတို့သည် သတိရ၍ထိုဖမ်းမိရာမှလွတ်ခြင်းသို့ရောက်ကောင်းရောက်ကြလိမ့်မည်" (၂ တိ ၂း၂၅-၂၆)။

သို့သော်လည်း၊ အချို့မှုကား သနားခြင်းမဟုတ်ဘဲ၊ "ကြောက်ရွံ့ခြင်း" လိုအပ်ကြပါသည်။ သူတို့သည် အလွန်အန္တရာယ်ကြီးသောအခြေအနေ၌ရှိကြ၏။ မီးထဲ၌နေသကဲ့သို့ဖြစ်၍ ဆွဲထုတ်ဖို့လိုအပ်ကြ၏။ လောကအမှုနည်းတူ ဖြစ်ကြ၏။ စီရင်ခြင်းရောက်လာသောအခါ၌ပင် "ဖင့်နွှဲ"ခြင်းရှိကြသောကြောင့် သောဒုံမြို့မှလက်ဖြင့်ဆွဲထုတ်ခြင်းခံရခဲ့၏ (ကမ္ဘာ ၁၉း၁၅-၁၆)။ ထိုသို့သော လူတို့ကို ပြင်းထန်စွာဆုံးမဖို့လိုပါသည်။ ထိုသို့ဖြင့် သူတို့သည် "ယုံကြည်ခြင်းအမှု၌ စင်ကြယ်စေခြင်း" ခံရမည်ဖြစ်၏ (တိ ၁း၁၃)။ သူတို့အတွက် သနားခြင်းအချိန်လွန်သွားပြီဖြစ်၏။ ထို့ကြောင့် သူတို့ကယ်တင်ခြင်းခံရခြင်းငှါ သူတို့၏အခြေအနေကြောက်ရွံ့စရာကောင်းကြောင်း သိစေခြင်းဖြင့် ဆုံးမရပါမည်။ ထိုသို့ပြုစဉ် ကျွန်တော်တို့အပြစ်မပြုမိဖို့ သတိထားကြရပါမည်။ သူတို့ကို ဆွဲထုတ်ခြင်းငှါကြိုးစားသည်ဖြစ်သောကြောင့်၊ သူတို့ထံမီးထဲသို့မဆင်းမိဖို့ သတိပြုရပါမည်။

ချစ်သောစာဖတ်သူ၊ "ယုံကြည်ခြင်းတရားဘက်မှကြိုးစားတိုက်လှန်ခြင်း" (ယုဒ ၃)သည် နှုတ်အားဖြင့် ငြင်းခုံရုံမဟုတ်ကြောင်း၊ ဦးနှောက်အသိဉာဏ်သာသာမဟုတ်ကြောင်း၊ အမြင့်ဖလှယ်ရုံဆွေးနွေးခြင်းမဟုတ်ကြောင်း မြင်တွေ့ရပါသည်။ အသက်တာနှင့် ပတ်သတ်လျက်ရှိပါ၏။ ထိုတရားအတိုင်း ကျင့်ကြံနေထိုင်ခြင်းဖြစ်ပြီး၊ သူတပါးတို့ကို သနားကြင်နာခြင်းဖြင့်၎င်း၊ အချို့တို့ကို ပြင်းထန်သောဆုံးမခြင်း၊ ကြောက်ရွံ့ထိတ်လန့်စေခြင်းဖြင့် အားပေးတိုက်တွန်းခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သမ္မာတရားသည် အကျွန်ုပ်အသိဉာဏ်အတွက်သာမဟုတ်၊ အသက်တာတစ်ခုလုံးအတွက် ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ ယုံကြည်ခြင်းတရားဘက်မှ ကြိုးစားတိုက်လှန်ခြင်းအမှန်ပြုမည်အကြောင်း မစတော်မူပါ။

**ယုဒ ၂၄**
ယောဟန် ၁၀း၂၇-၃၀

*“ငါ့သိုးတို့သည် . . . ပျက်စီးခြင်းနှင့်အစဉ်မပြတ်
ကင်းလွတ်ကြလိမ့်မည်”*

## လမ်းလွဲခြင်းမှကျွန်ုပ်တို့ကို စောင့်ရှောက်တော်မူသောသူ(၁)

ယုဒသည် မိမိ၏ဩဝါဒစာကို အဖွင့်၌ဖော်ပြသောအကြောင်းဖြင့် နိဂုံးချုပ်ဖြစ်ပါသည်။ ယုဒသည် ဤဩဝါဒစာစောင်အစ၌ သုံးပါးတစ်ဆူဘုရားသခင်ပြုတော်မူသောအမှုအားဖြင့် ယုံကြည်သူတို့၏ အဖြစ်မှန်ကိုဖော်ပြခဲ့ပြီး၊ ယခု ဤစာစောင်ကိုထိုဘုရားသခင်အကြောင်းဖြင့် နိဂုံးချုပ်ပါ၏။ အပိုဒ်ငယ် ၂၄ နှင့် ၂၅ ထဲတွင် တွေ့ရသောမြတ်သည့်ကောင်းချီးမင်္ဂလာပေးခြင်းက ကျွန်ုပ်တို့၏ စိတ်အတွေးကို ရှုပ်ထွေးသောပြဿနာရှုပ်ထဲမှ ဖယ်ရှား၍ ထာဝရတည်တော်မူသော၊ အဆုံးစွန် အာဏာရှိတော်မူသော၊ အောင်မြင်ခြင်းနှင့် ဝမ်းမြောက်ခြင်းပိုင်ဆိုင်တော်မူသော ထာဝရဘုရားထံ ပို့ဆောင်ခဲ့ပါသည်။

ယုဒသည် ဤဩဝါဒစာကို “ယေရှုခရစ်တော်၌ ကွယ်ကာစောင့်ရှောက်ခြင်း” (ယုဒ ၁) ခံရသောသူတို့ထံ ရေးသားခဲ့သည်နည်းတူ၊ ယခုတဖန် “ထိမိ၍ လဲခြင်းနှင့်ကင်းလွတ်စေမည်အကြောင်း သင်တို့ကို စောင့်ရှောက်ခြင်းငှါ . . . တတ်နိုင်တော်မူသော” (ယုဒ ၂၄) သူသည် ဘုရားသခင်ဖြစ်တော်မူကြောင်း ဖော်ပြခဲ့၏။ ဤသည်ကား နှိမ့်ချသောစိတ်သဘောပင်ဖြစ်ပါသည်။ ကျွန်ုပ်တော်တို့သည် လမ်းလွဲသောသူတို့ကို ငြင်းပယ်၍၊ သူတို့၏ထောင်းလွှားခြင်းနှင့် မှားယွင်းသောသွန်သင်မှုကို ရှုံ့ရာသည်ဖြစ်သော်လည်း၊ ဘုရားသခင်၏ကျေးဇူးတော်သာမရှိလျှင် ကျွန်တော်တို့သည် သူတို့ထက် ကောင်းသောသူမဟုတ်ကြကြောင်း သတိပြုဖို့လိုပါသည်။ ကျွန်တော်တို့သည် လမ်းလွဲခြင်းမှကွယ်ကာ စောင့်ရှောက်ခြင်းခံရခြင်းသည် ကျွန်ုပ်တို့၏အသိဉာဏ်ကြောင့်မဟုတ်၊ ကျွန်ုပ်တို့၏ကြီးမြတ်မှုနှင့် ခိုင်ခံ့မှုကြောင့်မဟုတ်ပါ။ ထိုသို့လဲကျခြင်းမှ ကျွန်ုပ်တို့ကိုကွယ်ကာစောင့်ရှောက်တော်မူသော သူသည် ဘုရားသခင်သာလျှင် ဖြစ်တော်မူသောကြောင့်၊ ကျွန်ုပ်တော်တို့ဝါကြွားစရာလုံးဝမရှိပါ။ “ထို့ကြောင့် အကြွင်သူသည် မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်တတ်၏။ ထိုသူသည် မလဲခြင်းငှါ သတိပြုစေ” (၁ ကော ၁၀း၁၂) ဟူသော ဆုံးမစကားကို ကျွန်တော်တို့အစဉ်သတိပြုကြရပါမည်။

ထို့ပြင် ဤတရားသည် အလွန်လုံခြုံစိတ်ချမှုကို ပေးသောတရားဖြစ်ပါသည်။ ဤနောက်ဆုံး ကာလ၏လမ်းလွဲခြင်းအမှု၌၊ ကျွန်တော်တို့သည် “ယေရှုခရစ်တော်၌ ကွယ်ကာစောင့်ရှောက်ခြင်း” (ယုဒ ၁) ခံရသောသူဖြစ်ကြောင်း သိနားလည်ခြင်းနှင့်ယုံကြည်ခြင်းတရားဘက်မှ တိုက်လှန်ခြင်းကို ကြိုးစားပြုနေစဉ် လဲမကျအောင်စောင့်ရှောက်ခြင်းငှါ တတ်နိုင်တော်မူသောဘုရားသခင်ကို မျှော်ကြည့်ခြင်းသည် ကျွန်ုပ်တို့အတွက် အလွန်ကြီးမားသောခွန်အားဖြစ်ပါသည်။ သခင်ယေရှု၏ နှိမ့်သိမ့်အားပေးခြင်းစကားတော်ကိုလည်း ကြားနာကြပါစို့ - “ငါ့သိုးတို့ ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။ ထာဝရအသက်ကိုလည်းငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့်အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှမနှုတ်မယူရာ။ ထိုသိုးတို့ကို ငါ၌အပ်ပေးတော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်းသောသူတို့ထက် ကြီးမြတ်တော်မူသည်ဖြစ်၍ အဘယ်သူမျှထိုသိုးတို့ကို ငါ့ခမည်းတော်၏လက်မှ မနှုတ်မယူနိုင်ရာ” (ယောဟန် ၁၀း၂၇-၂၉)။

ချစ်သောစာဖတ်သူ၊ ဤလောကီတရား၏မှောင်မိုက်မှုသည် သင့်ကိုပင်ပန်းစေပါလျှင်၊ သင့်စိတ်ဝိညာဉ်အတွက် လုံခြုံစိတ်ချမှုစိုးရိမ်ခြင်းရှိခဲ့လျှင်၊ သတိပြုပါလော့။ ကျွန်တော်တို့သည် မှားနိုင်သောလူ၊ ချော်လဲနိုင်သောသူဖြစ်ကြပါသည်။ သို့သော်လည်း ကျွန်တော်တို့ခရစ်တော်ကို အမှန် ပိုင်ဆိုင်ခြင်းရှိပါလျှင်၊ အဆုံးတိုင်အောင် လဲကျမည်မဟုတ်၊ အကြောင်းမှာ ထိုလဲကျခြင်းမှကျွန်ုပ်တို့ကို စောင့်ရှောက်ခြင်းငှါ ဘုရားသခင်တတ်နိုင်တော်မူ၏။

**ဆင်ခြင်ရန်** - ယေရှုကို ကျွန်တော်အမှန်ယုံကြည်ခြင်းရှိလျှင်၊ ကိုယ်တော်၏လက်တော်၌ ကျွန်တော်လုံခြုံစိတ်ချမှုရှိပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်ကိုမလဲကျအောင် ကွယ်ကာစောင့်ရှောက်တော်မူနိုင်သောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါသည်။

ဗုဒ္ဓဟူး၊ ဧပြီ (၂၉)
**ယုဒ ၂၄**
၁ ကော ၆း၉-၁၁

*"ယခုတွင် . . . သင်တို့သည် . . . ဆေးကြော သန့်ရှင်း၍ ဖြောင့်မတ်ရာသို့ရောက်ကြပြီ"*

## လမ်းလွဲခြင်းမှ ကျွန်ုပ်တို့ကိုစောင့်ရှောက်တော်မူသောသူ(၂)

ထို့ပြင်၊ ယုဒသည် ဤဩဝါဒစာကို "ခမည်းတော်ဘုရားသန့်ရှင်းစေတော်မူ" သောသူတို့ထံ (ယုဒ ၁)ပေးပို့သည့်ဖြစ်သောကြောင့်၊ ထိုဘုရားသခင်သည် "အပြစ်မရှိဘဲ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံလျက်ရှိသောသင်တို့ကို ဘုန်းအသရေတော်ရှေ့၌ ဆက်သခြင်းငှါရင်း တတ်နိုင်တော်မူသောသူ" (ယုဒ ၂၄) ဖြစ်ကြောင်းဖော်ပြခဲ့ပါသည်။

ကျွန်တော်တို့သည် မှားယွင်းခြင်း၊ အားနည်းချက်၊ ဆိုးညစ်သောအပြစ်နှင့်ပြည့်နေခဲ့သော်လည်း၊ ဆေးကြောသန့်ရှင်းစေခြင်းခံရခဲ့ပြီဖြစ်ကြောင်း သိခြင်းကကျွန်ုပ်တို့ကို နှိမ့်ချခြင်းသဘောရှိစေခဲ့ပါသည်။ "ယခုတွင် သခင်ယေရှု၏နာမတော်အားဖြင့်၎င်း၊ ငါတို့ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်၎င်း ဆေးကြောသန့်ရှင်း၍ ဖြောင့်မတ်ရာသို့ရောက်ကြပြီ" (၁ ကော ၆း၁၁)။ ဘုရားသခင်ကသာလျှင် ကျွန်ုပ်တို့အား အပြစ်တင်ခြင်းအခွင့်နှင့်ကင်းလွတ်သောသူအဖြစ် ဆက်ကပ်နိုင်တော်မူ၏။ ကျွန်တော်တို့သည် သူတပါးအား ကယ်တင်ခြင်းငှါ သနားကြင်နာခြင်းဖြင့် ၎င်း၊ ထိတ်လန့်ကြောက်ရွံ့စေခြင်းဖြင့်၎င်း၊ ကြိုးစားအားထုတ်သော်လည်း၊ ဖြောင့်မတ်စေတော်မူခြင်း၊ သန့်ရှင်းစေတော်မူခြင်း၊ ခရစ်တော်၏အသွေးတော်ဖြင့် ဆေးကြောသန့်စင်စေခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာလျှင်ဖြစ်ကြောင်း ကျွန်တော်တို့သတိပြုဖို့လိုပါသည်။

တဖန် ကျွန်ုပ်တို့အတွက် ခွန်အားတစ်ခုဟူမူကား "အပြစ်မရှိဘဲ ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံလျက်ရှိသောသင်တို့ကို ဘုန်းအသရေတော်ရှေ့၌ ဆက်သခြင်းငှါ တတ်နိုင်တော်မူသောသူ" သည် ဘုရားသခင်ဖြစ်သောကြောင့်၊ ဘယ်အရာကမျှ ဆီးတား၍မရပါ။ သခင်ယေရှုခရစ်တော်ကို ယုံကြည်ပြီး၊ ယုံကြည်ခြင်းတရားဘက်၌သစ္စာရှိစွာ ကြိုးစားတိုက်လှန်ခြင်းပြုကြသောကြောင့်၊ နောက်ဆုံး၌ ကျွန်တော်တို့သည် "အပြစ်မရှိဘဲ" နေရကြပါလိမ့်မည်။ ကျွန်တော်တို့သည် မိမိကိုယ်ကို စုံလင်ခြင်းရှိသောကြောင့်မဟုတ်၊ ခရစ်တော်၏အသွေးတော်ဖြင့် ဆေးကြောခြင်းခံရပြီး၊ ခရစ်တော်၏ဖြောင့်မတ်ခြင်းလွှမ်းခြုံခံရကြသောကြောင့်ပေတည်း။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်ရှေ့တော်၌ ထိုသို့ရပ်တည်နိုင်ခြင်းသည် ပြည့်စုံသောဝမ်းမြောက်ခြင်းဖြစ်မည်မဟုတ်ပါလော။ ထိုသို့သောအဖြစ်ကို ကျွန်တော်တို့ခံရမည်မှာ သေချာသည်ဖြစ်သောကြောင့်၊ ယခုပင် ထိုဝမ်းမြောက်ခြင်းကို ခံစားဝမ်းမြောက်ခြင်းရှိသင့်သည်မဟုတ်လော။ မှန်ပါ၏။ နေရာတကာ၌ လမ်းလွဲခြင်းအမှု၊ ဝိညာဉ်စစ်ပွဲသည် ပင်ပန်းသောအမှုဖြစ်ကြောင်း တွေ့ရပါသည်။ မှန်ပါသည်၊ တခါတရံ "သူတော်ကောင်းမျိုးသည်ပြတ်၍ သစ္စာရှိသောလူမျိုးသည်လူသားတို့တွင် ကွယ်ပျောက်ပါ၏" (ဆာလံ ၁၂း၁) ဟုထင်ရပါသည်။ သို့သော်လည်း၊ ကျွန်ုပ်တို့၌ ဤဂတိတော်ရှိပါ၏-"ထာဝရဘုရားမိန့်တော်မူချက်တို့သည် သန့်ရှင်းခြင်းရှိ၍ မြေနှင့်ကင်းစင်စေခြင်းငှါ မိုက်၌ ခုနစ်ကြိမ်စစ်သော ငွေကဲ့သို့ဖြစ်ကြ၏" (ဆာလံ ၁၂း၆)။ မည်သို့ပင် နေ့ရက်ကာလ သည်ဆိုးယုတ်မှောင်မိုက်ပါစေ၊ ခရစ်ယာန်သည် "သခင်ဘုရား၌ အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိ" ခြင်းငှါ အကြောင်းရှိပါသည် (ဖိလိ ၄း၄)။

**ဆင်ခြင်ရန်** - ဘုရားသခင်ကိုအစဉ်မပြတ်ကြည့်ခြင်း၌ "အလွန်ဝမ်းမြောက်ခြင်း" အခွင့်ရှိပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၌ ဝမ်းမြောက်ခြင်းရှိမည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

ကြာသပတေး၊ ဧပြီ (၃၀)

**ယုဒ ၂၅**
ဧဖက် ၁း၃-၆

*"ငါတို့အား ပေးတော်မူသောကျေးဇူးတော်၏*
*ဘုန်းအသရေကိုချီးမွမ်းစေခြင်းငှါ. . ."*

# လမ်းလွဲခြင်းမှကျွန်ုပ်တို့ကို စောင့်ရှောက်တော်မူသောသူ(၃)

ဤမြတ်သောကောင်းချီးပေးခြင်းမှ နောက်ဆုံးမှတ်ချက်စကားဟူမူကား၊ ဘုရားသခင်သည် "ငါတို့ကို ကယ်တင်တော်မူသောအရှင်၊ တဆူတည်းပညာရှိသောဘုရားသခင်" (ယုဒ ၂၅)ဖြစ်တော်မူ၏။ ဘုရားသခင်သည် "ပညာရှိ" - အရာခပ်သိမ်းကိုသိကျွမ်းတော်မူသော၊ ကြံစည်သမျှတို့သည် စုံလင်ခြင်းရှိတော်မူသော ဘုရားဖြစ်တော်မူ၏ (ဘုရားသခင်ကဲ့သို့သော ပုဂ္ဂိုလ်ဘယ်သူမျှမရှိ၊ သူသာလျှင် တဆူတည်းသောပညာရှိဖြစ်တော်မူ၏)။ ဘုရားသခင်၏ကယ်တင်ခြင်းအစီအစဉ်သည် စုံလင်သောအစီအစဉ်ဖြစ်ပါသည်။ ကြိုတင်ခွဲခန့်မှတ်သားခြင်းနှင့် ရွေးကောက်တော်မူခြင်းပုညတ်တရားတို့သည် စုံလင်သောတရားဖြစ်ကြ၏။ ထိုနည်းတူ၊ ဘုရားသခင်၏ကယ်တင်ခြင်းနှင့်ဆိုင်သော ခေါ်ခြင်းသည် စုံလင်သောဉာဏ်ပညာနှင့် ယှဉ်သည်ဖြစ်၍၊ ဆန့်ကျင်၍မရပါ။ "ဘုရားသခင်၏ သားတော်သည် အများသောညီတို့တွင် သားဦးဖြစ်တော်မူမည်အကြောင်း ဘုရားသခင်သည် ရှေးမဆွကသိတော်မူသော သူတို့ကို သားတော်၏ပုံသဏ္ဌာန်နှင့်တညီတည်း ဖြစ်စေခြင်းငှါ ရှေးမဆွကခွဲခန့်မှတ်သားတော်မူ၏။ ထိုသို့ ခွဲခန့်မှတ်သားနှင့်သောသူတို့ကို ခေါ်တော်မူ၏။ ခေါ်တော်မူသောသူတို့ကိုလည်း ဖြောင့်မတ်ရာ၌ တည်စေတော်မူ၏။ ထိုသို့တည်စေတော်မူသောသူတို့ကိုလည်း ချီးမြှောက်တော်မူ၏" (ရောမ ၈း၂၉-၃၀)။

ထို့ကြောင့် ပတ်ဝန်းကျင်၌မြင်တွေ့နေရသောအရာတို့သည် "တဆူတည်းသောပညာရှိဘုရားသခင်" ၏ စုံလင်သော၊ ထာဝရတည်သောအကြံအစည်တော်၊ အစီအစဉ်၌ပါဝင်သောအရာများဖြစ်ကြပါသည်။ ဤလမ်းလွဲသောသူတို့သည် သူတို့၏ဆိုးသွမ်းမှုနှင့် ကျရှောက်စေသော ပျက်စီးခြင်းအပေါင်းနှင့်တကွ၊ "အပြစ်ပေးခြင်းငှါ ရှေးကစီရင်မှတ်သားနှင့်သောသူ" များဖြစ်ကြပါသည် (ယုဒ ၄)။ ဤနောက်ဆုံးသောကာလ၏ လမ်းလွဲခြင်းသည်လည်း "ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်၏တမန်တော်တို့က ဟောပြောနှင့်သော" (ယုဒ ၁၇) အရာဖြစ်ပါသည်။ သို့ဖြစ်၍ ဘုရားသခင်၏အစီအစဉ်ထဲ၌ "ခေါ်ခြင်း" ခံရသောသူဖြစ်ခြင်းငှါ၊ ကျွန်တော်တို့ခံစားရသောဘုရားသခင်၏ ကျေးဇူးတော်သည် စစ်၍မကုန်နိုင်ပါတကား။

ဘုရားသခင်၏အဆုံးစွန်ကျေးဇူးတော်နှင့် ဂရုဏာတော်ခံရခြင်းကြောင့်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်သခင်ဖြစ်တော်မူသောကြောင့်၊ ကျွန်တော်တို့သည် ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံလျက်၊ ကိုယ်တော်ကိုချီးမွမ်းကြရပါမည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေခြင်းငှါ အသက်ရှင်ကြ၏။ ယုံကြည်ခြင်းတရားဘက်၌ ကြိုးစားတိုက်လှန်ခြင်းပြုခြင်းအပါအဝင်၊ ကျွန်တော်တို့ပြုသမျှသောအရာသည် ကျွန်တော်တို့၏ဘုန်းအသရေအတွက်မဟုတ်၊ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားဖို့ရန်ဖြစ်ပါသည်။ "ဤကမ္ဘာမတည်မရှိမီ ငါတို့ကိုခရစ်တော်၌ ရွေးကောက်တော်မူသည်. . . ထိုဘုရားသခင်သည် ချစ်တော်မူသောသားတော်ကြောင့် ငါတို့အား ပေးတော်မူသောကျေးဇူးတော်၏ ဘုန်းအသရေကိုချီးမွမ်းစေခြင်းငှါ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကိုရမည်အကြောင်း အလိုတော်ရှိသော စေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏" (ဧဖက် ၁း၄-၆)

ချစ်သောစာဖတ်သူ၊ စစ်ပွဲပြင်းထန်သောအချိန်၌လည်း ဘုရားသခင်ထံမှ မိမိအကြည့်ကို မခွဲပါနှင့်။ ယုံကြည်ခြင်းတရားဘက်မှ ကျွန်တော်တို့ကြိုးစားတိုက်လှန်မှုပြုခြင်း၏ရည်ရွယ်ချက်သည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းအတွက် ဖြစ်ပါသည်။ ထာဝရအစိုးရတော်မူသော၊ ဘုရင်တကာတို့၏ ရှင်ဘုရင်၊ သခင်တကာတို့၏ အရှင်သခင်ဖြစ်တော်မူသော ထာဝရဘုရားထံမှ ယခုမှစ၍ ကမ္ဘာအဆက်ဆက် ဘုန်းတန်ခိုးအာနုဘော်နှင့်အစွမ်းသတ္တိအာဏာစက်ရှိတော်မူစေသတည်း။ အာမင်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေခြင်းကိုသာ အဓိကထားသောအသက်တာဖြင့် ကျွန်တော်အသက်ရှင်နေထိုင်ပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကျွန်တော်ပြုသမျှသောအမှု၌ ကိုယ်တော်၏ဘုန်းတော်ထင်ရှားမည်အကြောင်း မစတော်မူပါ။

သောကြာ၊ မေ (၁)

**မသဲ ၁၆း၁၃-၁၈**

၁ ပေ ၂း၉-၁၀

*"ဤကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည်ဆောက်မည်"*

## "အသင်းတော်"၏အဓိပ္ပာယ်

အင်္ဂလိပ်စကားလုံး "church"သည်၊ ဂျာမန် Kirche and စကော့ Kirk နည်းတူ၊ ဂရိစကားလုံး၊ နာမဝိသေသန Kyriakon (ဆိုလိုရင်းအဓိပ္ပာယ်သည် "ဘုရား၏အပိုင်" ဟူ၍ဖြစ်၏) မှ ဆင်းသက်လာခြင်းဖြစ်ပါသည်။ ထိုစကားလုံးဖြစ်သော "အသင်းတော်" (သို့) "ဘုရားကျောင်း" သည် ယေဘုယျအားဖြင့် ဘုရားသခင်၏လူများ၊ ထိုဘုရားသခင်၏လူအစုအဝေး၊ (သို့) ထိုဘုရားသခင်၏လူတို့ဝတ်ပြုရာဘုရားကျောင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည် (၁ ကော ၁၁း၂၀၊ ဗျာ ၁း၁၀)။

ဓမ္မသစ်ကျမ်းထဲတွင် "church" "အသင်းတော်"ဟု ဘာသာပြန်သော ဂရိစကားလုံးမှာ ekklesia ဖြစ်ပါသည်။ ဤနာမ်သည် "ခေါ်ထုတ်"ဟု အဓိပ္ပာယ်ရှိသော ကြိယာ ekkaleo နှင့် ဆက်နွယ်မှုရှိ၏။ ဤအသုံးအနှုန်းကိုလူ့အဖွဲ့အစည်းဖော်ပြခြင်းအတွက် အသုံးပြုသော်လည်း (တမန် ၁၉း၃၂၊ ၄၁)၊ အသင်းတော်အနေဖြင့်၊ ဤစကားလုံးသည် ဘုရားသခင်အတွက် သီးခြားဆက်ကပ်ထားသော၊ ခေါ်ထုတ်ခြင်းခံရသောလူစု၊ အဖွဲ့အစည်းဟု အဓိပ္ပာယ်ရှိပါသည်။

Westminster Confession of Faith ကဤသို့ဖော်ပြထားပါသည် - "တကမ္ဘာလုံးနှင့်ဆိုင်သော၊ မမြင်နိုင်သောအသင်းတော်၌ ရွေးကောက်ထားသောသူအပေါင်း ပါဝင်ပြီး သူတို့သည် ခေါင်းဖြစ်တော်မူသော ခရစ်တော်၏အောက်၌ စုရုံးကြလိမ့်မည်။ အသင်းတော်သည် ခရစ်တော်၏သတို့သမီး၊ ကိုယ်၊ စုံလင်မှုဖြစ်ပါသည်" ( XXV:1)။

တစ်ခါတစ်ရံသမ္မာကျမ်းစာထဲတွင် အသင်းတော်ဟူသောစကားလုံးအသုံးမပြုဘဲ ထိုအသင်းတော်ကို ရည်ညွှန်းဖော်ပြလေ့ရှိပါသည်။ ပေတရုက Asia Minor ဟု ယခုခေါ်သောဒေသရှိ ခရစ်ယာန်တို့ထံ ဤသို့ရေးသားခဲ့ပါသည် - "သင်တို့မူကား မှောင်မိုက်ထဲမှ အံ့ဖွယ်သောအလင်းတော်သို့ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကို ဖော်ပြစေခြင်းငှါ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏၊ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏။ အထက်က အပေါင်းအသင်းမဟုတ်၊ ယခုတွင် ဘုရားသခင်၏အပေါင်းအသင်းဖြစ်ကြ၏။ ကရုဏာကျေးဇူးတော်ကို အထက်ကမခံရသော်လည်း ယခုတွင် ခံရကြ၏" (၁ ပေ ၂း၉-၁၀)။

ကောလောသဲခရစ်ယာန်တို့ထံ ဩဝါဒစာပေးပို့သောအခါ၊ ပေါလုကသူတို့အား မမြင်နိုင်သောအသင်းတော်အပေါင်းနှင့်ယှဉ်၍ ဖော်ပြထားပါသည် (၁ ကော ၁း၂)။ ပေါလုက မမြင်နိုင်သောအသင်းတော်ကို ရည်ညွှန်း၍ ဤသို့ရေးသားခဲ့ပါသည် - "ငါပေါလုသည် ထိုတရားကိုဟောသောဆရာဖြစ်သည်နှင့် သင်တို့အဖို့အလိုငှါ ဆင်းရဲခံခြင်း၌ ယခုဝမ်းမြောက်၍ ခရစ်တော်၏ဆင်းရဲဒုက္ခအကြွင်းအကျန်ကို အသင်းတော်တည်းဟူသော ကိုယ်တော်အဖို့အလိုငှါ ငါ့ကိုယ်ခန္ဓာ၌ ပြည့်စုံစေ၏" (ကောလောသဲ ၁း၂၄)။

**ဆင်ခြင်ရန်** - အသင်းတော်သည် ဘုရားကျောင်းလော၊ လူစုလော။

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ကိုယ်တော်၏အသင်းတော်ကို ကျွန်တော်ချစ်ပါ၏။

စနေ၊ မေ (၂)

**၂ ကော ၁၁း၂-၃**

ဧဖက် ၅း၂၁-၃၂

*“. . . သင်တို့ကို လင်တစ်ဦးနှင့် ထိမ်းမြားဆောင်နှင်းပြီးသောကြောင့်. . . ”*

# ခရစ်တော်၏သတို့သမီး(၁)

ယုံကြည်သူတို့နှင့်ခရစ်တော်အကြား၌ လျှို့ဝှက်နက်နဲသောပေါင်းစည်းမှုရှိပါသည်။ ဤပေါင်းစည်းခြင်း၊ တစ်လုံးတဝတည်းဖြစ်ခြင်းသည် ဒုတိယမွေးဖွားခြင်းခံရသောအချိန်၌ စတင်ဖြစ်ပွားခဲ့ပါသည်။ ဤတလုံးတဝဖြစ်ခြင်းသည် မြင်နိုင်သောမိဿဟာယဖွဲ့ခြင်းထက် သာလွန်ခြင်းရှိ၏။ သန့်ရှင်းသောဝိညာဉ်၌ လျှို့ဝှက်နက်နဲသော ပေါင်းစည်းခြင်းဖြစ်ပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာထဲတွင် အသင်းတော်ကို (၁) ခရစ်တော်၏သတို့သမီး၊ (၂) ခရစ်တော်၏ကိုယ် ဟု ဖော်ပြခြင်းဖြစ်သည်။

သမ္မာကျမ်းစာထဲတွင် ဘုရားသခင်နှင့်မိမိလူတို့ဆက်နွယ်မှုကို ပုံဥပမာအားဖြင့် ထိမ်းမြားခြင်းနှင့် ခိုင်းနှိုင်းဖော်ပြခဲ့ပါသည်။ ဓမ္မဟောင်းထဲတွင် ဘုရားသခင်၏လူများဖြစ်သော ဣသရေလလူတို့ကို ခင်ပွန်းသည်နှင့်ခိုင်းနှိုင်းထားပြီး ရုပ်တုကိုးကွယ်ခြင်းကို ဖောက်ပြန်ခြင်း၊ သစ္စာမရှိခြင်းဟု ဖော်ပြလေ့ရှိပါသည်။ ဟောရှေအနာဂတ္တိကျမ်း ပထမအခန်းကြီးသုံးခန်းကို လေ့လာကြည့်ပါလော့။

ထိုနည်းတူ၊ ကောရိန္သုမြို့ရှိ အသင်းတော်ထံသို့ပေါလု ဤသို့ရေးသားခဲ့ပါသည် - “အကြောင်းမူကား ငါသည်သင်တို့ကို သီလနှင့်ပြည့်စုံသော သတို့သမီးကညာကဲ့သို့ ခရစ်တော်အားဆက်အပ်သော ငါ သင်တို့ကိုလင်တစ်ဦးနှင့် ထိမ်းမြားဆောင်နှင်းပြီးသောကြောင့် ဘုရားသခင်၏အလိုတော်အတိုင်း စိုးရိမ်သောစိတ်နှင့် သင်တို့ကိုစောင့်ရှောက်လျက်နေ၏။ မြွေသည် မိမိပရိယာယ်အားဖြင့် ဧဝကိုလှည့်စားသကဲ့သို့ သင်တို့သည် စိတ်ဆွေးမြေ့ယိုယွင်း၍ ခရစ်တော်ကိုအကြွင်းမဲ့ချစ်သောစိတ်ပျောက်မည်ဟု စိုးရိမ်စိတ်ရှိ၏ဂဂ
” (၂ ကော ၁၁း၂-၃)။

ခရစ်တော်နှင့် မိမိအသင်းတော်၏ထိမ်းမြားခြင်းဆက်နွယ်မှုကို ဧဖက် ၅း၂၁-၃၂ ထဲတွင် ရှင်းလင်းစွာဖော်ပြခဲ့ပါသည် (၁ ကော ၇၊ ၁၁း၁-၁၆၊ ၁၄း၃၄-၃၅၊ ၁ တိ ၂း၉-၁၅၊ ၃း၁၁-၁၂၊ တိတု ၁း၆၊ ၁ ပေ ၃း၇ တို့ကိုလည်းကြည့်ပါ)။

ဧဖက် ၅း၂၁ ထဲတွင် ခရစ်ယာန်တို့သည် ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောဖြင့် အချင်းချင်းနာခံမှုရှိကြရန် ဖော်ပြထားပါသည်။ ထို့နောက် အပိုဒ်ငယ် ၂၂ နှင့်၂၃ တွင်ထိမ်းမြားခြင်းဆက်နွယ်မှုအကြောင်းကို ဆက်လက်ဖော်ပြခဲ့ပါသည်။ ပေတရုကလည်း ထိုသို့သောသွန်သင်ချက်ကို ၁ ပေ ၃း၁ နှင့် ၂ ထဲတွင် ဖော်ပြထားပါသည်။

ပေါလုက ဤသို့ခိုင်းနှိုင်းဖော်ပြထားပါသည် - “အသင်းတော်သည် ခရစ်တော်၏အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့ မိန်းမတို့လည်း ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို အရာရာ၌ဝန်ခံရကြမည်။ အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့ သင်တို့လည်း ကိုယ်ခင်ပွန်းကိုချစ်ကြလော့” (ဧဖက် ၅း၂၄-၂၅)။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ခင်ပွန်းအပေါ်၌ အကျွန်ုပ်သစ္စာရှိပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ထံ သစ္စာရှိသောသူ၊ ကိုယ်တော်ကိုသာ ကိုးကွယ်သောသူဖြစ်လိုပါ၏။

တနင်္ဂနွေ၊ မေ (၃)
**ဖေက် ၅း၂၁-၃၂**
ကောလော ၃း၁၈-၁၉

*"ထိုနည်းတူ၊ ယောကျ်ားတို့သည် မိမိကိုယ်ကိုချစ်သကဲ့သို့ မိမိခင်ပွန်းတို့ကို ချစ်ရကြမည်"*

## ခရစ်တော်၏သတို့သမီး(၂)

အသင်းတော်နှင့်ခရစ်တော် ဆက်နွယ်မှုပုံဥပမာသည် ချစ်ခြင်းမေတ္တာအပြန်အလှန်ရှိခြင်း၌ သာဓကဖြစ်ပါသည်။ ထိုသို့သော ချစ်စရာကောင်းသောဇနီးမောင်နှံဆက်နွယ်မှုကို ပေါလုက ကောလောသဲ ၃း၁၈-၁၉ ထဲတွင် ဖော်ပြထားပါသည်။

လက်ထပ်ထိမ်းမြားခြင်း၌ ယောကျ်ားသည် မိန်းမကိုစ၍အချစ်တောင်းခံခြင်းပြုသည်မှာ သဘာဝဖြစ်ပြီး၊ ထိုနည်းတူ၊ ခရစ်တော်နှင့်အသင်းတော်၏ ချစ်ခြင်း၌လည်း ဖြစ်ပါသည် - "ဘုရားသခင်သည် ရှေးဦးစွာချစ်တော်မူသောကြောင့် ငါတို့သည်ဘုရားသခင်ကို ချစ်ကြ၏" (၁ ယော ၄း၁၉)။ ချစ်ခြင်း၌တုံ့ပြန်မှုမရှိဘဲ အေးတိအေးစက်ဖြစ်ခဲ့လျှင် ဝမ်းနည်းစရာ ကောင်းသကဲ့သို့ ခရစ်တော်သည်လည်း ကျွန်ုပ်တို့၏ချစ်ခြင်းတုံ့ပြန်မှုမရှိလျှင် ဝမ်းနည်းပါလိမ့်မည်။ အသင်းတော်သည် သန့်ရှင်းသောဝိညာဉ်တော်၏ နှိုးဆော်မှုအားဖြင့် ခရစ်တော်၏ချစ်ခြင်းမေတ္တာကို ချစ်ခြင်းဖြင့် ပြန်၍တုံ့ပြန်ရပါမည်။ အပြန်အလှန်ချစ်ခြင်းမေတ္တာ၊ အချင်းချင်း ချစ်ခြင်းမေတ္တာထား ရမည်ကို ဖော်ပြခြင်းဖြစ်ပါသည်။ ခရစ်တော်သည် ချစ်ခြင်းမေတ္တာနှင့် အုပ်စိုးသကဲ့သို့ အသင်းတော် ကလည်း ချစ်ခြင်းမေတ္တာဖြင့် နာခံခြင်းရှိရပါမည်။

ခရစ်တော်၏ချစ်ခြင်းမေတ္တာကို အသင်းတော်က ချစ်ခြင်းမေတ္တာစိတ်နှင့် ငါခံလျှက် တုံ့ပြန်ရမည့်ရည်ရွယ်ချက်ကို ဤသို့ဖော်ပြခဲ့ပါသည် "ထိုအသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့်လွတ်လပ်သဖြင့် အသရေတင့်တယ်လျက်ရှိသော အသင်းတော်ကိုခရစ်တော်သည် မိမိအားဆက်သအံ့သောငှါ နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း ထိုအသင်းအဖို့ အလို့ငှါ ကိုယ်ကိုကိုယ်စွန့်တော်မူ၏" (ဖေက် ၅း၂၆-၂၇)။

ခရစ်တော်နှင့်အသင်းတော်၏ လျှို့ဝှက်နက်နဲသော ပေါင်းစည်းခြင်းကို ဖြစ်စေသော ခရစ်တော်၏ ချစ်ခြင်းမေတ္တာကို ဤသို့ရှင်းလင်းစွာဖော်ပြခဲ့ပါသည် "ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့် ထိုသူတို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်" (ကမ္ဘာ ၂း၂၄၊ မသဲ ၁၉း၅)။ "ထိုနည်းတူ ယောကျ်ားတို့သည် မိမိကိုယ်ကိုချစ်သကဲ့သို့ မိမိခင်ပွန်းတို့ကိုချစ်ရကြမည်။ ခင်ပွန်းကိုချစ်သောသူသည် ကိုယ်ကိုချစ်သောသူဖြစ်၏။ ကိုယ်အသားကို မုန်းသောသူတစ်ယောက်မျှမရှိ၊ ခရစ်တော်သည် အသင်းတော်ကို ကျွေးမွေးပြုစုတော်မူသကဲ့သို့ ခပ်သိမ်းသောသူတို့သည် မိမိတို့အသားကို ကျွေးမွေးပြုစုတတ်ကြ၏။ အကယ်စင်စစ် ငါတို့သည် သခင်ဘုရား၏အသားတော်၊ အရိုးတော်တို့အဝင်ဖြစ်၍ ကိုယ်တော်မြတ်၏အင်္ဂါဖြစ်ကြ၏။ ထိုအကြောင်းကြောင့်ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့် ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။ ဤအကြောင်းအရာသည် အလွန်နက်နဲသောအရာ ဖြစ်ပေ၏။ ထိုသို့ငါဆိုသော ခရစ်တော်နှင့်အသင်းတော်ကို ရည်မှတ်၍ဆိုသတည်း။ သို့ရာတွင် သင်တို့သည် အသီးအသီးကိုယ်ကိုကိုယ် ချစ်သကဲ့သို့ကိုယ်ခင်ပွန်းကို ချစ်ကြလော့။ မိန်းမသည်လည်း ကိုယ်ခင်ပွန်းကို ရိုသေခြင်းရှိစေလော့" (ဖေက် ၅း၂၈-၃၃)။

**ဆင်ခြင်ရန်** - အကျွန်ုပ်ခင်ပွန်းအပေါ် ကျွန်တော်ချစ်ခြင်းမေတ္တာထားခဲ့ပါသလား။
**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ကိုယ်တော်ကိုပို၍ ပို၍ ချစ်လိုပါ၏။

တနင်္လာ၊ မေ (၄)
**ဖေက် ၅း၂၅-၃၃**
ဗျာ ၁၉း၆-၉

*“သိုးသငယ်၏မင်္ဂလာဆောင်ပွဲကို ခံချိန်ရှိပြီ”*

## သိုးသငယ်၏မင်္ဂလာဆောင်ပွဲ

မိမိအသင်းတော်အပေါ် ထားရှိသောခရစ်တော်၏ချစ်ခြင်းမေတ္တာကို ဧဖက် ၅း၂၅-၃၃ ၌ ဖော်ပြထားသည်ထက် ပို၍စိတ်လှုပ်ရှားစရာကောင်းသော စကားလုံးအသုံးအနှုန်းဖြင့် ဖော်ပြသော အခြားကျမ်းပိုဒ်မရှိပါ။ ဤကျမ်းပိုဒ်၌တွေ့ရသော “ချစ်ခြင်းမေတ္တာ”သည် မိတ်ဆွေသူငယ်ချင်းချစ်ခြင်းမဟုတ်၊ ဇနီးခင်ပွန်းချစ်ခြင်းမဟုတ်ဘဲ၊ အလွန်နက်ရှိုင်းကျယ်ပြန့်အားကြီးသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာ (agape) ဖြစ်ပါသည်( ရောမ ၅း၅)။ ဤသို့သော ချစ်ခြင်းမေတ္တာသည် အချင်းချင်းကြား၌သာမဟုတ်၊ ခရစ်တော်နှင့် လျှို့ဝှက်နက်နဲစွာ ဆက်နွယ်ပေါင်းစည်းထားသော ခရစ်တော်၏ကိုယ်ဖြစ်သောအသင်းတော်၌လည်း အသင်းတော်၌လည်းရှိကို ရှိရမည်ဖြစ်ပါသည်။

ခရစ်တော်နှင့် မိမိအသင်းတော်၏ထိမ်းမြားခြင်းဆက်နွယ်မှု၏ စုံလင်မှုအချိန်ကို ဤသို့ ဗျာဒိတ် ၁၉း၆-၉ ထဲတွင် ကြိုတင်ဟောထားပါသည် “တဖန်တုံ၊ ဟာလေလုယ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်၊ ငါတို့ဘုရားသခင်သည် စိုးစံတော်မူ၏။ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့၊ ဂုဏ်တော်ကိုချီးမွမ်းကြကုန်အံ့။ အကြောင်းမူကား သိုးသူငယ်၏မင်္ဂလာဆောင်ပွဲကို ခံချိန်ရှိပြီ။ သူ၏မိန်းမသည် ကိုယ်ကိုတန်ဆာဆင်ပြီဟု စည်းဝေးသောသူအများတို့၏အသံ၊ သမုဒ္ဒရာ၊ ပြင်းစွာသောမိုးကြိုးသံကဲ့သို့ ငါကြား၏။ ထိုမိန်းမသည် စင်ကြယ်ပြောင်လက်သောပိတ်ချောကို ဝတ်ဆင်ရသော အခွင့်ကိုရ၏။ ထိုပိတ်ချောမူကား သန့်ရှင်းသူတို့၏ဖြောင့်မတ်ခြင်းဖြစ်သတည်း။ ကောင်းကင်တမန်ကလည်း သိုးသူငယ်၏မင်္ဂလာဆောင်ပွဲသို့ ခေါ်ဖိတ်ခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏ဟု ရေးထားလော့ဟူ၍၎င်း၊ ဤစကားသည် ဘုရားသခင်၏နှုတ်တော်ထွက်စင်စစ်ဖြစ်၏ဟူ၍၎င်း၊ ငါ့အားပြောဆို၏”။ ဤသိုးသူငယ်၏ထိမ်းမြားမင်္ဂလာဆောင်ပွဲကို အသင်းတော်ချီဆောင်ပြီးနောက်၊ အာမေဂေဒုံစစ်ပွဲမတိုင်မီ ဆင်နွှဲမည်ဖြစ်ပါသည်။

ဤလောက၌ ခရစ်တော်နှစ်တထောင်အုပ်စိုးပြီးနောက် နောက်ဆုံးဂေါဂနှင့် မာဂေါဂ၏ဆန့်ကျင်ခြင်းပြီးနောက် ပလ္လင်ဖြူတရားစီရင်ခြင်းပြီးနောက် ယခုလက်ရှိကမ္ဘာမြေကြီးနှင့် စကြာဝဠာမီးဖြင့် ဖျက်ဆီးခြင်းခံပြီးမှ ကမ္ဘာသစ်နှင့်မြေကြီးသစ်ဖန်ဆင်းပြီးသောအခါ ယေရုရှလင်မြို့သစ်သည် “ဘုရားသခင်၏နန်းတော်နှင့်ပြည့်စုံလျက်” (ဗျာ ၂၁း၁၁)၊ ကောင်းကင်မှ မြေကြီးပေါ်သို့ ဆင်းသက်တော်မူလိမ့်မည်။ “ကောင်းကင်တမန် ခုနစ်ပါးသည် တစ်ပါးသည်လာပြီးလျှင် ငါ့ကိုနှုတ်ဆက်၍၊ လာခဲ့ပါ။ သိုးသူငယ်၏ခင်ပွန်းတည်းဟူသော မင်္ဂလာဆောင်သတို့သမီးကို ငါပြမည်ဟုဆိုလျှက်” (ဗျာ ၂၁း၉)။ ယောဟန်သည် သန့်ရှင်းသော၊ ကောင်းကင်မှမြို့တော်ဖြစ်သော ယေရုရှလင်မြို့သစ်ကို ပထမဆုံးမြင်တွေ့ခဲ့ပါသည် - “မြို့သစ်သည် မိမိခင်ပွန်းဘို့တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက် . . . ” (ဗျာ ၂၁း၂၊ ၁၀-၁၁)။

**ဆင်ခြင်ရန်** - အကောင်းဆုံးသောမင်္ဂလာဧည့်ခံပွဲသည် ရောက်ရှိလာပါလိမ့်မည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ သိုးသူငယ်၏မင်္ဂလာဆောင်ပွဲ၌ ပါဝင်နိုင်ခြင်းငှါ အကျွန်ုပ်ကို ကိုယ်တော်၏ဖြောင့်မတ်ခြင်းတည်းဟူသော၊ သန့်ရှင်းသောဖြူစင်သော ဝတ်စုံဖြင့် အကျွန်ုပ်ကိုလွှမ်းခြုံပေးတော်မူပါ။

အင်္ဂါ၊ မေ (၅)
**ဖေက် ၄း၁-၁၃**
ဧဖက် ၅း၂၁-၃၃

*"ခရစ်တော်၏ ကိုယ်တော်ကိုတည်ဆောက်၍. . . "*

# ခရစ်တော်၏ကိုယ်

ခရစ်တော်၏သတို့သမီးဖြစ်သော အသင်းတော်သည် ခရစ်တော်၏ကိုယ်လည်းဖြစ်ပါသည်။ သတို့သမီးနှင့်ကိုယ်ဥပမာသည် တခုတည်းဖြစ်ပါသည်။ ဧဖက် ၅း၂၁-၃၃ ထဲတွင် ပေါလုက ဤပုံဥပမာနှစ်ခုကို အကြိမ်ကြိမ်တွဲသုံးထားပါသည်။ အငယ် ၂၃ ထဲတွင် ပေါလုကခရစ်တော်အား အသင်းတော်၏ခင်ပွန်းအဖြစ် ဖော်ပြစဉ် "ကိုယ်ကိုကယ်တင်သောသူ" ဟု ဆိုခဲ့ပါသည်။ တဖန် အငယ် ၂၈ ထဲတွင် မိမိခင်ပွန်းကိုချစ်သောယောကျ်ားတို့သည် "မိမိကိုယ်ကိုချစ်" ကြကြောင်း ဖော်ပြခဲ့ပါသည်။ အငယ် ၃၀ ထဲတွင် ကျွန်တော်တို့သည် "ကိုယ်တော်မြွတ်၏အင်္ဂါဖြစ်ကြ၏" ဟုဆို၍ အငယ် ၃၁ သည် ကမ္ဘာ ၂း၂၄ ကို ကိုးကားဖော်ပြခြင်းဖြစ်ပါသည်။

သတို့သမီးနှင့်ခိုင်းနှိုင်းဖော်ပြချက်၏ အဓိကဝိညာဉ်သင်ခန်းစာမှာ အကျွန်ုပ်၏စိတ်နှလုံးသည် ဘုရားသခင်၏သန့်ရှင်းစေခြင်း၊ ချစ်ခြင်းမေတ္တာ၏လွှမ်းခြုံမှုကို ခံယူရန်ဖြစ်ပါသည်။ ကိုယ်အင်္ဂါပုံဥပမာ၏ အဓိကသင်ခန်းစာသည် ခရစ်တော်၏ကိုယ်အင်္ဂါဖြစ်သော ယုံကြည်သူတို့၏လျှို့ဝှက်နက်နဲသောစည်းလုံးမှု၊ တလုံးတဝဖြစ်ခြင်းဖြစ်ပါသည် (ရောမ ၁၂း၅၊ ဧဖက် ၄း၂၅)။

ခရစ်တော်၏ကိုယ်၌ ယုံကြည်သူတို့၏စည်းလုံးမှုကို ပေါလုက ဤသို့ ခိုင်မာစွာဖော်ပြထားပါသည် "ခြေဖဝါးတော်အောက်သို့အလုံးစုံတို့ကို ချထားသဖြင့်အသင်းတော်အဖို့အလိုငှါ သူ့ကို အလုံးစုံတို့၏အချုပ်အခြာဦးခေါင်းဖြစ်စေတော်မူ၏။ ထိုအသင်းတော်ကား အလုံးစုံတို့ကို အလုံးစုံတို့နှင့်ပြည့်စုံစေတော်မူသော သူ၏ပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ကိုယ်ဖြစ်သတည်း" (ဧဖက် ၁း၂၂-၂၃၊ နှိုင်း- ကောလောသဲ ၁း၁၈)၊ "အရာရာ၌ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့် ပြည့်စုံသဖြင့် မေတ္တာစိတ်နှင့်တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်းရှိကြ၍ အသင့်အတင့်ပေါင်းဖော်ခြင်းအဖွဲ့ အစည်းအားဖြင့် သင်တို့သည်အချင်းချင်း စိတ်သဘောမခြားမနား တလုံးတဝတည်းဖြစ်အံ့သောငှါ ကြိုးစားအားထုတ်ကြလော့။ သင်တို့ကို ခေါ်တော်မူခြင်းနှင့် စပ်ဆိုင်သောမျှော်လင့်ခြင်းတစ်ပါးထဲသို့ ခေါ်သွင်းတော်မူသည်နှင့်အညီ ကိုယ်တကိုယ် ဝိညာဉ်တဝိညာဉ်တည်းရှိ၏။ သခင်တပါး၊ ယုံကြည်ခြင်းတပါး၊ ဗတ္တိဇံတပါး၊ ခပ်သိမ်းသောငါတို့၏အဘဖြစ်သော ဘုရားသခင်တဆူတည်းရှိတော်မူ၏။ ထိုဘုရားသခင်သည် ခပ်သိမ်းသော ငါတို့၏အပေါ်မှာရှိတော်မူ၏။ ခပ်သိမ်းသောငါတို့ကို နှံ့ပြားတော်မူ၏။ ခပ်သိမ်းသောငါတို့၏အထဲ၌လည်း ရှိတော်မူ၏" (ဧဖက် ၄း၂-၆)။

မိမိကိုယ်အင်္ဂါအသီးသီးတို့ထံ ခရစ်တော်ပေးအပ်သော ဆုကျေးဇူးအမျိုးမျိုးတို့၏ ရည်ရွယ်ချက်မှုကား "ခရစ်တော်၏ကိုယ်တော်ကို တည်ဆောက်၍ဓမ္မဆရာ၏အမှုကို ပြုတတ်မည်အကြောင်း သန့်ရှင်းသူတို့ကိုပြင်ဆင်ခြင်းအလိုငှါ ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌ဝင်း၊ အချို့တို့ကို ပရောဖက်အရာ၌ဝင်း၊ အချို့တို့ကိုသာသနာပြုအရာ၌ဝင်း၊ အချို့တို့ကို သင်းအုပ်အရာ၊ ဆရာအရာ၌ဝင်း၊ ခန့်ထားတော်မူ၏။ ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့ဝင်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့ဝင်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း" (ဧဖက် ၄း၁၁-၁၃) ဟူ၍ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏ကိုယ်ဖြစ်သော အသင်းတော်သည် ယခုဤလောက၌ အပြစ်ကင်း၍ စုံလင်သောအသင်းတော်ဖြစ်နိုင်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အပြစ်ကင်းစင်၍ စုံလင်သောသူဖြစ်မည်အချိန်၊ ခရစ်တော်ကြွလာတော်မူမည့်အချိန်အထိ နေ့တိုင်း ခရစ်တော်၏သဏ္ဌာန်တော်နှင့်အညီ ကြီးထွားခြင်းရှိခြင်းငှါ မစတော်မူပါ။

## ခရစ်တော်ကိုယ်၏စည်းလုံးမှု

ခရစ်တော်၏ကိုယ်၌ စည်းလုံးခြင်းသည် ခရစ်ယာန်ငြိမ်သက်ခြင်းပေတည်း (ကောလောသဲ ၃း၁၅)။ ခရစ်တော်၏ငြိမ်သက်ခြင်းသည် စိတ်နှလုံးကိုချမ်းသာငြိမ်သက်စေ၍ ဘုရားသခင်၏အလိုတော်သို့ လုံးဝဆက်ကပ်ထားသော မွန်မြတ်သောစိတ်သဘောထားကို ဖြစ်စေပါသည်။

သို့သော်လည်း၊ ယုံကြည်သူသည် ဤဘဝ၌ဒုက္ခဆင်းရဲကြုံတွေ့မည်မဟုတ်ဟု မဆိုလိုပါ။ ဥပမာအားဖြင့် ပေါလုသည်လည်း တရောမြို့နှင့် (၂ ကော ၂း၁၂-၁၃) မာကေဒေါနိပြည်၌ (၂ ကော ၇း၅-၆)၊ အလွန်စိုးရိမ်ပူပန်ခြင်းရှိခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်သည် မိမိလူတို့ကို ကိုယ်တော်၏အလိုတော်နှင့်လိုက်လျောညီထွေစွာ နေထိုင်ကြသောအခါ မိမိငြိမ်သက်ခြင်းကို ပေးတော်မူ၏။

ခရစ်တော်၏ကိုယ်၌စည်းလုံးခြင်းက ကိုယ်အင်္ဂါအစိတ်အပိုင်းတို့အား သန့်ရှင်းခြင်းရှိခြင်းငှါ တိုက်တွန်းနှိုးဆော်လျက်ရှိ၏။ ကျွန်ုပ်တော်တို့သည် ခရစ်တော်၏လျှို့ဝှက်နက်နဲသောအသင်းဝင်အင်္ဂါဖြစ်ပါလျှင် ဤခန္ဓာကိုယ်ပင်လျှင် ခရစ်တော်ပိုင်တော်မူ၏။ ထို့ကြောင့် အကျွန်ုပ်တို့၏ ကိုယ်အင်္ဂါတို့ကို အပြစ်ပြုခြင်းအတွက် တန်ဆာပလာအဖြစ် အသုံးမပြုမိစေရန်ကျွန်တော်တို့ သတိထားကြရပါမည်။ ပေါလုက ဤသို့ဖော်ပြထားပါသည် “အစားအသောက်တို့သည် ဝမ်းအဖို့၊ ဝမ်းသည်လည်း အစားအသောက်တို့အဖို့ ဖြစ်သည်မှန်စေတော့။ သို့သော်လည်း ဘုရားသခင်သည် ထိုနှစ်ပါးကို ဖျက်ဆီးတော်မူလိမ့်မည်။ ကိုယ်ခန္ဓာသည် မတရားသောမေထုန်အဖို့ဖြစ်သည်မဟုတ်။ သခင်ဘုရားအဖို့ဖြစ်၏။ သခင်ဘုရားသည်လည်း ကိုယ်ခန္ဓာအဖို့ဖြစ်တော်မူ၏။ ဘုရားသခင်သည် တန်ခိုးတော်အားဖြင့် သခင်ဘုရားကို ထမြောက်စေတော်မူသည်ဖြစ်၍ ငါတို့ကိုလည်း ထမြောက်စေတော်မူလိမ့်မည်။ သင်တို့ကိုယ်ခန္ဓာသည် ခရစ်တော်၏အင်္ဂါဖြစ်ကြောင်းကို မသိကြသလော။ သို့ဖြစ်လျှင် ခရစ်တော်၏အင်္ဂါကိုယူ၍ ပြည့်တန်ဆာ၏ခန္ဓာဖြစ်စေအပ်သလော။ မဖြစ်စေအပ်။ အဘယ်သို့နည်း။ ပြည့်တန်ဆာ၌မှီဝဲသောသူသည် ထိုပြည့်တန်ဆာနှင့် တသားတကိုယ်တည်းဖြစ်ကြောင်းကို မသိကြသလော။ ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်ဟု ကျမ်းစာလာ၏။ သခင်ဘုရား၌မှီဝဲသောသူသည် ထိုသခင်နှင့်တစိတ်တဝိညာဉ်တည်းဖြစ်၏။ မတရားသောမေထုန်ကို ကြဉ်ရှောင်ကြလော့။ လူပြုတတ်သော အခြားဒုစရိုက်ရှိသမျှတို့သည် ကိုယ်ပြင်၌ရှိ၏။ မတရားသောမေထုန်ကိုပြုသောသူမူကား မိမိကိုယ်ကိုပင် ပြစ်မှား၏။ အဘယ်သို့နည်း၊ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသောသင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုငှင်း၊ မိမိတို့ကိုမိမိတို့ မပိုင်ကြောင်းကိုငှင်း မသိကြသလော။ သင်တို့သည် အဘိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့” (၁ ကော ၆း၁၃-၂၀)။

**ဆင်ခြင်ရန်** - ကယ်တင်ခြင်းသည် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၌သာတည်ကြောင်း ယုံကြည်သောပရိုတက်စတင့်အသင်းတော်သည် ကုသိုလ်ကောင်းမှုအားဖြင့် ကယ်တင်ခြင်းရသည်ဟုယုံကြည်ပြီး မာရိနှင့်သန့်ရှင်းသူတို့ကို ကိုးကွယ်သော ရောမန်ကပ်သလစ် အသင်းတော်နှင့် ပေါင်းစည်းနိုင်ပါမည်လော။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ခရစ်တော်ကိုအရှက်ရစေရန်မဟုတ်ဘဲ ခရစ်တော်၏ဘုန်းတော်ထင်ရှားစေခြင်းငှါ အကျွန်ုပ်၏ကိုယ်အင်္ဂါတို့ကို အသုံးပြုလိုပါ၏။

*"အများဖြစ်သောငါတို့သည် ခရစ်တော်၌
တစ်ကိုယ်တည်းဖြစ်၍ အသီးသီးအင်္ဂါချင်း ဖြစ်ကြ၏"*

## ခရစ်တော်၏ကိုယ်၌တည်သော အင်္ဂါချင်းတို့၏ဆက်နွယ်မှု

ပေါလုက ခရစ်တော်၏ကိုယ်အင်္ဂါဖြစ်သောကျွန်တော်တို့သည် "အသီးသီးအင်္ဂါချင်း" (ရောမ ၁၂း၅၊ ဧဖက် ၄း၂၅) ဟုနှစ်ကြိမ်ဆိုခဲ့ပါသည်။ ခရစ်တော်၏ကိုယ်အင်္ဂါတို့၏အချင်းချင်း ဆက်နွယ်မှုကို ရှင်းလင်းကျယ်ပြန့်စွာဖော်ပြထားသော ကျမ်းပိုဒ်မှာ ၁ ကော ၁၂း၁၂-၂၇ ဖြစ်ပါသည်။ အသင်းတော်သည် တညီတညွတ်တည်းအမှုတော်ဆောင်၍ ကြီးထွားခြင်းရှိမည်အကြောင်း၊ အသင်းသူ အသင်းသားတိုင်းသည် သခင်ဘုရား၌ကြီးထွားခြင်းငှါ အချင်းချင်းတဦးနှင့်တဦး လိုအပ်ကြကြောင်းကို သိမှတ်ကြရပါမည်။ ခရစ်တော်၏ကိုယ်အင်္ဂါ၌ သူတပါးထက်ပို၍ ကြီးမြတ်သော အရေးကြီးသောအင်္ဂါဟူ၍မရှိပါ။ ယုံကြည်သူတိုင်းသည် ထူးခြားသောဆုကျေးဇူးကို ခံရကြ၍၊ ခရစ်တော်၏ကိုယ်၌ ထူးခြားသောအမှုကို ပြုရကြ၏။ ပေါလုက ဤသို့ဖော်ပြထားပါသည် "ခြေက ငါသည် လက်မဟုတ်သောကြောင့် ကိုယ်နှင့်မစပ်ဆိုင်ဟုဆိုလျှင် ထိုသို့ဆိုသောကြောင့် မစပ်ဆိုင်သည်မှန်သလော။ နားကလည်းငါသည်မျက်စိမဟုတ်သောကြောင့် ကိုယ်နှင့်မစပ်ဆိုင်ဟုဆိုလျှင် ထိုသို့ဆိုသောကြောင့် မစပ်ဆိုင်သည်မှန်သလော။ တစ်ကိုယ်လုံးသည် မျက်စိဖြစ်လျှင် အဘယ်သို့ကြားနိုင်မည်နည်း။ တကိုယ်လုံးသည် နားဖြစ်လျှင် အဘယ်သို့နမ်းနိုင်မည်နည်း။ ယခုမူကား ဘုရားသခင်သည် အလိုတော်ရှိသည်အတိုင်း အင်္ဂါများအသီးအသီးတို့ကို ကိုယ်၌စီရင်ခန့်ထားတော်မူ၏။ ထိုမှတစ်ပါး အင်္ဂါအပေါင်းတို့သည် အင်္ဂါတစ်ခုတည်းဖြစ်လျှင် ကိုယ်သည် အဘယ်မှာရှိလိမ့်မည်နည်း။ ယခုတွင် အင်္ဂါအများရှိလျှက်နှင့် ကိုယ်တခုတည်းရှိ၏။ မျက်စိက သင့်ကိုငါအလိုမရှိဟု လက်ကိုမဆိုရ။ ထိုနည်းတူ ဦးခေါင်းက သင်တို့ကိုငါအလိုမရှိဟု ခြေတို့ကိုမဆိုရ။ ထိုမျှမက အားနည်းဟန်ရှိသော အင်္ဂါတို့သည် သာ၍အသုံးဝင်ကြ၏။ အသရေနည်းဟန်ရှိသောအင်္ဂါတို့အားလည်း သာ၍ကြီးသော အသရေကိုပေးတတ်၏။ တင့်တယ်ခြင်းမရှိသောအင်္ဂါတို့သည် သာ၍ကြီးသော တင့်တယ်ခြင်းကို ခံရကြ၏။ တင့်တယ်လျက်ရှိသောအင်္ဂါတို့သည် အခြားသောတင့်တယ်ခြင်းကို မလိုကြ။ ကိုယ်ခန္ဓာ၌အချင်းချင်းကွဲပြားခြင်းမရှိဘဲ အင်္ဂါများတို့သည် အချင်းချင်းသူတို့ကိုယ်နှင့်အမျှ သတိပြုစေခြင်းငှါ ဘုရားသခင်သည် ကိုယ်ခန္ဓာကိုမျှစေ၍ ယုတ်သောအင်္ဂါအား သာ၍များသောအသရေကိုပေးတော်မူ၏။ သို့ဖြစ်၍ အင်္ဂါတခုတည်း ဆင်းရဲခြင်းကိုခံရလျှင် အင်္ဂါအပေါင်းတို့သည် အတူခံရကြ၏။ အင်္ဂါတစ်ခုသည် ချီးမြှောက်ခြင်းကိုခံရလျှင် အင်္ဂါအပေါင်းတို့သည် အတူဝမ်းမြောက်ရကြ၏။ သင်တို့သည် ခရစ်တော်၏ကိုယ်ဖြစ်ကြ၏။ အသီးအသီးအင်္ဂါတော်ဖြစ်ကြ၏" (၁ ကော ၁၂း၁၅-၂၇)။

**ဆင်ခြင်ရန်** - လက်ခုပ်သည် နှစ်ဖက်တီးမှသာလျှင် အသံမြည်၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ခရစ်တော်၏ကိုယ်၌ စည်းလုံးစွာပါဝင်အမှုဆောင်ရွက်နိုင်သော အသင်းသားဖြစ်စေတော်မူပါ။

**၁ ကော ၁၂း၄-၁၁**

ဧဖက် ၄း၁၁-၁၂ *"ခရစ်တော်၏ကိုယ်တော်ကိုတည်ဆောက်၍. . . "*

## အသင်းတော်ကြီးထွားခြင်းအတွက် ဝိညာဉ်ဆုကျေးဇူးများ (၁)

ဝိညာဉ်ဆုကျေးဇူးများသည် ခရစ်တော်၏ကိုယ်အင်္ဂါအသီးသီးတို့အတွက်ဖြစ်ပါသည် (ရောမ ၁၂း၆)။ ယုံကြည်သူတိုင်းသည် ဘုရားသခင်ထံမှ အသီးသီးဆုကျေးဇူးခံရကြ၏ (၁ ကော ၁၂း၆-၈၊ ဧဖက် ၄း၇-၈)။

ဓမ္မသစ်တွင် ဝိညာဉ်ဆုကျေးဇူးကိုလေးကြိမ်ဖော်ပြထားပါသည်။ ထိုသို့မတူညီသော ဆုကျေးဇူးများပေးခြင်းအမှုကို ကြည့်ခြင်းဖြင့် ပိုင်ဆိုင်သောဆုကျေးဇူးမတူကြကြောင်း၊ အတိမ်အနက် မတူကြကြောင်းသိရပြီး မည်မျှဆုကျေးဇူးခံရသည်ကို မိမိတတ်စွမ်းသောပညာ၊ အလုပ်တို့နှင့် မဖြစ်မနေဆက်နွယ်သည်ဟု မဆိုနိုင်ပါ။

ရောမ ၁၂း၄-၈ ထဲတွင်ဖော်ပြသော ဆုကျေးဇူးမူကား (၁) ပရောဖက်ပြုခြင်း၊ (၂) ဓမ္မဆရာ (အမှုတော်အတွက် အထွေထွေအသုံးအနှုန်းဖြစ်၏)၊ (၃) ဩဝါဒပေးသောသူ၊ (၄) နှိုးဆော်သွေးဆောင်သောသူ၊ (၅) ပေးကမ်းခြင်း (၆) အုပ်ချုပ်သောသူ၊ (၇) မစသနားခြင်းတို့ဖြစ်ပါသည်။

၁ ကော ၁၂း၄-၁၁ ၌ဖော်ပြသည်ကား (၁) ပညာတရား၊ (၂) ထိုးထွင်းခြင်းတရား (၃) ယုံကြည်ခြင်း၊ (၄) အနာရောဂါငြိမ်းစေနိုင်သောအခွင့်၊ (၅) တန်ခိုး (အံ့ဖွယ်အမှုပြုခြင်းဖြစ်နိုင်ပါသည်)၊ (၆) ပရောဖက်ပြုခြင်း၊ (၇) စိတ်ဝိညာဉ်တို့ကိုပိုင်းခြား၍သိနိုင်သောအခွင့်၊ (၈) အမျိုးမျိုးသောဘာသာစကားပြောနိုင်သောအခွင့်၊ (၉) ဘာသာစကား၏အနက်ကို ဖော်ပြနိုင်သောအခွင့် တို့ဖြစ်ပါသည်။

၁ ကော ၁၂း၂၈-၃၁ ထဲတွင် ၂ ကြိမ်ဖော်ပြခဲ့ပါသည်။ ပထမအကြိမ်တွင် ဤဆုကျေးဇူးများကို ဖော်ပြပါသည်။ (၁) တမန်တော် (၂) ပရောဖက် (၃) ဆရာများ (၄) တန်ခိုးပြသောသူ (၅) အနာရောဂါငြိမ်းစေနိုင်သောသူ၊ (၆) သင်းထောက် (၇) စီရင်အုပ်စိုးသောသူ၊ (၈) အမျိုးမျိုးသောဘာသာစကားကိုပြောနိုင်သောသူဟူ၍ဖြစ်ပါသည်။ ဒုတိယအကြိမ်တွင် သင်းထောက် (သို့) စီရင်အုပ်စိုးသောသူမပါတော့ဘဲ ဘာသာစကား၏အနက်ကိုဖော်ပြနိုင်သောသူ ပါဝင်လာခဲ့၏။ "သင်းထောက်" သည် ကနဦးအသင်းတော်၌အမျိုးမျိုးသော အထွေထွေအမှုကိုပြုရသောသူဟု ထင်ရပါသည်။ စီရင်အုပ်စိုးသောသူများဆိုသည်မှာ ခေါင်းဆောင်တို့၌ သင်ပေးသောသင်းအုပ်ဆရာ (၁ တိ ၅း၇) နှင့် အုပ်စိုးသောသင်းအုပ်ဆရာရှိခြင်းကို ဖော်ပြခြင်းဖြစ်နိုင်ပါသည်။

ဧဖက် ၄း၁၁ ၌တွေ့ရသော ဆုကျေးဇူးစာရင်းမူကား (၁) တမန်တော်များ၊ (၂) ပရောဖက်များ (၃) ဧဝံဂေလိဆရာများ (၄) သင်းအုပ်ဆရာနှင့် ဆရာများ ဖြစ်ပါသည်။ ဤဆုကျေးဇူးတစ်ခုစီကို ထူးခြားသောဆုကျေးဇူး တာဝန်အဖြစ်သတ်မှတ်နိုင်ပါသည်။

**ဆင်ခြင်ရန်** - "ဝိညာဉ်တော်ဆုကျေးဇူးတို့သည် အလိုလိုရရှိသော၊ သဘာဝအလျောက် ရရှိသောဆုများမဟုတ်ပါ" (Calvin)။

**ဆုတောင်းချက်** - ထာဝရဘုရား သန့်ရှင်းသူတို့တည်ဆောက်ခြင်းအမှုနှင့် ကိုယ်တော်၏နာမတော်ထင်ရှားစေခြင်းအမှုအတွက် အသုံးပြုခြင်းငှါ အကျွန်ုပ်၏ဝိညာဉ်ဆုကျေးဇူးတော်ကို သိမြင်မည်အကြောင်း မစတော်မူပါ။

စနေ၊ မေ (၉)

**၁ ကော ၁၂း၂၈-၃၁**

၁ ကော ၃း၆-၉

*"ငါတို့သည်ဘုရားသခင်ထံ၌အလုပ်လုပ်သောသူချင်း ဖြစ်ကြ၏"*

## အသင်းတော်ကြီးထွားခြင်းအတွက်ဝိညာဉ်ဆုကျေးဇူးများ (၂)

ပရောဖက်ပြုခြင်းဟူသော ဝိညာဉ်ဆုကျေးဇူးကို လေးကြိမ်စလုံး၌တွေ့ရ၏။ တမန်တော်ကို နှစ်ကြိမ်တွေ့ရပါသည် (၁ ကော ၁၂း၂၈-၂၉၊ ဧဖက် ၄း၁၁)။ အမျိုးမျိုးသောဘာသာစကားပြောခြင်း၊ ဘာသာစကားအနက်ဖော်ပြနိုင်ခြင်းနှင့် အနာရောဂါငြိမ်းစေနိုင်ခြင်းတို့ကို ၁ ကော ၁၂ ၌ဖော်ပြသော နှစ်ကြိမ်စလုံး၌တွေ့ရ၏။ သင်ပြခြင်းကို ရောမ ၁၂ ၌တစ်ကြိမ်၊ ၁ ကော ၁၂ ထဲတွင် ဒုတိယ အကြိမ်တွေ့ရ၏။ ဧဖက် ၄း၁၁ ထဲတွင် "သင်းအုပ်ဆရာနှင့်ဆရာများ" ဟူသောဆုကျေးဇူးကို တွေ့ရပါသည်။ ဤထိန်းကျောင်းခြင်းနှင့်သင်ပြခြင်းအမှုသည် ဆုကျေးဇူးတစ်ခုအဖြစ် မှတ်ယူ၍ ရပါသည်။ သင်းအုပ်တိုင်းသည် သင်ပေးနိုင်သောသူဖြစ်ရပါမည်။

တမန်တော်သည် အထူးဆုကျေးဇူးဖြစ်၍ အသင်းတော်၌အချိန်တိုင်းမရှိပါ။ ဓမ္မသစ် အသင်းတော်တည်ဆောက်ခြင်းနှင့်ဓမ္မသစ်ကျမ်းရေးသားခြင်း၌ တမန်တော်၁၂ ပါးပါဝင်ခဲ့ကြပါ သည်။ ယနေ့တွင်အသင်းတော်သည် ကမ္ဘာတစ်ဝှမ်းတည်ရှိသည်ဖြစ်၍ သမ္မာကျမ်းစာသည် ပြည့်စုံ ပြီဖြစ်သောကြောင့် တမန်တော်လိုအပ်ခြင်းမရှိတော့ပါ။ "ဓမ္မဆရာ" (ရောမ ၁၂း၇) သည် သင်း ထောက်အမှုဖြစ်မည်ဟု ယူဆရပါသည်။ "စီရင်အုပ်စိုးသောသူများ" (၁ ကော ၁၂း၂၈) သည် စီရင် အုပ်စိုးသောသင်းအုပ်များ (ruling elders) ကိုရည်ညွှန်းခြင်းဖြစ်နိုင်ပါသည်။

ဝိညာဉ်ဆုကျေးဇူးသည် အများအပြားရှိနိုင်ပါသည်။ စာရင်းအတိအကျစုံလင်စွာ ကျွန်တော်တို့မဖော်ပြနိုင်ပါ။ ဝိညာဉ်တော်ကမိမိလိုအပ်သည်ဟု တွေးသောအရာများကို ဖော်ပြ၏ (ယောဟန် ၃း၈)။ အံ့ဖွယ်နိမိတ်လက္ခဏာနှင့်ဆိုင်သော ဆုကျေးဇူးဖြစ်သော တမန်တော်၊ အံ့ဖွယ် တန်ခိုးပြခြင်း၊ အမျိုးမျိုးသောဘာသာစကားပြောခြင်း၊ အနာရောဂါငြိမ်းစေခြင်းစသည်တို့သည် နေရာ တိုင်း၊ ခေတ်တိုင်း၌ အသင်းတော်တွင် တွေ့ရမည်ဟူ၍မရှိပါ။ အသင်းတော်၏အသင်းသားတိုင်း သည် ဝိညာဉ်ဆုကျေးဇူးအချို့ပိုင်ဆိုင်ကြောင်း သေချာသည်မှာ သန့်ရှင်းသောဝိညာဉ်တော် ကိန်းဝပ် ခြင်းခံရခြင်းဖြစ်ပါသည် (ရောမ ၁၂း၆၊ ၁ ကော ၇း၇၊ ၁၂း၇၊ ဧဖက် ၄း၇) ကိုကြည့်ပါ။ ရွေးနှုတ် ခြင်းခံရသောယုံကြည်သူတိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်တံဆိပ်ခတ်ခြင်းကို ခံရကြ၏ (ဧဖက် ၁း၁၃၊ ၄း၃၀၊ ၂ ကော ၁း၂၂)။ ဤသည်ကားခရစ်တော်ကိုယ်၌ အသင်းဝင်စစ်မှန်ကြောင်း သက်သေ တစ်ခုဖြစ်ပါသည်။ ဝိညာဉ်ဆုကျေးဇူးများကို တစ်ကိုယ်တည်းအသုံးပြုဖို့ရန်မဟုတ်ပါ။ ပေါလုက မိမိနှင့်အာပေါလု၏အကြောင်း၌ "ငါတို့သည် ဘုရားသခင်ထံ၌ အလုပ်လုပ်သောသူချင်းဖြစ်ကြ၏" (၁ ကော ၃း၉) ဟုဆိုပါသည်။ ဆုကျေးဇူးများသည် "ခရစ်တော်၏ကိုယ်တော်ကိုတည်ဆောက်၍ ဓမ္မဆရာ၏အမှုကိုပြုတတ်မည်အကြောင်း သန့်ရှင်းသူတို့ကိုပြင်ဆင်ခြင်းအလို့ငှါ" (ဧဖက် ၄း၁၁-၁၂) ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ဝိညာဉ်ဆုကျေးဇူးများသည် ဝိညာဉ်တော်က မိမိ၏အလိုတော်အတိုင်း ပေး သနားတော်မူသော ဆုကျေးဇူးဖြစ်ပါသည်" (Calvin)။

**ဆုတောင်းချက်** - ထာဝရဘုရား ကိုယ်တော်၏အသင်းတော်၌ အသုံးဝင်သောသူဖြစ်စေသော ကြောင့်ကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ မေ (၁၀)
**ယောဟန် ၆း၅၁-၆၉**
ယောဟန် ၁၄း၁၅-၁၇

*"ငါ့ကိုယုံကြည်သောသူသည်*
*ထာဝရအသက်ကို ရ၏"*

# အသင်းတော်၏မြတ်သောမင်္ဂလာ(၁)

Westmister Shorter Catechism (WSC) ထဲတွင် မြတ်သောမင်္ဂလာနှစ်ပါးဖြစ်သော ဗတ္တိဇံနှင့်ပွဲတော်ကို "ကျေးဇူးတော်အသုံးတော်ခံများ" ဟူသောခေါင်းစဉ်အောက်တွင် ဤသို့ဖော်ပြထားပါသည်။ WSC မေးခွန်း-၈၈ "ရွေးနှုတ်တော်မူခြင်းကျေးဇူးများကို ကျွန်ုပ်တို့ထံ ခရစ်တော်ပြသခြင်း၌ အသုံးပြုသော မြင်နိုင်သောပုံမှန်သက်သေများက အဘယ်နည်း။ ကယ်တင်ရွေးနှုတ်တော်မူခြင်းကျေးဇူးများပြသခြင်း၌ ခရစ်တော်အသုံးပြုတော်မူသော မြင်နိုင်သောပုံမှန်သက်သေများကား ကိုယ်တော်၏ ဥပဒေသများ အထူးသဖြင့် နှုတ်ကပတ်တော်၊ မြတ်သောမင်္ဂလာများနှင့် ဆုတောင်းခြင်းဖြစ်ပါသည်။ ဤအရာအားလုံးသည် ရွေးကောက်ခြင်းခံရသောသူအတွက် ကယ်တင်ခြင်းအဖို့အကျိုးရှိကြ၏"။

အပြင်ပန်းအားဖြင့် တာဝန်အရဗတ္တိဇံခံခြင်းနှင့် ပွဲတော်မင်္ဂလာသုံးဆောင်ခြင်း၌ အဘယ်ဝိညာဉ်အကျိုးမျှမရှိပါ။ ဤဗတ္တိဇံမင်္ဂလာနှင့် ပွဲတော်မင်္ဂလာ၌ အလိုလိုအံ့ဖွယ်တန်ခိုးပါဝင်ခြင်းမရှိပါ။

ဤမြတ်သောမင်္ဂလာတို့သည် ဘုရားသခင်၏ကျေးဇူးတော်ခံရခြင်းငှါ တာဝန်အရ အပြင်ပန်းအားဖြင့်ပြုသော မင်္ဂလာမဟုတ်ကြပါ။ အကြောင်းမှာ နှုတ်ကပတ်တော်နှင့်ဆုတောင်းခြင်းပင်လျှင် မင်္ဂလာဖြစ်ကြသော်လည်း၊ "မြင်နိုင်သောပုံမှန်သက်သေ" ဟု ဖော်ပြထားပါသည်။ WSC မေးခွန်း - ၈၉ နှင့် ၉၀ "ကယ်တင်ခြင်းအဖို့ နှုတ်ကပတ်တော်သည် မည်သို့အကျိုးရှိသော အရာဖြစ်ပါသနည်း။ နှုတ်ကပတ်တော်ဖတ်ကြားခြင်း၊ အထူးသဖြင့်ဟောပြောခြင်းကို အပြစ်သား နောင်တရစေခြင်းနှင့် ပြောင်းလဲစေခြင်းအတွက်သော်၎င်း၊ သန့်ရှင်းခြင်းနှင့်နှစ်သိမ့်ခြင်း၌ တည်ဆောက်ခြင်းငှါ ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းသို့ရောက်ရန်၎င်း ဘုရားသခင်၏ဝိညာဉ်တော်က အကျိုးရှိစေတော်မူ၏။ နှုတ်ကပတ်တော်ကို ကယ်တင်ခြင်းအတွက် အကျိုးရှိလာစေရန် မည်သို့ဖတ်၍ကြားနာရပါမည်နည်း။ နှုတ်ကပတ်တော်သည် ကယ်တင်ခြင်းအတွက် အကျိုးရှိလာစေခြင်းငှါ ကြိုးစားပြင်ဆင်ခြင်းနှင့် ဆုတောင်းခြင်းအားဖြင့် နာခံဖတ်ရှု၍ယုံကြည်ခြင်းနှင့် ချစ်ခြင်းအားဖြင့် လက်ခံလျက် စိတ်နှလုံးထဲ၌ အသက်တာ၌ကျင့်သုံးရပါမည်"။

ကျမ်းစာအုပ်ကိုင်ခြင်းသည် ကယ်တင်ခြင်း၏သက်သေမဟုတ်ပါ။ ကယ်တင်ခြင်းသည် ကျမ်းစာပိုင်ဆိုင်ခြင်းမဟုတ်၊ ဘုရားသခင်မှုတ်သွင်းတော်မူသော ထိုနှုတ်ကပတ်တရားတော်ကို သန့်ရှင်းသောဝိညာဉ်တော်၏ မစတော်မူခြင်းဖြင့် နားလည်သဘောပေါက်၍ လိုက်နာကျင့်သုံးခြင်းဖြစ်ပါသည်။ မြတ်သောမင်္ဂလာများနှင့် ပတ်သတ်၍ WSC မေးခွန်း ၉၁ က ဤသို့ဖော်ပြထားပါသည်။ "မြတ်သောမင်္ဂလာတို့သည် ကယ်တင်ခြင်းအဖို့ အကျိုးရှိသောအသုံးတော်ခံဖြစ်လာခြင်းမှာ ထိုမင်္ဂလာတို့၌ အလိုလိုတန်ခိုးရှိ၍မဟုတ်၊ ဤမင်္ဂလာအမှုဆောင်ရွက်သောသူ၌ တန်ခိုးရှိသောကြောင့်လည်း မဟုတ်ပါ။ ယုံကြည်ခြင်းဖြင့် လက်ခံသုံးဆောင်သောသူတို့၌ ခရစ်တော်၏ကောင်းချီးမင်္ဂလာသက်ရောက်ခြင်းနှင့် ဝိညာဉ်တော်၏အမှုပြုခြင်းကြောင့်သာလျှင်ဖြစ်ပါသည်"။

**ဆင်ခြင်ရန်** - မြတ်သောမင်္ဂလာတို့သည် အတွင်း၌ခံစားရသော ကျေးဇူးတော်၏အပြင်ပန်းမြင်နိုင်သောသက်သေလက္ခဏာပင်ဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အမြင်အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ မေ (၁၁)

**၁ ကော ၁၁း၂၃-၂၆**

တိတု ၃း၅ *“ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့”*

## အသင်းတော်၏မြတ်သောမင်္ဂလာ(၂)

ပွဲတော်မင်္ဂလာသည် “ကျေးဇူးတော်အသုံးတော်ခံများဖြစ်ကြောင်းကို အထူးသဖြင့် အချက်နှစ်ချက်အားဖြင့် တွေ့ရပါသည်။ ယေရှုက “ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့” (၁ ကော ၁၁း၂၄-၂၅)ဟု မုန့်နှင့်ခွက်ကို ရည်ညွှန်း၍မိန့်တော်မူ၏။ ပေါလုက ထပ်၍ “အကြောင်းမူကား သင်တို့သည် ထိုမုန့်ကိုစား၍ထိုခွက်ကိုသောက်သောအခါခါ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင် ပြုကြ၏” (အငယ် ၂၆) ဟုဆိုခဲ့ပါသည်။ ပွဲတော်မင်္ဂလာသည် ခရစ်တော်ကားတိုင်ပေါ်၌ အသေခံ ခြင်းကို သုံးဆောင်သောသူများ သတိရအောက်မေ့စေခြင်းဖြင့် အပြင်လူများအား ပြသခြင်းဖြစ်သော ကြောင့် “ကျေးဇူးတော်သက်သေ” ဖြစ်ပါသည်။ ခရစ်တော်ကြွလာတော်မူသည်အထိ ဤကမ္ဘာ၌ ဤမင်္ဂလာကို သုံးဆောင်ကြရပါမည်။

ဤမြတ်သောမင်္ဂလာတို့သည် ကယ်တင်ခြင်းအတွက် ပြုသည်မဟုတ်၊ သို့သော်လည်း ဤသို့ အကျိုးရှိပါသည်။ (၁) သမ္မာကျမ်းစာ၏သွန်သင်ချက်ကိုသိရှိရန် အမြင်အားဖြင့် အကူအညီပေး၏ (၂) ယေရှုခရစ်တော်၌ယုံကြည်ခြင်းရှိခြင်းအဓိပ္ပာယ်ကို လောကီလူတို့ထံပြသခြင်းဖြစ်ပါသည်။

“ကျေးဇူးတော်၏အသုံးတော်ခံ” ဟူသောအမည်နာမကြောင့် ဤမင်္ဂလာတို့က ကယ်တင်ခြင်းအလိုကို ပေးနိုင်သည်ဟုမဆိုလိုပါ။ ဗတ္တိဇံခံခြင်းနှင့်ပွဲတော်သုံးဆောင်ခြင်းစသည့် အမှုပြုခြင်းဖြင့် ကယ်တင်ခြင်းခံရသည်ဟူသော ရောမန်ကာသိုလစ်၏မှားယွင်းသော သွန်သင်ခြင်းကိုကျွန်တော်တို့ လုံးဝလက်မခံပါ။

သို့ဆိုလျှင်၊ မြတ်သောမင်္ဂလာဆိုသည်မှာ အဘယ်နည်း။ ခရစ်ယာန်၏မြတ်သောမင်္ဂလာဟူမူကား “ခရစ်တော်ချမှတ်တော်မူသောသန့်ရှင်းသောပညတ်(သို့) မင်္ဂလာဖြစ်၍၊ ထိုမြင်နိုင်သောအမှုသက်သေအားဖြင့် ခရစ်တော်နှင့်ပဋိညာဉ်သစ်ဆုကျေးဇူးတို့သည် ထင်ရှား၍၊ ယုံကြည်သူအတွက် အကျိုးရှိပါသည်” (WSC မေးခွန်း - ၉၂)။ ဤအနက်ဖွင့်ဆိုချက်ကို ပရိုတင့်စတက်အသင်းတော်အပေါင်းက တမန်အားဖြင့် လက်ခံကြပါသည်။ အမှန်မှာ၊ ဤဖွင့်ဆိုချက်ကို ရောမန်ကာသိုလစ်တို့ပင်လျှင် မလက်ခံနိုင်စရာအကြောင်းမရှိပါ။

ဤအနက်ဖွင့်ဆိုချက်၏အဓိကဆိုလိုရင်းများမှာ (၁) မြတ်သောမင်္ဂလာတို့သည် ခရစ်တော်ချမှတ်သော လိုက်လျှောက်ရမည့်ပညတ်ချက်၊ (၂) ထိုမြတ်သောမင်္ဂလာတို့သည် တနည်းနည်းဖြင့် အကျိုးရှိသောမင်္ဂလာဖြစ်သည်ဟူ၍ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မြတ်သောမင်္ဂလာတို့သည် “ကျွန်ုပ်တို့ထံဘုရားသခင်ပေးတော်မူသော ကျေးဇူးတော်၏ကြွယ်ဝမှုကို ပြသသောကြေးပုံ” ဖြစ်ပါသည်။ (Calvin)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏သန့်ရှင်းသောဤမြတ်သောမင်္ဂလာအားဖြင့် ကိုယ်တော့်နှုတ်ကပတ်တော်၏ ဝိညာဉ်သမ္မာတရားတို့ကို သင်ပေးတော်မူပါ။

အင်္ဂါ၊ မေ (၁၂)

**ရောမ ၄း၁-၁၁**

ကမ္ဘာ ၁၇း၁-၁၁ *“အရေဖျားလှီးခြင်း၏လက္ခဏာကို ခံရသတည်း”*

## တံဆိပ်လက္ခဏာဖြစ်သောမြတ်သောမင်္ဂလာ(၁)

မြတ်သောမင်္ဂလာတို့သည် ကျေးဇူးတော်ပဋိညာဉ်၏တံဆိပ်လက္ခဏာဖြစ်ကြပါသည်။ “တံဆိပ်လက္ခဏာ” ဟူသည်မှာ ရည်ညွှန်းဖော်ပြလိုသောအရာ ပဋိညာဉ်(သို့) ဂတိတော်သေချာမှန်ကန်မှုကိုသက်သေပြသော မြင်နိုင်သောအမှတ်အသားဖြစ်ပါသည် (ကမ္ဘာ ၃၈း၁၈၊ ၂၅၊ ထွက် ၂၈း၁၁၊ နှိုင်း - ၃ ရာ ၂၁း၈၊ နေဟမိ ၉း၃၈၊ ဧဖက် ၈း၈၊ ယောဘ ၃၈း၁၄၊ ယေရ ၂၂း၂၄၊ ၃၂း၁၀၊ ၄၄၊ ဒံ ၆း၁၇ တို့ကိုကြည့်ပါ)။ ယနေ့ခေတ်သစ်လူနေမှု၌လည်း တရားဝင်ခေတ်သစ်တံဆိပ်တို့ကို သဘောတူညီမှုနှင့်သက်သေခံချက်စစ်မှန်ကြောင်း ပစ္စည်းမှန်ကန်ကြောင်း သက်သေအဖြစ်အသုံးပြုကြပါသည်။

ဓမ္မသစ်ကျမ်းထဲတွင် “တံဆိပ်” ဟူသော စကားလုံးကိုသက်သေခံချက်မှန်ကန်မှု ပုံဥပမာအဖြစ်အသုံးပြုခဲ့ပါသည် (ယောဟန် ၃း၃၃)။ ခရစ်တော်က မိမိကိုယ်ကို ခမည်းတော်ဘုရား၏တံဆိပ်ခတ်ခြင်းခံရသောသူဟု မိမိ၏စကားတော်စစ်မှန်မှုသက်သေအဖြစ် မိန့်တော်မူခဲ့၏ (ယောဟန် ၆း၂၇)။ ခရစ်တော်သင်္ဂြိုလ်ခြင်းခံရသော သင်္ချိုင်းတံခါးဝရှိ ကျောက်ကိုရောမရုံးတော်တံဆိပ်ဖြင့်တံဆိပ်ခတ်ခဲ့ကြ၏ (မဿ ၂၇း၆၆)။ “အဘယ်သူသည် ထာဝရဘုရား၏လူဖြစ်သည်ကို . . . ထာဝရဘုရားပြတော်မူမည်” (တော ၁၆း၅) ဟူသောအချက်သည် တံဆိပ်ခတ်လျက်ရှိသော ဘုရားသခင်၏တိုက်မြစ်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်( ၂ တိ ၂း၁၉)။ ကောရိန္သုခရစ်ယာန်တို့သည် ပေါလု၏တမန်တော်ဖြစ်ခြင်း “တံဆိပ်” သက်သေဖြစ်ကြ၏ ( ၁ကော ၉း၂)။ တပါးအမျိုးသားအသင်းတော်မှ ကောက်ခံခဲ့ရသော သာသနာအတွက် အလှူတော်ငွေသည်သူတို့၏ ယုံကြည်ခြင်းစစ်မှန်မှု တံဆိပ်သက်သေဖြစ်ပါသည် (ရောမ ၁၅း၂၈)။ ယုံကြည်သူအသက်တာ၌ ထင်ရှားသောသန့်ရှင်းသောဝိညာဉ်တော်အတူပါရှိတော်မူခြင်းသည် ဒုတိယမွေးဖွားခြင်း၏သက်သေ “တံဆိပ်” ပင်ဖြစ်ပါသည် (ဧဖက် ၁း၁၃၊ ၄း၃၀၊ ၂ ကော ၁း၂၂)။

မြတ်သောမင်္ဂလာတို့ကို “ခရစ်တော်နှင့်ပဋိညာဉ်သစ်၏ဆုကျေးဇူး” တံဆိပ်ကဲ့သို့ အမြဲဖော်ပြခြင်းသည် အရေဖျားလှီးခြင်းမခံမီ ယုံကြည်ခြင်းဖြင့် အာဗြဟံခံရသော ဖြောင့်မတ်ခြင်း၏တံဆိပ်ကိုရည်ညွှန်းလျက် ပေါလုက အရေဖျားလှီးခြင်းတံဆိပ်ဟု ဖော်ပြခြင်း၌ အခြေခံပါသည် (ရောမ ၄း၁၁)။ ပေါလုက ဗတ္တိဇံကို “ခရစ်ယာန်အရေဖျားလှီးခြင်း” ဟု ရည်ညွှန်းခဲ့ပါသည် (ကောလော ၂း၁၁-၁၂)။ ပွဲတော်မင်္ဂလာသည်လည်း “သခင်ဘုရား၏သေခြင်း” (၁ ကော ၁၁း၂၆) ကိုပြသသော၊ သက်သေခံချက်ထင်ရှားစေသောအမှုဖြစ်ပါသည်။ ထို့ကြောင့် ဤမြတ်သောမင်္ဂလာတို့သည် ဒုတိယမွေးခြင်း၌ ကျွန်တော်တို့ခံရသောခရစ်တော်နှင့် ဆက်နွယ်မှုမိဿဟာယဖွဲ့ခြင်းကိုထင်ရှားစေသော တံဆိပ်လက္ခဏာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - တံဆိပ်လက္ခဏာက မကယ်တင်ပါ။ ကယ်တင်ရှင်ကိုညွှန်ပြခြင်းပြု၏။

**ဆုတောင်းချက်** - (သင့်အပြစ်မှကယ်တင်တော်မူသော ဘုရားသခင်ကိုချီးမွမ်းပါလော့)။

ဗုဒ္ဓဟူး၊ မေ (၁၃)
**ကောလော ၂း၆-၁၂**
ဇဖက် ၁း၃-၁၄

*“သင်တို့သည် . . . ကတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကိုခံရကြပြီ”*

## တံဆိပ်လက္ခဏာဖြစ်သောမြတ်သောမင်္ဂလာ(၂)

တံဆိပ်က မိမိကိုယ်စားပြုသောစာချုပ်၊ ကတိနှင့်အကြောင်းအရာကို အလိုလိုမှန်ကန်သည်ဟု အမြဲတမ်းသက်သေပြ၍ မသက်ရောက်စေနိုင်ကြောင်း သတိပြုရပါသည်။ ရှေ့နေများက စာရွက်စာတမ်း၌ပါသောတံဆိပ်သည် သာမန်အားဖြင့် ကြည့်လျှင်မှန်ကန်သည်ဟု ပြကြောင်း “ယူဆရသောသက်သေ” ဖြစ်သည်ဟု ရှင်းပြတတ်ကြ၏။ ဥပမာအားဖြင့်ဆိုရလျှင် Far Eastern Bible College ၏ ဘွဲ့လက်မှတ်တွင် ရွှေရောင်တံဆိပ်ပါပါသည်။ ဘွဲ့လက်မှတ်မချီးမြှင့်မီ ဘယ်အချိန်၌မဆို တံဆိပ်ခတ်၍ရပါသည်။ ကျောင်းသူ၊ ကျောင်းသားသည် မိမိသင်ကြားမှုကိုပြီးမြောက်လိမ့်မည် (သို့) ပြီးမြောက်ခဲ့ပြီးဟု တာဝန်ရှိသူတို့က ထင်မှတ်ယုံကြည်၍၎င်း၊ သိရှိ၍၎င်း ထိုတံဆိပ်ကို ဘွဲ့လက်မှတ်၌ကြိုတင်ရိုက်နှိပ်၍ရပါသည်။ သို့သော်လည်း ထိုတံဆိပ်၏ ကျုံးဝင်သက်ရောက်မှုသည် ထိုသူအမှန်ဘွဲ့ရသောအခါ၌သာဖြစ်ပါသည်။

ဤဘွဲ့လက်မှတ်တံဆိပ်က မြတ်သောမင်္ဂလာသည်ခရစ်တော်၌ကျွန်ုပ်တို့၏ရပ်တည်မှုအခြေအနေကိုပြသော တံဆိပ်ဖြစ်ကြောင်းပုံဖော်ထားပါသည်။ ယုံကြည်၍ဖြောင့်မတ်ရာသို့ ရောက်သောတချိန်တည်းမှာဘဲ ထင်ရှားစွာ၊ မြင်သာစွာဤမင်္ဂလာတို့ကို မပြုကြပါ။ ကလေးငယ် ရေဗတ္တိဇံပေးခြင်းအမှု၌ ဤတံဆိပ်ကို ထိုကလေးငယ်ကယုံကြည်၍ဒုတိယမွေးခြင်းကို ခံရလိမ့်မည်ဟူသောမျှော်လင့်ယုံကြည်ခြင်းဖြင့် ပေးခြင်းဖြစ်ပါသည်။ လူကြီးဖြစ်ပြီးမှ ခရစ်ယာန်ယုံကြည်ခြင်းကို လက်ခံသောသူနှင့် မိမိကိုယ်ကိုစစ်ကြောပြီးမှ (၁ ကော ၁၁း၂၈) ပွဲတော်မင်္ဂလာကို သုံးဆောင်သူတို့သည်လည်း ထိုတံဆိပ်ကို သူတို့ဒုတိယမွေးခြင်းခံရသည်ဟု ယူဆယုံကြည်ပြီးမှသာ ပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် တံဆိပ်သည် သက်သေလက္ခဏာသာဖြစ်၍ လူကိုမကယ်တင်နိုင်ပါ။ သို့သော်လည်း ခရစ်တော်၏ပညတ်တရား၌နာခံခြင်းဖြင့် ဤအတွင်း၌ခံစားရသောကျေးဇူးတော်၏ အပြင်ပန်းမြင်ရသော လက္ခဏာတံဆိပ်ဖြစ်သော ဗတ္တိဇံမင်္ဂလာကို ကလေးသူငယ်အား မျှော်လင့်ခြင်းဖြင့်၎င်း၊ လူကြီးသည်လည်း အမှန်ခံစားရသည်ဟု ယူဆယုံကြည်ခြင်းဖြင့် ပေးအပ်ခံစေခြင်းဖြစ်ပါသည်။

ထို့ကြောင့် မြတ်သောမင်္ဂလာသည် တံဆိပ်လက္ခဏာဖြစ်ပြီး “ခရစ်တော်နှင့် ပဋိညာဉ်သစ်၏အကျိုးကျေးဇူးကို ကိုယ်စားပြုသောယုံကြည်သူတို့ခံစားရသောတံဆိပ်” ဖြစ်သောကြောင့် ဤမင်္ဂလာဖြစ်သော ဗတ္တိဇံနှင့်ပွဲတော်သုံးဆောင်သူတိုင်း ကယ်တင်ခြင်းအမှန်ရသည် မရသည်ကို ကျွန်တော်တို့ငြင်းခုံစရာမလိုပါ။

**ဆင်ခြင်ရန်** - “နူတ်ကပတ်တော်က အသက်ပေးတော်မမူလျှင် တံဆိပ်လက္ခဏာတို့သည် အသေပင်ဖြစ်ပါသည်” (Calvin)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ယေရှုခရစ်တော်၌တည်သော စိတ်နှလုံးပြောင်းလဲခြင်းအမှန်ကို အကျွန်ုပ်အသက်တာ၌ထင်ရှားပေါ်လွင်ပါစေသော်။

ကြာသပတေး၊ မေ (၁၄)
**မဿဲ ၂၆း၂၆-၂၈**
မာကု ၁၄း၂၂-၂၄

*“ယေရှုသည် မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍. . . ”*

## ပွဲတော်မင်္ဂလာ၏အဓိပ္ပာယ်(၁)

ပွဲတော်မင်္ဂလာကို သခင့်ညစာစားပွဲ (The Lord's Supper) ဟုခေါ်ကြ၏။ အကြောင်းမှာ သခင်ယေရှုကိုယ်တိုင်က အသေမခံမီသတ်မှတ်ပြဋ္ဌာန်းသောကြောင့်ဖြစ်ပါသည်။ ဗတ္တိဇံမင်္ဂလာနည်းတူ ပွဲတော်မင်္ဂလာသည် အတွင်းခံစားရသောကျေးဇူးတော်၏ အပြင်သက်ရောက်လက္ခဏာဖြစ်ပါသည်။ ကျွန်ုပ်တို့ခံစားရသော မမြင်နိုင်သောကယ်တင်ခြင်းအစစ်အမှန်ကို အပြင်၌ပေါ်လွင်ထင်ရှားစေခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ရေဗတ္တိဇံခံရစဉ် ကျွန်တော်တို့သည် စိတ်နှလုံးထဲ၌ဖြစ်ခဲ့သော အပြစ်ဆေးကြောသန့်ရှင်းခြင်း၊ ခရစ်တော်၌တည်သောအသက်တာသစ် စသည်တို့ကို လူသိရှင်ကြားထုတ်ဖော်ပြသကြေငြာခဲ့ကြ၏။

ပွဲတော်မင်္ဂလာသည် ပုံဆောင်ခြင်းအမှုဖြစ်ပါသည်။ ဥပမာအားဖြင့်လက်ထက်ထားသော ဇနီးမောင်နှံဝတ်ထားသော မင်္ဂလာဆောင်ပွဲ၌ ကတိသစ္စာဆိုစဉ် အပြန်အလှန်ပေးကြသော သက်သေလက္ခဏာဖြစ်ပါသည်။ မေ့တတ်သောလူတို့အဖို့ မိမိပြုထားသောကတိသစ္စာကို သတိရခြင်းငှါ ထိုလက်စွပ်သည်အလွန်အသုံးဝင်လှပါသည်။

ဗတ္တိဇံမင်္ဂလာနှင့် ပွဲတော်မင်္ဂလာက လူကိုမကယ်တင်ကြောင်း မှတ်သားရပါသည်။ သူတို့သည် အတွင်းမှန်ကန်မှုကိုပြသောအပြင်လက္ခဏာသာလျှင်ဖြစ်ပါသည်။ မင်္ဂလာလက်စွပ်ကဲ့သို့ဖြစ်ပါသည်။ လက်စွပ်က လူကိုလက်ထပ်စေသည်မဟုတ်ပါ။ သစ္စာကတိပြုခြင်းကသာ လူကို ထိမ်းမြားလက်ထပ်စေ၏။

Westminster Shorter Catechism က ဤသို့ဖွဲ့ဆိုထားပါသည် - “ပွဲတော်သည် မြတ်သောမင်္ဂလာဖြစ်၍ ခရစ်တော်ပညတ်ထားသည့်အတိုင်း မုန့်နှင့်စပျစ်ရည်သုံးဆောင်ဖြင့် ခရစ်တော်သေခြင်းကိုပြသ၏။ ဇာတိပကတိအလိုအားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းဖြင့် ထိုက်တန်စွာသုံးဆောင်သောသူတို့သည် ကိုယ်တော်၏ကိုယ်နှင့်အသွေးကိုသုံးဆောင်သည်ဟု မှတ်ယူခြင်းခံရပြီး၊ ကျေးဇူးတော်၌ဝိညာဉ်ကြီးထွားခြင်းအတွက် အကျိုးကျေးဇူးခံစားရကြ၏”။

ပွဲတော်မင်္ဂလာပြဋ္ဌာန်းချက်ကို ခရစ်ဝင်ကျမ်းသုံးကျမ်းဖြစ်သော မဿဲ ၂၆း၂၆-၂၈၊ မာကု ၁၄း၂၂-၂၄ နှင့် လုကာ ၂၂း၁၉-၂၀ တို့တွင်ဖော်ပြထားပါသည်။ ကျွန်တော်တို့သည် ပွဲတော်မင်္ဂလာကိုသုံးဆောင်သောအခါ သခင်ယေရှု၏ကိုယ်စားအသေခံခြင်းကို အောက်မေ့သတိရပြီး ယုံကြည်ခြင်းဖြင့် သုံးဆောင်သောအခါ ခရစ်ယာန်အသက်တာဖြင့် ကျင့်ကြံနေထိုင်ခြင်းငှါ ဝိညာဉ်ကောင်းကြီးမင်္ဂလာနှင့် မစတော်မူခြင်းကျေးဇူးကို ခံရကြပါသည်။

**ဆင်ခြင်ရန်** - “မြတ်သောမင်္ဂလာ၏အဓိကရည်ရွယ်ချက်သည် ကယ်တင်ခြင်းအတွက် တစ်ပါးတည်းသောလိုအပ်မှု ခရစ်တော်ကိုမျှော်ကြည့်စေခြင်းသာဖြစ်ပါသည်” (Calvin)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏မြတ်သောမင်္ဂလာတို့ကို သုံးဆောင်ခြင်းဖြင့် အကျွန်ုပ်အားကိုယ်တော်ထံ ပို၍နီးစေတော်မူပါ။

သောကြာ၊ မေ (၁၅)
**ယောဟန် ၆း၅၁-၅၈**
ဟေဗြဲ ၇း၂၇

*"လောကီသားတို့၏အသက်အဖို့အလို့ငှါ စွန့်သောငါ၏အသားပေတည်း"*

## ပွဲတော်မင်္ဂလာ၏အဓိပ္ပာယ်(၂)

ပွဲတော်မင်္ဂလာနှင့်ပတ်သတ်၍ ယုံကြည်ခြင်းလေးမျိုးရှိပါသည်။ ၎င်းတို့မှာ - (၁)အမှန်တကယ်ပြောင်းလဲခြင်း၊ (၂) တချို့တဝင်ပြောင်းလဲခြင်း၊ (၃)ပုံဆောင်ခြင်း၊ (၄) ဝိညာဉ်အားဖြင့် အတူပါရှိတော်မူခြင်း တို့ဖြစ်ပါသည်။

အမှန်တကယ်ပြောင်းလဲခြင်း သည် ရောမန်ကာသိုလစ်ယုံကြည်ချက်ဖြစ်ပါသည်။ ဤယုံကြည်ချက်က မုန့်နှင့်စပျစ်ရည်သည် ခရစ်တော်၏ကိုယ်နှင့်အသွေးအဖြစ်သို့ အမှန်တကယ်ပြောင်းလဲသည်ဟု ဆိုပါသည်။ ယဇ်ပုရောဟိတ်က ခရစ်တော်၏စကားဖြစ်သော၊ "ဤသည်ကား ငါ၏ကိုယ်" "ဤသည်ကား ငါ၏အသွေး" ဟုမြွက်ဆိုသောအချိန်တွင်၊ မုန့်နှင့်စပျစ်ရည်သည် ခရစ်တော်၏ကိုယ်နှင့်အသွေးအဖြစ်သို့အမှန်တကယ်အံ့ဩဖွယ်ရာ ပြောင်းလဲသွားခဲ့၏။ ထို့ကြောင့် သုံးဆောင်သောသူသည် အသားကိုစား၍၊ အသွေးကိုအမှန်သောက်ကြ၏။ တခါတရံမုန့်ကို ဖန်အိမ်ထဲ၌ ထည့်လျက်ဘုရားကဲ့သို့ ကိုးကွယ်တတ်ကြ၏။ မုန့်သည် ဘုရားဖြစ်လာခဲ့ပါသည်။ ဤသည်ကား ရုပ်တုကိုးကွယ်ခြင်းပေတည်း။ ပွဲတော်ကို သုံးဆောင်တိုင်း၊ ခရစ်တော်သည်ကားတိုင်၌ တဖန်အသေသတ်ခြင်းကို ခံရ၏ ဟု ဆိုကြပါသည်။ ဤအချက်က ခရစ်တော်သည်တကြိမ်တည်းဖြင့် ထာဝရအတွက် မိမိကိုယ်ကို ပူဇော်ခဲ့၏ဟူသော ဟေဗြဲ ၇း၂၇ ကိုဆန့်ကျင်လျက်ရှိ၏။ ခရစ်တော်အသေခံခြင်းသည် အဖန်တလဲလဲဖြစ်ပျက်သော အမှုမဟုတ်ပါ။

ယောဟန် ၆း၅၃ ထဲတွင်၊ ယေရှုကတပည့်တော်တို့အား မိမိအသားစားခြင်းငါ၎င်း၊ အသွေးသောက်ခြင်းငါ၎င်း မိန့်ဆိုခဲ့ပါသည်။ ထိုသို့မိန့်တော်မူရာတွင်၊ မိမိ၏အသားနှင့်မိမိ၏အသွေးကို အမှန်တကယ်စားသောက်ခြင်းငှါ ဆိုလိုသည်မဟုတ်ပါ။ အရှေ့အနောက်အကြောင်းအရာကို ကြည့်ခြင်းဖြင့် ထိုသို့စားသောက်ခြင်းကို ဝိညာဉ်သဘောဖြင့် ပြုကြရန်ဆိုလိုကြောင်း ထင်ရှားလှပါသည်။ ဤအမှုသည် ဝိညာဉ်သဘောနှင့်ဆိုင်သော အမှုဖြစ်၏။ ခရစ်တော်၏အပြစ်မဲ့သောကိုယ်သည် ကားတိုင်၌အသေသတ်ခြင်းကိုခံ၍ အသွေးသွန်းမည်အကြောင်း ဖော်ပြခြင်းဖြစ်၏။ ယေရှုက လူတို့အား ယောဟန် ၆း၅၃ ထဲတွင် မိမိကိုယုံကြည်ကြခြင်းငှါ - ဝိညာဉ်သဘောအရ မိမိကိုသုံးဆောင်ကြခြင်းငါ ဆိုခဲ့ပါသည်။ ကိုယ်နှင့်အသွေးတော်သည် ကားတိုင်ပေါ်၌ပြုသောခရစ်တော်၏ အမှုတော်ကို ညွှန်ပြခြင်းဖြစ်ပါသည်။ ကားတိုင်ပေါ်၌ယေရှုပြုသောအမှု၊ အသွေးသွန်းခြင်းနှင့် သေခြင်းမှရှင်ပြန်ထမြောက်ခြင်း စသည်တို့ကို ကျွန်တော်တို့ယုံကြည်သောအခါ ကယ်တင်ခြင်းခံရကြ၏။

ရောမန်ကာသိုလစ်ယုံကြည်ချက်ဖြစ်သော "အမှန်တကယ်ပြောင်းလဲခြင်း" သည် ရုပ်တုကိုးကွယ်ခြင်း၊ အယူသီးခြင်း၊ ဘုရားကိုမထီမဲ့မြင်ပြုခြင်းဖြစ်၍ ငြင်းပယ်ဖို့လိုပါသည်။

**ဆင်ခြင်ရန်** - "ပွဲတော်မင်္ဂလာ၏ပထမရည်ရွယ်ချက်သည် ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကြီးထွားစေ၍ ဒုတိယအနေဖြင့် လူတို့ရှေ့၌ကျွန်ုပ်တို့၏ဝန်ခံချက်ကို သက်သေပြခြင်းဖြစ်ပါသည်"(Calvin)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏သခင် ကယ်တင်ရှင်ဖြစ်ကြောင်းကို အကျွန်ုပ်မိသားစုနှင့် မိတ်ဆွေတို့ရှေ့၌သက်သေပြလိုပါ၏။

စနေ၊ မေ (၁၆)

**ယောဟန် ၆း၅၁-၅၈**

ဟေဗြဲ ၇း၂၇ *"ငါ့ကိုအောက်မေ့ဖို့ရာ ဤသို့ပြုကြလော့"*

## ပွဲတော်မင်္ဂလာ၏အဓိပ္ပာယ်(၃)

ပွဲတော်မင်္ဂလာနှင့်ပတ်သတ်၍ Lutheran ယုံကြည်ချက်သည် မာတင်လူသာမှဆင်းသက်လာခြင်းဖြစ်ပါသည်။ ကယ်တင်ခြင်းမခံရမီ လူသားသည် အလွန်ကိုင်းရှိုင်းသောရောမန်ကသိုလစ်ဘုန်းကြီးဖြစ်ခဲ့၏။ သူက "ကျွန်တော်သည်အမှန်တကယ် ဘာသာတရားကိုင်းရှိုင်းသောဘုန်းကြီးဖြစ်ခဲ့ပြီး လိုက်နာရမည့်စည်းကမ်းချက်များကို အလွန်တင်းကျပ်စွာလိုက်လျှောက်ခဲ့ပါသည်။ ဘုန်းကြီးသည် မိမိအကျင့်ဖြင့် ကောင်းကင်နိုင်ငံဝင်ခွင့်ရမည်ဆိုလျှင် ကျွန်တော်ဝင်ခွင့်ရမည်မှာ အသေအချာဖြစ်ပါသည်" ဟု ဆိုခဲ့၏။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် လူသာက ကယ်တင်ခြင်းသည်အလုပ်အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့် ဖြစ်ကြောင်းကို သဘောပေါက်နားလည်ခဲ့ပါသည်။ ထို့ကြောင့် ရောမန်ကာသိုလစ်အသင်းတော်မှ ခွဲထွက်ပြီး ကယ်တင်ခြင်းသည် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်တပါးတည်း၌သာ ဖြစ်၏ဟူ၍ သတင်းကောင်းကို ဟောပြောပြီး ပရိုတက်စတင့်လှုပ်ရှားမှုကို စတင်ခဲ့ပါသည်။

လူသာသည် ရောမန်ကာသိုလစ်၏ကယ်တင်ခြင်းယုံကြည်ချက်ကို ငြင်းပယ်ခဲ့သော်လည်း "အမှန်တကယ်ပြောင်းလဲခြင်း" ဟူသော ပွဲတော်မင်္ဂလာနှင့်ဆိုင်သော ယုံကြည်ချက်ကို လုံးလုံးလျားလျားမငြင်းပယ်ခဲ့ပါ။ မုန့်နှင့်စပျစ်ရည်သည် ခရစ်တော်၏အသားနှင့်အသွေးသို့ အမှန်တကယ်မော်ဆန်ဆန်ပြောင်းလဲခဲ့သည်ဟူသော အချက်ကိုငြင်းပယ်သော်လည်း (သူကမုန့်သည် မုန့်ဖြစ်သေး၏၊ စပျစ်ရည်သည်လည်း စပျစ်ရည်ဖြစ်နေသေး၏ဟု ဆိုပါသည်)။ ခရစ်တော်၏အသားနှင့်အသွေးသည် ထိုမုန့်နှင့်စပျစ်ရည်၏ "အထဲ၌၊ နှင့်အတူ၊ အောက်၌" ပါရှိသည်ဟု ယုံကြည်၏။

လူသာ၏ ယုံကြည်ချက်သည် "တစ်ချို့တစ်ဝက်ပြောင်းလဲခြင်း" ဟူ၍ဖြစ်ပါသည်။ လူသာက မီးအပူပေးထားသော သံချောင်းဖြင့် ဥပမာပေးထား၏။ အပူပေးထားသောသံချောင်းသည် သံချောင်းဖြစ်နေသေး၏၊ သို့သော်လည်း အပူဒြပ်သည် သံချောင်းအထဲ၌ရင်း၊ သံချောင်းနှင့်အတူ သံချောင်းဝန်ကျင်၌ရင်း ရှိ၏။

ရောမန်ကာသိုလစ်များနည်းတူ လူသာကလည်း အသားနှင့်အသွေးသည် ပုံဆောင်ခြင်း၊ ဝိညာဉ်သဘောသာလျှင်ဖြစ်ကြောင်းကို သဘောမပေါက်ခဲ့ပါ။ ခရစ်တော်သည် မုန့်နှင့်စပျစ်ရည်၌ ကိုယ်ထိလက်ရောက်ပါဝင်ခြင်းမရှိပါ။ ထို့ကြောင့် အမှန်တကယ်ပြောင်းလဲခြင်း ယုံကြည်ချက်နှင့်တူညီသော လူသာ၏အချို့တဝက်ပြောင်းလဲပါဝင်ခြင်းယုံကြည်ချက်ကိုလည်း ကျမ်းစာနှင့်ကိုက်ညီမှုမရှိသောကြောင့် ငြင်းပယ်ရပါမည်။

**ဆင်ခြင်ရန်** - "မြတ်သောမင်္ဂလာသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအထောက်အမဖြစ်၍ ယုံကြည်ချက်အကိုင်းအခက်ဖြစ်ပါသည်" (Calvin)။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ အကျွန်ုပ်အပြစ်မှကယ်တင်ခြင်းငှါ ကိုယ်တော်ပြုသောအမှုတို့ကို နားလည်သဘောပေါက်ခြင်းငှါ ကိုယ်တော်၏ပွဲတော်မင်္ဂလာက အထောက်အကူပေးသောကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ မေ (၁၇)
**၁ ကော ၁၁း၂၃-၃၄**
ဗျာ ၁၉း၇-၉

*"သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင် ပြကြ၏"*

# ပွဲတော်မင်္ဂလာ၏အဓိပ္ပာယ် (၄)

ဆွစ်ဇလန်လူမျိုးအသင်းတော်ပြုပြင်ပြောင်းလဲခြင်း၌ ပါသော၊ Ulrich Zwingli က ပွဲတော်မင်္ဂလာသည် ကားတိုင်ပေါ်၌ သခင်ယေရှုပြုတော်မူသောအမှုကို ပုံဆောင်အောက်မေ့သတိရခြင်းဖြစ်သည်ဟု သင်ပေးခဲ့၏။ ၁ ကော ၁၁း၂၄ မှ "ငါ့ကိုအောက်မေ့ဘို့ရာ ဤသို့ပြုကြလော့" ဟူသော ယေရှု၏စကားကို အခြေခံထားခြင်းဖြစ်ပါသည်။ Zwingli ကမုန့်နှင့်ခွက်သည် ခရစ်တော်၏ကိုယ်နှင့်အသွေး တော်ကို ကိုယ်စားပြုခြင်းသာဖြစ်သည်ဟု ဆို၏။ သို့သော်လည်း ဤသွန်သင်ချက်၌ တစ်ခုလိုအပ်ချက်ရှိသေး၏။ ထိုအရာကား Calvin သင်ပေးသော မုန့်နှင့်ခွက်၌ ခရစ်တော်၏ဝိညာဉ်နှင့်ဆိုင်သောအတူပါရှိခြင်းတရားဖြစ်ပါသည်။

မုန့်နှင့်ခွက်တို့သည် ခရစ်တော်၏ကိုယ်နှင့်အသွေးတော်ကို ကိုယ်စားပြုခြင်းသာဖြစ်သည်ဟူသော Zwingli ၏သွန်သင်ချက်ကို Calvin က သဘောတူခဲ့ပါသည်။ Calvin က မုန့်နှင့်ခွက်တို့ကို ရှင်းပြသောအခါ "ပုံဆောင်ခြင်း၊ လက္ခဏာ" ဟူသောစကားလုံးတို့ကို အသုံးပြုခဲ့ပါသည်။ Calvin က ပွဲတော်မင်္ဂလာသည် အောက်မေ့ဖွယ်အမှုဖြစ်သည်ဟု သွန်သင်ခဲ့ပါသည်။ ကားတိုင်ပေါ်၌ ပြုတော်မူသော ခရစ်တော်၏အမှုတော်ကို အောက်မေ့ခြင်းငှါ ကျွန်တော်တို့သုံးဆောင်ခြင်းဖြစ်ပါသည်။

သို့သော်လည်း Calvin ကအကျိုးတရားတစ်ခုကို ထပ်၍သင်ပေးခဲ့၏။ ထိုအရာသည် ဝိညာဉ်နှင့်ဆိုင်သောအကျိုးတရားပင်ဖြစ်ပါသည်။ ပွဲတော်မင်္ဂလာသည် မြတ်သောအမှုဖြစ်၏။ သုံးဆောင်သောသူအပေါင်းတို့သည် သန့်ရှင်းစင်ကြယ်စွာ၊ ရိုသေလေးစားခြင်းဖြင့် သုံးဆောင်ကြရပါမည်။ ဝတ်ပြုကိုးကွယ်ခြင်းစိတ်ထားဖြင့် သုံးဆောင်ရပါမည်။ မိမိစိတ်နှလုံးကို စမ်းစစ်၍၊အပြစ်များဝန်ခံခြင်းဖြင့် ခရစ်တော်၌အသစ်သောဆက်ကပ်မှုကို ပြုကြရပါမည်။ မထိုက်မတန်သုံးဆောင်သောသူသည် ဘုရားသခင်၏ဆုံးမခြင်းခံရပါမည်။ ထိုပြစ်ဒဏ်သည် နာမကျန်းဖြစ်ခြင်း၊ အသက်သေဆုံးခြင်းအထိပင်ဖြစ်နိုင်ပါသည်။

ဤပွဲတော်မင်္ဂလာကို ကျွန်တော်တို့သည် ယုံကြည်ခြင်းဖြင့် နှိမ့်ချသောစိတ်သဘောနှင့် ရိုသေလေးစားခြင်းရှိစွာ သုံးဆောင်သောအခါ၊ ကောင်းကင်မှ ကောင်းချီးမင်္ဂလာခံစားရမည်ဖြစ်ပါသည်။ ထိုသို့သော မင်္ဂလာသည် ရှင်းပြ၍မရ၊ ကိုယ်တိုင်ခံစားရမည်ဖြစ်၏ဟု Calvin ကဆိုခဲ့ပါသည်။ ထို့ကြောင့် ပွဲတော်မင်္ဂလာသည် အောက်မေ့ဘွယ်အမှုသာသာမဟုတ်ဘဲ၊ ဝိညာဉ်နှင့်ဆိုင်သော အကျိုးတရားရရှိစေမည့်ဝတ်ပြုခြင်းလည်းဖြစ်ပါသည်။

ပွဲတော်မင်္ဂလာနှင့်ဆိုင်သော သွန်သင်ချက် ၄ မျိုးတို့တွင် Calvin ၏သွန်သင်ချက်သည် သမ္မာကျမ်းစာနှင့်ကိုက်ညီမှုရှိပါသည်။

**ဆင်ခြင်ရန်** - "ကျွန်ုပ်တို့၏မြတ်သောမင်္ဂလာတို့၌ဘုရားသခင်၏ ဂုဏ်တော်အပေါင်းနှင့်ဆိုင်သောယုံကြည်ခြင်းနှင့်နာခံခြင်းပါဝင်ပါသည်" (Calvin)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ကတိတော်သည် အစဉ်မှန်ကန်မှုရှိသောကြောင့် ကျေးဇူးတင်ပါ၏။

တနင်္လာ၊ မေ (၁၈)

**၁ ကော ၁၀း၁၄-၂၂**

၁ ကော ၁၁း၂၃-၂၄

*"ရုပ်တုကိုးကွယ်ခြင်းကိုအစဉ်ကြည်ရှောင်ကြလော့"*

# ပွဲတော်မင်္ဂလာ၏သန့်ရှင်းခြင်း

ပွဲတော်မင်္ဂလာ၏သန့်ရှင်းစင်ကြယ်မှုကို ပေါလု၏သွန်သင်ချက်၌ထင်ရှားစွာတွေ့မြင်ရပါသည် (၁ ကော ၁၀း၁၄-၂၂)။ ဤပွဲတော်မင်္ဂလာသုံးဆောင်ခြင်း၌ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်အတူပါရှိတော်မူခြင်းမခံစားရသော ယုံကြည်သူခရစ်ယာန်ရှိပါမည်လော။

ပေါလုက ပွဲတော်မင်္ဂလာသုံးဆောင်ခြင်း၌ ယုံကြည်ခြင်းနှင့်အသက်တာ သန့်ရှင်းခြင်းလိုအပ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဤသို့ပုံဥပမာအားဖြင့်ဆိုခဲ့ပါသည်- "ဇာတိအားဖြင့် ဣသရေလအမျိုးဖြစ်သောသူတို့ကို ကြည့်ရှုကြလော့။ ယဇ်ကောင်ကိုစားသောသူတို့သည် ယဇ်ပလ္လင်နှင့် ဆက်ဆံသောသူဖြစ်ကြသည်မဟုတ်လော။ ထိုသို့ဆိုသော်အဘယ်သို့ငါဆိုလိုသနည်း။ ရုပ်တုကားမှတ်စရာရှိသည်။ ရုပ်တုရှေ့၌ ပူဇော်သောယဇ်ကောင်ကား မှတ်စရာရှိသည်ဟုဆိုလိုသလော။ ထိုသို့မဆိုလို။ သာသနာပလူတို့သည် ပူဇော်သောယဇ်ကိုဘုရားသခင်အားပူဇော်ကြသည်မဟုတ်။ နတ်ဆိုးတို့အားပူဇော်ကြ၏" (၁ ကော ၁၀း၁၈-၂၀)။ ပေါလုသည် ရုပ်တုကိုးကွယ်မှုကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သို့သော်လည်း ဘုရားသခင်နှင့်ကျွန်ုပ် တို့ကို ကင်းကွာစေသော အရာမှန်သမျှသည် ဝိညာဉ်သဘောအားဖြင့် ရုပ်တုဖြစ်ပါသည်။ ခရစ်တော်
အသွေးတော်အားဖြင့် ကယ်တင်ခြင်းခံရသည်ဟူသော တရားကိုငြင်းပယ်သော မှားယွင်းခြင်းသည် ရုပ်တုကိုးကွယ်ခြင်းတစ်မျိုးဖြစ်ပါသည်။ "ခေတ်သစ်ယုံကြည်ခြင်း" (Modernism) သည် ခရစ်ယာန်ယုံကြည်ခြင်းမဟုတ်ဘဲ အခြားသောဘာသာတရား၊ ရုပ်တုကိုးကွယ်ခြင်းတရားဖြစ်ပါသည်။

ပေါလုက ဆက်လက်၍ "သင်တို့သည် နတ်ဆိုးတို့နှင့်ဆက်ဆံစေခြင်းငှါ ငါအလိုမရှိ။ သခင်ဘုရား၏ခွက်ဖလား၊ နတ်ဆိုးတို့၏ခွက်ဖလားနှစ်ပါးကို သင်တို့မသောက်နိုင်ကြ။ ဘုရားသခင်၏စားပွဲ၊ နတ်ဆိုးတို့၏စားပွဲနှစ်ပါးကို သင်တို့ဝင်၍မစားနိုင်ကြ" (၁ ကော ၁၀း၂၀-၂၁) ဟုဆိုခဲ့၏။ ဤနှစ်ခုကို ပေါင်းစပ်၍မရပါ။ မှားယွင်း သောဘာသာတရား၏စားပွဲဖြစ်လျှင် ထိုအရာသည် ဘုရားသခင်၏စားပွဲမဟုတ်ပါ။

ထိမ်းမြားခြင်းပုံဥပမာ၌ သစ္စာမရှိခြင်းကို ရုပ်တုကိုးကွယ်ခြင်းကဲ့သို့ပုံဆောင်ဖော်ပြသော ပေါလုကထပ်၍ ဤသို့ဖော်ပြခဲ့ပါသည်-"သခင်ဘုရားအမျက်တော်ထွက်စေခြင်းငှါ ငါတို့ပြုရကြသလော။ ငါတို့သည် သခင်ဘုရားထက်သာ၍ တန်ခိုးကြီးကြသလော" (၁ ကော ၁၀း၂၂)။

Calvin ကစစ်မှန်သောအသင်းတော်နှင့်အသင်းတော်မဟုတ်သောအရာကို ခွဲခြားလျက် ဖော်ပြသောအခါ၊ စစ်မှန်သောအသင်းတော်သည် စစ်မှန်သောသတင်းကောင်းကို ဟောပြော၍ မြတ်သောမင်္ဂလာ၏သန့်ရှင်းစင်ကြယ်မှုကို စောင့်ထိန်းလျက်ရှိပါသည်။

**ဆင်ခြင်ရန်** - "ယုံကြည်ခြင်းဖြင့် သုံးဆောင်ခြင်းမပြုလျှင် မြတ်သောမင်္ဂလာ၌ ပါဝင်သော ကျေးဇူးတော်ကို ကျွန်တော်တို့မရရှိနိုင်ပါ" (Calvin)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏မြတ်သောမင်္ဂလာတို့ကို ဝတ္တရားအနေဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းဖြင့် ခံယူမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ မေ (၁၉)

**ဟေဗြဲ ၈**

ကောလော ၂း၁၆-၁၇

*“ထိုအရာတို့သည် နောက်ဖြစ်လတ္တံ့သောအရာတို့၏ အရိပ်ဖြစ်ကြ၏”*

## ယဇ်ပူဇော်ခြင်းနှင့်မြတ်သောမင်္ဂလာ

ဓမ္မဟောင်းယဇ်ပူဇော်ခြင်းများသည် “မြတ်သောမင်္ဂလာများ” ဖြစ်၍၊ ဓမ္မသစ်၏မြတ်သော မင်္ဂလာများနှင့် ဝိညာဉ်အကျိုးတရား၌လုံးဝတူညီခြင်းရှိကြပါသည်။ “ဓမ္မဟောင်းမြတ်သောမင်္ဂလာ တို့သည် ရည်ညွှန်းပုံဆောင်သော ဝိညာဉ်သဘောနှင့်ယှဉ်သောအရာတို့တွင်၊ ဓမ္မသစ်၏မြတ်သော မင်္ဂလာနှင့်တူညီကြပါသည်” (Westminster Confession 27:5)။ ဓမ္မဟောင်းယဇ်ပူဇော်ခြင်းတို့သည် သာမန်အားဖြင့်ဆိုလျှင် အဘယ်အကျိုးမျှမရှိ။ သို့သော်လည်း ရည်ညွှန်းသောအရာမူကား ကားတိုင် ပေါ်၌ ခရစ်တော်ပြုတော်မူမည့်ကိုယ်စားအပြစ်ဖြေခြင်းအမှုကို ကိုယ်စားပြုခြင်းဖြစ်ပါသည်။ ယဇ် ပူဇော်ခြင်းများကို “အရိပ်” ဟုဖော်ပြခဲ့ပါသည် (ကောလော ၂း၁၇)။

ဓမ္မဟောင်းယဇ်ပူဇော်ခြင်းတို့သည် “ကော်ပီ”၊ “အရိပ်” နှင့် “ပုံဥပမာ” ဟုခေါ်ကြပါသည်။ “မောရှေသည် တဲတော်ကိုဆောက်လုပ်အံ့သောအခါ တောင်ပေါ်မှာ သင့်အားပြခဲ့ပြီးသော ပုံနှင့် လျော်ညီစွာအလုံးစုံတို့ကို လုပ်ခြင်းငှါ သတိပြုရမည်ဟု ဗျာဒိတ်တော်ခံရသည်ဖြစ်၍” ဓမ္မဟောင်း ယဇ်ပုရောဟိတ်တို့သည် “ကောင်းကင်အရာတို့၏ပုံပမာအရိပ်နှင့်သာဆိုင်လျက် ဝတ်ကိုပြုနေကြ၏” (ဟေဗြဲ ၈း၅)။ ဓမ္မဟောင်းယဇ်ပူဇော်ခြင်းတို့သည် ကောင်းကင်အရာတို့၏ပုံဥပမာအရိပ်ဖြစ်ကြပြီး၊ ကားတိုင်ပေါ်၌ ခရစ်တော်ပြည့်စုံစေသော ကိုယ်စားအသေခံခြင်းသည် ကောင်းကင်နှင့်ဆိုင်သော အရာတို့၏ပူဇော်သက္ကာအစစ်ဖြစ်သည်ဟု ဆိုထားပါသည် (ဟေဗြဲ ၉း၂၃)။

ဓမ္မဟောင်းနှင့်ဓမ္မသစ်၏ “ယဇ်ပူဇော်ခြင်း” “မြတ်သောမင်္ဂလာ” တို့သည် အချင်းချင်း ဆက်နွယ်ပုံဆောင်ကြသည်မှာ ထင်ရှားလှပါသည်။ ပေါလုက ၁ ကော ၅း၇-၈ ထဲတွင် ထိုသို့ နှိုင်း ယှဉ်မှုကိုပြုခဲ့ပါသည်။ ထိုနည်းတူ ဓမ္မဟောင်းဝတ်နှင့် ဓမ္မသစ်မင်္ဂလာကို စိတ်ထဲမှ နှိုင်းယှဉ်ခြင်းဖြင့် ပေါလုက ဤသို့ရေးသားခဲ့ပါသည်-“ခရစ်တော်၏အရေဖျားလှီးခြင်းအားဖြင့် . . . အရေဖျားလှီးခြင်းကို ထိုသခင်၌ သင်တို့သည် ခံကြသည်ဖြစ်၍ ဗတ္တိဇံအားဖြင့်ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြ၏” (ခရစ်ယာန်အရေဖျားလှီးခြင်း) (ကောလော ၂း၁၁-၁၂)။

ထို့ကြောင့် လူဇာတိခံတော်မူခြင်းနှင့်ကိုယ်စားအသေခံတော်မူခြင်း ခရစ်တော်ပြုပြီးသော အချိန်မှစ၍ အသင်းတော်၌မြတ်သောမင်္ဂလာနှစ်ပါးသာလျှင် ရှိပါသည်။ ဗတ္တိဇံမင်္ဂလာနှင့် ပွဲတော် မင်္ဂလာတို့ဖြစ်ကြ၏။ ဤနှစ်ပါး၌ဘုရားသခင်ချမှတ်ခဲ့တော်မူသော အရင်က ဝတ်ပြုခြင်း၏အကျိုး တရားနှင့်ဆိုလိုအရင်းအဓိပ္ပာယ်အလုံးစုံပြည့်စုံခြင်းရှိပါသည်။

**ဆင်ခြင်ရန်** - ဓာတ်ပုံနှင့်လူကိုယ်တိုင်၌ အဘယ်တစ်ခုသည် ပို၍ကောင်းပါသနည်း။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ဓမ္မဟောင်းပရောဖက်ပြုချက်နှင့် ပုံပမာတို့ကို စုံလင်စေ ခြင်းငှါ လူဇာတိခံကြွလာတော်မူသော သားတော်ကြောင့် ကိုယ်တော့်ကိုကျေးဇူး တင်ပါ၏။

ဗုဒ္ဓဟူး၊ မေ (၂၀)
**တော ၁၉**
ဝတ်ပြု ၄း၆

*"ယဇ်ပုရောဟိတ်သည် . . . မိမိလက်ညှိုးကိုအသွေး၌ နှစ်၍ ဖြန်းရမည်. . . "*

## ရေဗတ္တိဇံမင်္ဂလာ (၁)

Reformed theology အရ၊ ဗတ္တိဇံဟူသော စကားလုံးသည် မိမိပင်ကိုယ်မူရင်းအဓိပ္ပာယ်အတိုင်း သုံးနှုန်းသောအခါတိုင်း၌ နှစ်ခြင်းဟူသော အဓိပ္ပာယ်အမြဲတမ်းမဆောင်ပါ။ အမှန်မှာ ဓမ္မသစ်ထဲ၌ သာမန်အဓိပ္ပာယ်သည် ဖြန်းခြင်းနှင့်ပက်ခြင်းတို့ဖြစ်ကြ၏။ ဗတ္တိဇံမင်္ဂလာကို နှစ်ခြင်းအားဖြင့် ပေး၍မရဟုမဆိုလိုပါသည်။ သို့သော်လည်း ဓမ္မသစ်ကျမ်းထဲ၌ ဗတ္တိဇံမင်္ဂလာကို နှစ်ခြင်းအားဖြင့်ပေးရမည်ဟူသော ပုံဥပမာတစ်ခုမျှမတွေ့ရပါ။ ထိုနည်းတူ ဓမ္မဟောင်းထဲမှ ဆေးကြောခြင်းဝတ်တို့က နှစ်ခြင်းကို ညွှန်ပြသောပုံဥပမာတစ်ခုမျှမတွေ့ရပါ။

ဓမ္မဟောင်းထဲတွင် "ဗတ္တိဇံ" ဟူသောစကားလုံးကို ဖြန်းခြင်း၄ါ ရည်ရွယ်ချက်ဖြင့် လက်ချောင်းကိုနှစ်သောသဘောဖြင့် အသုံးပြုထားပါသည်။ "မိမိလက်ညှိုးကို အသွေး၌နှစ်၍ သန့်ရှင်းရာဌာနတော်ကုလားကာရှေ့၊ ထာဝရဘုရားရှေ့တော်၌ ခုနစ်ကြိမ်ဖြန်းရမည်" (ဝတ် ၄း၆၊ ၉း၉၊ ၁၄း၁၆)။ ဤ နှစ်ခြင်း (တို့ခြင်း) သည် ဖြန်းခြင်းအမှုပြုခြင်းနှင့်ဆက်စပ်ခြင်းရှိ၏။ တို့ခြင်းနှင့်ဖြန်းခြင်းဆက်စပ်ခြင်းရှိသော သာဓကတစ်ခုကို တောလည်ရာကျမ်း ၁၉ အငယ် ၄၊ ၁၃၊ ၁၈ နှင့် ၂၀ ထဲတွင် "ရေဖြန်းခြင်း" နှင့် ပတ်သက်၍ဖော်ပြခဲ့ပါသည်။

ဒံယေလ ၄း၃၃ နှင့် ၅း၂၁ ထဲတွင် နေဗုခဒ်နေဇာသည် "မိုယ်းစွတ်ခြင်းကိုခံသဖြင့်" ဟုတွေ့ရ၏။ ဤမိုယ်းစွတ်ခြင်းသည် ဗိတ္တိဇံ၏ကြိယာအသုံးအနှုန်းဖြစ်ပါသည်။ သေချာသည်မှာ ဤစကားလုံးက သူသည်နှစ်ခြင်းကိုခံကြောင်းမဆိုလိုပါ။

ဓမ္မဟောင်းထဲမှ လေ့လာတွေ့ရှိချက်အရ၊ ဗတ္တိဇံသည် မဖြစ်မနေနှစ်ခြင်းဖြစ်သည်ဟု မဆိုလိုပါ။ စကားလုံး၏အဓိပ္ပာယ်သည် မည်သို့သုံးနှုန်းသည်ဟူသောအချက်က ဆုံးဖြတ်မှုပေးပါသည်။ ဓမ္မဟောင်းထဲမှ ဆေးကြောခြင်း၊ ဗတ္တိဇံပေးခြင်းဝတ်တို့သည် လက်ချောင်းနှစ်ချောင်း (တို့ခြင်း) နှင့် ဖြန်းခြင်းအမှုနှင့်ဆက်နွယ်လျက်ရှိကြပါသည်။

**ဆင်ခြင်ရန်** - ဗတ္တိဇံမင်္ဂလာသည် သန့်ရှင်းစေခြင်းနှင့် ဆေးကြောခြင်းကို သက်သေပြပြီး၊ ပွဲတော်မင်္ဂလာသည် ရွေးနှုတ်ကယ်တင်ခြင်းကို သက်သေပြ၏။ ရေသည် ဆေးကြောခြင်းကိုရည်ညွှန်း၍ စိတ်ကျေနပ်စေခြင်းအသွေးတော်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်၏ချစ်လှစွာသောသားတော်၊ သခင်ယေရှုခရစ်တော်၏အသွေးတော်ဖြင့်အကျွန်ုပ်အပြစ်အလုံးစုံကို ဆေးကြောသန့်စင်ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။

ကြာသပတေး၊ မေ (၂၁)
**မာကု ၇း၁-၇**
လုကာ ၁၁း၃၈

*“ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့် ၎င်း. . . ”*

# ရေဗတ္တိဇံမင်္ဂလာ (၂)

ဗတ္တိဇံမင်္ဂလာကို နှစ်ခြင်းအားဖြင့်ခံရမည်ဟူသော ရှင်းလင်းသောပုံဥပမာကို ဓမ္မသစ်ကျမ်းထဲ၌မတွေ့ရပါ။ နှစ်ခြင်းအားဖြင့် မဖြစ်နိုင်ကြောင်းကိုပြသောအချို့သာဓကကိုတွေ့ရပါသည်။ လုကာ ၁၁း၃၈ ထဲတွင် “အစာကိုမစားမီဆေးခြင်း (ဗတ္တိဇံ၏စကားလုံးဖြစ်၏) ကိုပြုတော်မမူသည်ကို ထိုဖာရိရှဲသည်မြင်လျှင် အံ့သြလေ၏” ဟုတွေ့ရပါသည်။ ယုဒလူတို့၏ထုံးတမ်းစဉ်လာတွင် သူတို့အစာမစားမီဆေးခြင်း (ဗတ္တိဇံ) ကိုပြုကြရ၏။ မာကု ၇း၁-၇ ထဲတွင် ပို၍ရှင်းလင်းပြည့်စုံစွာတွေ့ရပါသည်။ ယေရှု၏အချို့တပည့်တော်တို့သည် လက်ကိုမဆေးဘဲ အစာစားကြသည်ကို ဖာရိရှဲတို့သည် မြင်ကြသောအခါ အံ့သြခြင်းရှိကြ၏။ မာကုကဤသို့ရှင်းပြထားပါသည်။ “ရှေးလူဟောင်းတို့မှ ဆက်ဆံသောနည်းဥပဒေသကိုခံယူသောဖာရိရှဲမှစ၍ ယုဒလူအပေါင်းတို့သည် လက်ဆုပ်မဆေးဘဲ အစာကိုစားလေ့မရှိ။ ဈေးမှပြန်လာသောအခါ၌လည်း ဆေးခြင်း(ဗတ္တိဇံ) မပြုဘဲစားလေ့မရှိ။ ထိုမှတပါး ခွက်၊ ဖလား၊ ကြေးဝါ၊ ပုကန်၊ ခုတင်တို့ဆေးခြင်း (ဗတ္တိဇံ) မှစ၍ အခြားသောထုံးတမ်းများကို ခံယူ၍ကျင့်လေ့ရှိကြ၏”။ ခုတင်ကိုရေနှစ်ခြင်းအားဖြင့် ဆေးခြင်းသည် ဒုက္ခတစ်ခုဖြစ်ပါလိမ့်မည်။

ရှေးလူတို့သည် လက်ဆေးခြင်းကိုပြုတတ်ကြကြောင်း (ဥပမာ ၄ ရာ ၃း၁၁) ကျမ်းစာအားဖြင့် ကျွန်တော်တို့သိရကြ၏။ ထိုသို့ဆေးခြင်းအဖို့ ရေကို ဖလားဖြင့်ထားတတ်ကြပါသည်။ အစေခံကျွန်၏တာဝန်မှာ လက်ဖြင့်ရေကိုယူ၍ မိမိသခင်၏လက်ပေါ်သို့လောင်းချရသည် (၄ ရာ ၃း၁၁)၊ ထိုနည်းတူ ခြေကိုလည်း ဆေးကြောခြင်းကိုပြုတတ်ကြ၏။ ထိုသို့ပြုခြင်းကို ဖော်ပြခြင်း၌ လုကာက “ဗတ္တိဇံ” ဟူသောစကားလုံးကို အသုံးပြုထားပါသည် (လုကာ ၁၁း၃၈)။

ထို့ကြောင့် လုကာ ၁၁း၃၈ နှင့် မာကု ၇း၁-၅ ကိုသက်သေအထောက်အထားအဖြစ်ထားလျက်၊ “ဗတ္တိဇံ” ဟူသောစကားလုံးသည် အမြဲတမ်းနှစ်ခြင်းဟူသော အဓိပ္ပာယ်မဆောင်ကြောင်းတွေ့ရပါသည်။

**ဆင်ခြင်ရန်** - John Sung ကဗတ္တိဇံနှင့်ပတ်သက်၍ “ယုံကြည်ခြင်းကြီးလျှင် ရေနဲနဲဘဲလို၏၊ ယုံကြည်ခြင်းနည်းလျှင် ရေများများလို၏” ဟုဆိုဖူးပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်နှင့်သားတော်၏အသွေးတော်အားဖြင့် အကျွန်ုပ်အပြစ်အားလုံးကို ဝိညာဉ်သဘောအရ ဆေးကြောသန့်စင်ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။

## ရေဗတ္တိဇံမင်္ဂလာ (၃)

တမန် ၈း၂၆-၃၉ ထဲတွင် ဖိလိပ္ပုက ဟေရှာ ၅၃း၇ မှ ယေရှုခရစ်တော်၏ သတင်းကောင်းကို အဲသယောပိပြည်သားမိန်းမစိုးထံ ဟောပြောခဲ့သည်ကိုတွေ့ရ၏။ ထိုသို့လမ်း၌သွားကြစဉ် သူတို့တွေ့ခဲ့သော ရေသည်အဘယ်သို့သောရေဖြစ်ပါသနည်း။ ထိုလမ်းတစ်လျှောက် ပတ်ဝန်းကျင်သည် တောကန္တာရအရပ်ဖြစ်၍ (တမန် ၈း၂၆)၊ တစ်ကိုယ်လုံးနှစ်ခြင်းခံခြင်းငှါ လုံလောက်သောရေပမာဏမရှိသောနေရာဖြစ်ပါသည်။ Tertullian က “ခရီးသွားနေစဉ် ဖိလိပ္ပုသည် ထိုမိန်းမစိုးအား မထင်မှတ်ဘဲတွေ့ရသောရေဖြင့် ဗတ္တိဇံပေးခဲ့၏” ဟုဆိုခဲ့ပါသည်။ မိုးရွာပြီးမှ လမ်းဘေး၌တွေ့ရသော တိမ်သောရေအိုင်ငယ်လေးဖြစ်မည်ဟု ယူဆရပါသည်။

သို့သော်လည်း မိန်းမစိုးအား အဘယ်အရာက ဗတ္တိဇံအကြောင်းကို စဉ်းစားမိစေပါသနည်း။ ဖိလိပ္ပုက တွေ့သောအချိန်၌သူသည် ဟေရှာ ၅၃း၇-၈ ကိုဖတ်နေခဲ့၏။ ကျွန်တော်တို့သတိပြုရမည်မှာ ရှေးကျမ်းစာ၌ အခန်းကြီးအခန်းငယ် ခွဲထားခြင်းမရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့်သူသည် ဟေရှာ ၅၂း၁၅ ဖြစ်သော “ထို့အတူသူသည် အများသောလူမျိုးတို့ကို သန့်ရှင်းစေလိမ့်မည် (ဖျန်းပက်လိမ့်မမည်)” ဟူသောအချက်ကို ဖတ်ခဲ့ပါလိမ့်မည်။ ထို့ပြင်သူသည် ယေဇကျေလ ၃၆း၂၅-၂၇၊ “သင်တို့အပေါ်မှာ သန့်ရှင်းသောရေကိုဖျန်းသဖြင့် သင်တို့ကိုခပ်သိမ်းသောအညစ်အကြေးမှစ၍ ခပ်သိမ်းသောရုပ်တုတို့နှင့်ကင်းစင်စေမည်။ စိတ်နှလုံးသစ်ကိုငါပေးမည်။ သဘောသစ်ကိုသွင်းထားမည်။ သင်တို့ ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကိုပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့သွင်းပေးသဖြင့် သင်တို့သည် ငါ၏တရားလမ်းသို့လိုက်၍ ငါစီရင်တော်မူချက်ကို စောင့်ရှောက်ကြလိမ့်မည်” ဟူသောအချက်ကို ရင်းနှီးသော သူဖြစ်ပါလိမ့်မည်။ ထို့ပြင် အဲသယောပိပြည်သား ဤမိန်းမစိုးသည် ဓမ္မဟောင်းသန့်ရှင်းစေခြင်း ဝတ်ကို ရေဖျန်းခြင်းအားဖြင့် ပြုလုပ်ကြကြောင်း သိခဲ့ပါလိမ့်မည်။ ထို့ကြောင့် သူကထိုသို့ ဗတ္တိဇံ မင်္ဂလာခံခြင်းငှါ တောင်းလျှောက်ခြင်းဖြစ်ပါလိမ့်မည်။

ရေထဲသို့ဆင်းခြင်းအမှုသည် ဗတ္တိဇံခံခြင်းမဟုတ်ပါ။အကြောင်းမှာ သူတို့နှစ်ဦးစလုံးရေထဲသို့ဆင်းကြ၏။ ရေထဲက တက်ကြခြင်းသည်လည်း ဗတ္တိဇံခံခြင်းမဟုတ်ပါ။ အကြောင်းမှာသူတို့နှစ်ဦးစလုံးရေထဲမှ ထွက်လာခဲ့ကြ၏။ ဗတ္တိဇံပေးခြင်းသည် ရေထဲသို့ ဆင်းခြင်းနှင့်ရေထဲမှထွက်လာခြင်းနှင့်မဆိုင်ပါ။ ဤသို့ဖြစ်မည်ဟုထင်ရပါသည်- သူတို့သည် လက်မအနည်းငယ်သာနက်သော ရေထဲသို့ နှစ်ဦးစလုံးဆင်းကြပြီး၊ ဖိလိပ္ပုက ထိုမိန်းမစိုးအား ရေကိုလက်ဖြင့်ယူ၍ ဖျန်းခြင်း(သို့) လောင်းခြင်းအားဖြင့် ဓမ္မဟောင်း၌တွေ့ရသော ပုံသက်သေအတိုင်း ဗတ္တိဇံပေးပြီးမှ နှစ်ဦးစလုံးထွက်လာကြသည်ဟု ယုံကြည်ရပါသည်။

**ဆင်ခြင်ရန်** - “ဗတ္တိဇံသည် ဘုရားသခင်ရှေ့၌ ထာဝရအသက်ရကြောင်း ဝန်ခံခြင်းသက်သေဖြစ်၍လူတို့ရှေ့၌ ပြသောယုံကြည်ခြင်းအားအပြင်ပန်းလက္ခဏာပင်ဖြစ်ပါ၏”။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၏ယုံကြည်ခြင်းကို လူတို့ရှေ့၌ ရေဗတ္တိဇံမင်္ဂလာခံခြင်းဖြင့် ဝန်ခံပြသလိုပါ၏။

စနေ၊ မေ (၂၃)

**တမန် ၂း၃၇-၄၁**

တမန် ၉း၁၈-၁၉ *"ထ၍ဗတ္တိဇံကိုခံပြီးလျှင်"*

## ရေဗတ္တိဇံမင်္ဂလာ (၄)

ဓမ္မသစ်ကျမ်းထဲ၌ ဗတ္တိဇံမင်္ဂလာသည် ရေထဲသို့ဆင်းခြင်းနှင့် ရေထဲမှထွက်လာခြင်းဖြစ်သည်ဟူသော ပုံဥပမာတစ်ခုမျှ မတွေ့ရပါ။ ထိုသို့ရေထဲသို့ဆင်းခြင်း (သို့) ရေထဲမှထွက်လာခြင်းကို တွေ့ရလျှင်လည်း ထိုအမှုသည် ဗတ္တိဇံမင်္ဂလာခံခြင်းအမှုမဟုတ်ဘဲ အခြားလုပ်ဆောင်မှုတစ်ခုသာလျှင်ဖြစ်ပါသည်။

ဓမ္မသစ်ကျမ်းထဲတွင် တွေ့ရသော ဗတ္တိဇံမင်္ဂလာပေးခြင်းပုံဥပမာတွင်နှစ်ခြင်းဖြင့်ပေးသည်ဟုဆိုလျှင် ယုံကြည်ရန်ခက်ခဲသောအမှုတွေ့ရပါသည်။ ပင်တေကုတ္တေနေ့တွင် "ထိုစကားကို အသင့်နှလုံးသွင်းမိသော သူတို့သည် ဗတ္တိဇံကိုခံ၍ထိုနေ့၌အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သောသူတို့သည်ဝင်ကြ၏" (တမန် ၂း၄၁)။ ဤအမှုတွင် ထိုခေတ်၌ရေရှားသည့်ကြားထဲ၊ ဗတ္တိဇံကိုနှစ်ခြင်းအား ဖြင့်ပေးလျှင် တမန်တော်တို့လုံးဝအခက်တွေ့ကြပါလိမ့်မည်။ တစ်ဖက်တွင် ဓမ္မဟောင်းခေတ် သန့်ရှင်းစေခြင်းဝတ်ကိုပြုသကဲ့သို့ ဖျန်းခြင်းအားဖြင့် ဗတ္တိဇံပေးခဲ့ကြလျှင် အလွန်အဆင်ပြေပါလိမ့် မည်။

ရှောလုသည် ပြောင်းလဲ၍ ဒမာသက်မြို့၌ အာနနိက ဗတ္တိဇံမင်္ဂလာပေးသောအမှု၌ သူသည် "ထ၍ဗတ္တိဇံကိုခံပြီးလျှင် အစာအာဟာရကိုသုံးဆောင်၍ အားဖြည့်လေ၏" (တမန် ၉း၁၈-၁၉) ဟုတွေ့ရပါသည်။ သူသည် "ထ၍" ဟူသောစကားလုံးကို အခြားသောအဓိပ္ပာယ်ဖြင့် အနက်ဖွင့်စရာမလိုပါ။ သာမန်အဓိပ္ပာယ်ကား သူသည် "ရပ်နေလျက်ပင် ဗတ္တိဇံမင်္ဂလာကိုခံ၏" ဟုဆိုရပါမည်။ နှစ်ခြင်းခံခြင်းငှါ ရေများများရှိသောနေရာသို့ သွားဖို့ရန်ထသည်ဟု ဆိုခဲ့လျှင် အမှန်ဖြစ်သင့်သည်မှာ သူသည်အားနည်းသောအခြေအနေ၌ရှိသောကြောင့် ထိုသို့ထ၍မထွက်သွားမီ အရင်အစာစားဖို့လိုပါလိမ့်မည်။ ထို့ကြောင့် ဓမ္မဟောင်းပုံသက်သေအရ ဖျန်းခြင်းဖြင့် ဗတ္တိဇံခံခြင်းသည် အရိုးရှင်းဆုံးပုံမှန်အဓိပ္ပာယ်ဖြစ်ပါသည်။

ကောနေလိမိသားစုဗတ္တိဇံခံခြင်းအမှု၌ ပေတရုကသူတို့အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်အတူပါရှိကြောင်း ထင်ရှားစွာမြင်တွေ့သိရသောအခါ "ငါတို့ကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်ကိုခံရသော ဤသူတို့ကိုဗတ္တိဇံမပေးစေခြင်းငှါ အဘယ်သူသည်ရေကိုမြစ်တားနိုင်သနည်း" (တမန်၁၀း၄၇) ဟုဆိုခဲ့ပါသည်။ ဤ စကားသည် ရေကန်၊ မြစ်ချောင်းသို့သွားခြင်းငှါ ပြောသောစကားမဟုတ်ဘဲ ဗတ္တိဇံမင်္ဂလာပေးခြင်း အမှုအတွက် တစ်စုံတစ်ယောက်သောသူအား ရေယူလာခြင်းငှါ ပြောသောစကားပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ရေများသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ သတင်းကောင်းသာလျှင် အကောင်းဆုံးဖြစ်ပါသည်" (T.Tow)။

**ဆုတောင်းချက်** - အဘဘုရား၊ အပြစ်မှ အကျွန်ုပ်ကိုကယ်တင်တော်မူသော ယေရှုခရစ်တော်၏ သတင်းကောင်းကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ မေ (၂၄)
**ရောမ ၆း၁-၅**
၁ ကော ၁၅း၁-၄

*"ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြ၏"*

## ရေဗတ္တိဇံမင်္ဂလာ (၅)

ဗတ္တိဇံမင်္ဂလာ၏ရည်ညွှန်းသောအရာကို ရောမ ၆း၁-၅ ထဲတွင် ရှင်းလင်းစွာဖော်ပြထားပါသည်။ ခရစ်ယာန်ဗတ္တိဇံက ခရစ်တော်၏သေခြင်း၊ သင်္ဂြိုဟ်ခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းကို ကိုယ်စားပြုပုံဆောင်ပါသည်။ ခရစ်တော်၏အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း သတင်းကောင်းအားဖြင့်ကျွန်ုပ်တို့၏အပြစ်များ သန့်ရှင်းစင်ကြယ်စေခြင်းခံရ၍ ဒုတိယမွေးခြင်း၌ အသစ်သောအသက်တာကို ကျွန်ုပ်တို့ထံ ပေးအပ်ခဲ့ပါသည် (၁ ကော ၁၅း၁-၄)။

ရောမ ၆း၁-၅ ထဲတွင် ယေရှုသည် "သင်္ဂြိုဟ်ခြင်း" ခံရသည်ဟုတွေ့ရသောအခါ သူသည် မြေကြီးသို့ချထားခြင်းနှင့်မြေကြီးဖြင့် ဖုံးအုပ်ခြင်းကို ခံရသည်မဟုတ်ပါ။ ခရစ်တော်၏ကိုယ်အလောင်းတော်သည် ကျောက်တောင်ကိုထွင်းထားသော အုတ်ဂူထဲသို့သွင်းခြင်းခံရပြီး၊ ထုံးတမ်းစဉ်လာအတိုင်း အလောင်းထားရာကျောက်ခုတင် (သို့)ခုံပေါ်၌ လျောင်းစေခဲ့ကြ၏။ ထို့ကြောင့် ခရစ်တော်သင်္ဂြိုဟ်ခြင်းခံရခြင်းလက်တွေ့ပုံသဏ္ဍာန်သည် ရေထဲသို့နှစ်ခြင်းပုံစံနှင့် လုံးဝတူညီမှုမရှိပါ။ "စိုက်ပျိုး" (အငယ် ၅) ဟူသောစကားလုံးသည် မြေကြီးထဲသို့ထည့်ခြင်းဖြင့် စိုက်ပျိုးသည်ကို မဆိုလိုပါ။ အမှန်မှာ စိုက်ပျိုး ဟူသောစကားလုံးသည် phuo ဖြစ်၍ အပင်စတင်ပေါက်လာခြင်းကိုဆိုလိုပါသည်။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာစတင်ပေါက်လာခြင်းသည် ကားတိုင်ပေါ်၌ ခရစ်တော်အသေခံခြင်းကို လက်ခံယုံကြည်ခြင်းမှစတင်ခဲ့ပါသည်။

ဗတ္တိဇံမင်္ဂလာသည် ကားတိုင်ပေါ်၌ခရစ်တော်ဆောင်ရွက်တော်မူသော ကိုယ်စားအသေခံခြင်းကို ကျွန်တော်တို့လက်ခံခြင်းအား တိုက်ရိုက်ပုံဆောင်ဖော်ပြခြင်းဖြစ်ပါသည်။ ကိုယ်စားအသေခံခြင်းအားဖြင့် အပြစ်လွတ်ခြင်း၊ သန့်ရှင်းဆေးကြောခြင်းခံရသည်ဖြစ်သောကြောင့် ဗတ္တိဇံမင်္ဂလာက "သန့်ရှင်းစေခြင်း" (သို့) "ဆေးကြောခြင်း" ကိုရည်ညွှန်းခြင်းဖြစ်သည် ဟူသော ခံယူချက်သည် သင့်တော်မှန်ကန်လှပါသည်။ ပေတရုက ပင်တေကုတ္တေနေ့တွင် "သင်တို့၏ အပြစ်ကို လွှတ်စေခြင်းငှါနောင်တရ၍တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကိုခံရကြလိမ့်မည်" (တမန် ၂း၃၈)ဟု ဆိုခဲ့ပါသည်။ ဗတ္တိဇံမင်္ဂလာက ခရစ်တော်၏ကိုယ်စားအသေခံခြင်းအားဖြင့် ဖြစ်သော အပြစ်ဖြေလွှတ်ခြင်းတရားကို ရည်ညွှန်းပါသည်။ ထိုကိုယ်စားအသေခံခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၌ အကျိုးရှိလာခြင်းဖြစ်ပါသည် (နှိုင်း တမန် ၂၂း၁၆၊ ၁ယော ၁း၇)။

**ဆင်ခြင်ရန်** - နှစ်ခြင်းဖြစ်ဖြစ်၊ ဖျန်းခြင်းဖြစ်ဖြစ်၊ Baptist (သို့) Presbyterian ဖြစ်ဖြစ် ဗတ္တိဇံမင်္ဂလာခံပုံ (သို့) ပေးပုံအကြောင်း၌ စိတ်ဝမ်းကွဲနေစရာမလိုပါ။ သခင်ခရစ်တော်၌ အပြန်အလှန်ချစ်ခြင်း၊ လေးစားမှုသည် အရေးကြီးပါ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏သမ္မာတရားနှင့်ကိုယ်တော်၏ လမ်းကိုအကျွန်ုပ်အား သင်ပေးတော်မူပါ။

တနင်္လာ၊ မေ (၂၅)

**ဆာလံ ၁၀၃း၁၇-၁၈**

သုတ္တံ ၂၂း၆

*“. . . သားစဉ်မြေးဆက်တို့သည် ဣသရေလတရားတော်နှင့် ဆိုင်ရကြ၏”*

## ကလေးသူငယ်ရေဗတ္တိဇံမင်္ဂလာခံစေခြင်း (၁)

သားသမီးတို့သည် ကျွန်ုပ်တို့အားပေးသနားတော်မူသော ဘုရားသခင်ထံမှ ဆုလာဒ်ဖြစ်ကြ၏ (ဆာလံ ၁၂၇း၃)။ သားသမီးတို့၏ ကာယဉာဏနှင့်ဝိညာဉ်ရေးရာကြီးထွားမှုတို့ကို ဘုရားသခင်စိတ်ဝင်စားတော်မူ၏။ ထိုသို့ဘုရားသခင်၏ဂရုစိုက်စိတ်ဝင်စားမှုရှိခြင်းတရားကို ကျေးဇူးတော်ပဋိညာဉ်၏လက္ခဏာတံဆိပ်ဖြစ်သော ရေဗတ္တိဇံမင်္ဂလာခံစေခြင်း၌ ကျွန်ုပ်တို့အား အောက်မေ့သတိရစေပါသည်။ ခရစ်ယာန်မိဘမှ မွေးဖွားလာသော သားသမီးတို့သည်လည်း ဤပဋိညာဉ်လက္ခဏာတံဆိပ်ကိုခံရကြပါမည်။ ခရစ်ယာန်မိဘတို့သည် မိမိသားသမီးတို့အား ဗတ္တိဇံမင်္ဂလာခံစေကြရပါမည်။ ဤအမှုကိုဘုရားသခင်နှစ်သက်တော်မူသည်ဖြစ်၍ မိဘနှင့်သားသမီးတို့အား ကောင်းကြီးခံစားစေတော်မူမည်။

ဘုရားသခင်၏ကျေးဇူးတော်ပဋိညာဉ်အကြောင်းကို မှန်ကန်စွာ သဘောပေါက်ဖို့လိုပါသည်။ ကျေးဇူးပဋိညာဉ်ကို နှစ်ပိုင်းပိုင်းထားပါသည်။ (၁) ဓမ္မဟောင်း နှင့် (၂) ဓမ္မသစ်ဟူ၍ဖြစ်ပါသည်။ ဤဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းပဋိညာဉ်၏ အဓိကပုဂ္ဂိုလ်မှာ ယေရှုခရစ်တော်ဖြစ်ပါသည်။ ဓမ္မဟောင်းခေတ်လူတို့သည် ကားတိုင်ကိုမျှော်ကြည့်ခြင်းဖြင့် ကယ်တင်ခြင်းခံရကြပြီး (ယောဟန် ၈း၅၆)၊ ဓမ္မသစ်ခေတ်လူတို့သည်ကားတိုင်ကို နောက်ပြန်လှည့်ကြည့်ခြင်းဖြင့် ကယ်တင်ခြင်းခံရကြ၏။ ဓမ္မဟောင်းခေတ်တွင် ဘုရားသခင်ထံဣသရေလလူမျိုးပြုသော သက်သေဝတ်မှာ ပသခါပွဲတော်နှင့်အရေဖျားလှီးခြင်းမင်္ဂလာတို့ဖြစ်ပါသည်။ ဓမ္မသစ်ခေတ်တွင် ဓမ္မဟောင်းကို စုံလင်ပြည့်စုံစေတော်မူသောသူသည် ခရစ်တော်ဖြစ်သောကြောင့် ထိုပသခါပွဲတော်နှင့် အရေဖျားလှီးခြင်းမင်္ဂလာတို့ကို ပွဲတော်မင်္ဂလာနှင့် ရေဗတ္တိဇံမင်္ဂလာတို့က အစားထိုးနေရာယူခဲ့ကြ၏ (လုကာ ၂၂း၁၄-၂၀၊ ကောလော ၂း၁၁-၁၂)။

ဓမ္မဟောင်းခေတ်အရေဖျားလှီးခြင်းနှင့် ဓမ္မသစ်ခေတ်ဗတ္တိဇံမင်္ဂလာသည် အလွန်ဆင်တူလျက်ရှိပါသည်။ ပေါလုက ကောလော ၂း၁၁-၁၂ ထဲတွင် ရေဗတ္တိဇံမင်္ဂလာကို “ခရစ်တော်၏အရေဖျားလှီးခြင်း” ဟုခေါ်ခဲ့ပါသည်။ ရေဗတ္တိဇံမင်္ဂလာသည် ခရစ်ယာန်အရေဖျားလှီးခြင်းမင်္ဂလာပေတည်း။ ယုဒလူတစ်ယောက်အရေဖျားလှီးခြင်းမင်္ဂလာခံယူခြင်းသည် ယေဟောဝါဘုရားအားမိမိယုံကြည်ကြောင်းနှင့် သူသည် ဣသရေလအမျိုးသားဖြစ်ကြောင်း ပြသခြင်းဖြစ်ပါသည်။ ယုံကြည်သူရေဗတ္တိဇံမင်္ဂလာခံသောအခါ သူသည် ခရစ်တော်ကို ယုံကြည်ကြောင်း အသင်းတော်၏အသင်းဝင် တစ်ဦးဖြစ်ကြောင်းပြသခြင်းဖြစ်ပါသည်။ ဓမ္မဟောင်းထဲတွင် ယောကျ်ားကလေးငယ်သည် ရှစ်ရက်ပြည့်သောအခါ အရေဖျားလှီးခြင်းကို ခံရကြ၏။ ထိုနည်းတူ ဓမ္မသစ်ခေတ်၌လည်း ကျွန်ုပ်တို့၏ကလေးငယ်များကို ရေဗတ္တိဇံမင်္ဂလာခံစေကြရပါသည်။ သူတို့သည်လည်း ဘုရားသခင်၏ ကျေးဇူးတော်ပဋိညာဉ်၏ကတိတော်ထဲ၌ ပါဝင်ကြပါသည်။

**ဆင်ခြင်ရန်** - ကလေးငယ်ရေဗတ္တိဇံမင်္ဂလာနှင့်စပ်လျဉ်း၍ သမ္မာကျမ်းစာ၏သွန်သင်ချက်အမှန်သည် (ရော်မန်ကာသိုလစ်သွန်သင်ချက်နှင့် ဆန့်ကျင့်လျက်) ဒုတိယမွေးခြင်းနှင့်ဆိုင်သော၊ ဒုတိယမွေးခြင်းကိုဖြစ်စေသောဗတ္တိဇံ (baptismal regeneration) မဟုတ်ပါ။ လူကြီးဖြစ်စေ၊ ကလေးဖြစ်စေ၊ ရေဗတ္တိဇံခံခြင်းက လူကိုမကယ်တင်ပါ။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်နှင့်ကိုယ်တော်၏ကယ်တင်ခြင်းတရားကို သိစေခြင်းငှါ အကျွန်ုပ်သားသမီးတို့အပေါ်၌ ကိုယ်တော်ဂရုစိုက်စိတ်ဝင်စားခြင်းရှိသည်ကို သိရသောကြောင့် အကျွန်ုပ်စိတ်နှလုံးခွန်အားရပါ၏။

**ကမ္ဘာ ၁၇း၇-၁၄**

တမန် ၂း၃၈-၃၉

*“ဂတိတော်သည်သင်တို့နှင့်၎င်း၊ သင်တို့၏သားသမီးတို့နှင့်၎င်း၊ . . . . ဆိုင်သည်ဟုဟော၏”*

## ကလေးသူငယ်ရေဗတ္တိဇံမင်္ဂလာစံစေခြင်း (၂)

ယုဒကလေးငယ်တို့သည် အဘယ်ကြောင့်အရေဖျားလှီးခြင်းခံကြသနည်း။ ခရစ်ယာန်မိဘမှမွေးဖွားလာသော ကလေးငယ်တို့သည် အဘယ်ကြောင့်ဗတ္တိဇံခံကြသနည်း။ အကြောင်းမှာ ဘုရားသခင်သည် မိသားစုကိုဂရုစိုက်စိတ်ဝင်စားသောကြောင့်ပေတည်း။ မိသားစုတစ်စု၌ ဘုရားသခင်က လူတစ်ဦးကိုကယ်တင်သောအခါ အခြားမိသားစုဝင်အပေါင်းလည်း ကယ်တင်ခြင်းငှါ ဆန္ဒရှိတော်မူ၏။ ဘုရားသခင်၏ပဋိညာဉ်ကတိတော်တို့သည် တစ်ဦးတစ်ယောက်ချင်းစီအတွက် သာမက၊ မိသားစုဝင်အပေါင်းအပေါ်၌လည်း ပေး၍သက်ဆိုင်တော်မူ၏ (ကမ္ဘာ ၁၇း၇-၁၄)။ ဤတရားသည် အလွန်အရေးကြီးလှပါသည်။

ဓမ္မဟောင်းထဲတွင် တစ်ဦးတစ်ယောက်ထဲသာမဟုတ်ဘဲ ဖျက်ဆီးခြင်းမှသူ၏မိသားစုဝင်အပေါင်းတို့ကို ဘုရားသခင်ကယ်တင်ခဲ့ကြောင်း သာဓကရှိပါသည်။ နောဧ (ကမ္ဘာ ၇း၁)၊ အာဗြဟံ (ကမ္ဘာ ၁၇း၁၂-၁၃၊ ၂၇) နှင့် လောတ (ကမ္ဘာ ၁၉း၁၆) တို့အမှု၌တွေ့ရသော မိသားစုကယ်တင်ခြင်းခံရခြင်း၊ ဓမ္မဟောင်းသွန်သင်ချက်ကိုဆင်ခြင်ကြပါစို့။ ဘုရားသခင်ကမိမိ၏ကယ်တင်ခြင်း (သို့) ကယ်နှုတ်ခြင်းအမှု၌သူတို့၏မိသားစုဝင်အပေါင်းကိုအကျုံးဝင်စေတော်မူ၏။

ထိုသို့သောမိသားစုလိုက်ကယ်တင်ခြင်းတရားကို ဓမ္မသစ်ကျမ်းထဲ၌လည်း တွေ့ရပါသည်။ ပေတရုနှင့်ပေါလုက သတင်းကောင်းဟောပြောသောအခါ တစ်ဦးတစ်ယောက်ချင်းအား ဖိတ်ခေါ်သည်သာမက သူတို့၏မိသားစုဝင်တို့ကိုလည်း ကယ်တင်ခြင်းခံရရန် ဖိတ်ခေါ်ခြင်းပြုကြပါသည် (တမန် ၂း၃၈-၃၉၊ ၁၆း၃၁)။ အောက်ပါမိသားစုကယ်တင်ခြင်းခံရခြင်းသာဓကများကို ဆင်ခြင်ကြည့်ကြပါစို့- (၁) ဗေသနိရွာမှ မာသ၊ မာရိနှင့်လာဇရု၊ (ယောဟန် ၁၁း၁)၊ (၂) ကောနေလိနှင့်သူ၏မိသားစု (တမန် ၁၀း၄၄-၄၈၊ ၁၁း၁၄-၁၆)၊ (၃) လုဒိနှင့်သူ၏မိသားစု (တမန် ၁၆း၁၄-၁၅)၊ (၄) ဖိလိပ္ပိမြို့သားထောင်မှူးနှင့်သူ၏မိသားစု (တမန် ၁၆း၃၁-၃၃)။

ကယ်တင်ခြင်းသည် အလိုအလျောက်ရရှိသောအရာ မဟုတ်ကြောင်းကိုတော့ သိထားဖို့လိုပါသည်။ မိသားစုဝင်မှတစ်ဦးကယ်တင်ခြင်းခံရသောအခါ ကျန်မိသားစုဝင်တို့သည်လည်း အလိုလိုကယ်တင်ခြင်းသို့ရောက်ကြသည်ဟု မဆိုလိုပါ။ အရွယ်ရောက်သောသူတိုင်းသည် ကယ်တင်ခြင်းအတွက် ခရစ်တော်ကိုဝန်ခံယုံကြည်ခြင်းရှိကြရပါမည်။ မိသားစုကယ်တင်ခြင်းအကြောင်း ကျွန်တော်တို့ပြောသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့၏မိသားစုဝင်တိုင်းအပေါ်၌ ကယ်တင်ခြင်းရောက်စေခြင်းငှါ စိတ်ဝင်စားခြင်းရှိ၍ အလွန်ဆန္ဒရှိကြောင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ မိသားစုဝင်တို့ထံ ကယ်တင်ခြင်းအကြောင်းကို ဝေငှခြင်းငှါ၎င်း၊ ခရစ်တော်၏အသက်တာနှင့်ညီသော အသက်တာကို မိသားစုတို့ထံပြခြင်းငှါ၎င်း၊ ကျွန်ုပ်တို့၌ တာဝန်ရှိပါသည်။ ထိုသို့ဖြင့်ဆုတောင်းခြင်းနှင့်တကွ ကျွန်ုပ်တို့၏တာဝန်ကို ကြိုးစားပြုကြသောအခါ ဘုရားသခင်သည်လည်း သူတို့အား မိမိ၏ကယ်တင်ခြင်းနှင့်ဆိုင်သော အသိဉာဏ်ကိုပေးခြင်းငှါ ကယ်တင်ခြင်းငှါ သစ္စာရှိတော်မူ၏။

**ဆင်ခြင်ရန်** - “ကလေးငယ်ဘဝ၌ဗတ္တိဇံခံသောသူတို့သည် ဘုရားသခင်ကမိမိအချိန်၌ ကလေးဘဝ၌၎င်း၊ ဆယ်ကျော်သက်အရွယ်၌၎င်း (သို့) အသက်ကြီးသောအခါ၌၎င်း ကယ်တင်တော်မူတတ်၏” (Calvin)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်နှင့်အကျွန်ုပ်သားသမီးအပေါ် ထားရှိသော ကိုယ်တော်၏ပဋိညာဉ်ကတိတော်တို့ကြောင့် ကျေးဇူးတင်ပါ၏။

*"ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကိုအောက်မေ့လော့"*

# ဥပုသ်နေ့စောင့်ခြင်း (၁)

ဥပုသ်နေ့ကိုစောင့်ခြင်းပညတ်ချက်သည် ကောင်းမြတ်တော်မူသော ဘုရားသခင်ထံမှ မိန့်တော်မူချက်ဖြစ်၍ ကောင်းသောပညတ်တရားဖြစ်ပါသည်။ ဘုရားသခင်က လူသားအား တစ်ပတ်တွင် တစ်ရက်ကိုခန္ဓာကိုယ်အနားယူခြင်းနှင့်ဝိညာဉ်ရေးရာအားဖြည့်ခြင်းအတွက် အသုံးပြုရန် သတ်မှတ်ပေးတော်မူ၏။ ကျွန်တော်တို့သည် တနင်္ဂနွေနေ့၊ ဘုရားသခင်ဝတ်ပြုခြင်းပြုသောအခါ၊ လာမည့်တပတ်တာအတွက် လိုအပ်သောခန္ဓာကိုယ်စိတ်ဝိညာဉ်ခွန်အားကို သင်တို့ရရှိကြသည် မဟုတ်လော။ ဥပုသ်နေ့သည် ဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ၊ နှစ်သက်စရာနေ့ဖြစ်ရပါမည်။ အနားယူရသောနေ့မဟုတ်ဘဲ၊ သန့်ရှင်းသောနေ့ဖြစ်ပါသည် (ဟေရှာ ၅၈း၁၃-၁၄)။

ယနေ့ခေတ်တွင် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအောက်မေ့သတိရခြင်းအားဖြင့် ဘုရားသခင်၏နေ့ဖြစ်သော (ဗျာ ၁း၁၀၊ တမန် ၂၀း၇၊ ၁ ကော ၁၆း၂)။ တနင်္ဂနွေနေ့ကို ဥပုသ်နေ့အဖြစ် သတ်မှတ်၍ ထိုနေ့၌ကျွန်တော်တို့သည် ဝတ်ပြုကိုးကွယ်ခြင်း၊ မိဿဟာယဖွဲ့ခြင်း၊ ကျမ်းစာလေ့လာသင်ကြားခြင်းနှင့် ဧဝံဂေလိတရားဟောခြင်းအတွက် အသုံးပြုကြပါသည်။

ဥပုသ်နေ့ကိုစောင့်သောအခါ ကျွန်တော်တို့သည် ဖာရိရှဲတို့၏စိတ်သဘောကျင့်စဉ်အတိုင်း မစောင့်ကြပါ။ မာကု ၂း၂၃-၂၄ ထဲတွင် ဖာရိရှဲတို့က ယေရှုနှင့်တပည့်တော်တို့အား ဥပုသ်နေ့ကို ဖောက်ဖျက်ကျူးလွန်ကြသည်ဟု စွပ်စွဲခဲ့ကြ၏။ ဖာရိရှဲတို့အမြင်၌ တပည့်တော်တို့သည် စပါးအသီးအနှံကို ခူး၍လက်ဖြင့်ပွတ်ကြသည်ကို ဥပုသ်နေ့၌မပြုအပ်သောအရာပြုသည်၊ ဥပုသ်နေ့ ပညတ်တရားလွန်ကျူးသည်ဟု သတ်မှတ်ကြပါသည်။ သူတို့၏ကျမ်းပြင်ပ ပညတ်ချက်၌ ဥပုသ်နေ့တွင်မပြုအပ်သော တားမြစ်ထားသောအလုပ်ကို ဤသို့ဖော်ပြထားပါသည်- "လေးဆယ်တွင် တစ်ချက်လျော့သောအဓိကအလုပ်များဟူမူကား၊ မျိုးကြဲခြင်း၊ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်း၊ ကောက်လှိုင်းစည်းခြင်း၊ စပါးနယ်ခြင်း၊ စပါးသန့်စင်ခြင်း၊ အသီးအနှံကောက်ခြင်း၊ ထောင်းခြင်း၊ ဆန်ပျာခြင်း၊ မုန့်နယ်ခြင်း၊ မုန့်ဖုတ်ခြင်း၊ သိုးမွေးရိတ်ခြင်း၊ လျှော်ခြင်း (သို့) ရိုက်ခြင်း (သို့) ဆေးဆိုးခြင်း၊ ချည်ငင်ခြင်း၊ ယက်ကန်းယက်ခြင်း၊ ချည်ဆက်ခြင်း၊ ချည်လွန်းတင်ခြင်း၊ ချည်ခွာခြင်း၊ ကြိုးချည်ခြင်း၊ ကြိုးပြေတ်ခြင်း၊ အပ်ချည်နှစ်ချက်ချုပ်ခြင်း၊ ချုပ်ခြင်းငှါ စုတ်ပြဲခြင်း၊ တောလိုက်ခြင်း၊ တိရစ္ဆာန်သတ်ခြင်း (သို့) အရည်ခွံခွာခြင်း (သို့)ဆားဖြင့်နယ်ခြင်း (သို့) အရေပြားလှန်းခြင်း၊ ဆွဲခြင်း (သို့) ဖြတ်ခြင်း၊ စာလုံးနှစ်လုံးရေးခြင်း၊ စာလုံးနှစ်လုံးရေးခြင်းငှါဖျက်ခြင်း၊ အိမ်ဆောက်ခြင်း၊ ဖျက်ခြင်း၊ မီးငြိမ်းခြင်း၊ မီးမွှေးခြင်း၊ တူဖြင့်ထုခြင်းနှင့် ပစ္စည်းတစ်နေရာမှတစ်နေရာသို့ရွှေ့ခြင်းတို့ဖြစ်ပါသည်။ ဤသည်ကား လေးဆယ်မှာ တစ်ခုလျော့သောအဓိကအလုပ်များဖြစ်ကြပါသည်" (Mishnah, Shabbath 7:2)။ တပည့်တော်တို့သည် ထိုတားမြစ်ချက်အမှု ၃၉ ထဲမှ နံပါတ် ၃ နှင့် ၅ ကိုပြုကြသည်ဟု မှတ်ယူကြပါသည်။ ယေရှုသည်လည်း မိမိ၏ဆာလောင်နေသော တပည့်တော်တို့ကို မတားဖြစ်သောကြောင့် အပြစ်တင်ခြင်းမှမလွတ်ပါ။ ယေရှုကအမှားကျူးလွန်ပါသလား။

ယေရှုနှင့်တပည့်တော်တို့သည် ဥပုသ်နေ့ပညတ်ချက်တရားကို မကျူးလွန်ကြပါ။ သူတို့ကျူးလွန်သောအရာသည်ကား ဖာရိရှဲတို့၏ မိုက်မဲသောဥပဒေသ၊ လူပြုသောပညတ်ချက်၊ သမ္မာကျမ်းစာပြင်ပဥပဒေသပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ထာဝရဘုရားသည် ကျွန်ကိုအုပ်ထိန်းသူမဟုတ်ဘဲ၊ ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသောသခင်ဖြစ်တော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဥပုသ်နေ့နှင့်ဆိုင်သော ကိုယ်တော်၏မြတ်သောပညတ်ချက်ကြောင့်ကျေးဇူးတင်ပါ၏။

ကြာသပတေး၊ မေ (၂၈)

**မာကု ၂း၂၃-၂၈**

၁ ရာ ၂၁း၁-၆

*"လူသားသည်ဥပုသ်နေ့ကိုပင် အစိုးရသည်ဟု မိန့်တော်မူ၏"*

# ဥပုသ်နေ့စောင့်ခြင်း (၂)

မာကု ၂း၂၅-၂၈ ထဲတွင် ယေရှုက ဖာရိရှဲတို့၏စွပ်စွဲမှုကို ယဇ်ပုရောဟိတ်တို့သာလျှင် စားခွင့်ရှိသော မုန့်ကိုစားခဲ့သော ဒါဝိတ်ပုံဥပမာကို ထောက်လျက် ပြန်လည်ချေပခဲ့ပါသည်။ ဒါဝိတ်သည် ဆာလောင်မွတ်သိပ်လျက်ရှိပြီး၊ ပညတ်တရားကိုသိသော ယဇ်ပုရောဟိတ် အာမလက်က ဒါဝိတ်နှင့်လူတို့ကို စားသုံးခွင့်ပြုခဲ့၏ (၁ ရာ ၂၁း၁-၆၊ နှိုင်း ဝတ် ၂၄း၉)။ အဘိမလက်သည် ဝတ် ၂၄း၉ မှဝတ်ပြုခြင်းနှင့်ဆိုင်သော ဥပဒေသကို "ချိုးဖောက်" ခဲ့သော်လည်း အပြစ်တင်ခွင့်နှင့်လွတ်ခဲ့ပါသည်။ ထိုနည်းတူ တားမြစ်သောမုန့်ကိုစားခြင်းဖြင့် ဒါဝိတ်သည်လည်း ထိုဥပဒေသကို "ချိုးဖောက်" သော်လည်း အပြစ်ကင်းလျက်ရှိခဲ့၏။ အဘိမလက်နှင့်ဒါဝိတ်တို့သည် အပြစ်မရှိလျှင် ယေရှုသည်မည်သို့အပြစ်ရှိနိုင်ပါမည်နည်း။ ထို့ပြင် ယေရှုကိုယ်တိုင်သည် ဥပုသ်နေ့၏သခင်ဖြစ်တော်မူ၏။ မဖြစ်မနေလိုအပ်မှုတရားက ထုံးတမ်းစဉ်လာတရားကို လွှမ်းမိုး၏။ ဤအမှု၌လည်း ယေရှုသည် ဘုရားသခင်၏ပညတ်တရားကို မချိုးဖောက်ပါ။ လူတို့ချမှတ်သော ထုံးတမ်းစဉ်လာဖြစ်ပါသည်။ ဖာရိရှဲတို့၏ စွပ်စွဲချက်သည် အရာမရောက်ခဲ့ပါ။ ယေရှုသည် ပညတ်တရားကိုမချိုးဖောက်ဘဲ စုံလင်စွာစောင့်တော်မူခဲ့၏။

ယေရှုက ဥပုသ်နေ့စောင့်ခြင်းအမှုနှင့်ပတ်သက်၍ အလွန်အံ့သြစရာကောင်းသောတရားကို ဤသို့ဖော်ပြခဲ့ပါသည်။ "ဥပုသ်နေ့သည် လူ့အဘို့ဖြစ်၏၊ လူသည် ဥပုသ်နေ့အဘို့ဖြစ်သည်မဟုတ်" (မာကု ၂း၂၇) ဟုမိန့်တော်မူ၏။ ဥပုသ်နေ့သည် ဝန်ထုပ်ဝန်ပိုးအဖြစ် သတ်မှတ်ထားခြင်းမဟုတ်ဘဲ လူ့အကျိုးအတွက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဥပုသ်နေ့စောင့်ခြင်းအမှုဖြင့် သူတပါးအပေါ် စွပ်စွဲချက်တင်ခြင်းသည် လူသားအတွက် ဘုရားသခင်သတ်မှတ်ထားသော ဥပုသ်နေ့ဝတ္တရားနှင့်ဆန့်ကျင်မှုရှိကြ၏ (နှိုင်း လုကာ ၁၁း၄၆)။

သန့်ရှင်းစင်ကြယ်ခြင်းတရားကို အလွန်အကျွံစွဲကိုင်သော ဖူရီတန် (Puritans) တို့သည် ဥပဒေစွဲဖြစ်လာခဲ့ကြ၏။ ပညတ်တရား၏အကျိုးကို မေ့လျက် ပညတ်တရား၏စကားလုံးအချက်ကို မလိုအပ်ဘဲ အရေးကြီးစေတတ်ကြ၏။ Calvin က ဤသို့မှန်ကန်စွာဆိုခဲ့ပါသည်- "ဆိုလိုသည်မှာ လူသားအတွက် ဘုရားသခင်သတ်မှတ်သော ဥပုသ်နေ့သည် လူသားဖျက်ဆီးသောအရာအဖြစ်သို့ ပြောင်းလဲခြင်းသည်မှားပါသည်။ ဖာရိရှဲတို့က ခရစ်တော်တပည့်တော်တို့၏အမှုတော်မြတ်၌ ကြိုးစားမှု၊ ခရီးသွားခြင်း၌ ဆာလောင်မွတ်သိတ်မှုတို့ကို သိမြင်ကြသော်လည်း စပါးနှံအနည်းစားခြင်းဖြင့် ဆာလောင်သောသူတို့၏ခန္ဓာကိုယ်ကို အားဖြည့်ကြသောအခါ ဒေါသထွက်ခဲ့ကြ၏။ လူ့အကျိုးအတွက် ဘုရားသခင်ရည်ရွယ်ထားသောအရာကို လူ့အကျိုးဖျက်ဆီးသောအရာဖြစ်စေခြင်းသည် ဘုရားသခင်လိုလားသောအရာဖြစ်ပါမည်လော" (New Translation, Harmony, ၂း၃၀)။ အလွန်တရားရှိသောဉာဏ်ပါတကား။

**ဆင်ခြင်ရန်** - ဥပုသ်နေ့သည် ဝတ်ပြုကိုးကွယ်ရာနေ့ဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နေ့၌ကိုယ်တော်၏အိမ်တော်တွင် အစဉ်အမြဲရှိနေလိုပါ၏။

သောကြာ၊ မေ (၂၉)

**တရား ၅း၁၂-၁၅**

ယောဟန် ၄း၂၁-၂၄

*"ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကို နံဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရမည်"*

## ဥပုသ်နေ့စောင့်ခြင်း (၃)

ခရစ်ယာန်ဥပုသ်နေ့ဖြစ်သော၊ ဘုရားသခင်၏နေ့မြတ်ကို မည်သို့ကျွန်တော်တို့သန့်ရှင်းစွာစောင့်ကြပါသနည်း။ Westminsterr Larger Catechism မှ သွန်သင်ချက်တို့ကို ကြည့်ကြပါစို့-

မေးခွန်း-၁၁၆၊ စတုတ္ထမြောက်ပညတ်ချက်၌ လိုက်လျှောက်ရမည့်အရာက အဘယ်နည်း။

အဖြေ - စတုတ္ထမြောက်ပညတ်ချက်က ခုနစ်ရက်တွင်တစ်ရက်ကို ဘုရားသခင်က မိမိနှုတ်ကပတ်တော်ထဲ၌ ချမှတ်ထားသည်အတိုင်း သန့်ရှင်းစွာစောင့်ကြခြင်းငှါ လူအပေါင်းကို တိုက်တွန်းထားပါသည်။ ထိုနေ့သည် ကမ္ဘာဦးအစမှ ခရစ်တော်ပြန်လည်ရှင်ပြန်ထမြောက်ခြင်းအချိန်ထိ ခုနစ်ရက်မြောက်ဖြစ်ခဲ့ပြီး၊ ထို့နောက်တွင် သတင်းပတ်တစ်ပတ်၏ပထမနေ့၊ သခင်ယေရှုရှင်ပြန်ထမြောက်ရာနေ့ဖြစ်၍ ကမ္ဘာဆုံးတိုင်အောင် ထိုသို့ဖြစ်ပါမည်။ ထိုနေ့သည် ခရစ်ယာန်ဥပုသ်နေ့ဖြစ်၍၊ ဓမ္မသစ်ထဲတွင် ဘုရားသခင်၏နေ့ဟု ဖော်ပြထားပါသည်။

မေးခွန်း ၁၁၇၊ ဥပုသ်နေ့ (သို့) ဘုရားသခင်၏နေ့မြတ်ကို မည်သို့သန့်ရှင်းစေရပါမည်နည်း။

အဖြေ - ဥပုသ်နေ့ (သို့) ဘုရားသခင်၏နေ့ကို တစ်နေ့လုံးသန့်ရှင်းသောအမှုပြုခြင်း အားဖြင့်သန့်ရှင်းစေရပါမည်။ မကောင်းသောအမှုနှင့်အလုပ်များမလုပ်ခြင်းသာမက၊ အခြားနေ့၌ ခွင့်ပြုထားသောအမှု၊ အနားယူအပန်းဖြေခြင်းစသည်တို့ကိုလည်း မပြုရပါ။ (မဖြစ်မနေလိုအပ်သောအမှုနှင့် ဂရုဏာတော်အမှုမှတပါး) ကျွန်တော်တို့သည် ဘုရားသခင်ဝတ်ပြုခြင်းကို တစ်ကိုယ်တည်းဖြစ်စေ၊ အခြားလူထုနှင့်အတူဖြစ်စေ၊ ပြုလုပ်၍ထိုအမှုအားဖြင့်တစ်နေ့တာ ကုန်ဆုံးစေကြရပါမည်။ ထိုအမှုအတွက် ကျွန်ုပ်တို့၏ပုံမှန်အလုပ်နှင့်တာဝန်တို့ကို ဘေးဖယ်ထားလျက် မိမိတို့၏စိတ်နှလုံး၊ ဝတ်စားဆင်ယင်မှုနှင့်အပြောအဆိုတို့ကို ပြင်ဆင်၍အဆင်သင့်ရှိရပါမည်။

(ခရစ်ယာန်ဖြစ်သော ကျွန်တော်တို့သည် ဘုရားသခင်၏နေ့၌ အဖြစ်မနေလိုအပ်သောအလုပ်အကိုင်ဖြစ်သော၊ ဆရာဝန်၊ သူနာပြု၊ ပုလိပ်၊မီးသတ်သမား၊ စစ်သားစသည်တို့မှအပ အလုပ်မလုပ်သင့်ပေ။ သားဖွားမီးယပ်ဆရာဝန်က မိမိလူနာအား "ဥပုသ်နေ့၌ သင်ဗိုက်မနာပါနှင့်" ဟုပြော၍မရပါ)။

**ဆင်ခြင်ရန်** - အချို့နိုင်ငံတွင် သူတို့၏ဥပုသ်နေ့သည် သောကြာနေ့ဖြစ်၏။ သောကြာနေ့၌ မိမိလူတို့က ဝတ်ပြုကိုးကွယ်ခြင်းပြုသောအခါ ဘုရားသခင်အမျက်ထွက်ပါမည်လော။

**ဆုတောင်းချက်** - ထာဝရဘုရား၊ နေ့တိုင်းဝတ်ပြုကိုးကွယ်ခြင်းစိတ်သဘောထားကို အကျွန်ုပ်အားပေးသနားတော်မူပါ။

# ဥပုသ်နေ့စောင့်ခြင်း (၄)

မေးခွန်း - ၁၁၈၊ အဘယ်ကြောင့် ဥပုသ်နေ့စောင့်ခြင်းတာဝန်ဝတ္တရားကို မိသားစု၌ အုပ်ထိန်းသူတို့နှင့် အခြားအကြီးအကဲတို့အား အထူးပေးအပ်ခြင်းခံရကြပါသနည်း။

အဖြေ - မိဘအုပ်ထိန်းသူနှင့် အခြားအကြီးအကဲတို့ထံ ဥပုသ်နေ့စောင့်ခြင်းဝတ္တရားကို အထူးပေးအပ်ခြင်းခံရခြင်းမှာ သူတို့ကိုယ်တိုင်ဥပုသ်နေ့စောင့်ရမည်သာမက၊ သူတို့ထိန်းကျောင်းမှုအောက်၌ရှိသောသူအပေါင်းတို့အား ဥပုသ်နေ့စောင့်စေခြင်းငှါ သူတို့၌ တာဝန်ရှိ၏။ ထို့ပြင်ဥပုသ်နေ့စောင့်ခြင်းအမှုကို သူတို့ကိုယ်ကျိုးအလုပ်လုပ်စေခြင်းဖြင့် ဆီးတားနိုင်သောကြောင့်ဖြစ်ပါသည်။

မေးခွန်း - ၁၁၉၊ စတုတ္ထပညတ်ချက်၌ တားမြစ်ထားသောအပြစ်များကား အဘယ်နည်း။

အဖြေ - စတုတ္ထပညတ်ချက်တွင် တားမြစ်ထားသော အပြစ်များဟူမူကား တာဝန်ဝတ္တရားမကျေပွန်မှု၊ လျစ်လျူရှုမှု၊ ကြိုးစားအားထုတ်မှုမရှိခြင်း၊အကျိုးမဲ့ဆောင်ရွက်ခြင်း၊ ညည်းတွား ငြီးငွေ့ခြင်း၊ ပျင်းရိခြင်းကြောင့်၎င်း၊ အပြစ်ပြုခြင်းအားဖြင့်၎င်း ထိုနေ့ရက်ကို ညစ်ညူးစေခြင်း၊ လောကီဆန်သောအလုပ်နှင့်အပန်းဖြေခြင်း၊ မလိုအပ်သောအပြုအမူ၊ စကားလုံးနှင့်စိတ်အတွေးတို့ဖြစ်ကြပါသည်။ Westminster ကျမ်းတတ်ပုဂ္ဂိုလ်များက ဥပုသ်နေ့ပညတ်ချက်များ ရှင်းပြရာတွင် ပြုရမည့်အမှုနှင့် မပြုရမည့်အမှုတို့ကို တိကျစွာမဖော်ပြကြသည်မှာ စိတ်ဝင်စားစရာကောင်းလှပါသည်။ သို့သော်လည်း ကျွန်တော်တို့သည် ဥပုသ်နေ့ကို သန့်ရှင်းစွာ စောင့်နိုင်မည်အကြောင်း သမ္မာကျမ်းစာမှ လိုက်နာရမည့်အချက်အချို့ကို ဖော်ပြထားပါသည်-

(၁) ဘုရားသခင်ကို ပထမနေရာ၌ထားပါ (ဟေရှာ ၅၈း၁၃၊ မသဲ ၆း၃၃)။ "ဝတ်ပြုကိုးကွယ်ခြင်းသည် မြတ်သောအရာမှန်သမျှ၏ မိခင်ဖြစ်ပါသည်"။

(၂) ဥပုသ်နေ့သည် လူသားအကျိုးအတွက်ဖြစ်၏ (မာကု ၂း၂၇)။ ဥပုသ်နေ့၌ ခွင့်ပြုသောအလုပ်များမှာ - မဖြစ်မနေလုပ်ရမည့်အလုပ်၊ ဂရုဏာတော်အလုပ်နှင့် ဘုရားသခင်၏အမှုတော်များဖြစ်ပါသည်။

(၃) ခရစ်တော်လွတ်လပ်မှုနှင့်သူတပါးအပေါ် စီရင်ခြင်းမပြုခြင်းတို့ဖြစ်ပါသည် (ရောမ ၁၄း၄-၈၊ ယောဟန် ၄း၂၀-၂၄)။ ဥပုသ်နေ့သန့်ရှင်းစေခြင်းဟူသော စိတ်သဘောသည် ကျွန်တော်တို့မွေးမြူပျိုးထောင်ရမည့်သဘောထားဖြစ်ပါသည်။ ပြုသမျှသောအမှု၌ ဘုရားသခင်နှစ်သက်တော်မူသောအမှုဖြစ်စေလိုသော ဆန္ဒရှိလော၊ ဘုရားသခင်၏နေ့မြတ်၌၎င်း၊ နေ့တိုင်းကိုယ်တော်အဖို့ ကောင်းသော သက်သေဖြစ်ခြင်းငှါ ကြိုးစားအားထုတ်ပါလော့။

**ဆင်ခြင်ရန်** - "ဥပုသ်နေ့သည် ပျင်းရိခြင်းနေ့ရက်အဖြစ် ပြဌာန်းခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏အမှုတော်အတွက် မိမိတို့၏အစွမ်းသတ္တိစုစည်းခြင်းနှင့် ထိုအမှုကိုသာ အာရုံစိုက်တွေးတောရာမြို့ပင်ဖြစ်ပါသည်" (Calvin)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဥပုသ်နေ့၌ ကိုယ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်အစွမ်းရှိသမျှဖြင့် ဝတ်ပြုကိုးကွယ်၍ ကိုယ်တော်၏အမှုတော်ကို ထမ်းရွက်လိုပါ၏။

တနင်္ဂနွေ၊ မေ (၃၁)
**ဝတ် ၁၀း၁-၂**
၁ ကော ၁၄း၃၃၊၄၀

*"ခပ်သိမ်းသောအမှုကို တင့်တယ်လျောက်ပတ်စွာအစဉ်အတိုင်းစီရင်ကြလော့"*

## လိုက်လျှောက်ရမည့်ဝတ်ပြုခြင်းနိယာမ

ဘုရားသခင်၏အိမ်တော်၌ ဝတ်ပြုကိုးကွယ်ခြင်းအမှုကို ဘုရားသခင်၏နည်းလမ်းအတိုင်း ပြုရပါမည်။ "လက်ခံနှစ်သက်တော်မူဖွယ်ဖြစ်သော စစ်မှန်သည့် ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်းကို ဘုရားသခင်ကိုယ်တိုင်က ပြဋ္ဌာန်းတော်မူ၍၊ မိမိ၏အလိုဆန္ဒဘောင်အတွင်း၌သာ ပြုရပါမည်။ သို့မှသာ သမ္မာကျမ်းစာ၌ မဖော်ပြထားသော စာတန်၏အကြံပေးမှုများ၊ လူ၏အတွေးအခေါ်နှင့် တီထွင်ခြင်းနည်းလမ်းအတိုင်း ဘုရားသခင်ကို မကိုးကွယ်ဘဲနေနိုင်မည်ဖြစ်ပါသည် (WCF 21.1)။

ဘုရားသခင်က မိမိအားမိမိ၏နည်းလမ်းအတိုင်း ဝတ်ပြုကိုးကွယ်ခြင်းငှါ အလိုရှိတော်မူ၏။ ဘုရားသခင်၏နည်းလမ်းအတိုင်း မပြုသောအဘယ်ကိုးကွယ်ခြင်းကိုမဆို လက်ခံတော်မမူပါ။ ဥပမာအားဖြင့် နာဒပ်နှင့်အဘိဟုတို့သည် "ထာဝရဘုရားမှာထားတော်မူသော မီးမဟုတ်၊ ထူးခြားသောမီးကို ရှေ့တော်၌ပူဇော်" ကြသောကြောင့် (ဝတ် ၁၀း၁) ဘုရားသခင်က ဒဏ်ခတ်တော်မူခဲ့၏။ ကျွန်ုပ်တို့၏အလိုဆန္ဒနှင့်နည်းလမ်းအတိုင်း ဝတ်ပြုကိုးကွယ်ခြင်းငှါ ဘုရားသခင်ခွင့်ပြုတော်မမူ။ သမ္မာကျမ်းစာထဲ၌ မိမိဖော်ပြထားသော နည်းလမ်းအတိုင်းသာ ဝတ်ပြုကိုးကွယ်ခြင်းငှါ ဘုရားသခင်အလိုရှိတော်မူ၏။

လိုက်လျှောက်ရမည့်စည်းကမ်းဥပဒေသတွင် ခရစ်ယာန်ယုံကြည်ခြင်းအဓိကနှစ်ချက်ပါဝင်ပါသည်။ ပထမအချက်သည် ဘုရားသခင်၏ဇာတိသဘောသဘာဝဖြစ်၏။ ၁ ကော ၁၄း၃၃ နှင့် ၄၀ တွင် ကျွန်တော်တို့ကိုးကွယ်သော ဘုရားသခင်သည် ရုန်းရင်းခတ်သောအမှုကိုပြုသောသူ မဟုတ်ဘဲ၊ တင့်တယ်လျောက်ပတ်စွာအစဉ်အတိုင်းပြုတော်မူသော ဘုရားဖြစ်ကြောင်း ဖော်ပြထားပါသည်။ အထိန်းအချုပ်မဲ့၊ ရုန်းရင်းခတ်သော ဝတ်ပြုကိုးကွယ်ခြင်းမျိုးကို ဘုရားသခင်နှစ်သက်တော်မမူပေ။ ဝိညာဉ်ရေးရာရင့်ကျက်မှုသည် အလွန်အရေးကြီးသောအချက်ဖြစ်ပါသည်။ ဝိညာဉ်အမှုကို အစဉ်တွေးတောသောသူဖြစ်လျှင် ဘုရားသခင်၏သန့်ရှင်းခြင်းကို ကျွန်တော်တို့အထူးသတိပြုရမည်ဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်းတို့သည် အဓိကကျသည်မဟုတ်ဘဲ၊ ဝိညာဉ်နှင့်ဆိုင်သော စိတ်သဘောထားရှိခြင်းက အဓိကကျ၏။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် သမ္မာကျမ်းစာအတိုင်း ဘုရားသခင်နှင့်ညီညွတ်မှုရှိလျှင် ပြုရမည့်အမှု၊ မပြုရမည့်အမှုဟူ၍ စာရင်းမှတ်စရာမလိုဘဲ၊ ဘုရားသခင်ဖြစ်စေလိုသော၊ ပြုစေလိုသောအမှုကို ကျွန်တော်တို့အလိုအလျောက်သိကြရမည်ဖြစ်၏။ ဘုရားသခင်နှစ်သက်သောအရာကို ကျွန်တော်တို့အလိုလိုနှစ်သက်မည်ဖြစ်ပါသည်။ ကော ၂း၁၅-၁၆ ကိုဖတ်ပါ။

လိုက်လျှောက်ရမည့်နည်းဥပဒေသတွင် အသီးအခြားနေခြင်းတရားပါဝင်၏။ ဤအချက်ကို ရောမ ၁၂း၁-၂ ထဲတွင် သွန်သင်ထားပါသည်။ အသင်းတော်သည် ဤလောက၌ တည်ရှိသော်လည်း ဤလောက၏ အပိုင်မဟုတ်ပါ။ ဝတ်ပြုကိုးကွယ်ခြင်း၌ ဤသွန်သင်ချက်တရားကို သတိပြုကြရပါမည်။

**ဆင်ခြင်ရန်** - ခေတ်သစ်ခရစ်ယာန်တေးဂီတကို လက်မခံပါနှင့်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်လက်ခံနှစ်သက်တော်မူသော၊ ဝိညာဉ်သဘောဆောင်သောဝတ်ပြုကိုးကွယ်ခြင်း အစဉ်ပြုမည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဇွန် (၁)
**၂ ပေ ၁း၁**
တမန် ၁၅း၇-၂၀

*"ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို. . . သူတို့အားပေးသဖြင့်. . ယုံကြည်ခြင်းအားဖြင့်လည်း သူတို့၏စိတ်နှလုံးကိုစင်ကြယ်စေ၍. . . "*

# မြတ်စွာသောယုံကြည်ခြင်း

စာရေးသူ "ရှိမုန်ပေတရု" က ဤဩဝါဒစာကို မိမိကိုယ်ကို "ယေရှုခရစ်တော်၏ကျွန်တမန်တော်" (၂ ပေ ၁း၁) ဟုဖော်ပြ၍ စတင်ခဲ့ပါသည်။ သူ့နာမည်ဟောင်းဖြစ်သော "ရှိမုန်" သည် ဂါလိလဲမှ သူ၏တံငါသည်ဘဝကို ပြန်မြင်ယောင်စေပါသည်။ ယေရှုပေးတော်မူသော နာမည်ဖြစ်သော "ပေတရု" က ကယ်တင်ရှင်ယေရှုနှင့်ဆုံတွေ့ပြီးနောက် ပြောင်းလဲသောအသက်တာကို ဖော်ပြလျက်ရှိပါသည်။ သသည် ခရစ်တော်၏ "ကျွန်" နှင့် "တမန်တော်" ဟူသောမိမိ၏ဘဝသစ်အခေါ် အဝေါ် ကိုလည်း နှစ်သက်ခဲ့ပါသည်။ ခရစ်တော်၌တည်သော သင်၏အသက်တာသစ်၌ သင်ပျော်ရွှင်ခြင်းရှိပါသလား။ သခင်ယေရှုခရစ်တော်နှင့် သင်၏ဆက်နွယ်မှုအကြောင်းကို သူတပါးထံသင် သက်သေခံပါသလား။

ပေတရုနှင့်အခြားတမန်တော်တို့သည် ခရစ်တော်နှင့်အတူ နေထိုင်သွားလာခဲ့ကြသောကြောင့် အတွေ့အကြုံများစွာ ရှိခဲ့ကြ၏။ ခရစ်တော်နှင့်အတူ ထိုင်စကားပြောကြပြီး၊ အတူတူ ထမင်းစားခဲ့ကြ၏။ အံ့ဖွယ်နိမိတ်လက္ခဏာအားဖြင့် ခရစ်တော်၏တန်ခိုးတော်နှင့် ဘုန်းတော်ကို မြည်းစမ်းခဲ့ကြပါသည်။ သူတို့သည် အသင်းတော်၏အုတ်မြစ်ကိုချကြခြင်းငှါ သခင်ယေရှု၏
အထူးသင်ကြားပေးခြင်းနှင့် ပြင်ဆင်ခြင်းကိုခံခဲ့ကြ၏ (ဧဖက် ၂း၂၀)။ သို့သော်လည်း ပေတရုက ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို တမန်တော်တို့၏ယုံကြည်ခြင်းနှင့်အတူတူဖြစ်သည်ဟုဆိုခဲ့ပါသည်။ ထို့ကြောင့် ဤဩဝါဒစာလက်ခံသောသူတို့အား "ငါတို့ယုံကြည်သည်နည်းတူ၊ မြတ်စွာသော ယုံကြည်ခြင်းကိုရသောသူတို့" (၂ ပေ ၁း၁) ဟုဖော်ပြခဲ့ပါသည်။

ကျွန်တော်တို့သည် တမန်တော်အရာ၌ ခန့်အပ်ခြင်းမခံရဘဲ တန်ခိုးနိမိတ်ပြနိုင်သောအစွမ်းနှင့် တမန်တော်တို့ကြုံတွေ့ရသော အတွေ့အကြုံမခံရသော်လည်း ကျွန်တော်တို့၏ယုံကြည်ခြင်းနှင့် ဝိညာဉ်ရေးရာအခြေအနေသည် တမန်တော်တို့နှင့်ပထမရာစု ခရစ်ယာန်တို့၏ယုံကြည်ခြင်းထက်အဆင့်မနိမ့်ခဲ့ပါ။ "ငါတို့ယုံကြည်ခြင်းနည်းတူ မြတ်စွာသောယုံကြည်ခြင်းကို ရသောသူတို့" ဟု ဆိုရာတွင် ထိုအချက်ကိုဆိုလိုခြင်းဖြစ်ပါသည်။ တမန်တော်တို့ပနှင့် ကနဦးခရစ်ယာန်များနည်းတူ ကျွန်တော်တို့ယုံကြည်ခြင်းရှိလျှင် သူတို့ထံခရစ်ယာန်ပေးအပ်သော သွန်သင်ချက်တို့ကို ကျွန်တော်တို့ကို ယုံကြည်ခြင်းရှိလျှင် ဓမ္မသစ်ကျမ်းထဲ၌ဖော်ပြထားသော ယုံကြည်ချက်တို့ကို လက်ခံယုံကြည်ခဲ့လျှင် ဘုရားသခင့်ရှေ့မှောက်၌ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ အဆင့်အတန်းသည် သူတို့နှင့်အတူတူဖြစ်ကြောင်း သေချာလှပါသည်။ ထိုသို့သောယုံကြည်သူအပေါင်းတို့သည် "ထိုညီသောမြတ်သောယုံကြည်ခြင်း" ကိုအတူတကွပိုင်ဆိုင်ကြပါသည်။

တမန်တော်ကတူညီသော ယုံကြည်ခြင်းကို တမန်တော်များကဲ့သို့ ယုံကြည်သူအပေါင်းက "ရရှိ" ကြကြောင်းဆိုခဲ့ပါသည်။ အဖိုးအခပေး၍ရရှိခြင်းမဟုတ်ဘဲ၊ ထိုယုံကြည်ခြင်းကို လက်ဆောင်အနေဖြင့် ရရှိခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် "ငါတို့ဘုရားသခင်ယေရှုခရစ်၏ ဖြောင့်မတ်ခြင်းတရား" အားဖြင့် ပေးသနားတော်မူသော "ဆုကျေးဇူး" ဖြစ်ပါသည်။ ခရစ်တော်၏မြတ်သောဖြောင့်မတ်ခြင်းတရား၌ ယုံကြည်ခြင်းဖြင့် ကျွန်တော်တို့ရပ်တည်ကြ၏။ တမန်တော်တို့နှင့် ကျွန်တော်တို့အပေါင်းခံရသော ယုံကြည်ခြင်းသည် အမှန်မြတ်သောယုံကြည်ခြင်းပေတည်း။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းသည် ကျေးဇူးတော်အားဖြင့် ဘုရားသခင်ပေးသနားတော်မူသော မြတ်သောဆုကျေးဇူးဖြစ်ပါသည်။

**ဆုတောင်းချက်** - ခရစ်တော်၌ ကျွန်တော်ရရှိခဲ့သော ယုံကြည်ခြင်း၌ ကျွန်တော်အစဉ်ဝမ်းမြောက်ခြင်းရှိလိုပါ၏။

အင်္ဂါ၊ ဇွန် (၂)

**၂ ပေ ၁း၂**

ကောလော ၆း၂၄-၂၆

*"ထိုသူ၏ပြည့်စုံခြင်းမှလည်း ကျေးဇူးတပါး၌ ထပ်ဆင့်၍ ကျေးဇူးတပါးကို ငါတို့ရှိသမျှသည်ခံရကြပြီ"*

# တိုးပွားများပြားခြင်းရှိသောကျေးဇူးတော်နှင့်ငြိမ်သက်ခြင်း

ယေရှုကိုယုံကြည်ကိုးစားသောသူတို့သည် ဘုရားသခင်၏ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်း တိုးပွားများပြားစွာခံရမည်ကို အစဉ်မျှော်လင့်နိုင်ပါသည်။ ထို့ကြောင့် ပေတရုက "ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌များပြားပါစေသော" (၂ ပေ ၁း၂) ဟုရေးသားခဲ့၏။ ယုံကြည်သူ အသက်တာ၌ ဤဘုရားသခင်၏ကောင်းကြီးမင်္ဂလာနှစ်ပါးသည် မရှိမဖြစ်လိုအပ်သော အရာဖြစ်ကြပါ၏။

"ကျေးဇူးတော်" က ကျွန်တော်တို့မထိုက်တန်သောဘုရားသခင်၏ကောင်းမြတ်မှုကို ကျွန်ုပ်တို့ထံ ယူဆောင်ပေးတော်မူ၏။ "ကျေးဇူးတော်" သည် မထိုက်တန်သောသူအပေါ်၌ ပေးအပ်သော ဘုရားသခင်၏မျက်နှာသာပေးခြင်းဖြစ်ပါသည်။ ဤကျေးဇူးတော်ကဘုရားသခင်၏ခွင့်လွှတ်ခြင်း၊ ကျွန်ုပ်တို့အသက်တာစောင့်ရှောက်ကွယ်ကာခြင်းနှင့် ပြုစုကျွေးမွေးခြင်းတို့ကို ကျွန်ုပ်တို့အား အမှန်ရစေပါသည်။ ကျေးဇူးတော်က ကျွန်ုပ်တို့ထိုက်တန်သည်ထက်များပြားသော ကောင်းကြီးကို အမှန်ယူဆောင်ပေးလျက်ရှိ၏။ "သင်တို့သည် အရာရာ၌သုံးလောက်သော ဥစ္စာအမျိုးမျိုးအစဉ်ရှိ၍ ကောင်းသောအကျင့်အမျိုးမျိုးနှင့် အထူးသဖြင့်ပြည့်စုံမည်အကြောင်း အမျိုးစုံသောမင်္ဂလာကျေးဇူးနှင့် အထူးသဖြင့်ပြည့်စုံစေခြင်းငှါ ဘုရားသခင်တတ်နိုင်တော်မူ၏" (၂ ကော ၉း၉)။

"ငြိမ်သက်ခြင်း" သည် သခင်ယေရှုခရစ်တော်ကိုယ်စားအသေခံခြင်းအားဖြင့် ထင်ရှားခြင်းရှိသော ဘုရားသခင်၏ကျေးဇူးတော်အသီးအပွင့်ဖြစ်ပါသည်။ ပထမအနေဖြင့် ခရစ်တော်အားဖြင့် ကျွန်တော်တို့သည် ဘုရားသခင်နှင့် ငြိမ်သက်ခြင်းကိုခံစားရကြ၏။ "ထို့ကြောင့်ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏" (ရောမ ၅း၁)။ ဒုတိယအနေဖြင့် ခရစ်တော်အား ဖြင့် ကျွန်တော်တို့သည် ဘုရားသခင်၏ငြိမ်သက်ခြင်းကိုခံရကြ၏။ "ထိုသို့ပြုလျှင် အဘယ်သူမျှ ကြံ၍ မမီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်" (ဖိလိ ၄း၇)။

ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းတို့သည် တိုးပွားများပြားခြင်းရှိကြပါမည်။ ကျွန်တော်တို့သည် ကြမ်းတမ်းသောဘဝနေ့ရက်ကို ဖြတ်သန်းရသော်လည်း ဘုရားသခင်၏ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းကို များစွာ မျှော်လင့်ခွင့်ရှိကြပါသည်။ ဤကောင်းကြီးမင်္ဂလာကို အနည်းငယ်သာ ခံရမည်ဟု သမ္မာကျမ်းစာက မဖော်ပြထားပါ။ ပေတရုက ကျွန်ုပ်တို့ဘဝအသက်တာ၌ ထိုအရာကို တိုးပွားများပြားခြင်းရှိမည်ဟု ဆိုခဲ့ပါသည်။

ပေတရုက "ဘုရားသခင်ကိုဎင်း၊ ငါတို့သခင်ယေရှုခရစ်ကိုဎင်း၊ သိသောဥာဏ်အားဖြင့် "ကျွန်တော်တို့သည် များစွာသောကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းကိုခံရမည်ဟု ဆိုခဲ့ပါသည်။ ဘုရားသခင်ဖော်ပြတော်မူသော နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်း၊ ယုံကြည်ခြင်းနှင့် လိုက်လျှောက်ခြင်းအားဖြင့် ဘုရားသခင်နှင့်သားတော်ယေရှုအကြောင်းကို သိခြင်း၌ ကျွန်တော်တို့ကြီးထွားခြင်းရှိမည်ဖြစ်ပါသည်။ သမ္မာကျမ်းစာ၌ အခြေခံသော အသက်တာသည် ဘုရားသခင်၏ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းကိုများစွာခံစားရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်တို့သည် ပို၍ပို၍ကျေးဇူးတော်ခံစားရမည့်အကြောင်း ဘုရားသခင်သည် များစွာသောကျေးဇူးတော်ကို ပေးသနားတော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏မကုန်ဆုံးနိုင်သော ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းကိုအစဉ်သတိပြုလျက် နေထိုင်အသက်ရှင်မည်အကြောင်း အကျွန်ုပ်ကို မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဇွန် (၃)
**၂ ပေ ၁း၃**
ဇဖက် ၁း၁၉-၂၃

*"တန်ခိုးတော်ပြသောနေ့ရက်ကာလ၌ ကိုယ်တော်၏လူတို့သည် . . . . ကြည်ညိုသောစေတနာစိတ်ရှိ၍"*

## ခရစ်တော်၏တန်ခိုးတော်ဖြင့်စုံလင်သောပြုစုစောင့်ရှောက်ခြင်း

မနက်ဖြန်အဖို့သင်စိုးရိမ်ပူပန်နေပါသလား။ "အကျွန်ုပ်၏ယုံကြည်ခြင်းတည်မြဲမည်လော" ဟုမိမိကိုယ်ကို မျှော်လင့်ချက်ကင်းမဲ့သော မေးခွန်းကိုမေးမိပါသလား။ "သွေးဆောင်ခြင်းကို ကျွန်တော်ကျော်လွှားနိုင်မည်လော"၊ "မိသားစုကို ကျွန်တော်ကျွေးမွေးနိုင်မည်လော" စသည့်မေးခွန်းများ ပေါ်လာပါသလား။ ယနေ့ကျမ်းပိုဒ်၌သင့်အဖို့ အံ့ဖွယ်သတင်းတစ်ရပ်ပေတရုဖော်ပြထားပါသည်။ ဤအလွန်သေချာမှန်ကန်သော သမ္မာတရားက သင်၏သံသယ၊ စိုးရိမ်ပူပန်ခြင်းနှင့် ကြောက်ရွံ့မှုတို့ကို ပယ်ရှားခြင်းငှါ မစတော်မူလိမ့်မည်။

လုံခြုံစိတ်ချရမှုကို အချက်နှစ်ချက်ဖော်ပြခြင်းဖြင့် သက်သေထူခဲ့ပါသည်။ ပထမအချက်မှာ "ဘုရားတန်ခိုးတော်" (၂ ပေ ၁း၃) သည် ကျွန်ုပ်တို့အတွက် အမှုပြုတော်မူ၏။ သင့်အတွက် အမှုပြုလျက်ရှိသော ခရစ်တော်၏အနန္တတန်ခိုးကို သင်အကုန်အစင်သဘောပေါက်သိနိုင်ပါသလော။ ကိုယ်တော်၏အတိုင်းအဆမရှိသော၊ ဆီးတား၍မရသော၊ အစဉ်အောင်နိုင်ခြင်းရှိသော တန်ခိုးတော်သည် ကျွန်ုပ်တို့၏ဉာဏ်၊ နားလည်သဘောပေါက်မှုထက် များစွာ ကြီးမြတ်လှပါသည်။ ထိုသို့သော တန်ခိုးတော်သည် သင့်အတွက် အမှုပြုနေပါလျှင် အခက်အခဲသုံးသောအခြေအနေ၌လည်း သင့်အား ငယ်ဝမ်းနည်းခြင်းငှါ လုံးဝအကြောင်းမရှိပါ။ သင်ရှိ၌ဒုက္ခပင်လယ်ကြီးကာဆီးနေလျှင်လည်း ထိုအရာက သင့်အဖို့ ထွက်မြောက်ရာလမ်းပြင်ဆင်ပေးတော်မူမည်။ ပေါလုကဲ့သို့ ဤသို့ဆိုကြပါစို့။ "ထိုကြောင့်ခရစ်တော်၏တန်ခိုးသည် ငါ့အပေါ်၌ ကျိန်းဝပ်မည်အကြောင်း ငါကိုယ်၌ အားနည်းခြင်းအဖြစ်ကိုဝမ်းမြောက်သောစိတ်နှင့် ဝါကြွားခြင်းငှါ သာ၍ငါအလိုရှိ၏။ သို့ဖြစ်၍ ခရစ်တော်ကြောင့် ခံရသောအားနည်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ဆင်းရဲခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ကြပ်တည်းစွာသော ဒုက္ခဝေဒနာခံခြင်းတို့ကိုငါနှစ်သက်၏။ အကြောင်းမူကား ငါသည် အားနည်းသောအခါ တန်ခိုးနှင့်ပြည့်စုံလျက်ရှိ၏" (၂ ကော ၁၂း၉-၁၀)။

၂ ကော ၁း၃ ထဲ၌တွေ့ရသော စိတ်သက်သာစရာဒုတိယအချက်မှာ "အရာရှိသမျှ" တို့ကို ကျွန်ုပ်တို့အား "ပေးသနားတော်မူပြီး" ဟူသောအချက်ဖြစ်ပါသည်။ "ရှိသမျှ" (သို့) အရာအားလုံး ဆိုသည်မှာ ကျွန်တော်တို့သည် ဘုရားဝတ်၌ မွေ့လျော်သောအသက်တာပိုင်ဆိုင်ခြင်းငှါ စုံလင်စွာပြုစုမစတော်မူသော ဘုရားသခင်၏အကြောင်းသိခြင်းနှင့်ဆိုင်သော အရာများကို ဆိုလို၏။ ဘုရားသခင်၏သားသမီးတိုင်းသည် ခရစ်တော်၏တန်ခိုးတော်၏စုံလင်သော ပြုစုစောင့်ရှောက်မှုကို ရရှိကြရပါမည်။ လိုအပ်သောအရာရှိသမျှ၊ ခန္ဓာကိုယ်နှင့်ဝိညာဉ်နှစ်ခုစလုံးအတွက် ပေးတော်မူခဲ့ပြီး၊ မိမိအချိန်တန်မှ ရောက်ရှိလာကြပါလိမ့်မည်။ အဘယ်အရာကမျှ မဆီးတားနိုင်ပါ။

သို့သော်လည်းကျွန်ုပ်တို့ကို သတိနှင့်ပြုစုတော်မူသော ကျွန်ုပ်တို့၏အနန္တတန်ခိုးရှင် ထာဝရဘုရားကို ကျွန်တော်တို့လျစ်လျူရှုခဲ့ပါလျှင် ထိုဘုရားသခင်၏အံ့ဖွယ်ကျွေးမွေးမစတော်မူခြင်းကို နားမလည်ဘဲ သောကရောက်နိုင်ပါသည်။ ထို့ကြောင့် ဤကျမ်းပိုဒ်အဆုံး၌ ကျွန်ုပ်တို့ကိုဤသို့ သတိပေးခဲ့ပါသည်- ခရစ်ယာန်ဖြစ်သောကျွန်ုပ်တို့၏ အဓိကဝတ္တုရားဖြစ်သည့် "ဘုရားဝတ်၌မွေ့လျော်ခြင်း" အမှုကို ပြုနိုင်မည်အကြောင်း "ဘုရားကိုသိသောဉာဏ်" ကျွန်တော်တို့လိုအပ်ကြပါသည်။

ခရစ်တော်ကိုသိကျွမ်းရင်းနှီးသောဉာဏ်ဖြင့် ကျွန်တော်တို့အသက်ရှင်ကြသောအခါ ဘုရားဝတ်၌မွေ့လျော်ခြင်းတည်းဟူသော ဘုရားဘုန်းတော်ထင်ရှားစေသော မင်္ဂလာရှိသည့်အသက်တာဖြင့် အသက်ရှင်နိုင်ခြင်းငှါ ဘုရားသခင်တန်ခိုးတော်၏ စုံလင်သောမစပြုစုစောင့်ရှောက်ခြင်းကို ခံစားကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏ဘုန်းကြီးသောတန်ခိုးတော်သည် အကျွန်ုပ်တို့အား ဘုန်းအသရေရှိခြင်းသို့ ပို့ဆောင်တော်မူလိမ့်မည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ကြီးမြတ်တော်မူသောတန်ခိုးတော်အပေါ်ငါးကြောင့် ကျေးဇူးတင်ပါ၏။

ကြာသပတေး၊ ဇွန် (၄)

**၂ ပေ ၁း၄**

ယောဟန် ၅း၃၆-၄၇

*"ထိုသခင်မှာဘုရားသခင်၏ကတိတော်ရှိသမျှတို့သည် . . . ဟုတ်မှန်၏ဟူ၍၎င်း၊ အာမင်ဟူ၍၎င်းဖြစ်သတည်း"*

## အလွန်ကြီးမြတ်၍အဖိုးထိုက်သောကတိတော်များ

ဘုရားသခင်ကကျွန်ုပ်တို့အား "အသက်ရှင်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့်ဆိုင်သော အရာရှိသမျှတို့ကို . . . ပေးသနားတော်မူ" သည့်သာမက (၂ ပေ ၁း၃) "အလွန်ကြီးမြတ်၍ အဖိုးထိုက်သောကတိများကို ငါတို့၌အပ်ပေးတော်မူပြီ" (၂ပေ ၁း၄) ဟု မိမိ၏နှုတ်ကပတ်တော်မြွက်ပေးတော်မူခြင်းကို ဖော်ပြထားပါသည်။ ဘုရားသခင်သည် မိမိမှုတ်သွင်းတော်မူသော နှုတ်ကပတ်တော်ကို "အငယ်ဆုံးသောစာလုံး ဗိန္ဒုတလုံး" (မသဲ ၅း၁၈) အထိ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူသောကြောင့် ကျေးဇူးတင်ပါသည်။ ထိုသို့မိမိ၏နှုတ်ကပတ်တော်ကို ဘုရားသခင်စောင့်ရှောက်မည့်အကြောင်း၌ တမန်တော်ပေတရုက ဤသို့သက်သေခံခဲ့ပါသည်- "မြက်ပင်သည်ညှိုးနွမ်းသွေ့ခြောက်တတ်၏၊ အပွင့်လည်းကြွေတတ်၏။ ထာဝရဘုရား၏နှုတ်ကပတ်တရားမူကား ကာလအစဉ်အမြဲတည်၏။ ထိုနှုတ်ကပတ်တော်သည် သင်တို့အားဟောပြောသော ဧဝံဂေလိတရားဖြစ်သတည်း" (၁ ပေ ၁း၂၄-၂၅)။ ယနေ့ကျမ်းပိုဒ်တွင် ပေတရုက ကတိတော်အပေါင်းကို "ငါတို့၌အပ်ပေးတော်မူပြီ" ဟုဆိုခဲ့ပါသည်။ ပေတရုက စုံလင်ပြည့်စုံခြင်းရှိပြီးဖြစ်သည်ဟူသော စကားလုံးကိုအသုံးပြုခြင်းဖြင့် ဘုရားသခင်၏တည်မြဲသောကတိတော်တရားကို ပေါ်လွင်စေပါသည်။ ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်ကို ကပ်ကမ္ဘာဆုံးထိတိုင်အောင် ကွယ်ကာထိန်းသိမ်းတော်မူသောကြောင့် ယနေ့၌ဘုရားသခင်၏ကြီးမြတ်သော အဖိုးထိုက်သော ကတိတော်အပေါင်း ကျွန်ုပ်တို့၌ရှိကြောင်း လုံးဝသေချာသိရှိရပါသည်။

သမ္မာကျမ်းစာထဲမှကတိတော်များသည် "အလွန်ကြီးမြတ်၍အဖိုးထိုက်သောကတိတော်များ"ဖြစ်ကြ၏။ အဘယ်ကြောင့်နည်းဟူမူကား (၁) ထိုကတိတော်များသည် ဘုရားသခင်၏ ကတိတော်များဖြစ်၍ ဘုရားသခင်၏ဇာတိသဘောနှင့်ဂုဏ်ပုဒ်တို့သည် ထိုကတိတော်များ၌ပါဝင်ကြ၏။ ထိုကတိတော်တို့သည်သန့်ရှင်းခြင်း၊ စစ်မှန်ခြင်းရှိ၍ သစ္စာနှင့်ပြည့်စုံတော်မူကြ၏။ "ထိုသခင်မှာဘုရားသခင်၏ကတိတော်ရှိသမျှတို့သည် . . . ဟုတ်မှန်၏ဟူ၍၎င်း၊ အာမင်ဟူ၍၎င်းဖြစ်သတည်း" (၂ ကော ၁း၂၀) လူတို့ပြုသောကတိများသည် မတည်ဘဲရှိနိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်၏ ကတိတော်မှန်သမျှသည် စုံလင်ပြည့်စုံခြင်းရှိကြပါလိမ့်မည်။

(၂) ဘုရားသခင်၏ကတိတော်တို့သည် အချိန်၏ကန့်သတ်ခြင်းမခံရဘဲ ထာဝရဖြစ်ပါသည်။ ခေတ်အဆက်ဆက်ယုံကြည်သူတို့က သမ္မာကျမ်းစာထဲမှကတိတော်တို့သည် "ငါတို့၌အပ်ပေးတော်မူပြီ" ဟုဆိုနိုင်ကြပါသည်။ ဤကတိတော်တို့သည်အချိန်ကြာလာသော်လည်း ပျောက်ကွယ်သွားကြမည်မဟုတ်။ အချိန်အခါနှင့်အခြေအနေပြောင်းလဲခြင်းရှိသော်လည်း ဘုရားသခင်၏ ကတိတော်တို့သည် ကျွန်ုပ်တို့ကြုံတွေ့ရသော အသစ်သောဒုက္ခပြဿနာနှင့် လိုအပ်ချက်တို့၌အစဉ်လိုလောက်သောမစတော်မူခြင်းကို ပေးတော်မူနိုင်၏။

(၃) အပိုဒ်ငယ် ၄ အစ၌တွေ့ရသောစကားလုံး "ထိုသို့သောအားဖြင့်" ဟူသောစကားလုံးက အပိုဒ်ငယ် ၃ ၌တွေ့ရသော ရည်ရွယ်ချက်ကို ပြည့်စုံစေခြင်းငှါ ထိုကတိတော်များကိုပေးအပ်ကြောင်း ထင်ရှားစေပါသည်။ ထိုရည်ရွယ်ချက်ကို ဤသို့ထပ်၍ရှင်းပြခဲ့ပါသည်။ "အကြောင်းမူကား ထိုကတိတော်များကိုအမှီပြု၍ သင်တို့သည်လောကီတပ်မက်ခြင်းအညစ်အကြေးနှင့်ကင်းလွတ်သဖြင့် ဘုရားပကတိကိုဆက်ဆံရသောသူဖြစ်ကြမည်အကြောင်းတည်း" (၂ ပေ ၁း၄)။

**ဆင်ခြင်ရန်** - လောကီအမှုကိုပစ်ပယ်လျက် ဘုရားသခင်၏ကတိတော်များကို ပွေ့ဖက်ထားပါလော့။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ကတိတော်တို့သည် အကျွန်ုပ်အတွက်ဖြစ်တော်မူကြောင်းကို အစဉ်သတိရအောက်မေ့စေတော်မူပါ။

**၂ ပေ ၁း၅-၈**
ဖိလိ ၄း၈

*"ပါရမီတပါးပါး၊ ကောင်းသောသိတင်းတပါးပါးနှင့်
ဆိုင်သောအကျင့်တို့ကိုငင်း နှလုံးသွင်းကြလော့"*

---

## ထပ်ဆင့်လျက်ကြွယ်ဝခြင်းရှိကြလော့

စစ်မှန်သောယုံကြည်ခြင်းသည် တန်ခိုးကြီးလှပါသည်။ ဝိညာဉ်အမှုအမျိုးမျိုးကိုပြုလျက် ကြီးထွားခြင်းနှင့်များပြားကြွယ်ဝခြင်းနှင့် ပြည့်စုံလျက်ရှိပါသည်။ ကျွန်တော်တို့ယုံကြည်သူတို့သည် မည်သို့သောသူဖြစ်ရမည်ကို ယနေ့ကျမ်းပိုဒ်က ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၌ ကျေးဇူးတော်အားဖြင့် ဘုရားသခင်ဖန်ဆင်းတော်မူသော ယုံကြည်ခြင်းက (ဧဖက် ၂း၈)၊ ဝိညာဉ်နှင့်ဆိုင်သောအမှုအမျိုးမျိုးကိုပြုနိုင်ခြင်းငှါ ကျွန်ုပ်တို့အား အခွင့်ဖန်တီးပေးခဲ့ပါသည်။ ထို့ကြောင့် "လောကီတပ်မက်ခြင်းအညစ်အကြေးနှင့် ကင်းလွတ်သဖြင့် ဘုရားပကတိကို ဆက်ဆံရသောသူ" (၂ ပေ ၁း၄) ဖြစ်နိုင်သည့် ဤမြတ်သောအခွင့်ထူးကို လျစ်လျူမရှုသင့်ပါ။ ကျွန်တော်တို့သည် ဝိညာဉ်အသက်တာကြီးထွားခြင်း၌ အကောင်းဆုံးဆောင်ရွက်မည်အကြောင်း အစွမ်းကုန်ကြိုးစားအားထုတ်ကြရပါမည်။ နှောင့်နှေးနေ၍မဖြစ်ပါ။ ချက်ချင်းဆောင်ရွက်ရမည့်အမှုဖြစ်၏။

ယနေ့ကျမ်းပိုဒ်၌ကြိယာနှစ်လုံးသည် အဓိကကျပါသည်။ ထိုကြိယာတို့မှာ "ထပ်ဆင့်ကြလော့" (၂ ပေ ၁း၇) နှင့် "ကြွယ်ဝ" (၂ ပေ ၁း၈) တို့ဖြစ်ပါသည်။ "ထပ်ဆင့်" ဟူသော ဂရိစကားလုံး၏အဓိပ္ပာယ်သည် "အတူပါရှိခြင်း" ကိုဆိုလို၏။ ထို့ကြောင့်ဤကျမ်းပိုဒ်၌တွေ့ရသောဝိညာဉ်အရာတို့သည် ကျွန်ုပ်တို့၏အသက်တာစိတ်သဘောနှင့် အပြုအမူ၌ရှိကြရမည်ဖြစ်၏။ ဤမြတ်သောမင်္ဂလာတို့ကိုကျွန်ုပ်တို့၏သဘောသဘာဝ ဖြစ်စေကြရပါမည်။ "ကြွယ်ဝ" ဟူသောဂရိစကားလုံးသည် "များပြားစေခြင်း" ကိုဆိုလို၏။ ဆိုလိုသည်မှာ ဝိညာဉ်ကြီးထွားခြင်းအမှု၌အစဉ်တိုးတက်ခြင်းရှိရန် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်ပါသည်။ အချိန်တိုင်းကျွန်တော်တို့သည် တိုးတက်ခြင်းရှိရပါမည်။ ကြီးထွားခြင်းမရှိလျှင် ဆုတ်ယုတ်ခြင်းရှိ၏။ ထို့ကြောင့် ဝိညာဉ်အသက်တာကြီးထွားခြင်းရှိခြင်းငှါ ကျွန်တော်တို့ ကြိုးစားအားထုတ်ကြရပါမည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်း၌ ကြိုးစားအားထုတ်လျက် ထပ်ဆင့်ရမည့်ဝိညာဉ်ရေးရာမင်္ဂလာခုနစ်ချက်ကို ပေတရုကဖော်ပြခဲ့ပါသည်။ ပထမအချက်သည် "သီလ" ဟုခေါ်သော စိတ်ထားမြင့်မြတ်ခြင်းဖြစ်၏။ ဒုတိယအချက်မှာ "ပညာ" ဟုခေါ်သော ဝိညာဉ်အသက်တာအတွက်လိုအပ်သော အသိဉာဏ်ပေတည်း။ တတိယမှာ "ကာမဂုဏ်ချုပ်တည်းခြင်း" ခေါ်မိမိကိုယ်ကို ထိန်းချုပ်ခြင်းဖြစ်၏။ စတုတ္ထကား "သည်းခံခြင်း" ခေါ် စိတ်ရှည်ခြင်း၊ အခက်အခဲကြားထဲ၌ ကြံ့ကြံ့ခံခြင်းဖြစ်ပါသည်။ ပဉ္စမသည် "ဘုရားဝတ်၌မွေ့လျော်ခြင်း" ဖြစ်သော ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေသောအပြုအမူ၊ အတွေးနှင့်အပြောအဆိုဖြစ်ပါသည်။ ဆဌမအရာကား "ညီအစ်ကိုစုံမက်ခြင်း" ဟုခေါ်သော ယုံကြည်သူအချင်းချင်းဂရုစိုက်ခြင်း၊ နွေးထွေးသောသနားကြင်နာမှုနှင့် ကိုယ်ချင်းစာတရားရှိခြင်းဖြစ်ပါသည်။ နောက်ဆုံးတွင် "ချစ်ခြင်းမေတ္တာ" ဟုခေါ်သော သူတပါး၏အကျိုး၊ နှစ်သိမ့်ခြင်းနှင့် လုံခြုံမှုအတွက် အနစ်နာခံလိုသော၊ ပေးဆပ်လိုသောစိတ်သဘောထားပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဝိညာဉ်နှင့်ဆိုင်သော ဤမြတ်သောအကျင့်များအတွက် ကျွန်တော်ကြိုးစားအားထုတ်ရပါမည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သခင်ကျင့်သကဲ့သို့ ကျွန်တော်ကျင့်လိုပါ၏။

စနေ၊ ဇွန် (၆)
**၂ ပေ ၁း၈-၉**
ယောဟန် ၁၅း၁-၈

*"သင်တို့သည်များစွာသောအသီးကို သီးသောအားဖြင့် ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍. . . "*

## အမြုံမဟုတ်ဘဲ များစွာသောအသီးသီးသောသူဖြစ်လော့

အထက်ကျမ်းပိုဒ်တွင် ပေတရုက ဝိညာဉ်အမှု၌သန့်ရှင်းစင်ကြယ်ခြင်းရှိရန်နှင့် ဘုရားဝတ်၌မွေ့လျော်ခြင်းငှါ မည်သို့ကြိုးစားအားထုတ်ရမည်ကို သွန်သင်ခဲ့ပါသည်။ ယခုအငယ် ၈ ထဲတွင် ထိုသို့ပြုခြင်းသည် ဘုရားသခင်၏စပျစ်ဥယျာဉ်တော်ထဲ၌ အသီးသီးသောသူဖြစ်၍ အကျိုးပြုသောသူဖြစ်ခြင်းငှါ အလွန်အသုံးဝင်ကြောင်း ဖော်ပြထားပါသည်။ "အကြောင်းမူကား ထိုပါရမီတို့သည် သင်တို့၌ရှိ၍ ကြွယ်ဝလျှင် ငါတို့သခင်ယေရှုခရစ်ကိုသိကျွမ်းခြင်း၌ မပျင်းရိစေခြင်းငှါ၎င်း၊ အကျိုးမဲ့မဖြစ်စေခြင်းငှါ၎င်း ပြုပြင်တတ်ကြ၏" (အငယ် ၈)။

သခင်ယေရှုနှင့်ကိုယ်တော်၏အလိုတော်သိသော စစ်မှန်သောယုံကြည်သူတို့သည် ဝိညာဉ်ရေးရာအကျင့်သီလနှင့် အသီးသီးခြင်း၌ကြွယ်ဝခြင်းရှိကြရမည်ဖြစ်ပါသည်။ ပျင်းရိသောသူ၊ အသီးမသီးသော၊ အမြုံမဖြစ်ရပါ။ "အမြုံ" ဆိုသည်မှာ အကျိုးမရှိသောဟု အဓိပ္ပာယ်ရ၏။ ခရစ်ယာန်တို့ခံရသော အံ့ဖွယ်ကျေးဇူးတော်အပေါင်းသည် ကျွန်ုပ်တို့အား အသီးမသီးသောမဖြစ်စေလိုပါ။ ထိုအရာတို့သည် ကျွန်ုပ်တို့အား ကြိုးစားအားထုတ်သောသူ၊ စိတ်အားထက်သန်သောသူဖြစ်စေရမည်ဖြစ်၏။ မိမိသခင်အရှင်အဖြစ် ယေရှုခရစ်တော်ကို အမှန်သိသောသူအပေါင်းတို့သည် လက်တွေ့ခရစ်ယာန်အသက်တာ၌ အစဉ်အသီးသီးသောသူဖြစ်ရပါမည်။ ထိုသို့လူတို့အကြား၌များစွာသောအသီးသီးခြင်းက ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေပါသည်။

အငယ် ၉ ထဲတွင် ဝိညာဉ်အမှု၌သန့်ရှင်းစင်ကြယ်ခြင်းအမှုကို လျစ်လျူရှုသောလူ၊ အသီးမသီးသောသူတို့ကို ပြင်းထန်စွာရှုတ်ချခဲ့ပါသည်။ ပေတရုက "ထိုပါရမီနှင့်ကင်းသောသူမူကား၊ မျက်စိကန်း၏။ ကိုယ်မျက်စိကို ကိုယ်ပိတ်၏။ မိမိအပြစ်ဟောင်းဆေးကြောကြောင်းကို မေ့လျော့၏" (အငယ် ၉)။ ဝိညာဉ်နှင့်ဆိုင်သောအသီးများစွာမသီးသော ယုံကြည်သူတို့ သည် အဝေးကိုလှမ်းမမြင်နိုင်သောသူများ ဖြစ်ကြပါသည်။ သူတို့သည် အဝေးမှုန်ဖြစ်ကြပါသည်။ သူတို့သည် ထာဝရနှင့်ဆိုင်သောဆုကျေးဇူးများကို မမျှော်ကြည့်ဘဲ လတ်တလော ဤလောကီအရာ ပျော်မွေ့ခြင်းကိုသာကြည့်၍နေထိုင်တတ်ကြ၏။ ပိုဆိုးသည်မှာ ဤလောကီပျော်မွေ့ခြင်းကို ရှေးရှု၍နေထိုင် အသက်ရှင်ကြသောကြောင့် အပြစ်မှသန့်ရှင်းစေခြင်းခံရပြီးဖြစ်သည်ကို မေ့လျော့တတ် ကြပြီး ထိုစိတ်သဘောကသူတို့၏အကျင့်ကို လွှမ်းမိုးခြင်းရှိ၏။

ဤသို့သောဝမ်းနည်းဖွယ်ခရစ်ယာန်အသက်တာသည် မှားယွင်းသောဆရာတို့၏ လွှမ်းမိုးမှုအကျိုးရလဒ်ဖြစ်ပါသည်။ ထိုသူတို့ကိုပေတရုက နောက်အခန်းကြီးတို့တွင် ရှုတ်ချအပြစ်တင်ခဲ့ပါသည်။ ထိုသို့သောလုပ်ရှားမှုကို ယနေ့တွင်လည်း တွေ့ရပါသည်။ များစွာသောခရစ်ယာန်တို့သည် အသင်းတော်ခေါင်းဆောင်အချို့တို့၏ မှားယွင်းသောသွန်သင်ခြင်း လွှမ်းမိုးမှုခံရကြသဖြင့် အပြစ်ထဲ၌ ကျင်လည်နေကြရပါသည်။ ယုံကြည်ခြင်းနှင့်အပြစ်သည် အတူမနေနိုင်သော သူစိမ်းများဖြစ်ကြပါသည်။ ဝိညာဉ်အကျင့်သီလတို့သည် လူဟောင်းအပြစ်များကို မောင်းထုတ်ပစ်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - ကောင်းကြီးမင်္ဂလာအမွေခံသောသူတို့သည် သူတပါးအတွက် ကောင်းကြီးမင်္ဂလာဖြစ်ကြရပါမည်။

**ဆုတောင်းချက်** - တစ်စုံတစ်ယောက်သောသူအဖို့ ကျွန်တော်ယနေ့ကောင်းကြီးမင်္ဂလာဖြစ်လိုပါ၏။

တနင်္ဂနွေ၊ ဇွန် (၇)
**၂ ပေ ၁း၁၀-၁၁**
၁ သက် ၁း၃-၅

*“သင်တို့သည်စိတ်သန့်ရှင်းခြင်း၊ သမ္မာတရားကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်စိမ့်သောငှါ ဘုရားသခင်သည် ရှေးဦးစွာကပင် သင်တို့ကိုရွေးကောက် တော်မူပြီ”*

## သင်တို့ခံရသောခေါ်တော်မူခြင်းနှင့်ရွေးချယ်တော်မူခြင်းကို တည်မြဲစေကြလော့

အပိုဒ်ငယ် ၁၀ က ကျွန်ုပ်တို့အား မိမိတို့ခံရသော ခေါ်တော်မူခြင်းနှင့်ရွေးနုတ်တော်မူခြင်းကို သေချာစေခြင်းငှါ သက်သေပြခြင်းငှါ တိုက်တွန်းလျက်ရှိ၏။ “ရွေးနုတ်ခြင်း” သည် ဘုရားသခင်က လူအသီးအသီးအား မိမိအပိုင်အဖြစ် မိမိ၏အဆုံးစွန်အာဏာတော်နှင့် ထာဝရရွေးကောက်တော်မူခြင်းကိုဆိုလိုပါသည်။ “ခေါ်တော်မူခြင်း” သည် ထိုသို့ရွေးနုတ်ခြင်းကိုထင်ရှားစွာ သက်သေပြခြင်းအမှုကို ဘုရားသခင်ပြုတော်မူခြင်းဖြစ်ပါသည်။ ဤကမ္ဘာမတည်မရှိမီ ကျွန်ုပ်တို့အား ရွေးနုတ်ခဲ့ပြီးဖြစ်ပြီး ခေါ်တော်မူခြင်းသည် ကျွန်တော်တို့ပြောင်းလဲသောအချိန်၌ဖြစ်ပွားခြင်းဖြစ်ပါသည်။ အစဉ်အလိုက်ထားရမည်ဆိုလျှင် ရွေးနုတ်ခြင်းသည်အရင်ဖြစ်၍ ထိုနောက်မှ ခေါ်တော်မူခြင်းဖြစ်၏။ ထို့နောက်ကျွန်တော်တို့သည် ရှေးမဆွကပင်ခရစ်တော်၌ရွေးချယ်ခံရကြကြောင်းသိနားလည်ခြင်းရှိကြ၏။

ကျွန်ုပ်တို့ခံရသော ခေါ်တော်မူခြင်းနှင့်ရွေးချယ်တော်မူခြင်းကို ထိုအရာတို့သည် သေချာမှန်ကန်ခြင်းရှိကြပြီဖြစ်သောကြောင့် ပို၍သေချာစေနိုင်ခြင်းအမှု ကျွန်တော်တို့မပြုနိုင်ပါ။ ပြုစရာလည်းမလိုပါ။ အကြောင်းမှာ ဘုရားသခင်၏ထာဝရအကြံအစည်တော်သည် ဆီးတားဖျက်ဆီး၍မရပါ။ ထိုအရာတို့ကို သခင်ယေရှု၏သဏ္ဍာန်တော်အတိုင်း ကျွန်တော်တို့ကြီးထွားအသက်ရှင်ခြင်းအားဖြင့်သက်သေသာပြနိုင်ကြ၏။ ဝိညာဉ်တော်၏အသီး၊ ကျွန်ုပ်တို့အသက်တာ၌ သိသာထင်ရှားစွာသီးခြင်းဖြင့် ကျွန်တော်တို့သည် ဘုရားသခင်အမှန်ပိုင်သောသူဖြစ်ကြောင်း သံသယကင်းသောသက်သေကိုပြနိုင်ကြ၏။ သန့်ရှင်းသောအသက်တာက ကျွန်တော်တို့အမှန်ကယ်တင်ခြင်းရကြောင်းကို သက်သေထူလျက်ရှိ၏။

သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်ခြင်းသည် ရွေ့လျော့ခြင်းမှကျွန်ုပ်တို့ကို ကွယ်ကာတော်မူလိမ့်မည်။ ရွေ့လျော့ခြင်းသည် ထာဝရပြစ်ဒဏ်ခံခြင်းကိုမဆိုလိုပါ။ ထိုအမှုမှကျွန်ုပ်တို့ကို ခရစ်တော်ပြုတော်မူသောအမှုက ကယ်နုတ်တော်မူခဲ့ပါသည်။ ဤရွေ့လျော့ခြင်းသည် အပြစ်သို့လဲကျခြင်း၊ အသုံးမဝင်ခြင်းနှင့်၊ အရှက်ရစေခြင်းသို့ လဲကျခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားတရား၌ကြီးထွားမှုမရှိလျှင် ကျွန်ုပ်တို့ဘဝသည် ယုတ်လျော့ခြင်းရှိလာနိုင်ပါသည်။ သို့သော်လည်း ကျွန်တော်တို့သည် ဝိညာဉ်တော်၌ ကျင်လည်နေထိုင်သောအခါ ကိုယ်တော်၏အမှုတော်မှ ပယ်ထုတ်ခြင်းမခံရဘဲ အသုံးဝင်သောသူဖြစ်ကြပါမည်။ဘုရားသခင်က မိမိအတွက် ရှေ့သို့ချီတက်နေသောခရစ်ယာန်တို့ကို ကွယ်ကာစောင့်ရှောက်တော်မူ၏။ အန္တရာယ်သည်ဝိညာဉ်စိတ်သဘောပျင်းရိခြင်းနှင့် မျက်စိကန်းခြင်း၌ တည်နေလျက်ရှိပါသည်။

ဝိညာဉ်အသက်တာအစဉ်ကြီးထွားမှုရှိခြင်း၌ လုံခြုံစိတ်ချမှုရှိသည်သာမက သခင်ယေရှုခရစ်တော်၏ထာဝရနိုင်ငံတော်သို့ ဝင်ရသောအခွင့်၊ ကတိတော်ကြွယ်ဝစွာတည်လျက်ရှိပါသည်။ အပိုဒ်ငယ် ၁၁ ၌တွေ့ရသောအကြောင်းအရာသည် ကျွန်တော်တို့ဝင်ခွင့်ရခြင်းတရားမဟုတ်ဘဲ ဝင်ရောက်ပုံအခြေအနေကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ အကြောင်းမှာ ကောင်းကင်နိုင်ငံတော်သို့ ဝင်ရောက်ရသောအခွင့်သည် သခင်ယေရှုခရစ်တော်ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာလျှင်ဖြစ်၏။ အချို့သည် သူတပါးထက်ပို၍ကြွယ်ဝသော ဆုလဒ်၊ များပြားသောဆုကိုရရှိပြီး ကောင်းကင်ဘုံ၌ဝင်စားနေထိုင်ကြရပါမည်။ ဤဆုလဒ်သည် ကယ်တင်ရှင်၏သဏ္ဍာန်တော်နှင့်အညီ နေထိုင်အသက်ရှင်ခြင်း အနည်းအများအပေါ်၌ မူတည်လျက်ရှိပါသည်။ (by William MacDonald)

**ဆင်ခြင်ရန်** - (ဗျာဒိတ် ၂၂း၁၂ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ထံမှ သွေဖယ်ရသောအခွင့်မရှိမည်အကြောင်း ကိုယ်တော်ကျင့်သည်နည်းတူ နေထိုင်ကျင့်ကြံခြင်းငှါ ကျွန်တော်ကြိုးစားအားထုတ်လိုပါ၏။

တနင်္လာ၊ ဇွန် (၈)

**၂ ပေ ၁း၁၂-၁၃**

ယေဇ ၃၃း၂-၉

*"အထပ်ထပ်ငါရေးလိုက်သော်လည်း ပင်ပန်းခြင်းမရှိ၊ သင်တို့မူကား လုံခြုံခြင်းရှိကြလိမ့်မည်"*

## သင်တို့ကိုအစဉ်သတိရလျက်

ထပ်ခါတလဲလဲပြောဆိုနေခြင်းသည် ကောင်းသောအကျင့်တော့မဟုတ်ပါ။ သင်းအုပ်ဆရာကအကြောင်းအရာတစ်ခုကို ထပ်ခါတလဲလဲပြောဆိုလာလျှင် ငြီးငွေ့စရာကောင်းသည်ဟု ဆိုတတ်ကြ၏။ သို့သော်လည်း ပေတရုက "ဤသို့သောစကားများနှင့် သင်တို့အားအစဉ်မပြတ် သတိပေးမည်အမှုကို ငါမမေ့မလျော့" (၂ ပေ ၁း၁၂) ဟုဆိုခဲ့ပါသည်။ တမန်တော်ပေတရုက ထပ်ခါတလဲလဲပြောဆိုခြင်းအကျိုးကို ကောင်းကောင်းသိသည်ဟုထင်ရပါသည်။ ဆက်လက်၍ "သင်တို့ကိုသတိပေး၍ နှိုးဆော်အပ်သည်ဟုငါသဘောရှိ၏" (၂ ပေ ၁း၁၄) ဟုဆိုခဲ့ပါသည်။

အသင်းသူအသင်းသားတို့အား ယုံကြည်ခြင်းနှင့်ဋ္ဌင်း၊ သန့်ရှင်းခြင်းနှင့်ဋ္ဌင်း ပတ်သက်သောအကြောင်းအရာတို့ကို အစဉ်သတိပေးခြင်း၏ အကျိုးကျေးဇူးနှင့်ပတ်သက်၍ပေတရုကသာ တိုက်တွန်းနှိုးဆော်သည်မဟုတ်ပါ။ ပေါလုက သင်းအုပ်ဆရာတိတုအား ဤသို့သွန်သင်ခဲ့ပါသည်- "ဤစကားသည် သစ္စာစကားဖြစ်၏၊ . . . သင်သည် ဤအရာများကို ကြိုးစား၍ ဟောပြောစေခြင်းငှါ ငါအလိုရှိ၏"။

ယုံကြည်ခြင်းနှင့်အသက်တာ သန့်ရှင်းခြင်းအမှုကို ခြိမ်းခြောက်လျက်ရှိသော အချို့ပြဿနာတို့ကို သစ္စာရှိသောသင်းအုပ်ဆရာက အကြိမ်ကြိမ် ထပ်ခါတလဲလဲ ဟောပြောသတိပေးသောအခါ လူတို့က ဝေဖန်ကြသည်မှာ သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ အံ့သြစရာမကောင်းပါ။ သို့သော်လည်း ကောင်းသောသင်းအုပ်ဆရာသည် သစ္စာရှိသောကင်းစောင့်ကဲ့သို့ ကျရောက်လာမည့်အန္တရာယ်ကို လူတို့အားအစဉ်သတိပေးရမည်ဖြစ်၏။ ထပ်ခါတလဲလဲသတိမပေးရဲသော သင်းအုပ်သည် ခေါင်းမာသောလူတို့ကို ကျေနပ်စေ၍သူတို့၏ချီးမွမ်းမှုကိုခံရသော်လည်း ထိုသို့ပြုခြင်းအပေါ်၌ ဘုရားသခင်ကျေနပ်နှစ်သက်ခြင်းမရှိပါ။ သွန်သင်ခြင်းနှင့် သတိပေးခြင်း ထပ်ခါတလဲလဲမပြုလို့သောတရားဟောဆရာတို့ကို သခင်ယေရှုက ပြင်းထန်စွာရှုံ့ချတော်မူလိမ့်မည်။ ထိုသို့သောသူတို့ကို သခင်ယေရှုက "သူ၏ကင်းစောင့်တို့သည် မျက်စိကန်းကြ၏။ ရှိသမျှတို့သည် မိုက်ကြ၏။ အရှေ့မဟောင်နိုင်သောခွေး၊ ရောင်ရမ်းသောခွေး၊ အိပ်လျက် အိပ်ခြင်းအားကြီးသောခွေးဖြစ်ကြ၏။ စားချင်အားကြီး၍ ဝမ်းမပြည့်နိုင်သောခွေးလည်းဖြစ်ကြ၏။ သိုးထိန်းတို့သည်လည်း မကြည့်မရှုတတ်ကြ။ ထိုသိုးထိန်းရှိသမျှတို့သည် လမ်းလွှဲ၍ မိမိတို့လမ်းသို့လိုက်ကြပြီ။ တစ်ယောက်မျှမကြွင်း၊ တညီတညွတ်တည်း ကိုယ့်အကျိုးစီးပွားကိုသာရှာကြ၏" (ဟေရှာ ၅၆း၁၀-၁၁) ဟုမိန့်တော်မူလိမ့်မည်။

မှားယွင်းသောယုံကြည်ခြင်းအချို့ကို သင်၏သင်းအုပ်ဆရာက ထပ်ခါတလဲလဲဖော်ပြသတိပေးသောကြောင့် သင်သည် မပျော်ရွှင်ဘဲရှိခဲ့ပါသလား။ သတိပေးခြင်းအကြောင်း အောက်မေ့သတိရစေခြင်းအကြောင်းကို သင်းအုပ်ဆရာက အကြိမ်ကြိမ်ဟောပြောလာသောအခါ ထိုအမှု၏အရေးကြီးမှုကို သင်စဉ်းစားသုံးသပ်မိပါသလား။ ထိုသို့ထပ်ခါတလဲလဲဖော်ပြသောအကြောင်းအရာကို လက်မခံလိုဘဲ ထိုသို့ပြုခြင်းကို သင် ငြီးငွေ့ပါသလား။

**ဆင်ခြင်ရန်** - "ခွေးအိုဟောင်သောအခါ ပညာရှိသည်သတိပြု၏"။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အသက်တာကို စောင့်ရှောက်သော သူတို့၏စကားကို နာခံဆက်ကပ်ခြင်းနှင့်နားထောင်နိုင်မည်အကြောင်း အကျွန်ုပ်အား မစသနားတော်မူပါ။

**၂ ပေ ၁း၁၂-၁၅**
၂ ကော ၅း၁-၁၁

*“သို့သော်လည်း ကိုယ်ခန္ဓာ၌နေရလျှင် သင်တို့၌သာ၍ အကျိုးရှိလိမ့်မည်”*

# ဤတဲ၌ငါရှိနေစဉ်ကာလပတ်လုံး

ဘုရားသခင်၏စစ်မှန်သောအစေခံကျွန်သည် ဆန္ဒနှစ်ခုကြား၌ ချုပ်ထားခြင်းခံရသောသူဖြစ်ပါသည်။ ပထမဆန္ဒသည်ကား မိမိ၏မြတ်သောသခင်နှင့်အတူ ကောင်းကင်ဘုံ၌ဘုန်းတော်ဝင်စားလိုခြင်းဖြစ်ပါသည်။ ဤဆန္ဒသည် အသက်ကြီးသောအခါ၊ သေမည့်အချိန်နီးကပ်လာသောအခါ ပို၍ထက်သန်ခြင်းရှိတတ်၏။ ဒုတိယဆန္ဒမှုကား မိမိထိန်းကျောင်းမှုအောက်၌ရှိသော သိုးစုတို့ကို ပြုစုစောင့်ရှောက်ခြင်းငှါ ဤကမ္ဘာ၌ အချိန်ပိုရလိုခြင်းဖြစ်သည်။

ပေတရုသည် ဤကမ္ဘာလောက၌မိမိနေရသောအချိန် ကုန်ဆုံးဖို့ နီးကပ်လာပြီဖြစ်ကြောင်း ကောင်းကောင်းသိခဲ့ပါသည်။ အပိုဒ်ငယ် ၁၄ ထဲတွင် “ငါတို့သခင်ယေရှုခရစ်သည် ဗျာဒိတ်ပေးတော်မူသည်အတိုင်း ငါတည်းခိုရာတဲကို မကြာမမြင့်မီ ငါပစ်သွားရမည်အရာကို ငါသိမှတ်၍” ဟုဆိုခဲ့ပါသည်။ သို့သော်လည်း သူလုံးဝတုန်လှုပ်ခြင်းမရှိပါ။ ကျန်ရှိနေသေးသော မိမိအချိန်ကို ဘုရားသခင်၏လူတို့အဖို့ အကျိုးရှိစွာ အသုံးပြုခြင်းငှါ ပို၍စိတ်အားထက်သန်ခဲ့ပါသည်။

ချစ်သောစာဖတ်သူ တစ်နေ့ထက်တစ်နေ့ ကျွန်တော်တို့သည် သင်္ချိုင်းနှင့် ပို၍ပို၍ နီးကပ်လာလေဖြစ်ပါသည်။ ဤအသိတရားက ဘုရားသခင်နှင့်ဆိုင်သောအမှုတို့၌ အကျွန်ုပ်တို့အား ပို၍ကြိုးစားအားထုတ်ခြင်းငှါ ကျွန်ုပ်တို့စိတ်နှလုံးကို နှိုးဆော်လျက်ရှိရပါမည်။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းကို ကျွန်တော်တို့မစွန့်လွှတ်သင့်ပါ။ နောင်တချိန်ချိန်အတွက် မထားသင့်ပါ။ ယနေ့ယခုအချိန်သည် ဘုရားသခင်၏အမှုတော်ဆောင်ရွက်ရမည့်အချိန်ဖြစ်၏။ နက်ဖြန်နေ့သည် သင့်အဖို့မသေချာပါ။ ဤစိတ်သဘောထားသည် သခင်ယေရှုဤလောက၌ အမှုတော်ဆောင်စဉ် ကျင့်သုံးသောစိတ်သဘောထားဖြစ်ပါသည်။ ယေရှုက “ငါ့ကိုစေလွှတ်တော်မူသောသူ၏အမှုကို နေ့အချိန်ရှိစဉ်တွင်ငါပြုရမည်။ အဘယ်သူမျှအမှုမပြုနိုင်သောအချိန်တည်းဟူသော ညအချိန်လာသေး၏” (ယောဟန် ၉း၄)။

အလွန်စိတ်ဝင်စားစရာကောင်းသော ပေတရု၏စိတ်သဘောထားဟူမှုကား သူသည် မိမိမရှိတော့သောအချိန်၌လည်း နှုတ်ကပတ်တရားတော်သည် ကြီးသောအမှုကိုပြုစေခြင်းငှါ ဆန္ဒရှိခဲ့ခြင်းပင်ဖြစ်ပါသည်။ “ထိုမှတပါး ငါစုတေသည်နောက် သင်တို့သည်ဤအရာများကို အစဉ်မှတ်မိစေခြင်းငှါ ငါကြိုးစားအားထုတ်မည်” (၂ ပေ ၁း၁၅) ဟုဆိုခဲ့ပါသည်။ ဤလောကရှိအသင်းတော်အတွက် ပေတရု ပြုခဲ့သောကြီးမားသောအရာတစ်ခုမှာ ရှင်ပေတရုသြဝါဒစာ ဒုတိယစောင်ပင်ဖြစ်ပါသည်။

အသင်းတော်ပြုပြင်ပြောင်းလဲသောသူတို့က ကြီးစွာသောအမွေ၊ အသင်းတော်ပြုပြင်ပြောင်းလဲခြင်းနှင့်ဆိုင်သော ယုံကြည်ခြင်းတရားများကို ချန်ထားခဲ့ကြ၏။ ချစ်သောစာဖတ်သူ ဤကမ္ဘာလောက၌သင်မရှိတော့သောအခါ သင်အဘယ်အမွေကို ချန်ထားခဲ့လိုပါသနည်း။ ယခု ကျွန်တော်တို့အသက်ရှင်ခြင်းသည် လူများအတွက် ခရစ်တော်၌ ကောင်းကြီးမင်္ဂလာဖြစ်ခြင်းငှါ ဖြစ်ပါသည်။ ယနေ့လူများအတွက်သော်၎င်း၊ နောင်လာနောက်သားများအတွက်သော်၎င်း ကြိုးစားအားထုတ်လျက် ကောင်းကျိုးပြုကြပါစို့။

**ဆင်ခြင်ရန်** - သေမည့်အချိန်နီးကပ်လေလေ ဘုရားသခင်၏အစေခံကျွန်တို့သည် ပို၍ကြိုးစားအားထုတ်လေလေဖြစ်ရပါမည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်တော်အသက်ရှင်စဉ်အချိန်၌ ကိုယ်တော်အတွက် အကျိုးရှိစွာအသက်ရှင်မည်အကြောင်း အကျွန်ုပ်အသက်တာကို မစပြုပြင်တော်မူပါ။

## ဘုန်းတန်ခိုးအာနုဘော်ဆောင်လျက်ခရစ်တော်ကြွလာတော်မူမည့်အကြောင်းသည်ပုံပြင်ဒဏ္ဍာရီမဟုတ်ပါ

ပေတရုသည် "ငါတို့သခင်ယေရှုခရစ်၏ တန်ခိုးတော်ကိုဎင်း၊ ကြွလာတော်မူခြင်းကိုဎင်း"၊ လုံးဝသံသယမရှိခဲ့ပါ (၂ ပေ ၁း၁၆)။ ပေတရုက တိုက်ခိုက်ခြင်းခံရသော ယုံကြည်ခြင်းနှင့်ဆိုင်သော သမ္မာတရားကို ကွယ်ကာ၍ဤဩဝါဒစာကို လက်ခံသောသူတို့က မိမိမရှိတော့သည့်နောက်၌လည်း ထိုတရားများကို ဆက်လက်ဟောပြောကြခြင်းငှါ မိမိဆန္ဒရှိကြောင်းဖော်ပြခဲ့ပြီးဖြစ်ပါသည် (၂ ပေ ၁း၁၂-၁၅)။ ပေတရုက ယေရှုကြွလာတော်မူခြင်းနှင့်ဆိုင်သော တမန်တော်တို့၏သွန်သင်ချက်တို့သည် "ပရိယာယ်နှင့်ပြင်ဆင်သော ဒဏ္ဍာရီစကား" မဟုတ်ကြောင်း သေချာစွာဖော်ပြခဲ့ပါသည်။ ခရစ်တော်ကြွလာတော်မူခြင်းနှင့်ဆိုင်သော ကတိတော်ကို ပြက်ယယ်ပြုသော၊ မှားယွင်းသောဆရာများရှိခဲ့ပါသည် (၂ ပေ ၃း၃)။ ထို့ကြောင့်ပေတရုက ဘုန်းအာနုဘော်ဆောင်လျက်ခရစ်တော် ပြန်လည်ကြွလာတော်မူခြင်းသည် မှန်ကန်သောတရားဖြစ်သည်ဟု အတည်ပြုခဲ့ပါသည်။

ပေတရုက ယေရှုပြန်လည်ကြွလာတော်မူမည့်အကြောင်းကို "ငါတို့သခင်ယေရှုခရစ်၏ တန်ခိုးတော်နှင့်ကြွလာတော်မူခြင်း" ဟုဖော်ပြခဲ့ပါသည်။ ယေရှု၏တန်ခိုးတော်သည် ပထမအကြိမ်ကြွလာတော်မူသောအချိန်၌ပြုခဲ့သော အံ့ဖွယ်နိမိတ်လက္ခဏာတို့၌ထင်ရှားခဲ့သော်လည်း သခင်ယေရှု၏တန်ခိုးတော်နှင့်ဘုန်းအာနုဘော်စုံလင်စွာ ထင်ရှားပေါ်ထွန်းမည့်အချိန်သည် ရောက်လာပါလိမ့်မည်။ ယခု၌သူသည် ရှင်ပြန်ထမြောက်တော်မူပြီး၊ ကောင်းကင်ဘုံသို့ကြွတော်မူခဲ့သော်လည်း ဤကမ္ဘာလောကသို့ တန်ခိုးတော်နှင့်တကွ ပြန်လည်ကြွလာတော်မူလိမ့်မည်ဖြစ်၏ (မသဲ ၂၄း၃၀)။

ကားတိုင်ပေါ်၌ တင်သတ်ခြင်းခံရသောသူသည် ဘုန်းအာနုဘော်နှင့်တကွ မည်သို့ပြန်လည်ကြွလာတော်မူနိုင်မည်နည်းဟု အချို့သည် သံသယဝင်နိုင်ပါသည်။ ထို့ကြောင့်ပေတရုက ထိုသို့ဘုန်းအာနုဘော်နှင့်တကွ ခရစ်တော်ပြန်လည်ကြွလာတော်မူမည်ဟူသော သွန်သင်ခြင်းသည် ဒဏ္ဍာရီမဟုတ်ကြောင်း အချက်သုံးချက်ပေးခဲ့ပါသည်။ ဤအချက်သုံးချက်ကို မျက်နှာတော်ပြောင်းလဲခြင်းပေါ်၌ ယောဟန်၊ ယာကုပ်တို့နှင့်အတူ သူမြင်တွေ့ခဲ့သော ခရစ်တော်၏ထူးခြားသောအဆင်းအရောင်ပြောင်းလဲခြင်းအကြောင်းမှ ကောက်ယူခြင်းဖြစ်ပါသည်။ ဤအဖြစ်အပျက်ကို မသဲ ၁၇ ထဲတွင် ဖော်ပြထားပါသည်။

ပထမအချက်သည် "ဘုန်းအာနုဘော်တော်" ကိုသူတို့မြင်တွေ့ခဲ့ကြ၏ဟူ၍ဖြစ်ပါသည် (၂ ပေ ၁း၁၆)။ "ဘုန်းအာနုဘော်တော်" ဟု ဘာသာပြန်သောဂရိစကားလုံး၏အဓိပ္ပာယ်သည် ထွန်းလင်းတောက်ပခြင်းသဘောကိုဆောင်၏။ ကားတိုင်ပေါ်၌ရိုက်သတ်ခြင်းခံရသော ယေရှုသည် ဘုန်းအာနုဘော်တော်နှင့်ပြည့်စုံသော ရှင်ဘုရင်အဖြစ် ပြန်လည်ကြွလာတော်မူမည်ကို များစွာသောလူတို့က ထင်မှတ်ထားကြမည်မဟုတ်ပါ။ သို့သော်လည်းပေတရုက သံသယရှိသောသူတို့အား သူတို့အများကိုထောက်ပြ၍ ယေရှုသည် ဘုန်းအာနုဘော်နှင့်တကွ ပြန်လည်ကြွလာတော်မူမည့်အကြောင်း အမှန်ဖော်ပြခဲ့ပါသည်။ ဒုတိယအချက်မှုကား ယေရှုသည် "ခမည်းတော်ဘုရားသခင့်ထံတော်မှ ဘုန်းအသရေ၊ ဘုန်းအာနုဘော်ကို ခံရတော်မူ" ကြောင်း ပေတရုမြင်တွေ့ခဲ့ပါသည်။ တတိယအချက်သည် "ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" (နှိုင်း ယောဟန် ၁း၁၄) ဟုမိမိ၏ "ထူးမြတ်သောအရောင်အဝါတော်ထံက ခမည်းတော်ဘုရားသခင်၏အသံတော်ကို သူတို့ကြားခဲ့ခြင်းဖြစ်ပါသည်။ ထိုတောင်ပေါ်၌ ခရစ်တော်၏ဘုန်းအာနုဘော်မြင်တွေ့ခြင်းသည် ဘုန်းအာနုဘော်တော်နှင့်တကွ ခရစ်တော်ပြန်လည်ကြွလာတော်မူမည့်အကြောင်းကို ပေတရုကြိုတင်မြည်းစမ်းခဲ့ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မျက်နှာတော်ပြောင်းလဲခြင်းတောင်ပေါ်၌ သူနှင့်အတူ ကျွန်တော်တို့မရှိခဲ့ကြသော်လည်း၊ ခရစ်တော်၏ဘုန်းအာနုဘော်တော်ကို ကျွန်တော်တို့မြင်တွေ့ရကြပါလိမ့်မည်။

**ဆုတောင်းချက်** - "အာမင်၊ သခင်ယေရှုကြွလာတော်မူပါ" (ဗျာ ၂၂း၂၀)။

**၂ ပေ ၁း၁၉**

ဆာလံ ၁၉း၇-၉ *"ကျမ်းစကားကိုမပယ်ရ. . . "*

## သာ၍မြဲမြံသောစကားတော်

တောင်ပေါ်၌ခရစ်တော်၏ဘုန်းအာနုဘော်တော်မိမိမြင်တွေ့ခဲ့ရကြောင်း ပေတရု၏ဖော်ပြချက်ကို သင်မှတ်မိပါသလား (၂ပေ ၁း၁၆-၁၈)။ ထိုအမှုသည် ဘုန်းအာနုဘော်နှင့်တကွ ခရစ်တော်ကြွလာတော်မူမည့်အကြောင်းကို လက်ခံယုံကြည်စေသော ထင်ရှားသည့်အမှုဖြစ်ပါသည်။ ယခုပေတရုက "သာ၍မြဲမြံသော အနာဂတ္တိစကား" ရှိသေး၏ဟု ဆိုခဲ့ပါသည်။ ဓမ္မဟောင်းထဲတွင် ခရစ်တော်ပြန်လည်ကြွလာတော်မူမည့်အကြောင်း အနာဂတ္တိစကားများစွာရှိပါသည်။ ပေတရုက ထိုဘုရားသခင်၏နှုတ်ကပတ်တော် လုံးဝမှန်ကန်ခြင်းရှိသောစကားတော်များကို သေချာလေ့လာ နာခံခြင်းရှိရန် ကျွန်ုပ်တို့အားအလိုရှိခဲ့ပါသည်။

ဘုရားသခင့်နှုတ်ကပတ်တော်၏ သဘောသဘာဝကို ပေတရုအထူးဖော်ပြချက် သင်သတိထားမိပါသလား။ ဤကမ္ဘာလောက၌ ဘုရားသခင်၏နှုတ်ကပတ်တော်မှတပါး အခြားယုံကြည်စိတ်ချရသောတရား၊ စုံလင်သောတရားမရှိကြောင်း ပေတရုသင်ပေးလျက်ရှိ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်စကားတိုင်းကို ကျွန်ုပ်တို့ယုံကြည်ကိုးစား၍ရပါသည်။ ခရစ်တော်ပထမအကြိမ် ကြွလာတော်မူခြင်းနှင့်ပတ်သက်သော အနာဂတ္တိကျမ်းတို့သည် စုံလင်ခြင်းရှိခဲ့ပြီးဖြစ်ပါသည်။ ကျန်နေသေးသောအနာဂတ္တိစကား၊ ဒုတိယအကြိမ်ကြွလာတော်မူမည့်စကားတို့သည်လည်း အမှန်စုံလင်ခြင်းရှိပါလိမ့်မည်။

ယေရှုက "ငါအမှန်ဆိုသည်ကား ကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံးဗိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့မရောက်မီ မပျက်စီးရ" (မဿဲ ၅း၁၈)ဟုမိန့်တော်မူ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထာဝရတည်၏။ ယေရှုက မဿဲ ၂၄း၃၅ ထဲတွင် "ကောင်းကင်နှင့်မြေကြီးမတည်သော်လည်း ငါ့စကားတည်လိမ့်မည်" ဟုမိန့်တော်မူ၏။ ခရစ်ဝင်ကျမ်းကိုရေးသားသော လုကာကလည်း ယေရှုမိန့်တော်မူချက်ကို ဤသို့ရေးသားထားပါသည်။ "ပညတ္တိကျမ်း၌အငယ်ဆုံးသောဗိန္ဒုတစ်လုံးပျက်စီးလွယ်သည်ထက် ကောင်းကင်နှင့်မြေကြီး ပျက်စီးလွယ်၏" (လုကာ ၁၆း၁၇)။

အပိုဒ်ငယ် ၁၆ ထဲတွင်ပေတရုက ဘုန်းတန်ခိုးအာနုဘော်တော်နှင့် ခရစ်တော်ကြွလာတော်မူမည့်အကြောင်းသွန်သင်ချက်သည် "ပရိယာယ်နှင့်ပြင်ဆင်သော ဒဏ္ဍာရီစကား" မဟုတ်ကြောင်း သက်သေပြခဲ့ပါသည်။ ဤအကြောင်းသည် ဓမ္မဟောင်းပရောဖက်တို့ ကြိုတင်ဟောထားတော်မူသည့်အတိုင်း သမ္မာကျမ်းစာမှအနာဂတ္တိစကားတို့နှင့်ကိုက်ညီမှုရှိပါသည်။

သွန်သင်ယုံကြည်ချက်မှန်မမှန်ကို ကျွန်ုပ်တို့မည်သို့သိနိုင်မည်နည်း။ ထိုသွန်သင်ချက်ကို သမ္မာကျမ်းစာ၏ရှင်းလင်းသောသွန်သင်ဖော်ပြချက်နှင့် သေချာစွာလေ့လာရမည်ဖြစ်ပါသည်။ သွန်သင်ချက်မှန်မမှန်ကို သမ္မာကျမ်းစာကသာလျှင် ဆုံးဖြတ်ပေးနိုင်၏။ "သို့ဖြစ်လျှင် ကိုယ်တော်၏ ဥပဒေသအလုံးစုံတို့သည် ဖြောင့်ကြသည်ဟုထင်မှတ်လျက် မိစ္ဆာလမ်းရှိသမျှတို့ကို မုန်းပါ၏" (ဆာလံ ၁၁၉း၁၂၈)။

**ဆင်ခြင်ရန်** - "ကိုယ်တော်၏တရားသည် သစ္စာတရားဖြစ်ပါ၏" (ဆာလံ ၁၁၉း၁၄၂)။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏သမ္မာတရားလမ်း၌ လျှောက်လှမ်းမည့်အကြောင်း အကျွန်ုပ်အား သွန်သင်ပေးတော်မူပါ။

သောကြာ၊ ဇွန် (၁၂)
**၂ ပေ ၁း၁၉**
၂ ကော ၄း၃-၆

*“အကြောင်းမူကား၊ ပညတ်တော်သည် မီးခွက်ဖြစ်၍၊ တရားတော်သည် အလင်းဖြစ်၏။ အပြစ်ကိုပြတတ် သောဩဝါဒစကားသည် အသက်လမ်းဖြစ်၏”*

# မှောင်မိုက်အရပ်၌သင်၏အလင်း

ယနေ့ ကျွန်ုပ်တို့လက်ထဲ၌ရှိသည့် စုံလင်လျက် ယုံကြည်ကိုးစားထိုက်သော သမ္မာကျမ်းစာသည် ကျွန်ုပ်တို့၏ကောင်းကြီးမင်္ဂလာခံခြင်းငှါ ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးအထူးဖြစ်ပါသည်။ ပေတရုက “သင်တို့သည် အမှီပြုသင့်ကြ၏” ဟု ကျွန်ုပ်တို့အား သတိပေးခဲ့ပါသည်။ ဘုရားသခင်က မိမိ၏နှုတ်ကပတ်တော် ကျွန်ုပ်တို့လက်ထဲသို့ အပ်ပေးခြင်းသည် ထိုနှုတ်ကပတ်တရားအလုံးစုံကို သတိပြုခြင်းငှါဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် ထားရှိရမည့် စိတ်သဘောထားအမှန်ဟူမူကား သံသယစိတ်မဟုတ်၊ ယုံကြည်နာခံခြင်းစိတ်သဘောပင်ဖြစ်ပါသည်။ သမ္မာကျမ်းစာစကားကို သင်တို့သည် စောင့်ရှောက်လျှင် “ကောင်းသောအကျင့်ကို ကျင့်ရာသို့ ရောက်ကြ၏” (ယာကုပ် ၂း၈)

၂ ပေ ၁း၁၉ ထဲတွင် တမန်တော်က ဘုရားသခင်နှုတ်ကပတ်တော်၏ မင်္ဂလာရှိခြင်းအကျိုးကို ဆက်လက်ရှင်းပြခဲ့ပါသည်။ “စိတ်နှလုံးထဲ၌အာရုဏ်တက်၍ ကြယ်နီပေါ်ထွက်သည့်ကာလတိုင်အောင် ထိုအနာဂတ္တိစကားတော်ကို မှောင်မိုက်အရပ်၌ ထွန်းလင်းသော ဆီမီးကဲ့သို့” ပေတရုဖော်ပြထားပါသည်။

ဤကမ္ဘာလောကသည် မှောင်မိုက်သောနေရာဖြစ်ပါသည်။ နည်းပညာပိုင်း၌ သိသာထင်ရှားစွာတိုးတက်၍ ကြီးမားသောအကျိုးကို တွေ့ရသော်လည်း စိတ်ဝိညာဉ်ပိုင်းဆိုင်ရာတွင် ပို၍ပို၍ မှောင်မိုက်ခြင်းရှိလာခဲ့ပါသည်။ သမ္မာကျမ်းစာက ဤကမ္ဘာလောကအား မှောင်မိုက်သောနေရာဟု ဖော်ပြထားလေ့ရှိပါသည် (ယောဟန် ၁း၅၊ ဧဖက် ၆း၁၂၊ ၁ သက် ၅း၄၊ ၁ ယော ၂း၈)။

ဤမှောင်မိုက်သောကမ္ဘာ၌ ကျွန်ုပ်တို့အားအလင်းပေးသောအရာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ပါသည်။ “နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏” (ဆာလံ ၁၁၉း၁၀၅)။ ကျွန်ုပ်တို့အသက်တာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်လွှမ်းမိုးမှုခံရလျှင် ဤလောက၌ရှိသောအပြစ်နှင့် မှားယွင်းမှုအမှောင်ကြားထဲ၌ ရှေ့ဆက်လျှောက်လှမ်းခြင်းငှါ လုံလောက်သောအလင်း ရရှိကြမည်ဖြစ်ပါသည်။ သမ္မာကျမ်းစာအလင်းကို ကျွန်တော်တို့လျစ်လျူရှုခဲ့ပါလျှင် ဤကမ္ဘာလောက၏အပြစ် အမှောင်ထုထဲ၌ ဘယ်အရပ်သို့သွားသည်ကိုပင် မသိဘဲ စမ်းတဝါးဝါးဖြစ်ကြပါလိမ့်မည်။

သမ္မာကျမ်းစာသည် “စိတ်နှလုံးထဲ၌ အာရုဏ်တက်၍ ကြယ်နီပေါ်ထွက်သည်ကာလ တိုင်အောင်” ဤအမှောင်ကမ္ဘာထဲ၌ ကျွန်ုပ်တို့ကိုလမ်းပြလျက်ရှိ၏။ “ကြယ်နီ” သည် ခရစ်တော်ပင်ဖြစ်ပါသည်။ “ထွန်းတောက်သောမိုးသောက်ကြယ်” (ဗျာ ၂၂း၁၆) ဟုယေရှုကိုဖော်ပြခဲ့ပါသည်။ “တရားသောနေမင်း” (မာလခိ ၄း၂) ဟုလည်းဖော်ပြခဲ့၏။ ခရစ်တော်ကြွလာတော်မူသောအခါ “ရောင်နီ” ပေါ်ထွက်ခြင်းရှိမည်ဖြစ်၏။ စိတ်နှလုံးထဲ၌ ယုံကြည်ခြင်းရှိ၍ ခရစ်တော်ပြန်လည်ကြွလာတော်မူမည့်အချိန်ကို စောင့်မျှော်ခြင်းရှိသော သူတို့အပေါင်းအတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကိုယ်တော်ကြွလာတော်မူ၍ ထာဝရကာလနေ့ရက် “ရောင်နီ” သန်းလာသောအချိန်အထိ ဤကမ္ဘာအမှောင်ထဲ၌ လမ်းပြသောအလင်းဖြစ်ပါသည်။ နှုတ်ကပတ်တော်က ခရစ်တော်ပြန်လည်ကြွလာတော်မူမည့်အကြောင်း ကျွန်ုပ်တို့အား သေချာမှုပေးသည်သာမက ဤကမ္ဘာအမှောင်လောကထဲ၌ကျွန်ုပ်တို့ကို လမ်းပြသော ခရစ်တော်မြင်တွေ့ရမည့်အချိန်အထိ ကွယ်ကာလမ်းပြသောအလင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အမှောင်ထုကို ဖြိုခွင်းခြင်းငှါ သမ္မာကျမ်းစာအလင်းကို အသုံးပြုတော်မူပါ။
**ဆုတောင်းချက်** - “အလင်းတော်နှင့်သစ္စာတော်ကိုစေလွှတ်တော်မူပါ”။

စနေ၊ ဇွန် (၁၃)
**၂ ပေ ၁း၂၀-၂၁**
၂ တိ ၃း၁၅-၁၇

*“အလွန်ကြည်ညိုသောစေတနာစိတ်နှင့် နှုတ်ကပတ်*
*တရားတော်ကိုခံယူ၍ မှန်သည်မမှန်သည်ကို သိခြင်းငှါ*
*ကျမ်းစာကိုနေ့တိုင်းအစဉ် စေ့စေ့ကြည့်ရှုကြ၏”*

# သမ္မာကျမ်းစာသည် ဝိညာဉ်နှင့်ဆိုင်သောစာအုပ်ဖြစ်၏

ဤလောကအမှောင်ထဲ၌ ကိုယ်တော်၏အလင်းတော်အားဖြင့် လျှောက်လှမ်းခြင်းငှါ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အား အကျိုးပြုသည်ဖြစ်သောကြောင့် (၂ ပေ ၁း၁၉) အဆုံးစွန် ကြိုးစားအားထုတ်၍ လေ့လာသင်ကြားရမည်ဖြစ်ပါသည်။ ယနေ့ကျမ်းပိုဒ်က သမ္မာကျမ်းစာကို ကျွန်တော်တို့ချဉ်းကပ်သောအခါ အကျိုးရှိမည့်အကြောင်း အရေးကြီးသောအချက်အချို့ကို သင်ပြဖော်ပြထားပါသည်။

ပေတရုက “ကျမ်းစာ၌ပါသောအနာဂတ္တိစကားမည်သည်ကား ကိုယ်အလိုအလျောက်အနက်မပေါ်ဟု ရှေးဦးစွာ သိမှတ်ကြလော့” (၂ ပေ ၁း၂၀)။ သမ္မာကျမ်းစာကို စာဖတ်သူ၏ အတွေးအခေါ်နှင့်အမြင် အရ အနက်ဖွင့်ခြင်းလုံးဝမပြုရပါ။ မိမိ၏ခံယူချက်နှင့်ကိုက်ညီမှုရှိစေရန်ဟူသောစိတ်သဘောဖြင့် သမ္မာကျမ်းစာကိုလုံးဝအနက်မဖွင့်ရပါ။

သမ္မာကျမ်းစာသည် ဘုရားသခင်၏ဗျာဒိတ်တော်ဖြစ်ကြောင်း သိမှတ်ကြရပါမည်။ လူ့အတွေးအခေါ် အားဖြင့်ပြုစုသော စာအုပ်မဟုတ်။ လူအချို့၏လေ့လာဝေဖန်ခြင်းငှါ ပေးအပ်သောစာအုပ်မဟုတ်ပါ။ ပေတရုက ဤသို့ရေးသားထား၏- “အကြောင်းမူကား အနာဂတ္တိစကားသည်လူ့အလိုအားဖြင့် ဖြစ်ဘူးသည်မဟုတ်။ ဘုရားသခင်၏ သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏” (၂ ပေ ၁း၂၁)။ ဆိုလိုသည်မှာ သမ္မာကျမ်းစာသည် လူတို့တီထွင်သောအရာမဟုတ်ပါ။

သမ္မာကျမ်းစာရေးသားခြင်း၌ လူသည် အသုံးတော်ခံဖြစ်သည်ကို ပေတရုမငြင်းပါ။ သမ္မာကျမ်းစာရေးသားသောသူတို့သည် “ဘုရားသခင်၏သန့်ရှင်းသူတို့”ဖြစ်ကြကြောင်းဆိုခဲ့ပါသည် (၂ ပေ ၁း၂၁)။ “ဘုရားသခင်၏သန့်ရှင်းသူတို့” ဟုခေါ်ရခြင်းမှာ သူတို့သည် ဝိညာဉ်တော်ပေးအပ်တော်မူသော တာဝန်ကို ကျေပွန်စွာထမ်းဆောင်သော၊ သစ္စာရှိသောပရောဖက်များဖြစ်ကြပါသည်။ သူတို့သည် “သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ” ကြ၏။ “တိုက်တွန်းတော်မူခြင်း” ဟု ဘာသာပြန်ထားသော ဂရိစကားလုံးသည် “လေ၏မောင်းနှင်သယ်ဆောင်ခြင်းခံရသောသင်္ဘော” ဟူသော ပုံဥပမာအဓိပ္ပာယ်ကိုဆောင်၏။ ဆိုလိုသည်မှာ ဘုရားသခင်၏သစ္စာရှိသောလူတို့သည် ဝိညာဉ်တော်၏လမ်းပြထိန်းကျောင်းမှုအောက်၌ သမ္မာကျမ်းစာကိုရေးသားခဲ့ကြ၏။

ကျွန်တော်တို့သည် သမ္မာကျမ်းစာကိုအလေးမထားသောစိတ်၊ ပုံမှန်စိတ်သဘောဖြင့် မချဉ်းကပ်ရပါ။ သမ္မာကျမ်းစာကိုဖတ်သောအခါ ဘုရားသခင်၏နှုတ်ကပတ်စကားတော်ကို ဖတ်နေခြင်းဖြစ်ကြောင်း သတိပြုကြရပါမည်။ ကျွန်တော်တို့သည် ယုံကြည်ခြင်းရှိ၍ နာခံလိုက်လျှောက် ကြရပါမည်။ ထို့ပြင် သမ္မာကျမ်းစာ၏အနက်အဓိပ္ပာယ်ဆိုလိုရင်းကို မှန်ကန်စွာသိ၍ လိုက်လျှောက်အသက်ရှင်မည်အကြောင်း သန့်ရှင်းသောဝိညာဉ်တော်၏ အသိဉာဏ်အလင်းကို ကျွန်တော်တို့ဆုတောင်းလျက်တောင်းလျှောက်ကြရပါမည်။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ထဲ၌ သမ္မာတရားကိုသိမြင်မည်အကြောင်း အကျွန်ုပ်မျက်စိကိုဖွင့်ပေးတော်မူပါ။

တနင်္ဂနွေ၊ ဇွန် (၁၄)
**၂ ပေ ၂း၁**
ယေဇ ၁၃

*"အကြောင်းမှုကား နားမထောင်ဘဲ အချည်းနှီးသောစကား ကိုပြော၍၊ လှည့်ဖြားတတ်သောသူ အများရှိကြ၏"*

## သင်တို့တွင်ရှိသောမိစ္ဆာဆရာများ

ကျွန်တော်တို့ဖတ်နေသော ဘုရားသခင်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါ၏။ ဤသည်ကား အံ့ဖွယ်သတင်းကောင်းဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော်တို့အလယ်၌ "မိစ္ဆာဆရာများ" (၂ ပေ ၂း၁) ရှိကြခြင်းသည် သတင်းဆိုးဖြစ်ပါသည်။ ဤလူတို့သည် သမ္မာတရားကို ကိုင်လျက် မှားယွင်းသောသွန်သင်ခြင်းကို ကျွန်ုပ်တို့ထံ သင်ပေးခြင်းငှါ ထိုသမ္မာတရားကို ကွေ့ဝိုက်လှည့်ပတ်ပြောဆိုတတ်ကြ၏။ ဤအန္တရာယ်သည် အာဒံခေတ်မှစတင်ခဲ့ပြီးဖြစ်ပါသည်။ ပေတရုက "သို့သော်လည်း ယုဒလူတို့တွင် မိစ္ဆာပရောဖက်ရှိကြ၏။ ထိုနည်းတူ . . . မိစ္ဆာဆရာတို့သည် သင်တို့တွင်ရှိကြလိမ့်မည်" ဟုဆိုခဲ့ပါသည်။

ဘုရားသခင်က ဣသရေလလူတို့အားမောရှေအားဖြင့် ဤသို့သတိပေးခဲ့ပါသည် -"သင်တို့တွင် ပရောဖက်ပြုသောသူ၊ အိပ်မက်ကိုမြင်သောသူသည် ပေါ်လာ၍ သင်တို့မသိသော အခြားတပါးသောဘုရားကို ဆည်းကပ်၍ဝတ်ပြုကြစို့ဟု ပြောဆိုလျက် နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုကိုပေး၍ ထိုနိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုသည် ပြည့်စုံသော်လည်း ထိုပရောဖက်ပြုသောသူ၊ အိပ်မက်ကိုမြင်သောသူတို့၏ စကားကိုနားမထောင်ရ" (တရား ၁၃း၁-၃)။ ထိုသို့သတိပေးခဲ့သော်လည်း ဣသရေလလူတို့သည် သူတို့ပြည်၌မှားယွင်းသော ပရောဖက်များစွာပေါ်ထွန်းနေထိုင်ခွင့်ပေးခဲ့ကြပြီး၊ သူတို့အား လမ်းမှားလိုက်စေခဲ့ပါသည်။

ထိုမှားယွင်းသောပရောဖက်တို့ကို ဆန့်ကျင်ဖော်ထုတ်ခဲ့သော၊ ကောင်းသောပရောဖက်များဖြစ်သော ဧလိယ၊ ဟေရှာယ၊ ယေရမိနှင့်ယေဇကျေလတို့ ရှိခဲ့ကြပါသည်။ သို့သော်လည်း လူတို့သည် များသောအားဖြင့် မှားယွင်းသောပရောဖက်တို့၏နောက်ကို လိုက်ကြ၏။ လူတို့က သူတို့ဟောပြောသော အပြစ်ဖော်ပြဆန့်ကျင်ခြင်းမပြုသော သတင်းစကားကို နှစ်သက်စိတ်ဝင်စားခဲ့ကြ၏။ အပြစ်ပြုနေကြလျက်ပင် ပြောင်းလဲခြင်းအသက်တာမလိုဘဲ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာ ခံရကြမည်ဟု ကတိပေးတတ်ကြ၏။ မှားယွင်းသောငြိမ်သက်ခြင်းအကြောင်းကို ဟောကြ၏ (နှိုင်းယေရမိ ၆း၁၄)။ လူတို့နှစ်သက်ကြားလိုသော သတင်းကိုဟောပြောကြ၏။

မှားယွင်းသောဆရာတို့၏ သွန်သင်ခြင်းသည် ကျော်ကြားခြင်းရှိသော်လည်း တမန်တော်ပေတရုက ထိုသူတို့၏သွန်သင်ချက်တို့သည် "ဖျက်ဆီးတတ်သော မိစ္ဆာဒိဋ္ဌိအယူများ" ဖြစ်ကြောင်းသတိပေးခဲ့ပါသည်။ ထိုအမှားကို သမ္မာကျမ်းစာဖြင့်လွယ်ကူစွာ မှားယွင်းကြောင်းဖော်ထုတ်နိုင်သည်ရှိသော် မည်သို့သောအားဖြင့် ဤမှားယွင်းသောဆရာတို့သည် မှားယွင်းသောသွန်သင်ခြင်းကို ဟောပြောကျယ်ပြန့်စေပါသနည်း။ ထိုမှားယွင်းသောအယူဝါဒတို့ကို "ပရိယာယ်အားဖြင့်" သွင်းကြမည်ဟု ပေတရုသတိပေးခဲ့ပါသည်။ ဆိုလိုသည်မှာ ထိုသူတို့သည် ထိုမှားယွင်းသောတရားများကို သမ္မာတရားနှင့်ရောနှော၍ အမှတ်တမဲ့သွန်သင်ခြင်းပြုကြလိမ့်မည်။ သူတို့ပြောသမျှအကုန်လုံးသည် အမှားချည်းပဲမဟုတ်ပါ။ သမ္မာတရားကို ချက်ချင်းသူတို့မပထုတ်နိုင်ပါ။ သို့သော်လည်း များမကြာမီ သမ္မာတရားကို မှားယွင်းသောအယူဝါဒဖြင့် အစားထိုးကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသင်းတော်၌လည်း မှားယွင်းသောဆရာရှိကြပါလိမ့်မည်။ ကျွန်တော် အစဉ်သတိရှိသောသူဖြစ်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အသက်တာနှင့်သူတပါးကို ဖျက်ဆီးတတ်သော မိစ္ဆာဒိဋ္ဌိအယူများမှ ကွယ်ကာနိုင်ခြင်းငှါ ဆရာတိုင်းနှင့်သူတို့၏သွန်သင်ချက်တိုင်းကို စစ်ကြောနိုင်ဖို့ရန် အကျွန်ုပ်အား ကျေးဇူးတော်ဆုကျေးဇူးပေးသနားတော်မူပါ။

တနင်္လာ၊ ဇွန် (၁၅)

**၂ ပေ ၂း၁-၂**

ယေရမိ ၆း၁၆-၁၇

*"မိစ္ဆာပရောဖက်အများတို့သည် ပေါ်လာ၍၊ လူအများတို့ကို လှည့်ဖြားကြလိမ့်မည်"*

# ပျက်စီးတတ်သောမိစ္ဆာဒိဋ္ဌိအယူများ

မှားယွင်းသောဆရာတို့ကို အဘယ်ကြောင့် ကျွန်တော်တို့သတိထားသင့်ပါသနည်း။ ယုံကြည်ခြင်း၌ ကျွန်တော်တို့နှင့်မတူညီသောသူ တစ်စုံတစ်ယောက်နှင့် အဘယ်ကြောင့် ကျွန်တော်တို့သီးခြားနေဖို့လိုအပ်ပါသနည်း။ ဤအချို့သောမတူညီသည့် ယုံကြည်ချက်တို့ကို ဘေးဖယ်ထားပြီး ကျွန်တော်တို့အတူတကွနေထိုင်လျက် အတူတကွအမှုတော်မဆောင်နိုင်သလော။

မှားယွင်းသောယုံကြည်ခြင်းကို သွန်သင်ပေးသောသူတို့နှင့် ကျွန်တော်တို့လက်တွဲ၍မရပါ။ ပထမအနေဖြင့်သူတို့သည် ခရစ်တော်ကိုအစဉ်ငြင်းပယ်သောသူဖြစ်ကြ၏ (၂ ပေ ၂း၁)။ သူတို့သည် သခင်ယေရှုအသွေးတော်ဖြင့်ရွေးဝယ်သောအသင်းတော်၌ ထိုသခင်ကိုငြင်းပယ်ခြင်းငှါ ဝင်ရောက်လာကြလိမ့်မည်။ ဤသြဝါဒစာကိုရေးသားသော ပေတရုသည် ပြင်းထန်အားကြီးသောစုံစမ်းမှု ကြုံတွေ့စဉ် သခင်ယေရှုကိုငြင်းပယ်ခဲ့သောသူဖြစ်ပါသည်။ သို့သော်လည်း အစဉ်ငြင်းပယ်ခြင်းကိုမပြုခဲ့ပါ။ ပေတရုကဲ့သို့မဟုတ်ဘဲ ဤမှားယွင်းသောဆရာတို့သည် ခရစ်တော်ကိုအစဉ်သဖြင့် ငြင်းပယ်ဆန့်ကျင်ကြပါလိမ့်မည်။

ဒုတိယအနေဖြင့် ထိုငြင်းပယ်ခြင်းက "မိမိတို့အပေါ်သို့ လျင်မြန်စွာသောပျက်စီးခြင်းကို ရောက်စေ" လိမ့်မည် (၂ ပေ ၂း၁)။ "လျင်မြန်" ဆိုသည်မှာ "ချက်ချင်း၊ ရုတ်တရက်" ဟုအဓိပ္ပာယ်ရ၏။ သို့သော်လည်း "မကြာမီ" ဟုသောအဓိပ္ပာယ်ကိုမဖြစ်မနေမဆောင်ပါ။ ဤဖျက်ဆီးခြင်းသည် ဝိညာဉ်အရေးဖျက်ဆီးခြင်းအရင်ဖြစ်၍ ပြီးမှခန္ဓာကိုယ်ဖြစ်ပါသည်။ မှားယွင်းသောဆရာတို့၏ နောက်သို့အစဉ်လိုက်ခြင်းသည် ဝိညာဉ်အကျိုးကျေးဇူးအပေါင်း၊ ကယ်တင်ခြင်းကိုပင် အမှန်ငြင်းပယ်ရာရောက်၏။ သခင်ယေရှုခရစ်တော်ကို အစဉ်ငြင်းပယ်သောသူအပေါင်းတို့သည် ထာဝရဖျက်ဆီးခြင်းခံရကြမည်ဖြစ်ပါသည်။

မှားယွင်းသောဆရာတို့၏ ဖျက်ဆီးတတ်သော အခြားအကျိုးတစ်ခုမှုကား "သူတို့၏ညစ်ညူးသောအကျင့်ဓလေ့တို့ကို အများသောသူတို့သည် လိုက်" ကြ၏ (၂ ပေ ၂း၂)။ နောက်လိုက်များစွာရရှိတတ်ကြ၏။ သူတို့သည်ထင်ရှားကျော်ကြားသောကြောင့် သူတို့၏ဖျက်ဆီးတတ်သော သွန်သင်ခြင်းနောက်သို့လူများစိတ်ဝင်စား၍လိုကကြ၏။

ထို့ပြင်ထိုသူတို့ကြောင့် "သမ္မာတရားလမ်းအသရေသည် ပျက်စီးလိမ့်မည်" ဟု ပေတရုဆိုခဲ့ပါသည် (၂ ပေ ၂း၂)။ ထိုမှားယွင်းသောလမ်းသို့လိုက်သောသူတို့သည် များပြားလှပြီဖြစ်သောကြောင့် လူများတို့သည် ထိုသူတို့အားမှန်သည်ဟုသတ်မှတ်ကြ၍ သစ္စာရှိသောလူနည်းစု လိုက်လျှောက်သောသမ္မာတရားလမ်းသည် မှားယွင်းသောလမ်းဟု ထင်ကြပါလိမ့်မည်။ ယေရှုက ဤသို့သတိပေးတော်မူခဲ့၏- "အသက်ရှင်ခြင်းသို့ရောက်သောလမ်းနှင့်တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍ တွေ့ဝင်သောသူတို့သည် နည်းကြ၏" (မသဲ ၇း၁၄)။ မှားယွင်းသောသွန်သင်ခြင်း၏ ကြောက်စရာကောင်းသော ရလဒ်တစ်ခုမှာ လူများတို့သည် လှည့်ဖြားခြင်းခံရကြမည်ဟူ၍ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "သမ္မာတရားကို အပြစ်တင်ကဲ့ရဲ့ကြသော်လည်း ဘယ်တော့မှအရှုက်ရစေ၍မရပါ"။

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ဖျက်ဆီးတတ်သော မိစ္ဆာဒိဋ္ဌိအယူများမှ အကျွန်ုပ်ဝိညာဉ်ကို ကွယ်ကာစောင့်ရှောက်တော်မူပါ။

**၂ ပေ ၂း၃**
၁ တိ ၆း၃-၅

*“ဘုရားဝတ်၌မွေ့လျော်ခြင်းသည် အကျိုးစီးပွားဖြစ်သည်ဟု သူတို့သည်စိတ်ထင်ကြ၏၊ ထိုသူတို့ကိုရှောင်လော့”*

## တပ်မက်ခြင်းလောဘ၊ ချော့မော့သောစကားနှင့်ကုန်သွယ်ခြင်း

၂ ပေ ၂း၃ ထဲတွင် ဖျက်ဆီးတတ်သောမိစ္ဆာဒိဋ္ဌိအယူများကို ယူဆောင်လာလျက် အသင်းတော်ထဲသို့တိုးဝင်လာကြသော မှားယွင်းသောဆရာတို့အကြောင်း ဆက်လက်ဖော်ပြရင်း ပေတရုက သူတို့၏အကျင့်လက္ခဏာသုံးမျိုးကို ဖော်ပြထားပါသည်။ ထိုပေတရု၏ဖော်ပြချက်ကို ယနေ့ခေတ်သစ်ခရစ်ယာန်လောက၌ ကျယ်ပြန့်စွာတွေ့ရပါသည်။

သူတို့သည် တပ်မက်ခြင်းလောဘရှိသောသူများဖြစ်ကြ၏။ “ထိုတပ်မက်ခြင်းလောဘစိတ်” ဖြင့် သူတို့အမှုကိုပြုကြ၏။ မှားယွင်းသောဆရာတို့သည် ကိုယ်ကျိုးအတွက်ငွေရှာခြင်းကိုအထူးစိတ်ဝင်စားကြပါသည်။ အမှန်မှာ မိမိကိုယ်ကျိုးရှာခြင်းသည် သူတို့၏ရည်ရွယ်ချက်ဖြစ်ပါသည်။ အသင်းတော်နှင့်အမှုတော်ကို ငွေရှာခြင်းအမှုသို့ ပြောင်းလဲအသုံးပြုတတ်ကြ၏။ ငွေကြေးရဖို့ရန် အမှုတော်ဆောင်ကြ၏။ သူတို့သည် ပရောဖက်မိက္ခာဖော်ပြသောမှားယွင်းသည့် ခေါင်းဆောင်များကဲ့သို့ ဖြစ်ကြပါသည်။ “မင်းတို့သည် လက်ဆောင်ကိုရခြင်းငှါသာ တရားမှုကိုစီရင်တတ်ကြ၏။ ယဇ်ပုရောဟိတ်တို့သည် အခကိုရခြင်းငှါသာ သင်ပေးတတ်ကြ၏၊ ပရောဖက်တို့သည် ငွေကို ရခြင်းငှါသာ အနာဂတ်ကိုဟောတတ်ကြ၏။ သို့သော်လည်း ထာဝရဘုရားကိုခိုလှုံလျက် ထာဝရဘုရားသည် ငါတို့တွင်ရှိတော်မူသည်မဟုတ်လော။ ဘေးဥပဒ်မရောက်နိုင်ဟု ဆိုတတ်ကြသည်တကား”(မိက္ခာ ၃း၁၁)။

ထိုသူတို့သည် ငွေကြေးအရာ၌အောင်မြင်မှုရကြမည့်အကြောင်း တမန်တော်က ဖော်ပြခဲ့ပါသည်။ မှားယွင်းသောဆရာတို့သည် “ချော့မော့သောစကား” ဖြင့် အမှုတော်ဆောင်ကြ၏။ ပေတရုအသုံးပြုသောဂရိစကားလုံးသည် "plastos" ဖြစ်၍ အင်္ဂလိပ်စကားလုံး "plastic" ဆင်းသက်လာရာဖြစ်ပါသည်။ “ပလတ်စတစ်” စကားလုံး၊ ငွေကြေးရခြင်းငှါ သေချာစွာပုံသွင်းထုလုပ်ထားသော စကားလုံးဖြင့်အမှုတော်ဆောင်ကြ၏။ ၁ သက် ၂း၅ ထဲ၌တွေ့ရသော တမန်တော်ပေါလု၏စကားသည် ထိုအမှုနှင့်ဆန့်ကျင်ဘက်ဖြစ်ပါသည်၊ “သင်တို့သိကြသည်နှင့်အညီ ငါတို့သည် ချော့မော့သောစကားကို တစ်ခါမျှမသုံး၊ ဝှက်ထားသောလောဘစိတ်အလျှင်းမရှိကြောင်းကို ဘုရားသခင်သည် ငါတို့သက်သေဖြစ်တော်မူ၏”။

ထိုသို့ငွေကြေးနောက်လိုက်ကြခြင်းကြောင့် သူတို့သည်ဝိညာဉ်အရေးကို အလေးမထားနိုင်တော့ပါ။ သူတို့သည် “သင်တို့ကို ကုန်သွယ်ကြလိမ့်မည်” (၂ ပေ ၂း၃)။ ခရစ်ယာန်အမှုတော်ကို ငွေကြေးရှာဖွေခြင်းအတွက် အသုံးချသောသူတို့သည် လူတို့ကိုလှည့်ဖြားအသုံးချတတ်ကြ၏။ သူတို့သည် အမှုတော်ဆောင်မဟုတ်၊ စီးပွားရေးသမားများဖြစ်ကြပါသည်။

လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေ၏ (လုကာ ၁၀း၇၊ ၁ တိ ၅း၁၇-၁၈)။ သို့သော်လည်း သတင်းကောင်းအမှုတော်ဆောင်ကောင်းသည် အမှုတော်မြတ်ကို မိမိ၏ကိုယ်ကျိုးအတွက် ဘယ်တော့မှအသုံးချမည်မဟုတ်ပါ။ မိမိသိုးစုကို လှည့်ဖြားအသုံးချခြင်းသည် သင်းအုပ်ဆရာအတွက် အလွန်မုန်းတီးစရာကောင်းသောပြစ်မှုပင်ဖြစ်ပါသည်။ ဟုတ်ပါ၏“သူတို့ဖျက်ဆီးခြင်းသည်လည်း အိပ်၍မပျော်” (၂ ပေ ၂း၃)။

**ဆင်ခြင်ရန်** - ပစ္စည်းဥစ္စာ၊ ငွေရေးကြေးရေး၊ ကြွယ်ဝချမ်းသာမှုသည် ဘုရားတရား၌ မွေ့လျော်ခြင်း၏ စစ်မှန်သောလက္ခဏာဖြစ်ပါသလား။

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ သမ္မာတရား၌ဇင်း၊ သန့်ရှင်းခြင်း၌ဇင်း အကျွန်ုပ်ကိုကြွယ်ဝချမ်းသာစေတော်မူပါ။

ဗုဒ္ဓဟူး၊ ဇွန် (၁၇)
**၂ ပေ ၂း၃-၆**
ယုဒ ၄-၇

*"ငြိမ်ဝပ်ခြင်းရှိ၏၊ ဘေးအန္တရာယ်နှင့်ကင်းလွတ်၏ဟု ဆိုစဉ်တွင် . . . သူတို့အပေါ်၌လျှင်မြန်စွာသော ပျက်စီးခြင်းရောက်၍ . . . "*

## ဖျက်ဆီးခြင်းသည်အိပ်၍မပျော်

ဤဩဝါဒစာစောင် အခန်းကြီး ၂ ၌ ပေတရု၏အဓိကရည်ရွယ်ချက်မှာ မှားယွင်းသောဆရာများ၊ ပရိယာယ်ဖြင့်ဝင်ရောက်လာခြင်းအကြောင်းကို အသင်းတော်အားသတိပေးခြင်းဖြစ်ပါသည်။ ထိုသူတို့အားသတိပေးခြင်းငှါ ကျွန်ုပ်တို့အားသတိပေးခဲ့ပါသည်။ ထို့ပြင်အပိုဒ်ငယ် ၃ အဆုံးတွင် ဤမှားယွင်းသောဆရာတို့၏ "ဖျက်ဆီးခြင်းသည် အိပ်၍မပျော်" ဟုဖော်ပြခဲ့ပါသည်။ ဤမှားယွင်းသောဆရာတို့သည် ကြွယ်ဝ၍အဆင်ပြေနိုင်ကြသော်လည်း သူတို့၏ပျက်စီးခြင်းသည် သေချာသောအမှုဖြစ်၏။ မှားယွင်းသောဆရာတို့အပေါ် ကျရောက်မည့်ဘုရားသခင်၏စီရင်ခြင်းအမှုသက်သေအဖြစ် တမန်တော်က ဓမ္မဟောင်းထဲမှအဖြစ်အပျက်သုံးခုကို ကိုးကားဖော်ပြခဲ့ပါသည်။

<u>ပြစ်မှားသောကောင်းကင်တမန်များ (၂ ပေ ၂း၄)</u> ပေတရုက "အကြောင်းမူကား ပြစ်မှားသောကောင်းကင်တမန်တို့ကို ဘုရားသခင်သည် နှမြောတော်မမူ။ ငရဲထဲသို့ချလိုက်ပြီးမှ စစ်ကြောစီရင်ခြင်းအလို့ငှါ ချုပ်ထား၍ မှောင်မိုက်သံကြိုးနှင့်ချည်နှောင်တော်မူ၏" ဟုဆိုခဲ့ပါသည်။ ဤ သည်ကား မှားယွင်းသောဆရာတို့ကိုလည်း ဘုရားသခင်စီရင်မည့်အကြောင်း သက်သေဖြစ်ပါသည်။ ကောင်းကင်တမန်၏ ဆန့်ကျင်ခြင်းအမှုနှင့် နှင်ထုတ်ပစ်ချခြင်းခံရခြင်းအမှုကို ဟေရှာ ၁၄း၁၂-၁၅ နှင့် ယေဇ ၂၈း၁၁-၁၉ ထဲတွင်မှတ်တမ်းတင်ထားပါသည်။ ပြစ်မှားသောအချို့သော ကောင်းကင်တမန်တို့သည် နောက်ဆုံး "စစ်ကြောစီရင်ခြင်း" ခံဖို့ရှိန် ယခု "ငရဲ" ၌ချုပ်ထားခြင်းခံရကြ၏။ ဘုရားသခင်သည် ဆန့်ကျင်သောကောင်းကင်တမန်တို့ကို စီရင်ဒဏ်ခတ်တော်မူလျှင် ဆန့်ကျင်တတ်သောလူတို့ကိုလည်း ဒဏ်ခတ်တော်မူလိမ့်မည်။

<u>နောဧခေတ်လူသားများ (၂ ပေ ၂း၅)</u> နှစ်ပေါင်း ၁၂၀ လုံးလုံး နောဧတရားဟောပြီးမှ (ကမ္ဘာ ၆း၃) ဘုရားသခင်သည်နောင်တမရသောလောကီလူသားတို့ကို ရေလွှမ်းမိုးခြင်းဖြင့် ပြစ်ဒဏ်စီရင်ခဲ့ပါသည်။ နောဧ၏မိသားစု ၈ ယောက်မှအပ လူသားအားလုံးသည် သေခဲ့ကြ၏။ နောဧခေတ်လူတို့နှင့်ယနေ့ခေတ်လူတို့သည် ဆန့်ကျင်ခြင်းအမှု၌ တူညီသောအသက်တာရှိကြ၏။ ထိုအချိန်၌ရှိသော မှားယွင်းသောသူတို့ကို ဘုရားသခင်စီရင်ခဲ့သည်နည်းတူ ယနေ့မှားယွင်းသောသူတို့ကိုလည်း ဘုရားသခင်ဒဏ်ခတ်စီရင်တော်မူလိမ့်မည်။

<u>သောဒုံနှင့်ဂေါမောရ (၂ ပေ ၂း၆)</u> ဤမြို့နှစ်မြို့သည် မတရားသောမေထုန်၊ ကိလေသာအပြစ်ကျူးလွန်ခြင်းနှင့်ပြည့်နှက်ခဲ့ပါသည်။ ထိုကိလေသာလွန်ကျူးခြင်းအပြစ်မျိုးစုံကို ထိုနေရာ၌တွေ့ရပါသည်။ အာဗြဟံက တောင်းလျှောက်အသနားခံခြင်းကိုပြုခဲ့သော်လည်း သူတို့သည် မီးဖြင့်ဖျက်ဆီးခြင်းခံခဲ့ကြ၏။ ဘုရားသခင်သည် သောဒုံနှင့်ဂေါမောရမြို့ရှိ ထောင်လွှားမောက်မာသောသူ၊ ကိလေသာလွန်ကျူးသောသူတို့ကို ပြာဖြစ်စေခဲ့ပါလျှင် နောင်တမရသော ယနေ့ခေတ်လူတို့ကိုလည်း ဒဏ်ခတ်စီရင်တော်မူလိမ့်မည်ဖြစ်ပါသည်။

အထက်ပါဖော်ပြသောအဖြစ်အပျက်၌ဘုရားသခင်၏အမျက်တော်ကို ဖော်ပြပြီးမှ ပေတရုက ထိုသူတို့သည် "နောင်၌မတရားသောအကျင့်ကိုကျင့်အံ့သော သူတို့အား ပုံသက်သေကိုထားတော်မူ" ခြင်းဖြစ်ကြောင်း ဆိုခဲ့ပါသည် (၂ ပေ ၂း၆)။ အပြစ်ကိုအမှုမထားသောသူ၊ အမှားကိုပုံမှန်ကျူးလွန်သောသူတို့သည် နောင်တရကြဖို့လိုအပ်ပါသည်။ သို့မဟုတ်လျှင် သူတို့အပေါ်၌ ဘုရားသခင်၏အမျက်တော်လောင်းချခြင်းခံရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သူတပါး၏ပျက်စီးသွားသောသဘော်သည် အကျွန်ုပ်အတွက် မီးပြတိုက်ဖြစ်ပါစေသော်။

**ဆုတောင်းချက်** - (ဆာလံ ၁၉း၁၃ ကိုအသုံးပြုပါ)။

ကြာသပတေး၊ ဇွန် (၁၈)

**၂ ပေ ၂း၇-၈**
ယေရမိ ၉း၁-၆

*“သူတပါးများတို့သည် တရားတော်ကိုမစောင့်သောကြောင့် အကျွန်ုပ်မျက်စိတို့မှမျက်ရည်သည် မြစ်ရေကဲ့သို့စီးပါ၏”*

# ဖြောင့်မတ်သောလောတ၏စိတ်နှလုံးညှင်းဆဲခံရခြင်း

လောတသည်အာဗြဟံ၏တူဖြစ်၏။ ဘုရားသခင်က အာဗြဟံအား ကတိတော်ပြည်သို့ခေါ်သောအခါ လောတလည်း အာဗြဟံနှင့်အတူလိုက်သွားခဲ့ပါသည်။ အာဗြဟံ၏ယုံကြည်ခြင်းကိုလည်း သူလိုက်လျှောက်ခဲ့ပါသည်။ ဘုရားသခင်ကသူတို့နှစ်ဦးကိုကောင်းကြီးပေးတော်မူခဲ့၏။ သူတို့ပိုင်ဆိုင်သောပစ္စည်းဥစ္စာ များပြားလာသောအခါ တသီးတခြားနေဖို့ဖြစ်လာခဲ့၏။ ထိုအခါလောတသည် မြေဆီကောင်းသောနေရာ၊ သောဒုံကိုရွေးချယ်ခဲ့ပါသည်။ သို့သော်လည်း ထိုမြို့၏အပြစ်သည် အလွန်ကြီးမားလှပါသည်။ ကမ္ဘာ ၁၃း၁၃ ထဲ၌ “သောဒုံမြို့သားတို့သည် ဆိုးသောသူ၊ ထာဝရဘုရားရှေ့၌ အလွန်အပြစ်များသောသူဖြစ်ကြသတည်း” ဟုဖော်ပြခဲ့ပါသည်။ ဝမ်းနည်းစရာကောင်းလှစွာ လောတသည် ဝိညာဉ်အသိတရားမရှိဘဲ ရွေးချယ်မှုကိုပြုခဲ့ပါသည်။ ဘုရားသခင်က လောတအား ထိုမြို့၌မနေစေခြင်းငှါ စစ်ပွဲကျရောက်စေပါသော်လည်း လောတသည် ထိုအပြစ်မြို့သို့ မိမိမိသားစုနှင့်အတူ ဆက်လက်နေထိုင်ခဲ့ပါသည်။

ကမ္ဘာဦးကျမ်း၌တွေ့ရသောအကြောင်းအရာကိုသာ စဉ်းစားပါလျှင် လောတသည်ဖြောင့်မတ်သောသူဖြစ်မည်ဟု သက်သေပြခြင်းငှါ ခက်ခဲလှပါသည်။ သို့သော်လည်း လောတသည်ဖြောင့်မတ်သောသူဖြစ်ကြောင်း ဘုရားသခင်က တမန်တော်ပေတရုအားဖြင့် ဖော်ပြခဲ့ပါသည်။ အပြစ်နှင့်ပြည့်နှက်နေသောမြို့၌နေထိုင်ခြင်းငှါ လောတ၏ဆုံးဖြတ်ချက်သည် မိသားစုဝင်များအဖို့ ဝိညာဉ်ရေးရာအမှု၌ အလွန်ကြောက်စရာကောင်းသော ဆုံးဖြတ်ချက်ဖြစ်ခဲ့ပါသည်။ လောတသည် မတရားသောသူတို့၏ ညစ်ညူးသောအကျင့်အားဖြင့် နှောင့်ယှက်ခြင်းကိုခံရသောသူ (၂ ပေ ၂း၇) ဖြစ်ပါသည်။ “နှောင့်ရှက်ခြင်း” ဟူသော ဂရိစကားလုံးသည် စိတ်နှလုံးထဲမှပူပန်ခြင်းဒုက္ခဝေဒနာကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ လောတသည်စိတ်နှလုံးထဲ၌ ညှင်းဆဲခြင်းခံရ၍ ငြိမ်သက်ခြင်းမရှိခဲ့ပါ။ နောက်ဆုံးတွင် မိမိ၏ဇနီးသည်နှင့် သမီးတို့သည်လည်း ထိုမြို့၏ဆိုးသွမ်းမှုနှင့် လောကီစည်းစိမ်တပ်မက်မှု၏ လွှမ်းမိုးမှုကိုခံခဲ့ကြကြောင်း သူကိုယ်တိုင်မြင်တွေ့ခဲ့ပါသည်။ သူတို့ကိုလည်းဘုရားသခင်က ဒဏ်ခတ်ခဲ့ပါသည်။

လောကီအမှုနှင့်မှားယွင်းခြင်း၌ကျင်လည်ခြင်းငှါ ရွေးချယ်သော၊ စစ်မှန်သောခရစ်ယာန်တိုင်းသည်လည်း လောတကြုံတွေ့ရသကဲ့သို့သော စိတ်နှလုံးညှင်းဆဲခြင်းဒဏ်ကိုခံရကြလိမ့်မည်။ လောကီအရာတပ်မက်ခြင်းကြောင့် လောကီအမှုနှင့်ရောနှောနေထိုင်သော စစ်မှန်သောခရစ်ယာန်တို့သည် ဝိညာဉ်ရေးရာရှုံးနိမ့်မှုကြုံတွေ့ရ၍ ဝမ်းနည်းခြင်းခံစားကြရပါလိမ့်မည်။ ထို့ပြင် မိမိတို့၏သားသမီးနှင့်နီးစပ်သောသူတို့အပေါ်၌ ဝိညာဉ်ရေးရာဝမ်းနည်းခြင်းအမှု ကျရောက်သည်ကို နာကျင်သောစိတ်နှင့် မြင်တွေ့ကြရပါလိမ့်မည်။

များစွာသောခရစ်ယာန်တို့သည် လောတကဲ့သို့ဖြစ်ကြ၏။ သူတို့သည် မှားယွင်းမှုနှင့်လောကီအရာတို့ကို စိတ်နှလုံးထဲမှလက်မခံသော်လည်း ထိုအရာတို့၏လွှမ်းမိုးမှုကို မဖယ်ရှားလိုကြပါ။ စိတ်ပင်ပန်းဆင်းရဲစွာနေထိုင်အသက်ရှင်ရကြ၏။ သမ္မာကျမ်းစာ၏ပညတ်ချက်သည်ကား မယုံကြည်ခြင်းနှင့်မှားယွင်းမှုမှအသီးသီးအခြားခြားနေကြလော့ဟူ၍ဖြစ်ပါသည် (၂ ကော ၆း၁၄-၁၈)။

**ဆင်ခြင်ရန်** - “အနတ္တအမှုကိုပြုသောသူသည် စိတ်ညှင်းဆဲခြင်းခံရလိမ့်မည်”။
**ဆုတောင်းချက်** - အို ထာဝရဘုရား၊ မှားယွင်းသောအရာမှန်သမျှကိုဖယ်ရှားနိုင်ခြင်းငှါ ကျွန်ုပ်စိတ်နှလုံးကို ခိုင်ခံ့မြဲမြံစေတော်မူပါ။

သောကြာ၊ ဇွန် (၁၉)

**၂ ပေ ၂း၇-၉**
၁ သက် ၅း၉-၁၀

*"ဘုရားသခင်သည် . . . စုံစမ်းနှောင့်ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်"*

## မိမိလူတို့အားမည်သို့ကယ်နှုတ်တော်မူမည်ကိုဘုရားသခင်သိတော်မူ၏

သောဒုံအပြစ်၏ညှင်းဆဲခြင်းခံရခြင်းအမှုသည် လောတ၏ရွေးချယ်မှုကြောင့်ဖြစ်ပါသည်။ ယနေ့များစွာသောလူတို့သည် လောတကဲ့သို့ဖြစ်ကြ၏။ သို့သော်လည်း မိမိ၏ရွေးချယ်ခြင်းကြောင့်မဟုတ်ဘဲ အပြစ်၏ညှင်းဆဲခြင်းကိုခံရသော အချို့ယုံကြည်သူများလည်းရှိပါသည်။ အချို့သောသူသည် ယေရှုကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် မလက်ခံမီကတည်းက လက်ထပ်ခဲ့ပြီးဖြစ်၍ မယုံကြည်သူခင်ပွန်းနှင့်အတူနေရသော ယုံကြည်သူရှိနိုင်ပါသည်။ ထိုသို့သောသူသည် မယုံကြည်သူခင်ပွန်းနှင့်အခြားမိသားစုဝင်တို့၏ မတရားသောအကျင့်တို့ကြောင့် ဝမ်းနည်းခြင်းကြုံတွေ့ရတတ်ပါသည်။ ထိုနည်းတူ ကျောင်း၌၎င်း၊ အလုပ်ရုံ၌၎င်း၊ မယုံကြည်သူတို့၏အကျင့်ကြောင့် ဒုက္ခကြုံတွေ့နေရသော ခရစ်ယာန်အများလည်းရှိပါသည်။

ယနေ့ကျွန်ုပ်တို့၏လူ့အဖွဲ့အစည်းကြီးသည် သောဒုံနှင့်ဂေါမောရကဲ့သို့လျှင်မြန်စွာဖြစ်လာခဲ့ပါသည်။ များစွာသောအကျင့်ပျက်ခြင်းတို့ကို နေရာတကာ၌ ကြုံတွေ့မြင်တွေ့ကြရပါသည်။ ထိုသို့သောနေရာ၌ ကျွန်တော်တို့ရှိသောအခါ စိတ်ဆင်းရဲရပါသည်။ ထို့ပြင်အမည်ခံအသင်းတော်တို့ သည် ဤလောကီလူသားတို့အတွက် အားနည်းသောသက်သေဖြစ်လာခဲ့ပါသည်။ လူနည်းစုသာလျှင် သမ္မာတရားဘက်၌ရပ်တည်၍ အပြစ်ကိုရှုတ်ချရဲသောသတ္တိရှိကြ၏။ အသင်းတော်၌ရှိသော များစွာသောအသင်းသူအသင်းသားတို့သည် အမှားအမှန်မခွဲခြားတတ်၊ ရောနှောရှုတ်ထွေးနေသောသူများဖြစ်ကြ၏။

စိတ်ဒုက္ခဆင်းရဲခံနေရသောသူများအဖို့ ယနေ့ကျမ်းပိုဒ်သည် ကြီးမားသောနှစ်သိမ့်ခြင်းကိုဖြစ်စေပါသည်။ ၂ ပေ ၂း၉ က "ဘုရားဝတ်၌မွေ့လျော်သောသူတို့ကို စုံစမ်းနှောင့်ရှက်ခြင်းအထဲက ကယ်နှုတ်ခြင်းငှါ . . . ထာဝရဘုရားသည်တတ်နိုင်တော်မူ၏" ဟုဆိုခဲ့ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို မိမိ၏ဂရုဏာတော်အားဖြင့်အမှန်ကယ်နှုတ်တော်မူမည် (၁ ကော ၁၀း၁၃ ကိုဖတ်ပါ)။

ဘုရားသခင်သည် စိတ်ရှည်ခြင်းရှိသော်လည်း ဤကမ္ဘာလောက၌အခက်အခဲအမျိုးမျိုးကျရောက်မည်အကြောင်း သမ္မာကျမ်းစာက သတိပေးခဲ့ပါသည်။ ဘေးဒဏ်ကြီးကာလသည် ချဉ်းကပ်လျက်ရှိပါ၏။ ဘုရားသခင်၏အမျက်တော်ကို ကျွန်တော်တို့ခံရကြမည်လော။ ဘုရားသခင်က နောဧနှင့်သူ၏မိသားစု သင်္ဘောထဲသို့မရောက်မချင်း ထိုကမ္ဘာမြေကြီးကိုဒဏ်ခတ်စီရင်ခြင်းမပြုခဲ့ပါ။ ထိုနည်းတူ လောတသောဒုံမြို့မှမထွက်ခွာမချင်း ထိုမြို့ကိုဘုရားသခင် ဒဏ်ခတ်တော်မမူခဲ့ပါ။ ဤကမ္ဘာလောကသို့ မိမိ၏အမျက်တော်သွန်းလောင်းမည့် ဘေးဒဏ်ကြီးကာလမတိုင်မီ ဘုရားသခင်က ကျွန်ုပ်တို့အား မိမိထံခေါ်ဆောင်တော်မူမည်ဟု ကျွန်တော်ယုံကြည်ပါသည်။ "မြေကြီးအပေါ်၌ နေသောသူတို့ကို စုံစမ်းစေခြင်းငှါ လောကီနိုင်ငံအရပ်ရပ်တို့ကို နှံ့ပြားလတ္တံ့သော စုံစမ်းရာကာလတွင် သင့်ကိုငါစောင့်ရှောက်မည်" (ဗျာ ၃း၁၀)။

**ဆင်ခြင်ရန်** - သန့်ရှင်းသူတို့သည် သေခြင်း၏ရိုက်ချက်ကို ခံရနိုင်သော်လည်း အဆိပ်သင့်ခြင်းကိုမူ ခံရကြမည်မဟုတ်ပါ။

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ အကျွန်ုပ်ခံရသောညှင်းဆဲခြင်းကို ကျော်လွှန်၍ ကိုယ်တော်ကတိထားတော်မူသော မြတ်သောအောင်နိုင်ခြင်းကို မျှော်ကြည့်မည်အကြောင်း မစတော်မူပါ။

စနေ၊ ဇွန် (၂၀)

**၂ ပေ ၂း၉**

ရောမ ၂း၁-၁၆

*“သို့ရာတွင် ထိုအမှုအလုံးစုံတို့ကို ဘုရားသခင်စစ်ကြော၍ သင့်ကိုအပြစ်ပေးတော်မူမည်”*

## မတရားသောသူသည် တရားဆုံးဖြတ်သောနေ့အဖို့ဖြစ်၏

“မတရားသောသူ” (၂ ပေ ၂း၉) (သို့) ဆိုးသွမ်းသောသူသည် ခဏတာကြီးပွားခြင်းရှိနိုင်ပါသည်။ ဤကမ္ဘာလောက၌သူတို့သည် ပို၍အခွင့်ထူးရကြသည်ဟု ထင်မှတ်စရာ ရှိ၏။ ထိုအခါ သူတို့ပြုသောမကောင်းမှုကို ဘုရားသခင်မေ့လျော့ခဲ့သလောဟု အံ့သြစဉ်းစားစရာဖြစ်လာ၏။

ပေတရုက ဘုရားသခင်သည် “မတရားသောသူတို့ကို . . . ချုပ်ထားခြင်းငှါ . . . တတ်နိုင်တော်မူ၏” (၂ ပေ ၂း၉) ဟုဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် မတရားသောသူနှင့်သူတို့ပြုသော မတရားသောအမှုကိုသိမှတ်တော်မူ၏။ သူတို့ပြုသောအမှုကို မမေ့လျော့၊ ဒဏ်ခတ်စီရင်တော်မူလိမ့်မည်။ ဒဏ်ခတ်စီရင်ခြင်းမပြုသေးခြင်းကို ဘုရားသခင်က သူတို့ပြုသောမတရားမှုများကို မေ့လျော့ခဲ့ပြီဟုမဆိုလိုပါ။ မိမိသတ်မှတ်ထားသောအချိန်၌ ဘုရားသခင်က စီရင်ဒဏ်ခတ်တော်မူလိမ့်မည်။

ယခုအချိန်၌ဘုရားသခင်သည် “မတရားသောသူတို့ကို ချုပ်ထားတော်မူ၏”။ ဒဏ်ခတ်စေမည်အကြောင်း ချုပ်ထားခြင်းဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏ စီရင်ခြင်းမှလွတ်ကြမည်မဟုတ်ပါ။ သူတို့သည်ဆန့်ကျင်ခြင်းအမှုကိုပြုလုပ်နေကြသော်လည်း သူတို့ကိုဘုရားသခင် စိုးမိုးလျက်ရှိပါသည်။ နောက်ဆုံးတရားစီရင်ခြင်းသည် နီးကပ်လျက်ရှိပါသည်။ သူတို့သည် ယခုမှစ၍ ထိုနေ့တိုင်အောင် “ဒဏ်ခံစေမည်အကြောင်း” ချုပ်ထားခြင်းခံရကြ၏။ ဤပြစ်ဒဏ်စီရင်ခြင်းသည် ပုံပြင်ဒဏ္ဍာရီမဟုတ်ပါ။ ပုံဥပမာအနေဖြင့် ပြောဆိုခြင်းလည်းမဟုတ်ပါ။ ဘုရားသခင်သည် ဆန့်ကျင်သောသူတို့နှင့်နောင်တမရသောအပြစ်သားတို့ကို ဒဏ်ခတ်စီရင်တော်မူလိမ့်မည်။ သူတို့ခံရမည့် ထာဝရအပြစ်ဒဏ်သည် သေချာလှပါ၏။

မတရားသောသူမလွဲမသွေခံရမည့် ပြစ်ဒဏ်စီရင်ခြင်းအကြောင်းကို ဗျာ ၂၀း၁၁-၁၅ ထဲတွင် ဤသို့ဖတ်ရပါသည် - “တဖန်တံ ဖြူသောပလ္လင်ကြီးကိုငင်း၊ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူကိုငင်း ငါမြင်၏။ ကောင်းကင်နှင့်မြေကြီးသည် မျက်နှာတော်ရှေ့မှပြေးလွတ်၍ သူတို့နေစရာအရပ်မရှိ။ သေလွန်သောသူ အကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေကြသည်ကိုငါမြင်၏။ စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတပါးသောစာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း စာစောင်တို့၌ ရေးထားချက်နှင့်အညီ တရားစီရင်ခြင်းကိုခံရကြ၏။ သမုဒ္ဒရာသည် မိမိ၌ရှိသော လူသေတို့ကိုအပ်ပေး၏။ မရဏာနှင့်မရဏာနိုင်ငံသည်လည်း မိမိ၌ရှိသောလူသေတို့ကိုအပ်ပေး၏။ လူအသီးသီးတို့သည် မိမိတို့အကျင့်အတိုင်း တရားစီရင်ခြင်းကိုခံရကြ၏။ ထိုအခါ မရဏာနှင့်မရဏာနိုင်ငံကို မီးအိုင်ထဲသို့ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်းဖြစ်သတည်း။ အသက်စာစောင်၌စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ချပစ်လေ၏”။

**ဆင်ခြင်ရန်** - တရားစီရင်ရာနေ့၌ ဘုရားသခင်၏အမျက်တော်မှ မည်သူပုန်းရှောင်နိုင်ပါမည်နည်း။

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ တရားစီရင်ရာနေ့ကို ကြောက်ရွံ့သဖြင့်အကျွန်ုပ်သည် ကယ်တင်ရှင်ခရစ်တော်ကို ယုံကြည်ဖက်တွယ်လျက်ရှိပါ၏။

တနင်္ဂနွေ၊ ဇွန် (၂၁)
**၂ ပေ ၂း၉-၁၂**
ကောလော ၃း၅-၁၀

*"အကြောင်းမူကား သင်းအုပ်သည်ဘုရားသခင်၏ဘဏ္ဍာစိုး ကဲ့သို့ အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူဖြစ်ရမည်။ ကိုယ်အလိုသို့လိုက်တတ်သောသူ. . . မစင်ကြယ်သော စီးပွားကိုတပ်မက်သောသူမဖြစ်ရ"*

---

# မိမိအလိုသို့လိုက်သောလမ်းလွဲသောသူများ

ပေတရုက ကနဦးအသင်းတော်၌နေရာရခဲ့ကြသော မှားယွင်းသောဆရာတို့၏ ဆန့်ကျင်ခြင်းအကျင့်ကိုဖော်ထုတ်ခဲ့ပါသည်။ သူတို့သည်အာဏာစက်ကို လေးစားခြင်းမရှိသော၊ မိမိကိုယ်ကိုချီးမြှောက်သော ဇာတိပကတိလူဟု ဖော်ပြခြင်းခံရကြ၏။

လမ်းလွဲသောသူသည် "ညစ်ညူးသောတပ်မက်ခြင်း၊ ကိလေသာနှင့်တကွ ကာမဂုဏ်အလိုသို့လိုက်သောသူဖြစ်ကြ၏" (၂ ပေ ၂း၁၀)။ "လိုက်" ဟူသောစကားက အစဉ်လိုက်လျှောက်ခြင်းကိုဆိုလို၏။ သူတို့သည် ဇာတိပကတိအလိုကိုမချုပ်တည်းဘဲ နေထိုင်တတ်ကြ၏။ သူတို့၏အကျင့်သည် ညစ်ညူးခြင်းရှိ၏။

လမ်းလွဲသောသူတို့၏ နောက်လက္ခဏာတစ်ခုမှာ "အာဏာစက်ကို မထီမဲ့မြင်ပြုခြင်း" ဖြစ်ပါသည် (၂ ပေ ၂း၁၀)။ အာဏာရှိသောခေါင်းဆောင်တို့ကို စိန်ခေါ်ဆန့်ကျင်တတ်ကြ၏။ ခေါင်းဆောင်အပေါ် ထားရှိရမည့်စိတ်သဘောနှင့်ပတ်သက်၍ ကနဦးအသင်းတော်တို့အား တမန်တော်သွန်သင်ပေးချက်နှင့်ဤအကျင့်သည် ဆန့်ကျင်လျက်ရှိပါသည်။ ကျွန်တော်တို့သည် အစိုးရသောသူတို့အားနာခံမှုရှိရပါမည် (ရောမ ၁၃း၁)။ သူတို့အတွက် ဆုတောင်းမေတ္တာပို့ခြင်းကိုပြု၍ (၁ တိ ၂း၁-၄)။ လေးစားမှုပြုကြရပါမည် (၁ ပေ ၂း၁၁-၁၇)။ ထိုသို့သောစိတ်သဘောထားနှင့်အကျင့်ကို မိဘတို့ထံ၌၎င်း (ဧဖက် ၆း၁-၄)၊ အလုပ်ရှင်အပေါ်၌၎င်း (ဧဖက် ၆း၅-၈)၊ အသင်းတော်၏ခေါင်းဆောင်တို့ထံ၌၎င်း (ဟေဗြဲ ၁၃း၁၇-၁၈) ပြုခြင်းငှါ တိုက်တွန်းထားပါသည်။

ပေတရုက မှားယွင်းသောဆရာတို့သည် ထောင်လွှားဝါကြွားတတ်သောသူ၊ မိမိကိုယ်ကိုချီးမြှောက်ပြောဆိုတတ်သောသူဖြစ်ကြကြောင်း ဖော်ပြခဲ့ပါသည်။ သူတို့သည် ရဲရင့်မောက်မာစွာစကားပြော၍ "ဘုန်းတန်ခိုးကြီးသောသူတို့ကို ကဲ့ရဲ့ဝံ့ကြ၏"။ ဤသည်ကား ကောင်းကင်တမန်တို့အား ကဲ့ရဲ့သောအမှုကိုဆိုလိုခြင်းဖြစ်ပါသည်။ ထို့နောက်ပေတရုက ကောင်းကင်တမန်တို့သည် ပြစ်မှားသောကောင်းကင်တမန်တို့ကိုပင် မကဲ့ရဲ့ခဲ့ကြကြောင်း ဖော်ပြခဲ့ပါသည်။ ထို့ကြောင့်ကျွန်တော်တို့သည် တန်ခိုးကြီးသောသူ၊ အာဏာစက်ကိုကဲ့ရဲ့ခြင်းမပြုကြရပါ။

သူတို့၏မောက်မာသောအပြောအဆိုနှင့်အမူအကျင့်တို့သည် "တိရစ္ဆာန်" နှင့်တူ၏။ သူတို့သည် ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုမူကြ၏။ ဝိညာဉ်စိတ်သဘောရှိသောသူ၌ရှိသည့် အဆိုးအကောင်းခွဲခြားသိမြင်တတ်သောစိတ် သူတို့၌မရှိပါ။ မိမိတို့နားမလည်သောအရာတို့ကိုပင် ပြောဆိုတတ်ကြ၏။ ထိုလမ်းလွဲသောသူတို့သည် "မိမိတို့ပုတ်ပျက်သောအားဖြင့် အကုန်အစင်ပျက်စီးခြင်းသို့ရောက်" ကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - "မကောင်းသောအပင်သည်မကောင်းသောအသီးကိုသီးတတ်၏" (မသဲ ၇း၁၇)။
**ဆုတောင်းချက်** - အို ထာဝရဘုရား၊ အကျွန်ုပ်နှင့်အသင်းတော်ကို ပျက်စီးယိုယွင်းသောသူတို့နှင့် သူတို့၏အကြံအစည်များမှ ကယ်နှုတ်တော်မူပါ။

တနင်္လာ၊ ဇွန် (၂၂)
**၂ ပေ ၂း၁၃-၁၄**
ရောမ ၁၃း၁၃

*"ထိုသို့သောမိန်းမသည်အဆင်းလှသော်လည်း
တပ်မက်သောစိတ်မရှိနှင့်၊ သူသည်မျက်ခမ်းတို့ဖြင့်
သင့်ကိုမကြော့မိစေနှင့်"*

## အပျော်ကြူးသောခရစ်ယာန်များလော

ဘုရားကျောင်းသွားလေ့ရှိသော များစွာသောလူတို့သည် ညစ်ညူးသောရုပ်ရှင်ကြည့်ရန်နှင့် လောကီအဆိုတော်နှင့်အကများကို ကြည့်ရှုခြင်း၌ လူများတို့နှင့်အတူတကွ ပါဝင်တတ်ကြ၏။ ဤအမည်ခံခရစ်ယာန်တို့သည် ညဉ့်ပြုလုပ်သောကလပ်နှင့်ပါတီပွဲများသို့ ပျော်ပါးတတ်ကြ၏။

ယနေ့ခေတ်အသင်းတော်နှင့် ခရစ်ယာန်အဖွဲ့အစည်းတို့တွင် လောကီဆန်သော တေးဂီတ၊ ကခုန်ခြင်းနှင့်ပါတီပွဲများပြုလုပ်လာကြသည်မှာ ထူးဆန်းသောအရာမဟုတ်တော့ပါ။ သူတို့၏လုပ်ရှားမှုသည် လောကီဖျော်ဖြေမှုနှင့်တထပ်တည်းတူညီမှုရှိပါသည်။ ဖျော်ဖြေပွဲ၌တွေ့ရသော အသစ်သောအရာတိုင်းကို ခရစ်ယာန်အပြုအမူဖြစ်သို့ ပြောင်းလဲခဲ့ကြပြီး လူတို့အားဘုရားကျောင်းမှ အခြားနေရာသို့မသွားအောင် ဆွဲဆောင်ခဲ့ကြ၏။

ပေတရု၏တရားသည် ယနေ့ခေတ်အသင်းတော်အတွက် အလွန်အကျိုးရှိလှပါသည်။ ပေတရုက ဘုရားကျောင်းသွားနေလျက် နောင်တမရသော အပျော်ကြူးသောသူတို့သည် "မတရားသောအမှု၏အပြစ်ကိုခံရကြလိမ့်မည်" (၂ ပေ ၂း၁၃) ဟုရှင်းလင်းစွာမိန့်တော်မူခဲ့၏။

ဤအပျော်ကြူးသောသူတို့သည် မည်ကဲ့သို့သောသူဖြစ်ကြပါသနည်း။ သူတို့သည် "နေ့အချိန်၌ပင် လွန်ကြူးစွာ ကာမဂုဏ်ခံစားခြင်းအမှုသည် ပျော်မွေ့ရာဖြစ်သည်ဟုထင်မှတ်သောသူ"ဖြစ်ကြ၏ (၂ ပေ ၂း၁၃)။ "နေ့အချိန်၌ပင် လွန်ကြူးစွာကာမဂုဏ်ခံစားခြင်း" ဟူသောစကားစုက သူတို့သည်လူရှေ့သူရှေ့၌ပင် ညစ်ညူးသောကိလေသာအမှုကို လွန်ကြူးကြကြောင်း ထင်ဟပ်စေပါသည်။

ပေတရုက ရွံရှာသောစိတ်သဘောဖြင့်သူတို့သည် "အညစ်အကြေးအစွန်းအကွက်ဖြစ်ကြ၏" (၂ ပေ ၂း၁၃) ဟုဆိုခဲ့ပါသည်။ "အစွန်းအကွက်" ဟူသည် ညစ်ညူးသောအကျင့်ကိုဆိုလို၍ "အညစ်အကြေး" သည် ဘုရားသခင်၏အစေခံကျွန်မဖြစ်ထိုက်ကြောင်းကို ပြလျက်ရှိပါသည်။ "မိမိတို့မှားယွင်းသောသဘောနှင့် လွန်ကြူးခြင်း" ပြုကြခြင်းသည် ဘုရားသခင်ရှေ့၌ ရွံရှာစရာကောင်းလှပါသည် (၂ ပေ ၂း၁၃)။ "သင်တို့နှင့်အတူ စားသောက်ပွဲလုပ်သောအခါ" ဇာတိပကတိအလိုသို့လိုက်၍ အပျော်ကြူးတတ်ကြ၏။ အပိုဒ်ငယ် ၁၄ တွင် ပေတရုက သူတို့၏သရုပ်အမှန်ကိုဖော်ပြခဲ့ပါသည်။ "သူတို့သည် သူမယားပြစ်မှားသော ကိလေသာနှင့် ပြည့်စုံသောမျက်စိရှိကြ၏"။ သူတို့သည် ဇာတိတပ်မက်ခြင်းရှိကြသည်သာမက ထိုတပ်မက်သောစိတ်ဖြင့်ကြည့်တတ်ကြ၏။ ထို့ကြောင့် "ဒုစရိုက်ကိုမပြုဘဲ မနေနိုင်ကြ"။ ဤအကျင့်ပျက်သောလမ်းလွဲသောသူတို့သည် "စိတ်နှလုံးမတည်ကြည်သောသူတို့ကို အပြစ်သို့သွေးဆောင်" ခြင်း၌ လျှောက်သွားတတ်ကြပါသည်။ သူတို့သည် လူတို့၏အသက်တာနှင့် ငွေကြေးအတွက်ပင် အန္တရာယ်ရှိသောသူဖြစ်ကြပါသည်။ ပေတရုက ထိုသူတို့အား "ကျိန်တော်မူခြင်း၏သားဖြစ်ကြ၏" ဟုဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်နှင့်ဇာတိပကတိတပ်မက်ခြင်းသည် သူစိမ်းများဖြစ်ကြပါ၏။
**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ဇာတိအလိုတပ်မက်ခြင်းကိုရှောင်ကြဉ်မည်အကြောင်း အကျွန်ုပ်အား မစသနားတော်မူပါ။

အင်္ဂါ၊ ဇွန် (၂၃)
**၂ ပေ ၂း၁၅-၁၆**
ဗျာ ၂း၁၄

*"သင်သည်ထာဝရဘုရား၏ဖြောင့်မတ်သောလမ်းခရီးတို့ကို မဖျက်ဆီးဘဲမနေနိုင်သလော"*

## ဗာလမ်၏လမ်း

ယနေ့ကျမ်းပိုဒ်တွင် တပ်မက်ခြင်းလောဘ၏အန္တရာယ်ကိုဆက်လက်ဖော်ပြခဲ့ပါသည်။ တပ်မက်ခြင်းလောဘသည် ငွေကြေးအာဏာနှင့် ကျော်ကြားမှုကို အဆုံးမရှိတောင့်တခြင်းဖြစ်သော ရောင့်ရဲတင်းတိမ်ခြင်းမရှိနိုင်သည့် စွဲလမ်းရူးသွပ်မှုပင်ဖြစ်ပါသည်။ ဤအမှုက လူကိုများစွာသော မကောင်းမှုပြုစေတတ်၏။ "ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့၏ မူလအမြစ်ဖြစ်သတည်း" (၁ တိ ၆း၁၀)။ယေရှုကလည်း "လောဘလွန်ကြူးခြင်းကို သတိနှင့်ကြဉ်ရှောင်ကြလော့" (လုကာ ၁၂း၁၅) ဟုသတိပေးတော်မူခဲ့၏။

တပ်မက်ခြင်းလောဘ၏ ဆိုးသွမ်းမှုကိုဖော်ပြခြင်း၌ ပေတရုက တောလည် ၂၂-၂၅ ထဲ၌ တွေ့ရသောဗာလမ်အကြောင်းကို ကိုးကားခဲ့ပါသည် (ဤအခန်းကြီးတို့ကို အချိန်ယူ၍ဖတ်ပါလော့)။ သူသည် တပါးအမျိုးသားပရောဖက်ဖြစ်၍ မောဘရှင်ဘုရင်ဗာလက်ပေးသောငွေကို လိုချင်သောကြောင့် ဣသရေလကိုကျိန်ဆဲခြင်း၌ ကြိုးစားခဲ့သောသူဖြစ်ပါသည်။ ဗာလမ်က ဗာလက်မင်းနှင့် လက်တွဲခြင်းအမှုသည်မှားယွင်းကြောင်း သိသော်လည်း ငွေကိုရခြင်း၌ ထိုအခွင့်အရေးကို လက်လွှတ်မခံခဲ့ပါ။ ဘုရားသခင်က သူစီးသောမြည်းအားဖြင့် ဆုံးမခဲ့သော်လည်း သူသည်နာမခံခဲ့ပါ။

ဗာလမ်က ဣသရေလကိုကျိန်ဆဲရန်ကြိုးစားသောအခါ ထိုကျိန်ဆဲမှုကို ကောင်းကြီးမင်္ဂလာအဖြစ်သို့ ဘုရားသခင်ပြောင်းလဲစေခဲ့ပါသည် (တရား ၂၃း၄-၅)။ ထိုသို့ဘုရားသခင်၏တားမြစ်တော်မူခြင်းကြောင့် မကျိန်ဆဲနိုင်ခဲ့သော်လည်း ဗာလမ်က ဗာလက်အားမည်သို့ဣသရေလအပေါ် အနိုင်ယူမည်ကို သင်ပေးခဲ့ပါသည်။ ဣသရေလသည်ဘုရားသခင်ကိုအမျက်ထွက်စေ၍ ထိုသို့ဖျက်ဆီးခြင်းခံရကြခြင်း၌ ဗာလမ်ကဗာလက်အား ဣသရေလလူတို့ကို တပ်မက်ခြင်းအပြစ်ကျူးလွန်ကြစေရန် သွေးဆောင်ဖို့အကြံပေးခဲ့ပါသည်။ ဗာလက်က ပေးရန်ကတိထားခဲ့သောငွေကြေးကို တပ်မက်သောကြောင့် ထိုသို့ဗာလမ်ပြုခြင်းဖြစ်ပါသည်။

မှတ်သားစရာအချက်ဟူမူကား ဗာလမ်သည် ဘုရားသခင်၏အလိုတော်သိရသောအခွင့်ရခဲ့သော်လည်း အပြစ်ပြုခြင်းကိုရွေးချယ်ခဲ့ပြီး ဣသရေလကိုလည်း အပြစ်ပြုစေခဲ့ပါသည်။ များစွာသောလမ်းလွဲသောသူတို့သည် ဗာလမ်၏အကျင့်ကိုပိုင်ဆိုင်ခဲ့ကြပါသည်။ ယနေ့နောက်ဆုံးကာလ၌လည်း များစွာသောကျော်ကြားသောတရားဟောဆရာများနှင့် သာသနာပြုဆရာတို့သည် တပ်မက်ခြင်းလောဘရှိကြပြီး သမ္မာကျမ်းစာသွန်သင်ချက်နှင့်ဘုရားသခင်၏ထင်ရှားသောအလိုတော်ကို သိသိကြီးဘေးဖယ်လျက် ဇာတိပကတိအကျင့်တို့ကို ချီးမြှောက်ကြကြောင်းတွေ့ရပါသည်။ ထိုသို့သောပုဂ္ဂိုလ်တို့သည် ကျော်ကြား၍ ချမ်းသာကြွယ်ဝလာတတ်ကြ၏။ သို့သော်လည်း "မတရားမှု၏အပြစ်ကို ခံရကြလိမ့်မည်" (၂ ပေ ၂း၁၅)။ ထိုသို့သောပြစ်ဒဏ်ခံရသော အခြားပုဂ္ဂိုလ်မှာ ယုဒရှကာရုတ်ပင်ဖြစ်ပါသည်။ "ထိုသူသည် မတရားသောအမှုအတွက် ဖြည့်ရသောအခနှင့်မြေတစ်ကွက်ကို ဝယ်ပြီးမှ မှောက်လျက်လဲကျ၍ ဝမ်းကွဲသဖြင့် အအူများပေါက်လေပြီ" (တမန် ၁း၁၈)။

**ဆင်ခြင်ရန်** - ငွေကိုတပ်မက်သောစိတ်က များစွာသောလူတို့ကို လောင်မြိုက်ပျက်စီးစေပါ၏။
**ဆုတောင်းချက်** - အဖဘုရား၊ မတရားမှု၏အခကိုမခံရမည့်အကြောင်း ကိုယ်တော်၏ကောင်းမြတ်မှုခံစားရခြင်း၌ ရောင့်ရဲတင်းတိမ်သောစိတ်အကျွန်ုပ်အားရှိစေတော်မူပါ။

**၂ ပေ ၂း၁၇-၁၉**

ရောမ ၆း၁၆-၂၂

*"ဒုစရိုက်ကို ပြုသမျှသောသူတို့သည်*
*ဒုစရိုက်၏ကျွန်ဖြစ်ကြ၏"*

## ရေမရှိသောရေတွင်း၊ မိုးရေမပါသောမိုးတိမ်

ယနေ့ကျမ်းပိုဒ်၌မှားယွင်းသောဆရာများပြင်းထန်စွာ ပြစ်တင်ရှုတ်ချမှုကို ဆက်လက်မြင်တွေ့ရပါသည်။ ပေတရုက ထိုသို့သောလူတို့ကိုဆိုးသွမ်းမှုကို ဖော်ပြ၍သတိပေးခဲ့ပါသည်။ ထို့ကြောင့် သစ္စာရှိသောသူသည် ပေတရုကဲ့သို့ဖြစ်ဖို့လိုပါသည်။ နှုတ်ကပတ်တော်ကိုဟောပြောသော အမှုတော်ဆောင်ကောင်းသည် အသင်းတော်ထဲသို့တိတ်တဆိတ် ဝင်ရောက်လာလျက်ရှိသော မှားယွင်းသည့်ယုံကြည်ခြင်းတို့ကို ကြောက်ရွံ့မှုမရှိဘဲ ဆန့်ကျင်ဖော်ထုတ်ရပါမည်။ မှားယွင်းသောဆရာတို့သည် "ချစ်ခြင်းမေတ္တာနှင့်သည်းခံခြင်း" တရားကိုသာဟော၍ မိမိကိုယ်ကို ဖုံးကွယ်တတ်ကြ၏။ သို့သော်လည်း ထိုသူတို့သည် မိမိတို့၏ဆိုးယုတ်သောသွန်သင်ခြင်းနှင့် အကျင့်ကိုဖုံးအုပ်ခြင်းငှါ ပေတရုထံမှ လုံလောက်သော "ချစ်ခြင်းမေတ္တာ"ရရှိကြမည်မဟုတ်ပါ။

ပေတရုက ထိုသူတို့အား အကျိုးမရှိသောလူများဟု ဖော်ပြထားပါသည်။ သူတို့သည် "ရေမရှိသောရေတွင်း"၊ "လေတိုက်၍လွင့်သောမိုးတိမ်" ကဲ့သို့ဖြစ်ကြပါသည်။ စစ်မှန်သောယုံကြည်သူတို့အား ယေရှုက "ငါ့ကို ယုံကြည်သောသူသည် ကျမ်းစာလာသည်အတိုင်း အသက်ရေထွက်ရာစမ်းရေတွင်းဖြစ်လိမ့်မည်ဟုမိန့်တော်မူ၏" (ယောဟန် ၇း၃၈)။ ဤလူတို့သည် ထိုသို့မဟုတ်ကြပါ။ ရေတွင်းကဲ့သို့ပေါ်လွင်ကြသော်လည်း၊ ရေတွင်း၏အကျိုးတရားသူတို့၌မရှိကြ။ သူတို့သည် ခြောက်သွေ့သောမြေအတွက် မိုးသွန်းလောင်းပေးမည့်မိုးတိမ်ကဲ့သို့ ပေါ်လွင်သော်လည်း အမှန်မှာ မိုးရေသူတို့၌ မရှိပါ။ လေတိုက်၍လွင့်ပယ်ပျောက်ကွယ်သောတိမ်ကဲ့သို့ သူတို့သည် အဘယ်ဝိညာဉ်ကျေးဇူးမျှ မယူဆောင်လာဘဲ ပျောက်ကွယ်တတ်ကြ၏။

သူတို့၌ဝိညာဉ်အကျိုးနှင့်ပတ်သတ်သော အရာမျှဝေခြင်းငှါ ဘာမှမရှိကြသော်လည်း နောက်လိုက်တပည့်များကို မည်သို့ဆွဲဆောင်ကြပါသနည်း။ ပေတရုက အဖြေတစ်ချို့ပေးခဲ့ပါသည်။ ပထမအနေဖြင့် သူတို့သည် "ထောင်လွှားသောအချည်းနှီးစကားကို" (၂ ပေ ၂း၁၈) ပြောတတ်ကြ၏။ သူတို့သည် သမ္မာတရားမပါဘဲ အပြောကောင်းသောသူများဖြစ်ကြ၏။ ထိုနှုတ်အပြောကောင်းခြင်းက လူတို့ကိုဆွဲဆောင်ပါသည်။ ဒုတိယအချက်မှာ "ဇာတိပကတိတပ်မက်ခြင်း၊ ကိလေသာလွန်ကျူးခြင်းအားဖြင့် အပြစ်သို့သွေးဆောင်တတ်ကြ၏" (၂ ပေ ၂း၁၈)။ သူတို့သည် မိမိနောက်လိုက်တပည့်တို့အား ဇာတိတပ်မက်ခြင်းနောက် လိုက်ရသောအခွင့်ကို လုံလောက်စွာပေးခဲ့ကြ၏။ အပြစ်ကိုမစွန့်လွှတ်သည်သာမက အပြစ်ထဲ၌ကျင်လည်ခြင်းငှါ အားပေးတတ်ကြ၏။ သူတို့သည် ယနေ့ခေတ်သစ် တရားဟောဆရာများကဲ့သို့ဖြစ်၍ အပြစ်ကိုရှုတ်ချဖော်ထုတ်ခြင်းမပြု၊ ထိုသို့ပြုသောသူတို့ကိုပရိသတ်အား ထိုသို့အပြစ်ရှိသောသူအဖြစ် ခံစားစေသောကြောင့် အပြစ်တင်ကြ၏။ "ကိလေသာလွန်ကျူးခြင်းအားဖြင့်" မိမိကိုယ်ကိုသန့်ရှင်းစေခဲ့ပြီးသောသူတို့ကိုပင် ညစ်ညူးစေတတ်ကြ၏။ ထိုအကြောင်းကို အပိုဒ်ငယ် ၁၉ ထဲတွင် ဤသို့ဆက်လက်ဖော်ပြခဲ့ပါသည် - "လွှတ်ခြင်းအခွင့်ရှိသည်ဟုဝန်ခံလျက်ပင် ကိုယ်တိုင်ပုပ်ပျက်ခြင်း၏ကျွန်ဖြစ်ကြ၏။ အဘယ်သို့နည်းဟူမူကား လူကိုနိုင်သောအရာသည် လူ၏သခင်ဖြစ်၏" (၂ ပေ ၂း၁၉)။

**ဆင်ခြင်ရန်** - ခဏတာအသက်တာပြုပြင်ပြောင်းလဲခြင်းသည် စစ်မှန်သောဒုတိယမွေးဖွားခြင်းမဟုတ်ပါ။

**ဆုတောင်းချက်** - အဘဘုရား၊ ခရစ်တော်၏အသွေးတော်နှင့် နှုတ်ကပတ်တော်၏တန်ခိုးအားဖြင့် အကျွန်ုပ်အသက်တာကို အစဉ်သန့်ရှင်းခြင်းရှိစေတော်မူပါ။

ကြာသပတေး၊ ဇွန် (၂၅)
**၂ ပေ ၂း၂၀-၂၂**
ဆာလံ ၃၆း၁-၄

*"ဘုရားသခင်၏အလိုတော်ဟူမူကား၊*
*သင်တို့သည် မတရားသောမေထုန်ကို*
*ကြဉ်ရှောင်၍ သန့်ရှင်းစေခြင်းငှါ . . . "*

## ခွေးသည် မိမိအန်ဖတ်ကိုပြန်စား၍ ဝက်သည်ရွှံ့တွင်လူးပြန်၏

ယနေ့ကျမ်းပိုဒ်တွင် ခဏတာပြောင်းလဲခြင်းအကြောင်းကို ဆက်လက်ဖော်ပြခဲ့ပါသည်။ ဒုတိယမွေးခြင်းမခံရသောသူပင်လျှင် မိမိကိုယ်ကိုထိန်းချုပ်ခြင်း၊ ဆိုးသွမ်းသောအကျင့်အချို့တို့ကို စွန့်လွှတ်ခြင်းပြုနိုင်ပါသည်။ သို့သော်လည်း နာခံခြင်းကိုဖြစ်စေသော စစ်မှန်သော နောင်တရခြင်းနှင့် ယုံကြည်ခြင်းမပါသောပြောင်းလဲခြင်း ဖြစ်ခဲ့လျှင် များမကြာမီ ထိုလမ်းဟောင်း(သို့) အကျင့်ဆိုးတို့ကို ပြန်၍လျှောက်လှမ်းကျင့်ခဲ့ကြပါလိမ့်မည်။

သန့်ရှင်းခြင်းသည် မကောင်းမှုအချို့ကိုမပြုဘဲ ငြင်းပယ်ခြင်းသာသာမဟုတ်ပါ။ ဘုရားသခင်၏စကားကိုအစဉ်နာခံလိုက်လျှောက်ခြင်းဖြစ်ပါသည်။ ထို့ပြင် အပြစ်ကိုရွံ့ရှာမုန်းတီးခြင်းလည်း ဖြစ်၏။ သူတို့သည် အချို့တစ်ဝက်(သို့) တစ်ခဏအပြစ်ကို ရှောင်ကြဉ်လျက် သခင်ယေရှုခရစ်တော်သိသောဉာဏ်ရှိသည်ဟု ဝန်ခံတတ်ကြ၏။ ဘုရားကျောင်းသွားဖူးသောသူ၊ သတင်းကောင်းကိုကြားဖူးသောလူများတို့သည် ခရစ်ယာန်အသက်တာကို သိခဲ့ကြပါသည်။ ထိုအခါ နောင်တရခြင်းမရှိဘဲလျက် စစ်မှန်သောခရစ်ယာန်အသက်တာဖြင့် အသက်ရှင်ရန်ကြိုးစားခဲ့ကြ၏။

သို့သော်လည်း "တဖန် ကျော့မိလျက်ရှုံးလျှင် နောက်ဖြစ်ဟန်သည် ရှေ့ဖြစ်ဟန်ထက် သာ၍ဆိုး၏" (၂ ပေ ၂း၂၀)။ သူတို့သည်ခရစ်တော်နှင့် အသင်းတော်၏အသရေကိုပျက်စေပြီး အရှက်ရစေကြ၏။ ထို့ကြောင့် ပေတရုက ထိုသို့သောသူတို့အား ဤသို့ဆန္ဒပြုခဲ့ပါသည်- "ဖြောင့်မတ်ခြင်းတရားလမ်းကိုသိ၍ မိမိခံခဲ့ပြီးသော သန့်ရှင်းသောပညတ်ကို တဖန်စွန့်ပစ်သည်ထက် ထိုလမ်းကို မသိဘဲနေသော် သာ၍ကောင်း၏" (၂ ပေ ၂း၂၁)။

ထို့နောက် ပေတရုက သခင်ဘုရားဘက်၌ အစကတည်းမှမရပ်တည်ခဲ့လျှင် သာ၍ကောင်း၏ဟု ဆိုရခြင်းအကြောင်းကို ဆက်လက်ဖော်ပြခဲ့ပါသည်။ လမ်းလွှဲဆန့်ကျင်ခြင်းသည် မသိခြင်းထက် ပို၍ ဆိုးသွမ်းလှပါသည်။ အကြောင်းမှာ လမ်းလွဲခြင်းသည် ဖြောင့်မတ်ရာလမ်းကို မထီမဲ့မြင်ပြုခြင်းဖြစ်၏။ သူတို့၏ဇာတိပကတိအလိုအတိုင်း အသက်ရှင်ခြင်းက ခရစ်တော်၏တရားလမ်း၌အပြစ်ပြုခြင်းကို ခွင့်ပြုသကဲ့သို့ ပေါ်လွင်စေပါသည်။ ဤသည်ကား ဘုရားသခင်၏အသရေကို ဖျက်ခြင်းဖြစ်ပါသည်။ စစ်မှန်သောခရစ်ယာန်ဖြစ်ခြင်းတွင် ဇာတိအလိုလိုက်၍ အသက်ရှင်ခြင်းကို ခွင့်ပြုခြင်းမရှိသောကြောင့် သူတို့၏အသက်တာအကျင့်က သူတို့သည် ဒုတိယမွေးဖွားခြင်းမခံရကြကြောင်း သက်သေထူလျက်ရှိပါသည်။ ခွေး (သို့) ဝက်သည် အပြင်ပန်းသန့်ရှင်းစင်ကြယ်ခြင်းရှိနိုင်သော်လည်း မိမိတို့၏ဇာတိသဘောသည် အတွင်း၌ရှိ၍ ပြန်နေကြည်စည်းသော အမှုကိုပြုလိုတတ်ကြ၏။ ဒုတိယမွေးဖွားခြင်းအမှန်တကယ်မခံရသော ဤလမ်းလွဲသောသူတို့သည် ထိုကဲ့သို့ဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏အကျင့်ကိုကျင့်သောသူသည် အပြစ်နှင့်ဆိုင်သောအကျင့်ကို မကျင့်ပါ။

**ဆုတောင်းချက်** - အကျွန်ုပ်၏အပြောအဆို၊ အမှုအကျင့်သည် ခရစ်တော်၏ဘုန်းတော်ကို အစဉ်ထင်ရှားပါစေသော်။ အကျွန်ုပ်သခင်ကို အရှက်ရစေမည့်မကောင်းသောအကျင့်တိုင်းကို ကျွန်တော်မုန်းတီးလိုပါသည်။

သောကြာ၊ ဇွန် (၂၆)

**၂ ပေ ၃း၁-၇**

ဖိလိ ၃း၂၀-၂၁

*"ငါတို့သခင်ယေရှုခရစ်၏ ပေါ်ထွန်းတော်မူခြင်းကို မျှော်လင့်၍နေစဉ်. . . "*

## ယေရှုပြန်လည်ကြွလာတော်မူမည်ကို သတိပြုလော့

ခရစ်ယာန်တို့၏မှတ်ဉာဏ်ကို အစဉ်နိုးကြားစေဖို့လိုပါသည်။ ဘုရားသခင်၏သမ္မာတရားကို အလွန်လေ့ကျက်သောခရစ်ယာန်ပင်လျှင် တစ်ခါတစ်ရံဝိညာဉ်ရေးရာ၌ နိုးကြားမှုမရှိဘဲ အိပ်ပျော်သောအချိန်ရှိတတ်ပါသည်။ ထိုသို့သောအချိန်နှင့်အခြေအနေကို စာတန်နှင့်သူ၏တပည့်များက အကျိုးရှိစွာ အသုံးပြုတတ်ကြ၏။ ထို့ကြောင့် ပေတရုက "သင်တို့အားယခုငါရေး၍ ပေးလိုက်၏ . . . သင်တို့သည် အောက်မေ့စေခြင်းငှါ ဤစာနှစ်စောင်၌ သင်တို့၏ကြည်ဖြူသောစိတ်ဝိညာဉ်တို့ကို ငါသတိပေး၍နိုးဆော်၏"( ၂ပေ ၃း၁-၂) ဟုဆိုခဲ့ပါသည်။

တမန်တော်ပေတရုသည် ယုံကြည်သူတို့အား "သန့်ရှင်းသောပရောဖက်တို့သည် အထက်က ဟောပြောသောစကားများကိုငှင်း၊ ကယ်တင်တော်မူသောအရှင်သခင်ဘုရား၏ တမန်တော်ဖြစ်သောငါတို့၏ ပညတ်ကိုငှင်း. . . အောက်မေ့စေခြင်းငှါ" (၂ ပေ ၃း၂) အလိုရှိခဲ့ပါသည်။ ယုံကြည်သူကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အစဉ်လေ့လာသင်ကြား၍ အကြိမ်ကြိမ်ထပ်ခါတလဲလဲ ဖတ်ရမည်မှာ အလွန်အရေးကြီးလှပါသည်။ သို့မဟုတ်လျှင်၊ ကျွန်တော်တို့သည် လွယ်ကူစွာ လမ်းလွဲသောသူများ၏ သားကောင်ဖြစ်ကြပါလိမ့်မည်။

ထို့ပြင် သခင်ယေရှုပြန်လည်ကြွလာတော်မူမည့် ပရောဖက်ပြုချက်တို့ကို သေချာလက်ကိုင်ထားကြရန်အလိုရှိခဲ့ပါသည်။ အကြောင်းမှာ "နောက်ဆုံးသောကာလ၌ ပြက်ယယ်ပြုတတ်သောသူတို့သည်၊ မိမိတို့တပ်မက်ခြင်းအတိုင်း ကျင့်နေ၍၊ သခင်ဘုရားကြွလာမည်ဟူသော ဂတိတော်သည် အဘယ်မှာ ရှိသနည်း" (၂ ပေ ၃-၄) ဟုဆိုကြလိမ့်မည်။ သူတို့၏အကြောင်းပြချက်ဟူမူကား၊ "ဘိုးဘေးများအိပ်ပျော်သည်နောက်၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းစကဖြစ်သကဲ့သို့၊ ဖြစ်မြဲဖြစ်ကြ၏ဟုဆို" (၂ ပေ ၃း၄) ကြ၏။ ဆိုလိုသည်မှာ ဤကဲ့ရဲ့သောသူတို့က ကမ္ဘာမြေကြီးသည် ဖန်ဆင်းစကတည်းမှ ဘာမှပြောင်းလဲခြင်းမရှိပါ။ ထို့ကြောင့် ဘာမှပြောင်းလဲလိမ့်မည်မဟုတ်ဟု ဆိုကြ၏။

လမ်းလွဲသောသူတို့ထင်မှတ်သကဲ့သို့၊ ဘုရားသခင်၏ကတိတော်သည် အချည်းနှီးမဟုတ်ကြောင်း ပေတရုကရှင်းပြခဲ့ပါသည်။ သူတို့သည်အချို့သောအချက်၊ အဖြစ်အပျက်ကို "မှတ်မိချင်သောစိတ်မရှိကြ" (၂ ပေ ၃း၆) ပါ။ ဆိုလိုသည်မှာ မိမိတို့ယုံကြည်ချင်သောအရာကိုသာ ယုံကြည်ကြ၏။ အရေးကြီးသောသမ္မာကျမ်းစာချက်အချို့တို့ကို တမင်မသိချင် ယောင်ဆောင်ကြ၏။

သခင်ခရစ်တော်ပြန်လည်ကြွလာတော်မူမည့်အကြောင်း ဘုရားသခင်၏ကတိတော်သည် စုံလင်ပြည့်စုံလိမ့်မည်အကြောင်း သမ္မာကျမ်းစာမှအချက်နှစ်ချက်ကို ကိုးကားဖော်ပြခဲ့ပါသည်။ ပေတရုက ဘုရားသခင်နှုတ်ကပတ်တော်၏တန်ခိုးကို သက်သေပြသောဖန်ဆင်းခြင်းအကြောင်းကို ကိုးကားခဲ့ပါသည်။ ဘုရားသခင်၏စကားတော်အတိုင်း အရာခပ်သိမ်းတည်ရှိလာခဲ့ကြ၏။ ထို့နောက် နောဧခေတ်ရေလွှမ်းမိုးခြင်းကို ကိုးကားဖော်ပြခဲ့ပါသည်။ နောဧ၏သတိပေးချက်ကို မထီမဲ့မြင်ပြုသောသူတို့သည် နောက်ဆုံး၌ ရေလွှမ်းမိုးခြင်းကြောင့် သေကြေပျက်စီးခဲ့ကြ၏။ ဤအဖြစ်အပျက်တို့က သခင်ယေရှုပြန်လည်ကြွလာတော်မူမည့်အကြောင်း သမ္မာကျမ်းစာ၏ကတိတော်ကို သံသယဝင်ခြင်းသည် အလွန်မိုက်မဲမှုဖြစ်ကြောင်း သတိပေးလျက်ရှိပါသည်။

**ဆင်ခြင်ရန်** - ယနေ့ ယေရှုကြွလာတော်မူနိုင်၏။

**ဆုတောင်းချက်** - အဘဘုရား၊ ယေရှုပြန်လည်ကြွလာတော်မူမည်ဟူသော မျှော်လင့်ချက်ဖြင့် နေ့တိုင်းအသက်ရှင်လိုပါ၏။

**၂ ပေ ၃း၈-၁၀**

မသဲ ၂၄း၄၂

*“အသရေတင့်တယ်လျက်ရှိသောအသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သအံ့သောငှါ. . . ”*

## မေ့လျော့ခြင်းမရှိနှင့်၊ ဘုရားသခင်မကြာမီကြွလာတော်မူလိမ့်မည်

တဖန် တမန်တော်ပေတရုက မထီမဲ့မြင်ပြုတတ်သောသူတို့၏ မိုက်မဲသောမေ့လျော့ခြင်းကို ဖော်ထုတ်ခဲ့ပါသည်။ သူတို့သည် အတိတ်၌ဘုရားသခင်ပြုခဲ့သောအမှုသာမက၊ ယခုပြုနေသောအမှုနှင့် အနာဂတ်၌ပြုတော်မူမည့် အမှုတို့ကိုလည်း ဂရုမစိုက်၊ မေ့လျော့ခြင်းရှိကြ၏။

ကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဘုရားသခင်၏ဇာတိသဘောနှင့် ဂုဏ်ပုဒ်များဆင်ခြင်အောက်မေ့ခြင်းမရှိဘဲ စဉ်းစားတွေးတောခြင်းမပြုသင့်ပါ။ ဥပမာအားဖြင့် ဘုရားသခင်၏အနန္တ၊ ထာဝရဖြစ်တည်မှုနှင့် လူကဲ့သို့မသေဆုံးနိုင်သော နံဝိညာဉ်ဖြစ်ခြင်းကို ကျွန်တော်တို့ဆင်ခြင်မိသောအခါ ပြန်လည်ကြွလာတော်မူခြင်းအကြောင်း၌ နှေးသည်ဟုထင်မှတ်ရသောအမှုကိုပို၍နားလည်သဘောပေါက်ပါလိမ့်မည်။ ထို့ကြောင့် ပေတရုက “ထာဝရဘုရားမှာ ကာလတစ်ရက်သည် အနှစ်တထောင်ကဲ့သို့ဖြင့်၊ အနှစ်တထောင်သည် တစ်ရက်ကဲ့သို့ဖြင့် ဖြစ်သည်” (၂ ပေ ၃း၈၊ ဆာလံ ၉၀း၄) ဟုရှင်းပြခဲ့ပါသည်။ ဘုရားသခင်အဖို့ နှစ်တထောင်သည် တစ်ရက်ကဲ့သို့ဖြစ်လျှင် ခရစ်တော်ပြန်လည်ကြွလာတော်မူခြင်းနှင့်ဆိုင်သော ကတိတော်စုံလင်ပြည့်စုံခြင်းအမှု၌ အဘယ့်ကြောင့်ဘုရားသခင်အား နှေးကွေးသည်ဟုစွပ်စွဲနိုင်ပါမည်နည်း။

မထီမဲ့မြင်ပြုသောသူတို့သည် ဘုရားသခင်၏ထာဝရဖြစ်ခြင်းကို နားမလည်ကြပါ။ ထို့အပြင် ဘုရားသခင်၏ဂရုဏာတော်နှင့် စိတ်ရှည်ခြင်းကိုလည်း သဘောမပေါက်ကြပါ။ ပေတရုက “လူအချို့တို့သည် နှေးခြင်းကိုမှတ်သည်အတိုင်း ထာဝရဘုရားသည် ကတိတော်အရာမှာ နှေးတော်မမူ၊ ငါတို့တွင် အဘယ်သူမျှ မပျက်စီးဘဲ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍ ငါတို့ကိုသည်းခံတော်မူ၏”(၂ ပေ ၃း၉) ဟုဆိုထားပါသည်။

သခင်ယေရှုပြန်လည်ကြွလာတော်မူမည့်အကြောင်း၌ ဘုရားသခင်“နှေး” တော်မူခြင်းသည် မိမိ၌ အစီအစဉ်မရှိ၊ မိမိ၏အစီအစဉ်ကတိတော်ကိုမလိုက်လျှောက်သောကြောင့် မဟုတ်ပါ။ အမှန်တရားဟူမူကား၊ ယေရှုကြွလာတော်မမူသေးပါ။ အကြောင်းမှာ အရာရာတိုင်း ဘုရားသခင်၏အလိုတော်အတိုင်း ဖြစ်နေသောကြောင့်တည်း။ ကြွလာတော်မမူသေးပါ။ အကြောင်းမှာ “အဘယ်သူမျှ မပျက်စီးဘဲ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ” သောကြောင့်တည်း။ နောဧခေတ်၌လည်း ရေလွှမ်းမိုးခြင်းအားဖြင့် မဖျက်ဆီးမှီ ဘုရားသခင်က စိတ်ရှည်စွာသည်းခံခဲ့ကြောင်း အောက်မေ့ကြပါစို့။

သင် နောင်တရခြင်း၌ ဘုရားသခင်အခွင့်အရေးပေးနေသည်ကို သင်မဂရုမစိုက်ဘဲ အချိန်ဖြုန်းတီးနေမည်လော။ သမ္မာကျမ်းစာက “ထိုသို့မျှော်လင့်သောသူမည်သည်ကား ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ၊ ကိုယ်ကိုကိုယ် သန့်ရှင်းစေတတ်၏” (၁ ယော ၃း၃) ဟုဆိုခဲ့ပါသည်။ သင်သန့်ရှင်းပါသလား။ အပြစ်နှင့်လောကီအမှု၌ သင်ကျင်လည်အသက်ရှင်ပါသလား။ အပြစ်နှင့်လောကီအမှု၌ မကျင်လည်တော့ဘဲ သန့်ရှင်းခြင်းရှိစေရန် သင့်ကိုဘုရားသခင်အလိုရှိကြောင်း သိမှတ်ပါလော့။

**ဆင်ခြင်ရန်** - မိမိလူတို့အဖို့ ယေရှုကြွလာတော်မမူမီ ထိုယေရှုထံသို့ သင်တိုးဝင်ပါလော့။

**ဆုတောင်းချက်** - အို အဘဘုရား၊ အကျွန်ုပ်သည် “ဖြောင့်မတ်ခြင်းအကျင့်နှင့် . . . ပြည့်စုံ၍ ခရစ်တော်၏နေ့ရက်တိုင်အောင် စိတ်ကြည်ဖြူလျက် တိမ်းလဲခြင်းအမှုနှင့် ကင်းလွတ်လျက်ရှိမည်အကြောင်း” မစသနားတော်မူပါ။

တနင်္ဂနွေ၊ ဇွန် (၂၈)
**၂ ပေ ၃း၁၁-၁၄**
၁ သက် ၃း၁၃

*"သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ နေ့ရက်၌ အပြစ်တင်စရာအခွင့်နှင့်ကင်းလွတ်မည်အကြောင်း. . . "*

## ကိုယ်တော်ကြွလာတော်မူသောအခါ သန့်ရှင်းခြင်းရှိခြင်း၌ ကြိုးစားအားထုတ်လော့

ဤကျမ်းပိုဒ်၌ပေတရုအဓိကထားသောအချက်ဟူမူကား ယေရှုပြန်လည်ကြွလာတော်မူခြင်းအကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တို့ "အဘယ်သို့သောသူဖြစ်အပ်ကြသနည်း" (၂ ပေ ၃း၁၁) ဟူသောအချက်ဖြစ်ပါသည်။ ၂ ပေ ၃း၁၁-၁၂ ထဲတွင် "ဤအရာအလုံးစုံတို့သည် ကုန်စင်သည်မှန်သောကြောင့် . . . သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်း" ရှိကြရန် တိုက်တွန်းထားပါသည်။ ဤလောကီလူသားတို့၏ ချီးမြှောက်ခြင်းနှင့် လောကီအပျော်ကျူးခြင်းသည် အကျိုးမရှိပါ။ အကြောင်းမှာ ဤကမ္ဘာလောက၌ရှိသမျှသောအရာတို့သည် မကြာမီအကုန်အစင် ဖျက်ဆီးခြင်းခံရလိမ့်မည်။

ကျွန်တော်တို့သည် ပို၍ကောင်းသော ကမ္ဘာ၏လူသားများဖြစ်ကြပါသည်။ ဤလောက၌ ကျွန်တော်တို့သည် "ဧည့်သည်အာဂန္တု" ဖြစ်ကြ၏ (၁ ပေ ၂း၁၁)။ ကျွန်တော်တို့သည် ခြားနားခြင်းရှိရပါမည်။ ဤလောကီလူသားတို့နှင့်ကျွန်တော်တို့ကို ခြားနားစေသောအရာမှာ "သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်း" (၂ ပေ ၃း၁၁) ပင်ဖြစ်ပါသည်။

၂ ပေ ၃း၁၂ ထဲတွင် ပေတရုက ကျွန်ုပ်တို့အား ဤသို့တိုက်တွန်းဆုံးမထားပါသည် - "မိုးကောင်းကင်သည် မီးနှင့်ပျက်၍ လောကဓာတ်တို့သည် ပူအားကြီးလျက်၊ အရည်ကျိုခြင်းကိုခံရသောနေ့" ရောက်လာလိမ့်မည်ဖြစ်သောကြောင့် "ဘုရားသခင်၏နေ့ရောက်လိမ့်မည်" ကို ကျွန်တော်တို့မျှော်လင့်တောင့်တလျက် နေကြရပါမည်။ ကျွန်တော်တို့သည် ဤလောကကိုမစွဲလမ်းဘဲ ကောင်းကင်အရာတို့ကို စွဲလမ်းကြရပါမည်။ ဤလောက၌စည်းစိမ်၊ ဘဏ္ဍာမသိုထားဘဲ ကောင်းကင်၌ ဘဏ္ဍာသိုထားခြင်း၌ ကြိုးစားအားထုတ်ကြရပါမည်။

တနှစ်ပြီးတနှစ် ဘေးဒုက္ခများပြားလာသည်ကို ကျွန်တော်တို့တွေ့နေရပါသည်။ ကျွန်တော်တို့ အလွန်ဝမ်းနည်းခြင်းမရှိသင့်ပါ။ ဤကမ္ဘာမြေကြီးတဖြေးဖြေး ပျက်စီးလာသည်ကို ကျွန်တော်တို့သည် "ဖြောင့်မတ်ခြင်းတရားတည်နေရာ မိုးကောင်းကင်သစ်နှင့် မြေကြီးသစ်ကို" မျှော်လင့်လျက်နေကြ၏ (၂ ပေ ၃း၁၃)။ ဘုရားသခင်အတူပါရှိတော်မူခြင်းကို ကျွန်တော်တို့ မျှော်လင့်တောင့်တခြင်းရှိကြရပါမည်။ ထိုအခါ ကျွန်တော်တို့သည် "အညစ်အကြေးနှင့်ကင်းစင်၍ အဘယ်အပြစ်မျှမပါဘဲ ရှေ့တော်သို့ငြိမ်ဝပ်စွာရောက်မည်" (၂ ပေ ၃း၁၄)ဖြစ်ပါသည်။ ကောင်းကင်သစ်နှင့်ဆိုင်သောဂတိတော်ကို အောက်မေ့ခြင်းမရှိဘဲ နေထိုင်ကျင့်ကြံခဲ့လျှင် အကျွန်ုပ်ဝိညာဉ်အသက်တာကြီးထွားခြင်းအတွက် ကြီးမားသောအဆီးအတားဖြစ်ပါလိမ့်မည်။

သခင်ယေရှုကြွလာတော်မူသောအခါ ကျွန်တော်တို့ကိုမည်သို့တွေ့မြင်လိမ့်မည်နည်း။ လမ်းလွဲသောသူတို့သည် "အညစ်အကြေး၊ အစွန်းအကွက်" (၂ ပေ ၂း၁၃) ဖြစ်ကြပါမည်။ ကျွန်တော်တို့သခင်ယေရှုကြွလာတော်မူမည့်အချိန်ကို မျှော်လင့်သောသူတို့သည် "အညစ်အကြေးနှင့်ကင်းစင်၍ အဘယ်အပြစ်မျှမပါ" သောသူဖြစ်ကြပါမည် (၂ ပေ ၃း၁၄)။

**ဆင်ခြင်ရန်** - "ကောင်းကင်ယံမှသခင်ယေရှုကြွလာတော်မူမည့်အချိန် လက္ခဏာတို့သည် နေရာတကာ တွေ့ရပါ၏။ ထိုကောင်းကင်ကိုမျှော်ကြည့်ပါလော့၊ ရွေးနှုတ်တော်ကယ်တင်ခြင်းနေ့ရက်နီးလာခြင်းဖြစ်ပါသည်"။

**ဆုတောင်းချက်** - "သခင်ယေရှုကြွလာတော်မူပါ" (ဗျာ ၂၂း၂၀)။

တနင်္လာ၊ ဇွန် (၂၉)
**၂ ပေ ၃း၁၅-၁၆**
မသဲ ၅း၁၈

*"ထာဝရဘုရား၏တရားတော်သည်*
*စုံလင်သည်ဖြစ်၍ . . . "*

## ကျမ်းစာ၏အနက်ကိုမှောက်လှန်ခြင်း

မှုတ်သွင်းတော်မူသောသမ္မာတရား၏ စကားတော်တို့ကို တမန်တော်ခေတ်ကတည်းက လွဲမှားစွာ ချယ်လှယ်ခဲ့ရပါသည်။ ပေတရုက "ထိုစာတို့၌ ခက်ခဲသောအရာအချို့ရှိ၏။ မတတ်သောသူ၊ တည်ကြည်ခြင်းမရှိသောသူတို့သည် ထိုအရာမှစ၍ကြွင်းသောကျမ်းစာ၏အနက်ကိုမှောက်လှန်၍ ကိုယ်ကိုကိုယ်ဖျက်ဆီးတတ်ကြ၏" (၂ ပေ ၃း၁၆) ဟုရှင်းလင်းစွာဆိုခဲ့ပါသည်။ ပေတရုက ပေါလုရေးသားသော ဩဝါဒစာစောင်တို့ကို ဘုရားသခင်မှုတ်သွင်းတော်မူသော သမ္မာကျမ်းစာဟု သတ်မှတ်ခဲ့ပါသည်။

ပေတရုက ထိုနှုတ်ကပတ်တော်ကို အချို့သောလူတို့က မှောက်လှန်ခဲ့ကြကြောင်း ဆိုကြ၏။ "မှောက်လှန်" ဟူသောဂရိစကားလုံး၏အဓိပ္ပာယ်သည် "လွဲစေခြင်း" "ညှင်းဆဲခြင်း" စသည့် သဘောဆောင်ပါသည်။ ဆိုလိုသည်မှာ လမ်းမှားသောသူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှောက်လှန်ခဲ့ကြ၏။ သမ္မာကျမ်းစာ၏အနက်အဓိပ္ပာယ်နှင့်စကားလုံးတို့ကို လွဲမှားစေကြပါသည်။ ပေါလု၏ဩဝါဒစာသာမက အခြားဩဝါဒစာစောင်တို့ကိုလည်း ထိုသို့ပြုကြပါသည်။

သမ္မာကျမ်းစာ၏စကားတော်တို့ကို ထိုသို့မှောက်လှန်ဖျက်ဆီးကြကြောင်း ပထမရာစု၌ ရှင်ပေတရုဖော်ပြခြင်းက သမ္မာကျမ်းစာကို သမ္မာကျမ်းစာကို ဝေဖန်သောသူတို့၏ မူရင်းလက်ရေးဟောင်းလေလေပို၍ကောင်းလေလေဟူသော ခံယူချက်၊ မျက်စိစုံမှိတ် သဘောမတူကြရန် သတိပေးလျက်ရှိပါသည်။ ထိုမူရင်းလက်ရေး၏ အရင်းအမြစ်သိခြင်းသည် ကောင်းမကောင်းခွဲခြားခြင်း၌ ပို၍ အရေးကြီးပါသည်။ ထိုသို့ယုံကြည်ခြင်းမှားယွင်းသောအကျင့်ပျက်သောသူတို့မှ ဆင်းသက်လာသော မူရင်းလက်ရေးဖြစ်ခဲ့လျှင် မှောက်လှန်ခြင်းပြောင်းလဲခြင်းခံရသော စကားလုံးများဖြစ်မည်မှာ သေချာလှပါသည်။

လမ်းလွဲသောသူတို့သည် သမ္မာကျမ်းစာကို "မှောက်လှန်" ခြင်းငှါ ကြိုးစားအားထုတ်ခဲ့ကြသော်လည်း ပေတရုက မိမိ၏ပထမဩဝါဒစာစောင်ထဲတွင် - "အသက်ရှင်၍အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏နှုတ်ကပတ်တော်. . . " (၁ ပေ ၁း၂၃) ဟု ဆိုခဲ့ပါသည်။ ဆက်လက်၍ "ထာဝရဘုရား၏နှုတ်ကပတ်တရားမူကား ကာလအစဉ်အမြဲတည်၏" (၁ ပေ ၁း၂၅) ဟုဆိုခဲ့ပါသည်။ ပေတရုသည် သမ္မာကျမ်းစာမှောက်လှန်သောသူတို့ကို ရဲရင့်စွာဆန့်ကျင်၍ သူတို့လုပ်ရပ်ကို ရှုတ်ချခဲ့ပါသည်။

သမ္မာကျမ်းစာကို ကျွန်တော်တို့သံသယစိတ်ဖြင့်၎င်း၊ ဝေဖန်လိုသောစိတ်ဖြင့်၎င်း မချဉ်းကပ်ရပါ။ သမ္မာကျမ်းစာကိုသံသယမဝင်ဘဲ ကျွန်တော်တို့ယုံကြည်ခြင်းရှိကြရပါမည်။

**ဆင်ခြင်ရန်** - "သမ္မာကျမ်းစာသည် မုန်တိုင်းရိုက်ခတ်ခြင်းအလယ်၌ ကြံ့ကြံ့ခံရပ်တည်သော ကျောက်ဆောင်ကြီးကဲ့သို့ဖြစ်ပါသည်"။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ခေတ်အဆက်ဆက် သန့်ရှင်းစွာထိန်းသိမ်းစောင့်ရှောက်ခြင်းခံရသော ကိုယ်တော်၏နှုတ်ကပတ်တော်ကြောင့် ကျေးဇူးတင်ပါသည်။

အင်္ဂါ၊ ဇွန် (၃၀)
**၂ ပေ ၃း၁၇-၁၈**
၁ ပေ ၂း၁-၂

*"ဖြောင့်မတ်သောသူသည် စွန်ပလွံပင်ကဲ့သို့ ပွင့်လန်း၍. . . "*

# သတိပြုလျက် ကြီးထွားခြင်းရှိပါလော့

ချစ်ခြင်းမေတ္တာစိတ်သဘောဖြင့် (ချစ်သူတို့)၊ တမန်တော်ပေတရုက "မတရားသောသူတို့၏ ပရိယာယ်" (၂ ပေ ၃း၁၇) ကိုသတိပြုကြရန် စာဖတ်သူတို့အား သတိပေးခဲ့ပါသည်။ လမ်းလွဲသောသူတို့၏မှားယွင်းသောသွန်သင်ခြင်းနှင့် အကျင့်တို့သည် လူကိုအလွန်လွှမ်းမိုးတတ်၍ ဆွဲဆောင်မှုရှိတတ်၏။ ထို့ကြောင့် ပေတရုက "သင်တို့သည်လည်း သွေးဆောင်ရာသို့ လိုက်၍၊ သင်တို့တည်ကြည်ခြင်းမှ မရွေ့လျော့မည်အကြောင်း၊ ဤအရာများကိုသိနှင့်ပြီးဖြစ်၍၊ ကိုယ်ကိုကိုယ်စောင့်ရှောက်ကြလော့" ဟု (၂ ပေ ၃း၁၇) ဟုသတိပေးခဲ့ပါသည်။

မတရားသောအမှုပြုသောသူတို့နှင့် ရောနှောနေခြင်းသည် အန္တရာယ်ကြီးလှပါသည်။ မတရားသောသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်တရား၏ အမိန့်တော်ကိုနာခံခြင်းမရှိဘဲ နေထိုင်ကြ၏။ လူများတို့နှင့်ရောနှောနေကြပြီး သတိမပြုသောယုံကြည်သူတို့ကို လမ်းမှားသို့လိုက်စေတတ်ကြ၏။ ထို့ကြောင့် မှားယွင်းသောသွန်သင်ခြင်းကို သွန်သင်ပေးသောသမ္မာကျမ်းစာနှင့် ဆန့်ကျင်နေထိုင်ကြသောသူတို့နှင့် ခရစ်ယာန်သည် တသီးတခြားနေရပါမည်။ ဤသည်ကား အပိုဒ်ငယ် ၁၇ ၌ဖော်ပြထားသောအဓိကအချက်ဖြစ်ပါသည်။

ပေတရုသတိပေးနိုးဆော်သောအချက်ဟူမူကား "မိမိကိုယ်ကို အစဉ်စောင့်ရှောက်ရန်" ဖြစ်ပါသည်။ ဝိညာဉ်ရေးရာ၌အားကြီးသည်ဟု ထင်ရသောသူများပင် သတိပြုကြရပါမည်။ သို့မဟုတ်လျှင် လွယ်ကူစွာလမ်းမှားရောက်နိုင်ပါသည်။ "ထို့ကြောင့် အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည်မလဲခြင်းငှါ သတိပြုစေ" ( ၁ ကော ၁၀း၁၂)။

ကျမ်းစာသွန်သင်ချက်အတိုင်း အသက်မရှင်သောသူတို့ထံမှ ကျွန်တော်တို့မိမိကိုယ်ကိုစောင့်ရှောက်သောအခါ ကြီးထွားခြင်းအခွင့်၊ ကျွန်တော်တို့ရှိလာ၏။ ထို့ကြောင့် ပေတရုက "ကျေးဇူးတော်၌၎င်း၊ ငါတို့ကိုကယ်တင်တော်မူသောအရှင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌၎င်း၊ ကြီးပွားကြလော့" (၂ ပေ ၃း၁၈)ဟု မိန့်တော်မူခဲ့ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်၌ ကြီးထွားခြင်းရှိခြင်းငှါ ကျွန်တော်တို့သည် နှိမ့်ချသောစိတ်နှင့် ဘုရားသခင်ထံအစဉ်တိုးဝင်ဆက်ကပ်ကြရပါမည် (ယာကုပ် ၄း၆)။ "ကယ်တင်ရှင်သခင်ယေရှုခရစ်တော်သိကျွမ်းခြင်း၌" ကြီးထွားခြင်းရှိခြင်းငှါ တိုက်တွန်းနိုးဆော်ခဲ့ပါသည်။ ခရစ်တော်သိကျွမ်းခြင်းအမှု ကြီးထွားခြင်းငှါ ကျွန်တော်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့လာသင်ယူရပါမည်။ ထိုသခင်ယေရှုနှင့်အတူ သွားလာခြင်းငှါ နာခံလိုက်လျှောက်ခြင်း ရှိရပါမည်။

မတရားသောသူတို့၏ မှားယွင်းခြင်းမှ မိမိကိုယ်ကို စောင့်ရှောက်သတိပြုသောသူ၊ ဘုရားသခင်၏ကျေးဇူးတော်နှင့် ခရစ်တော်သိကျွမ်းခြင်း၌ ကြီးထွားခြင်းရှိသောသူ၏အသက်တာသည် အလွန်အကျိုးကြီးလှပါသည်တကား။ ပေတရုက မိမိ၏ဩဝါဒစာကို ဤသို့နိဂုံးချုပ်ခဲ့ပါသည် - "ထိုသခင်သည် ယခုမှစ၍ ထာဝရနေ့ရက်ကာလပတ်လုံး ဘုန်းအသရေရှိတော်မူစေသတည်း အာမင်" (၂ ပေ ၃း၁၈)။

**ဆင်ခြင်ရန်** - ခရစ်ယာန်သည် ပုံမှန်ကြီးထွားခြင်းမရှိလျှင် မကြာမီကျဆုံးပါလိမ့်မည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဘုန်းတန်ခိုးအာနုဘော်နှင့်တကွ ကိုယ်တော်ကို မတွေ့ရမချင်း ကိုယ်တော်၏ကျေးဇူးတော်နှင့် ကိုယ်တော်ကိုသိကျွမ်းခြင်း၌ ကြီးထွားခြင်းရှိမည်အကြောင်း မစတော်မူပါ။